www.burmeseclassic.com

# စိတြအဂ္ဂ

## မဟာရွှေတံခါးရှမ်ဘဲလား




www.burmeseclassic.com

www.burmeseclassic.com

# စိတြအဂ္ဂ

## မဟာရွှေတံခါး ရှမ်ဘဲလား


**စီစဉ်သူ** | ဦးအောင်မိုး(ကော်လမ်ပြင်)

စာမူခွင့်ပြုချက်အမှတ် – ၅၀၁ ၂၉၀၀၉၀၉

အဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၃၄၀၀၉၀၉

ထုတ်ဝေသူ – ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ်(၆၃)၊ ပြည်ဘာလမ်း၊ တာမွေမြို့နယ်။

အတွင်းဖြင့်အဖုံးပုံနှိပ်သူ – ဦးကျော်ရင် (၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ်(၂၂၅)၊ ၃၂-လမ်း၊ ပန်းဘဲတန်းမြို့နယ်

ထုတ်ဝေသည့်အကြိမ် – ပထမအကြိမ်၊ ၂၀၀၄၊ နိုဝင်ဘာလ။

အုပ်ရေ/ တန်ဖိုး – ၅၀၀ အုပ်/ ၁၅၀ ကျပ်

ဖြန့်ချိရေး – [redacted]

အမှတ် ၁၇၅-ဘီ၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

ဖုန်း- ၃၇၉၄၄၀

ဂ၉၅.ဂ၃

စိတြအဂ္ဂ
မဟာရွှေတံခါးရှမ်ဘဲလား / စိတြအဂ္ဂ ။ - ရန်ကုန်
သိန်းမင်းစာပေ ၊ ၂၀၀၄ ။
၂ဂဂ - စာ ၊ ၁၃ × ၂၀ စင်တီ။
(၁) မဟာရွှေတံခါးရှမ်ဘဲလား


# စိတြအဂ္ဂ

## မဟာရွှေတံခါး ရှမ်ဘဲလား

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

မြစ်ထဲမျောလာတဲ့ အလောင်း

နင်းတောင်ဧကရီ

ရေခဲကန္တာရဓားကြမ်း

အန္တရာယ်နှင့် ကစားလိုသူ

BURMESE CLASSIC .com

## အခန်း (၁)

### မြစ်ထဲမျောလာတဲ့ အလောင်း

ကျွန်ုပ်သည် ဗားဂရာချောက်အနီးရှိ ကျွန်ုပ်၏ ပျဉ်ထောင်နှစ်ထပ်အိမ်ကြီးအောက်ထပ် ရှေ့မျက်နှာစာမှ ဝရန်တာတွင် ပက်လက်ကုလားထိုင်ပေါ်ထိုင်ရင်း ဆေးတံခဲလျက် စာတစ်စောင်ကို စိတ်ပါဝင်စားစွာ ဖတ်ရှုလျက်ရှိစဉ် ...

အိမ်ရှေ့သို့ ဘေဘီအော်စတင်ကားနက်လေး ထိုးဆိုက်လာကာ ကားပေါ်မှ မိတ်ဆွေဖြစ်သူ အိုင်အိုချစ်သွေး ဆင်းသက်လာပြီး အိမ်ပေါ်သို့ တက်လာလေ၏။

"တော်ပါသေးရဲ့ဗျာ ... ဆရာသမားမှ အိမ်မှာရှိပုံ့



www.burmeseclassic.com

www.burmeseclassic.com



မလားလို့''

''အိုင်ဆေး . . . ဆိုပါဦး ကိုချစ်သွေးရဲ့ . . . ဘာတွေများ အရေးပေါ်လာလို့လဲ''

အိုင်အိုချစ်သွေးသည် ကျွန်ုပ်နှင့် ခားလွယ်ခုတ်ရှိ ကျွန်း ဆက်တီခုံတွင် ထိုင်လိုက်ပြီး ကျွန်ုပ်၏ မျက်နှာကို စေ့စေ့ကြည့် ကာ . . .

''ဆရာသမား . . . ဟိုလွန်ခဲ့တဲ့ ခြောက်လလောက်က ဘိုးစိန်လမ်းက 'နှင်းဆီမြိုင်'ဆိုတဲ့ နှစ်ထပ်တိုက်အိမ်ကြီးမှာ ဖြစ်ပွားခဲ့တဲ့ ရွှေကုန်သည်သူဌေးဖနီးမောင်နံ့တို့ရဲ့ နှစ်လောင်း ပြိုင်လူသတ်မှုအကြောင်း မှတ်မိသေးတယ်နော်''

ဟု . . . မေးလိုက်ရာ ကျွန်ုပ်လည်း နှုတ်ခမ်းထောင့်စွန်း၌ ခဲထားသည့် ဒန်းဟေးလ်ဆေးတံကြီးကို ပါးစပ်မှဖြုတ်ယူလိုက် ကာ . . .

''ရော် . . . မှတ်မိပြီလားဗျာ . . . ကျုပ်တောင် အဲဒီ လူသတ်မှုကို အခြေခံပြီး 'သွေးနှင်းဆီ'ဆိုတဲ့ . . . လုံးချင်းဝတ္ထု တစ်ပုဒ် ရေးထုတ်ခဲ့သေးတယ်''

ဟု ဖြေလိုက်ရလေ၏။





''ဟုတ်ပြီ ဆရာသမား . . . ဒါဆိုအဲဒီလူသတ်မှုကို ကျူး လွန်လို့ ကြိုးပေးခံလိုက်ရတဲ့ လူသတ်တရားခံကိုနေလဆိုသူ ကိုရော မှတ်မှတ်ရရဖြစ်နေဦးမှာပေါ့''

''ဖြစ်ပြီလားဗျာ . . . တကယ်တော့ အဲဒီကိုနေလဆိုတာ လူဆိုးလူရမ်း လူသော့သွမ်းမဟုတ်ဘူးဗျ၊ သူနဲ့ သူ့ချစ်သူတို့ အပေါ် မတရားလူမဆန်တဲ့အမှု ပြုခဲ့တဲ့ ရွှေကုန်သည်သူဌေး လင်မယားကို နာကြည်းလွန်းလို့သာ လက်စားချေ သတ်ဖြတ်ခဲ့ တာဗျ''

''ဟုတ်ပါတယ် ဆရာသမားရယ် . . . ဒါပေမဲ့ ပြုသူ အသစ်, ဖြစ်သူအဟောင်းဆိုသလိုပဲ . . . ကိုယ့်အပေါ် မတရားပြု ယုပ်ခဲ့တာကို ဥပဒေကြောင်းအရ တိုင်တန်းအရေးယူနိုင်ဖို့ မကြိုး စားဘဲ ဥပဒေရဲ့အပြင်ဘက်ကနေ လက်စားချေ သတ်ဖြတ်မှုပြု တော့ ကိုနေလ . . . ကြိုးစင်တက်သွားရတာပေါ့ဗျာ''

''ကဲပါလေ . . . သဗ္ဗေသတ္တာ ကမ္မသကာဆိုသလို ကံ တရားရဲ့စီမံရာအတိုင်း ဖြစ်တာလည်း ဖြစ်ပျက်ခဲ့ပြီးပြီပဲ၊ ဒါထက် အဲဒီအမှုကိစ္စက အရာရာပြီးပြတ်သွားပြီမို့ ခင်ဗျား အဲဒီအမှု အတွက်နဲ့ လာတာတော့ မဟုတ်ပါဘူးနော်''



www.burmeseclassic.com

www.burmeseclassic.com



အိုင်အိုချစ်သွေးက ပြုံးလိုက်ကာ ...

''အဲဒီအမှုကတော့ ... ပြီးပြတ်သွားပြီပေါ့၊ ဒါပေမဲ့ နောက်ဆက်တွဲ စိတ်ဝင်စားစရာရှိလို့ လာခဲ့တာ ဆရာသမားရဲ့''

ဟု ပြန်ပြောလိုက်ရာ ကျွန်ုပ်မှာ ပါးစပ်အဟောင်းသား ဖြစ်သွားရလေ၏။

''ဗျာ ... ဘယ်လို ... နောက်ဆက်တွဲစိတ်ဝင်စားစရာ ... ဟုတ်လား''

''ဟုတ်တယ် ဆရာသမား''

အိုင်အိုချစ်သွေးက ပြောပြောဆိုဆိုဖြင့် သူ၏လက်ထဲ၌ကိုင်လာသော အင်္ဂလိပ်သတင်းစာတစ်စောင်ကို ကျွန်ုပ်၏ နံဘေးရှိ စားပွဲပုလေးအပေါ် တင်လိုက်လေ၏။

ယင်းသတင်းစာမှာ အိန္ဒိယနိုင်ငံထုတ် 'မတိုင်းစ်ဖင်း' သတင်းစာဖြစ်နေသဖြင့် ကျွန်ုပ်က နားမလည်နိုင်စွာဖြင့် အိုင်အိုချစ်သွေးကို မျက်လုံးစွေကြည့်လိုက်မိလေ၏။

အိုင်အိုချစ်သွေးက ပြုံးလိုက်ပြီး ...

''ဒီလိုဆရာသမားရဲ့ ... အိန္ဒိယနိုင်ငံပန်ဂျပ်ပြည်နယ်မှာ အင်စပက်တော်တစ်ဦးဖြစ်နေတဲ့ အိန္ဒိယအမျိုးသား ရန်ကူး





ဘားဟာ ကာလကတ္တားမှာ ကျွန်တော်နဲ့ဆပ်ကျောင်းတက်တုန်းက သင်တန်းအပါတ်စဉ် တစ်ပါတ်တည်းဗျ၊ ဒါကြောင့် သူနဲ့ လူချင်းလည်း အတော်ခင်ပြီး ငယ်ပေါင်းကြီးဖော်လို ဖြစ်ခဲ့တယ် ... ခုအထိ စာအဆက်အသွယ်ရှိခဲ့တယ်၊ အလုပ်ကိစ္စနဲ့ပတ်သက်ပြီး အပြန်အလှန်စာရေးသား တိုင်ပင်တာ, အသိပေးတာတွေ ရှိခဲ့တယ် ဆရာသမားရဲ့ ...၊

အဲဒီ ... နှင်းဆီမြိုင်စံအိမ်လူသတ်မှုတုန်းက တရားခံကို ဖော်ထုတ်ပြီး ရာဇဝတ်ခုံရုံးဆီ တရားစွဲဆိုတင်ပို့ပြီးတဲ့နောက် အမှုဖြစ်ရပ်အစုံစုံကို ရန်ကူးဘားဆီ ကျွန်တော်က စာရေးသားပေးပို့ခဲ့တယ်လေ၊ ဒါကြောင့် ရန်ကူးဘားဟာ အဲဒီအမှုနဲ့ပတ်သက်တဲ့ ကိစ္စရပ်အားလုံးကို သိနေတယ် ဆရာသမားရဲ့ ...၊

အဲဒီလိုနဲ့ ... ခြောက်လလောက်ကြာပြီး အဲဒီအမှုနဲ့ ပတ်သက်လို့ ကျွန်တော်မေ့မေ့လျော့လျော့ဖြစ်နေတုန်းမှာပဲ ရန်ကူးဘားဆီက စာတစ်စောင်နဲ့ ဟောဒီသတင်းစာ ရောက်ရှိလာတယ် ဆရာသမားရေ ...၊

ရန်ကူးဘားက စာထဲမှာ ဘယ်လိုရေးထားသလဲဆို



www.burmeseclassic.com

www.burmeseclassic.com



တော့ . . . သူဟာ ကျွန်တော့်စာထဲမှာပါတဲ့ နှင်းဆီမြိုင်လူသတ်မှုရဲ့ တရားခံ ကိုနေလကိုင်စွဲခဲ့တဲ့ အင်းဇဝါဓားမြှောင်ကို အင်မတန်မှ စိတ်ဝင်စားခဲ့ကြောင်း, အဲဒီဓားမြှောင်ရဲ့ ထူးဆန်းမှုကို သူ့ရဲ့စိတ်ထဲမှာ အမှတ်ထင်ထင်ရှိနေခဲ့ကြောင်း, ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက ပန်ဂျပ်ပြည်နယ် ဆင်းမလားမြို့မှာရှိတဲ့ အမျိုးသားပြတိုက်ဟာ ဖောက်ထွင်းခံရပြီး အဲဒီပြတိုက်ထဲမှာ ပြသထားတဲ့ ရှေးဟောင်းဓားမြှောင်တစ်လက် ပျောက်ဆုံးသွားကြောင်း, ပြတိုက်မှူးက အဲဒီကိစ္စကို ပုလိပ်ဌာနဆီ အမှုဖွင့်တိုင်ကြားလာကြောင်း, ဒါကြောင့် အဲဒီသတင်းဟာ ပန်ဂျပ်ပြည်နယ်ကထုတ်တဲ့ သတင်းစာအသီးသီးမှာ ဓားမြှောင်ကို ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေနဲ့တကွ ပါလာကြောင်း, ရန်ကုန်ဘားဟာ အဲဒီသတင်းစာတွေကို ဖတ်မိတော့ ဓာတ်ပုံတွေကိုကြည့်ပြီး ဆင်းမလားပြတိုက်က အခိုးခံရတဲ့ဓားမြှောင်ဟာ ဓားပြားပေါ်မှာ အင်းစမတွေအပြည့်ပါတာမို့ ကျွန်တော့်စာထဲမှာပါတဲ့ အင်းဇဝါဓားမြှောင်များဖြစ်လေမလား . . . ဒါမှမဟုတ် မြန်မာပြည်မှာ အဲဒီလိုပုံစံတူ အင်းဇဝါဓားမြှောင်တွေ ဘယ်နှချောင်းလောက်ရှိသလဲ, အခိုးခံရတဲ့ အင်းဓားမြှောင်ဟာ ကိုနေလကိုင်ခဲ့တဲ့ အင်းဇဝါဓားမြှောင်လို အံ့ဖွယ်





ထူးဆန်းတဲ့ စွမ်းရည်တွေရှိနေလို့ အဲဒီဓားမြှောင်ဟာ အင်းဇဝါဓားမြှောင်ပဲလားဆိုတာကို သိချင်တာနဲ့ စာရေးမေးမြန်းပြီး အခိုးခံရတဲ့ဓားမြှောင်ရဲ့ ဓာတ်ပုံနဲ့သတင်းပါတဲ့ 'မတိတ်စမင်း' သတင်းစာကိုပါ စာတိုက်ကနေ ပို့လိုက်တာ ဆရာသမားရဲ့၊ ဒီသတင်းစာစာရွက်က ဓားမြှောင်ရဲ့ဓာတ်ပုံကို ကြည့်ပါဦး''

ဟု . . . ပြောကာ သတင်းစာစာရွက်ကို ဖြန့်ပြီး ကျွန်ုပ်အား ပြလေ၏။

ကျွန်ုပ်လည်း သတင်းစာ၌ဖော်ပြထားသည့် ဓားမြှောင်၏ဓာတ်ပုံကို . . . အတန်ကြာ သေချာစွာ ကြည့်ရှုလိုက်လေသည်။

''အေးဗျ . . . အင်းကွက်တွေ, စမပုံတွေက ဓားပြားနှစ်ဖက်စလုံးမှာ အပြည့်ပဲ၊ ပြီးတော့ စမတွေက မြန်မာအက္ခရာ, ဂဏန်းတွေကို အသုံးပြုရေးဖွဲ့ထားတဲ့ တန်ပြန်စမ, ကြီးလေးကြီးစမ, ဘီလူးစမတွေပဲဗျ။ အင်းကွက်တွေထဲက အင်းဆံတွေဟာလည်း မြန်မာအက္ခရာစာလုံးတွေပဲ၊ ဒီမှာ . . . စဓဗဝအင်းကွက်လည်း ပါတယ်၊ စမတွေ, အင်းကွက်တွေရဲ့ အနေအထားနဲ့ ဓားမြှောင်ရဲ့ပုံသဏ္ဍာန်ကြည့်ရတာတော့ ကိုနေလရဲ့ အင်းဇဝါ



www.burmeseclassic.com

www.burmeseclassic.com



ခါးမြှောင်နဲ့ အတော်တူတာပဲဗျ၊ ခက်တာက ... ကျုပ်လည်း အင်းဇဝါခါးမြှောင်ကို မတွေ့ဖူးဘူး၊ အင်းဇဝါခါးမြှောင်ကို ကောင်းကောင်းတွေ့ဖူး၊ ကောင်းကောင်းကိုင်စွဲဖူးတဲ့ ကိုနေလကလည်း မရှိတော့ဘူးဆိုတော့ ခက်သားလားဗျ''

''ဒါဆို ဆရာသမားက ဘယ်လိုယူဆသလဲ ... အဲဒီ အခိုးခံရတဲ့ခါးမြှောင်ဟာ ကိုနေလရဲ့ အင်းဇဝါခါးမြှောင် ဟုတ်, မဟုတ် ဘယ်လိုယူဆသလဲ''

''အင်း ... ကိုနေလက ခင်ဗျားကို ဖြောင့်ချက်ပေးတော့ သူ့ရဲ့ အင်းဇဝါခါးမြှောင်ကို ဟိမဝန္တာဆရာသခင် ဆာဒူးကြီးတစ်ဦးက အလှူခံလို့ ပေးအပ်ခဲ့ပြီး အဲဒီဆာဒူးဟာ ဟိမဝန္တာတောင်တန်းတစ်နေရာက ကျောက်ဂူတစ်လုံးထဲမှာ မြှုပ်နှံခဲ့တယ်လို့ ဆိုတယ်မဟုတ်လားဗျ''

''ဟုတ်တယ်လေ ဆရာသမား ... ကိုနေလဟာ နှစ်လောင်းပြိုင်လူသတ်မှုကြီးကို ကျူးလွန်ခဲ့သူဖြစ်ပေမယ့် လူသော့သွမ်းတစ်ယောက်မဟုတ်ဘဲ အင်မတန်တည်ကြည်တဲ့ လူတစ်ယောက်ပါ ... သူကတော့ ညာပြောခဲ့မယ် မထင်ဘူး''





(ရန်ကုန်မြို့ ဘိုးစိန်လမ်းရှိ နှင်းဆီမြိုင်စံအိမ်ကြီးမှ နှစ်လောင်းပြိုင်လူသတ်မှုကို ကျူးလွန်ခဲ့သူ . . . ကိုနေလ၏ ကြေကွဲနာကြည်းဖွယ်အကြောင်းနှင့် . . . ထူးဆန်းသော အင်းဇဝါခါးမြှောင်၏ အကြောင်းတို့ကို "သွေးနှင်းဆီ" လုံးချင်းဝတ္ထုစာအုပ်တွင် ကျွန်ုပ် ရေးဖွဲ့တင်ဆက်ခဲ့ပြီးဖြစ်ပါသည်။

စာရေးသူ)

''အဲဒါကြောင့် ... စဉ်းစားရခက်တာပေါ့ ကိုချစ်သွေးရဲ့၊ ကိုနေလရဲ့စကားအရဆိုရင် အင်းဇဝါခါးမြှောင်ဟာ ဟိမဝန္တာတောင်တန်းရဲ့ တစ်နေရာက ကျောက်ဂူတစ်လုံးထဲမှာ ရှိရမယ် မဟုတ်လား၊ ခုတော့ ... အဲဒီ အင်းဇဝါခါးမြှောင်ဟာ ပြန်လည်ပေါ်ထွက်လာပြီး မြို့ပြက ပြတိုက်ထဲ ရောက်နေပြန်ရော၊ ဒီသတင်းစာထဲမှာပါတဲ့ ပြတိုက်မှူးရဲ့ ပြောကြားချက်အရဆိုရင် လွန်ခဲ့တဲ့ သုံးလေးလလောက်တုန်းက အသက်ကြီးကြီး အဘိုးကြီးတစ်ယောက်က အဲဒီခါးမြှောင်ကို လာလှူဒါန်းသွားတယ်လို့ဆိုတယ် မဟုတ်လား''

''ဟုတ်တယ် ဆရာသမား ... အဲဒီအဘိုးကြီးက



www.burmeseclassic.com

www.burmeseclassic.com



အမည်မဖော်လိုတဲ့ ဇာတနာရှင်တစ်ဦးဆိုပြီး လာလှူသွားတာတဲ့၊ ပြီးတော့ အဲဒီခါးမြှောင်ကို ခါးအိမ်ထဲက ထုတ်မကြည့်ဖို့ မှာသွားတယ်တဲ့၊ ဒါနဲ့ . . . ကျွန်တော့်ရဲ့သူငယ်ချင်း အင်စပက်တော်ရန်ကူးဘားဟာ ဆင်းမလားမြို့ဆီလိုက်သွားပြီး ပြတိုက်မှူးနဲ့တွေ့ခဲ့တယ်၊ အဲဒီနောက် ပြတိုက်မှူးရဲ့ပြောပြချက်အရ ခါးမြှောင်အလှူရှင် အဘိုးကြီးဟာ ဆင်းမလားမြို့ရဲ့မြောက်ဘက် ဗြဟ္မပုတ္တရမြစ်ကမ်းပါးက ချီနီဆိုတဲ့ရွာကလေးမှာ နေတာလို့သိရလို့ လိုက်သွားတော့ . . . အဲဒီအဘိုးကြီးရဲ့အမည်ဟာ ဒီကူးမားဖြစ်ပြီး သူဟာ ဟိမဝန္တာတောင်တန်းတွေပေါ်က တစ်ခါတစ်ရံ ဆင်းဆင်းလာတဲ့ ဆာဒူးကြီးတွေနဲ့ လိုက်ပါသွားလေ့ရှိတယ်၊ ရွာမှာနေရင် ရွာအစွန်က တဲလေးတစ်လုံးမှာ သီးခြားနေတယ်လို့ သိရတယ်၊

ဒီကူးမားဟာ အဲဒီရွာမှာ ဆွေမျိုးသားချင်းမရှိတဲ့ တစ်ကောင်ကြွက်ဖြစ်ပြီး သူဟာ အကြားအမြင်ရတဲ့ပုဂ္ဂိုလ်ကြီးအဖြစ်လည်း သတင်းကြီးတယ်လို့ဆိုတယ်၊ ကျွန်တော့်သူငယ်ချင်း အင်စပက်တော် ရန်ကူးဘားလိုက်သွားတုန်းက . . . ဒီကူးမားဟာ ရွာမှာမရှိဘဲ ရွာကနေ ထွက်သွားတာ နှစ်လလောက်ရှိပြီလို့ သိရတယ်၊ သူဟာ အဲဒီချီနီရွာမှာ အတည်တကျမနေဘဲ နှစ်နဲ့





ချီပြီး ခရီးထွက်သွားလေ့ရှိတယ်လို့လည်း သိရတယ်တဲ့ ဆရာသမားရဲ့”

“အေးဗျ . . . ဒါဆိုရင် အဲဒီခါးမြှောင် ဘယ်ကရသလဲလို့ ဒီကူးမားကိုမေးဖို့ မလွယ်ဘူးပေါ့”

“အဲဒီလို . . . ခါးမြှောင်မျိုးဆင်တူရော မရှိနိုင်ဘူးလား ဆရာသမား”

“ပုံတူ အတုခိုးပြီး ထုလုပ်ရင်တော့ ရှိမှာပေါ့ဗျာ၊ ကျုပ်တို့ မြန်မာ့ရှေးဂန္ထဝင်ပညာရှင်ကြီးတွေကတော့ သေချာစီရင်ပြုလုပ်တဲ့ ဂမ္ဘီရပစ္စည်းအဆောင် စတာတွေကို . . . တစ်ခုပဲ ပြုလုပ်လေ့ရှိတယ်ဗျ၊ ဒါတောင် သစ္စာအထပ်ထပ်ဆို, အဓိဋ္ဌာန်ဝင်ပြီး စီရင်ပြုလုပ်ကြတာဗျ . . . မူပွားပြုလုပ်လေ့ မရှိကြဘူး”

“ဒါဆို . . . အဲဒီအခိုးခံရတဲ့ ခါးမြှောင်ဟာ ကိုနေလရဲ့ အင်းဇဝါခါးမြှောင်ဖြစ်ဖို့ များသလား ဆရာသမား”

ကျွန်ုပ်သည် အတန်ကြာစဉ်းစားလိုက်ပြီးနောက် စားပွဲပေါ်၌ချထားသည့် စောစောကဖတ်နေခဲ့သော စာရွက်ခေါက်လေးကို ထောင်ပြလိုက်ကာ . . .

“ကျုပ်တော့ ဖြစ်ဖို့များတယ်လို့ ယူဆတယ်ဗျာ . . .



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲဆိုတော့ ကျုပ် စောစောကဖတ်နေခဲ့တဲ့ ဟောဒီစာကြောင့်ပဲဗျ''

''ဘာစာမို့လဲ ဆရာသမားရဲ့''

''အိန္ဒိယနိုင်ငံမြောက်ပိုင်းက ဒါဂျီလင်ဆေးတက္ကသိုလ်မှာ အရိုးအကြောဆိုင်ရာ ဘွဲ့လွန်သင်တန်းသွားတက်နေတဲ့ ... ကျုပ်ရဲ့မိတ်ဆွေလေး ဒေါက်တာရန်နိုင်စိုးပို့လိုက်တဲ့ စာပဲဗျ''

''ဩော်''

''ဒီစာထဲမှာ ရေးထားတဲ့အကြောင်းက စိတ်ဝင်စားဖို့ကောင်းတယ်၊ ပြီးတော့ ... တိုက်တိုက်ဆိုင်ဆိုင် သူရေးထားတဲ့အကြောင်းကလည်း အင်းဓားမြှောင်တစ်ချောင်းရဲ့အကြောင်းပဲဗျ ... ရော့ ... ဖတ်ကြည့်''

ဤတွင် အိုင်အိုချစ်သွေးမှာ လွန်စွာစိတ်ဝင်စားသွားပြီး ... ကျွန်ုပ်၏မိတ်ဆွေလေး ဒေါက်တာရန်နိုင်စိုး၏စာကို အာရုံစူးစိုက်စွာ ဖတ်ရှုလေတော့၏။

ဒေါက်တာရန်နိုင်စိုး၏စာမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပေသည်။





အာစရိ...

ကျွန်တော့်ရဲ့သင်တန်းဟာ ပြီးခဲ့တဲ့သောကြာနေ့ကပဲပြီးသွားပေမယ့် မြန်မာပြည်မပြန်သေးဘဲ အိန္ဒိယကို ရောက်တုန်းရောက်ခိုက် ဟိမဝန္တာကိုလေ့လာချင်တာနဲ့ ဗြဟ္မာပုတ္တရမြစ်ရဲ့ တစ်ဖက်ကမ်း ဟိမဝန္တာတောင်တန်းရဲ့ အခြေမှာရှိတဲ့ ရာကူးရွာလေးဆီ သင်တန်းဖော်သူငယ်ချင်း ဂိုအင်တာနဲ့အတူ အလည်လိုက်သွားခဲ့တယ်။

ရာကူးရွာရောက်တော့ သူငယ်ချင်းဂိုအင်တာရဲ့မိခင်ကြီး အတော်နေထိုင်မကောင်းဖြစ်နေလို့ ဆရာဝန်တစ်ဦးဖြစ်တဲ့ ဂိုအင်တာဟာ သူ့မိခင်ကြီးကို ပြုစုကုသပေးနေရတော့တယ်။

ကျွန်တော်ကတော့ ရွာအပြင်ကိုထွက်ပြီး ဗြဟ္မပုတ္တရမြစ်ကမ်းခြေမှာ နံနက်တစ်ကြိမ်၊ ညနေဆည်းဆာမှာ တစ်ကြိမ်သွားထိုင်ရင်း သဘာဝဝန်းကျင်ရဲ့အလှကို တစိမ့်စိမ့်ကြည့်ရှုခံစားနေခဲ့တယ်။

အဲဒီလိုနဲ့ တစ်နေ့နံနက်မှာတော့ ယှူသူရှင်းလင်းနေတဲ့မြစ်ကမ်းခြေမှာ သွားထိုင်နေတုန်း ပြီးခဲ့တဲ့ညနေကစပြီး တစ်ညလုံး ဟိမဝန္တာတောင်တန်းကြီးပေါ်မှာ မိုးရွာသွန်းခဲ့လို့ တောင်ကျ



www.burmeseclassic.com

www.burmeseclassic.com



ရေတွေဟာ အမှိုက်သရိုက်တွေနဲ့အတူ နွံ့ရောင်ထပြီး မြူဟွှ ပွက္ကရုမြစ်ကြောင်းအတိုင်း စီးမျောနေတာကို တွေ့ရတယ် အာစရိရေ။ အဲဒီအမှိုက်သရိုက်တွေအကြားမှာ လူလိုလို အရာ ဝတ္ထုတစ်ခု မျောလာတာကို အံ့အားတသင့် တွေ့လိုက်ရလို့ ကျွန်တော်ဟာ ရေစပ်ကိုဆင်းပြီး သစ်တုံးတစ်တုံးကို ဖက်လျက် မျောလာတဲ့ အဲဒီလူကို ကြိုးစားဆွဲတင်လိုက်တယ်။

သူ့ရဲ့လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်မိတာနဲ့ အဲဒီလူ ဟာ သေနေပြီဆိုတာ သိလိုက်ရတယ်။ ဒါပေမဲ့ မထူးဘူးဆိုပြီး ကမ်းပေါ်ဆွဲတင်လိုက်တယ်။ အဲဒီလူဟာ မနေ့ညက မိုးသဲကြီး မဲကြီးရွာလို့ တောင်ကျရေတွေ လိုမ့်ဆင်းတုန်း မြစ်ကိုဖြတ်ကူး မိရာက လှေသမ္ဗန်မှောက်ပြီး မျောလာသလားတော့မသိဘူး။ သူ့တစ်ကိုယ်လုံးက အကြောတွေ တောင့်တင်းနေတယ်။ သစ်လုံးကို ဖက်တွယ်ထားတဲ့ သူ့လက်မောင်းတွေကို ဖြုတ်လို့ မရဘူး။

ထူးခြားတာက သူဟာ ကျောပိုးအိတ်ငယ်တစ်ခု လွယ် ထားတယ်။ ဒါနဲ့ ကျွန်တော်လည်း သူ့အိတ်ကို ဖြုတ်ယူကြည့်ဖို့ ကြိုးစားတယ်။ အဲဒီလို ကြိုးစားမိတာကလည်း အသက် ၃၀





လောက်ရှိတဲ့ အဲဒီအိန္ဒိယအမျိုးသားဟာ နာမည်ဘယ်သူလဲ၊ ဘယ်ကလဲဆိုတာ သိချင်လို့ပါ။ သိရတော့ သူ့ရပ်ရွာ၊ မိဘ ဆွေမျိုးတွေဆီ အကြောင်းကြားပေးလို့ရတာပေါ့ အာစရိရယ်။

ဒါပေမဲ့ သူ့ကျောပိုးအိတ်ကို ဖြုတ်ယူလို့မရတာနဲ့ ဒီ အတိုင်းပဲ ဖွင့်ကြည့်ရတော့တယ်၊ အဲဒီကျောပိုးအိတ်ရဲ့အတွင်း မှာ ပတ္တူစနဲ့ အထပ်ထပ်ပတ်ထားတဲ့ အထုပ်တစ်ထုပ်ကို တွေ့တာနဲ့ ထုတ်ယူကြည့်လိုက်တယ်။

အဲဒီအထုပ်ထဲမှာ ရှပီးငွေအချို့နဲ့အတူ နဝရတ်ကိုးပါး စီခြယ်ထားတဲ့ သားရေအိမ်အနက်နဲ့ ဓားမြှောင်တစ်လက်ကို တွေ့ခဲ့ရတယ်။

ဓားအိမ်ထဲက ဓားမြှောင်ကို ထုတ်ကြည့်လိုက်တော့ ဓား ပြားနှစ်ဖက်စလုံးမှာ အင်းကွက်တွေ၊ စမပုံတွေ ပြည့်နေအောင် ရေးထွင်းထားတာ တွေ့ရတယ်။

အဲဒီဓားမြှောင်ဟာ အတော်ထူးခြားတဲ့ ဓားမြှောင်ပဲ အာစ ရိရဲ့ ကျွန်တော်ဟာ ဓားအိမ်ထဲကနေ ဓားမြှောင်ကို ထုတ်ကြည့် မိတာနဲ့ ဓားရဲ့လက်ကိုင်ရိုးဟာ လက်ထဲမှာ လှုပ်နေသလို ခံ စားလာရတယ်၊ စိတ်ထဲမှာလည်း တိုက်ချင်ခိုက်ချင်တဲ့စိတ်ပေါ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေါ်လာတယ်။

ကျွန်တော်လည်း စိတ်ထဲမှာ သရိုးသရီဖြစ်လာတာနဲ့ အဲဒီဓားမြှောင်ကို ဓားအိမ်ထဲ ပြန်သွင်းဖို့ကြိုးစားလိုက်တယ်၊ အဲဒီမှာ ပိုပြီးထူးဆန်းတဲ့အဖြစ်ကို ကျွန်တော်ကြုံရတာယ် အာစရိ၊ အဲဒီအဖြစ်ကတော့ ဓားမြှောင်ကို ဓားအိမ်ထဲ လုံးဝ ပြန်သွင်းလို့ မရတဲ့အဖြစ်ပါပဲ။

ဘယ်လိုကြောင့်လဲမသိဘူး. . . ဓားမြှောင်ဟာ ဓားအိမ်ရဲ့ အဝနားတောင် တေ့လို့မရဘူး။ ဓားအိမ်အဝကနေ ချော်ချော် ထွက်နေတယ်။ ပြောရမယ်ဆိုရင် ဓားမြှောင်ဟာ ကျွန်တော့်ရဲ့ လက်ကနေ ရုန်းထွက်နေသလိုပဲ၊ နောက်ဆုံး ကျွန်တော်ဟာ ဓားမြှောင်ကို ထိန်းမရသလိုဖြစ်လာပြီး စိတ်ကလည်း ဆူဝေ လာရာက ကျွန်တော့်ရဲ့ဘယ်လက်ဖျံကို ဓားမြှောင်နဲ့ ထိုးစိုက်ချ လိုက်မိတယ် အာစရိရေ။

အဲဒီတော့မှပဲ လက်ထဲကဓားမြှောင်ဟာ ငြိမ်သွားတော့ တယ်။ စောစောကဓားမြှောင်ဟာ ရုန်းတယ်ဆိုတာ မယုံနိုင် စရာပဲ။ တကယ် ဟုတ်မဟုတ်ရဲ့လား စိတ်ကပဲထင်လို့လား သံသယတောင်ဖြစ်မိတယ်။





ဘာပဲဖြစ်ဖြစ် သွေးစွန်းသွားမှ အဲဒီဓားမြှောင်ကို ဓားအိမ် ထဲ ရှောရှောရှူရှူ ထည့်လို့ရသွားတယ် အာစရိရေ။

အဲဒီအထုပ်ထဲမှာ ဓားမြှောင်နဲ့အတူ စာရွက်ခေါက် တစ်ခုတွေ့ရတယ်၊ အဲဒါနဲ့ ကျွန်တော်က အဲဒီစာရွက်ခေါက်ကို ဖွင့်ဖတ်လိုက်တော့ စာထဲမှာ ဘယ်လိုရေးထားသလဲဆိုရင်

"လားမားကိုယ်တော်ကြီးရှိဝှန်

ယခုစာနဲ့လာသူဟာ ကျွန်တော့်ရဲ့လူယုံတပည့် အာရန်ပဲ ဖြစ်ပါတယ်။ ကိုယ်တော်ကြီးအလိုရှိရာ အင်းဓားမြှောင်ကို ကျွန်တော် စွန့်စားရယူပြီးဖြစ်တယ်။ ဒါပေမဲ့ ကျွန်တော့်မှာ ချောင်းဆိုးသွေးပါရောဂါပြန်ပေါ်လာပြီး ဝေဒနာပြင်းထန်နေတဲ့ အတွက် ခရီးကြမ်းကို မလာနိုင်တာနဲ့ အာရန့်ကိုပဲ ကိုယ်တော် ကြီးရှိရာ ကျောက်နွားတောင်ဆီ လွှတ်လိုက်ရတယ်။

ဓားမြှောင်ကိုရယူပြီး ကျပ်ငွေ ရူပီးတစ်သိန်း ရှင်းပေး လိုက်ပါ။

ချားလစ်"

လို့ ရေးထားတယ် အာစရိရဲ့၊ အဲဒီစာအရဆို မြစ်ထဲမျော လာပြီး သေနေတဲ့လူဟာ အာရန်ဖြစ်ပြီး သူ့ကို သူ့ရဲ့ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ချားလစ်ဆိုသူက ကျောက်နွားတောင်က လားမားဘုန်းတော်ကြီး ရှိဂုန်ဆီ အဲဒီအင်းစမတွေ ရေးထွင်းထားတဲ့ဓားမြှောင်ပို့နိုင်းလိုက်တာပဲဖြစ်ရမယ် မဟုတ်လား အာစရိ။

ဓားမြှောင်အတွက် ကျွန်ငွေရူပီးတစ်သိန်း ရှင်းပေးလိုက်ပါလို့ ရေးထားတာကို ကြည့်ရင် အဲဒီဓားမြှောင်ဟာ ရူပီးတစ်သိန်းမက တန်နေလို့ပေါ့နော် အာစရိ။

ဒီ...ဘာမဟုတ်တဲ့ ဓားမြှောင်တစ်လက်ဟာ ဘာဖြစ်လို့ ရူပီးတစ်သိန်းမက တန်နေတာလဲ။ ရူပီးတစ်သိန်းဆိုတာ နည်းတဲ့ငွေလား ။

အဲဒီဓားမြှောင်မှာ ထူးခြားတဲ့သိဒ္ဓိတွေ၊ အစွမ်းတွေရှိလို့သာ လားမားဘုန်းတော်ကြီးက ဒီလောက်ငွေတွေ အများကြီးပေးပြီး အဲဒီဓားမြှောင်ကို ရယူဖို့ စီစဉ်တာပေါ့။

ကျွန်တော်ဟာ အဲဒီအင်းဓားမြှောင်ကို အရမ်းစိတ်ဝင်စားသွားတယ် အာစရိ။

ဒါကြောင့် ကျွန်တော်ဟာ အင်းဓားမြှောင်နဲ့စာကို ရယူထားလိုက်ပြီး အာရန်ရဲ့အလောင်းကိုတော့ ရေစီးထဲ ပြန်မျှောလွှတ်လိုက်တယ်။ တကယ်တော့ အာရန်ကို ကျွန်တော်ဟာ





ကမ်းစပ်မှာပဲ မီးသင်္ဂြိုဟ်ပေးလိုက်ချင်တယ်။ ဒါပေမဲ့ အဲဒီရွာကူးရွာကနဲ့ ရွာသူရွာသားတွေဟာ သူတို့ရွာနားက ကမ်းစပ်မှာ လူသေအလောင်းလာကပ်တယ်ဆိုတာ သိသွားရင် ရွာအတွက် အတိတ်နိမိတ်မကောင်းဘူးလို့ ယူဆကြမှာစိုးတာနဲ့ အလောင်းကို ရေထဲပြန်မျှောပေးလိုက်ရတာပါပဲ။

ဘာပဲဖြစ်ဖြစ် ကျွန်တော်ဟာ အဲဒီအင်းဓားမြှောင်ကို သိပ်ကိုစိတ်ဝင်စားသွားခဲ့ပြီ အာစရိ။ အဲဒီဓားမြှောင်ဟာ ဘယ်လိုဓားမြှောင်မျိုးလဲ၊ ဘယ်က ရသလဲ၊ ချားလစ်ဆိုတာ ဘယ်သူလဲ၊ လားမားဘုန်းတော်ကြီး ရှိဂုန်ကရော ဘာဖြစ်လို့ ဈေးမတန်တဆပေးပြီး ဝယ်ရတာလဲ၊ စတဲ့အချက်တွေကို ကျွန်တော်သိပ်စိတ်ဝင်စားသွားပြီ အာစရိ။

ဒါကြောင့် ကျွန်တော်သိချင်တဲ့ အဲဒီအချက်တွေကို သိနိုင်ဖို့ အာရန်ရဲ့ကိုယ်စား ကျောက်နွားတောင်ဆီသွားပြီး လားမားဘုန်းတော်ကြီးရှိဂုန်နဲ့ တွေ့မယ်လို့ ဆုံးဖြတ်လိုက်ပြီအာစရိ။

မနက်ဖြန်မှာပဲ ကျွန်တော့်ရဲ့သူငယ်ချင်း ဂိုအင်တာကို အကျိုးသင့်အကြောင်းသင့်ပြောပြီး ကျောက်နွားတောင်ဆီ သွားတော့မယ်၊ အဲဒီကပြန်လာမှပဲ စာရေးလိုက်ဦးမယ် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



အတွက်တော့ ဘာမှမပူပါနဲ့။

အာစရိရဲ့ . . .

ဒေါက်တာရန်နိုင်စိုး

၁၂-၅-၁၉၃၁

ဒေါက်တာ ရန်နိုင်စိုး၏စာကို အစအဆုံးဖတ်ပြီးနောက် အိုင်အိုချစ်သွေးမှာ ကျွန်တော့်မျက်နှာအား အဓိပ္ပာယ်များစွာပါသော အကြည့်ဖြင့် မော့ကြည့်လိုက်လေ၏။

"ဒီအတိုင်းဆို ဆင်းမလားပြတိုက်ထဲက ပျောက်ဆုံးသွားတဲ့ဓားမြှောင်ဟာ ဒေါက်တာရန်နိုင်စိုးရဲ့လက်ထဲ ရောက်နေတဲ့ ဓားမြှောင်ဖြစ်ဖို့များနေပြီ ဆရာသမားရဲ့"

"ဟုတ်တယ် ကိုချစ်သွေး . . . ဘာဖြစ်လို့လဲဆိုတော့ ဆင်းမလားပြတိုက်ဆီလာပြီး အင်းဓားမြှောင်ကိုလှူသွားတဲ့ အဘိုးကြီးဒီကူးမားဟာ ဟိမဝန္တာက ဆင်းလာတဲ့ ဆာဒူးကြီးတွေနဲ့ ဆက်နွယ်မှုရှိနေတယ်လို့ ဆိုတယ်မဟုတ်လား၊ ဒီတော့ ဖြစ်နိုင်တာက . . . ဆာဒူးကြီးတစ်ဦး ဟိမဝန္တာတောင်တန်းရဲ့ တစ်နေရာက ကျောက်ဂူတစ်လုံးမှာ သိုဝှက်ထားရှိတဲ့ အင်းဇဝါဓားမြှောင်





ကို အဘိုးကြီးဒီကူးမားဟာ တစ်နည်းနည်းနဲ့ ရရှိခဲ့ပြီး ဆင်းမလားပြတိုက်မှာ လာလှူခဲ့ရာက . . . ချားလစ်ဆိုတဲ့လူက ခိုးယူပြီး လားမားဘုန်းတော်ကြီးရှိဝှန်ဆီ ရောင်းစားဖို့ကြိုးစားတာပဲ ဖြစ်မယ်ဗျ"

"အင်း . . . ရောင်းစားဖို့ဆိုတာထက် အဲဒီအင်းဇဝါဓားမြှောင်ရဲ့အကြောင်းကို လားမားဘုန်းတော်ကြီးရှိဝှန်က သိထားလို့ လိုချင်တာနဲ့ ချားလစ်ကို ပြတိုက်ကနေ ခိုးခိုင်းတာလည်း ဖြစ်နိုင်တယ် ဆရာသမား"

"ဟုတ်တယ် . . . ဒါလည်း ဖြစ်နိုင်တယ်"

"ဒေါက်တာရန်နိုင်စိုးဟာ အင်းဇဝါဓားမြှောင်အကြောင်းကို သိပုံမရဘူးနော် ဆရာသမား"

"ဟုတ်တယ် . . . သူ မသိဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကိုနေလရဲ့အမှုဖြစ်တော့ သူ . . . ဒါဂျီလင်မှာ ရောက်နေတာ သုံးနှစ်ခွဲလောက်ရှိပြီ၊ ကျုပ်နဲ့လည်း စာအဆက်အသွယ်ပြတ်နေသလို ကျုပ်ရေးတဲ့ ဝတ္ထုတွေကိုလည်း သူ,မဖတ်ရတော့ အင်းဇဝါဓားမြှောင်အကြောင်း သူ မသိထားဘူး၊ ခက်တာက ကိုရန်နိုင်စိုးဟာ ဆရာဝန်တစ်ယောက်ဖြစ်ပေမယ့် ဂ[illegible]စွ



www.burmeseclassic.com

www.burmeseclassic.com



တွေ့, အထူးအဆန်းကိစ္စတွေ သိပ်ဝါသနာပါတာဗျ ...။

ပြီးတော့ ဘယ်အလုပ်ကိုမဆို ရေဆုံးရေဖျား တစ်ဖွတ်ထိုးလုပ်တတ်တယ် ... တားမနိုင်ဆီးမရဆိုတဲ့ လူစားမျိုးပဲ၊ သူက မိဘရဲ့အမွေအနှစ်တွေအများကြီးလည်း ရထား, တစ်ကိုယ်ရေ တစ်ကာယသမားလည်းဖြစ်ဆိုတော့ ... နောက်ဆံတင်းစရာ မရှိဘဲ စိတ်သွားတိုင်း ကိုယ်ပါနေတော့တာပေါ့ဗျာ၊ ကျုပ် စိုးရိမ်တာက အန္တရာယ်ကြီးလှတဲ့ အင်းဇဝါဓားမြှောင်ကို ကိုင်ပြီး ဘယ်လိုလူစားမှန်းမသိတဲ့ ဟားမားကြီးရှိဂုန်ဆီ သူတစ်ယောက်တည်း သွားတာကိုပဲဗျ''

''ဟုတ်တယ် ဆရာသမား ... ဒေါက်တာရန်နိုင်စိုးသွားတဲ့ ခရီးဟာ အန္တရာယ်ရှိသလို, စိတ်ဝင်စားဖို့လည်းကောင်းတယ်၊ သူ့ဆီက စ၊တွေဘာတွေထပ်လာပြီး ထူးခြားမှုရှိရင် ကျွန်တော့်ကိုလည်း အသိပေးပါနော် ဆရာသမား''

''စိတ်ချပါဗျာ ... ဒါထက် အင်းဇဝါဓားမြှောင်ဟာ ဓားအိမ်နက်ထဲက သူ့ကိုထုတ်ပြီးရင် သွေးစွန်းပြီးမှ ဓားအိမ်နက်ထဲ ပြန်သွင်းလို့ရတယ်ဆိုရင် ပြတိုက်ကိုရောက်ပြီး မှတ်တမ်းတင်ဖို့ ပြတိုက်မှူးကြီးက ဓားမြှောင်ကို ဓားအိမ်က ထုတ်,





ဓာတ်ပုံအမျိုးမျိုးရိုက်ယူတုန်းကရော သွေးထွက်သံယိုကိစ္စ မဖြစ်ဘူးလားဗျ''

ကျွန်ုပ်က သတင်းစာစာရွက်ပေါ်မှ အင်းဇဝါဓားမြှောင်၏ ဓာတ်ပုံတို့ကိုကြည့်ရင်း မေးလိုက်ရာ ... အိုင်အိုချစ်သွေးက ပြုံးပြီး ခေါင်းညိတ်လိုက်သည်။

''ဖြစ်ပြီလား ဆရာသမားရယ် ... ကျွန်တော့်သူငယ်ချင်း အင်စပက်တော် ရန်ကူးဗားရဲ့စာထဲမှာ အဲဒီအကြောင်းပါတယ်ဗျ ... ပြတိုက်မှူးကြီးဟာ ဓားမြှောင်ကို ဓားအိမ်ကနေ ထုတ်ယူလိုက်ချိန်မှာ ဒေါက်တာရန်နိုင်စိုးခံစားသလို ခံစားရပြီး စိတ်တွေ အလိုလိုနေရင်း ဆူဝေနေခဲ့တယ်တဲ့၊ အဲဒီအချိန်မှာပဲ ဓာတ်ပုံဆရာနဲ့ စကားကတောက်ကဆဖြစ်ရာက သူ့ကိုယ်သူ ဘာလုပ်လိုက်မှန်းမသိခင်မှာပဲ ... ဓားမြှောင်ဟာ သူ့လက်ထဲက ခုန်ထွက်သလိုဖြစ်ပြီး ဓာတ်ပုံဆရာရဲ့လက်မောင်းကို ထိုးထည့်လိုက်တယ်တဲ့ ဆရာသမားရဲ့''

''ဗြော်''

''အဲဒီတော့မှ ပြတိုက်မှူးကြီးလည်း သတိပြန်ဝင်လာပြီး ဓာတ်ပုံဆရာကို ပြန်တောင်းပန်ရတာပေါ့၊ ဆေးဖိုးဝါးခ



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်ရတာပေါ့၊ ခါးဟာ ရုပ်ထိရုံထိသွားတဲ့အပြင် ခါတ်ပုံ ဆရာဟာ ပြတိုက်မှူးကြီးရဲ့ တပည့်ဝန်ထမ်းဖြစ်လို့ ပြဿနာ ကြီးကြီးမားမား မဖြစ်ခဲ့တာပေါ့''

''ဖြစ်ရလေဗျာ ... တော်တော်အန္တရာယ်ကြီးတဲ့ ခါး မြှောင်ပါလား၊ ဒါကြောင့် ကျုပ်ဟာ ဒေါက်တာရန်နိုင်စိုးအတွက် စိုးရိမ်မကင်းဖြစ်နေတာဗျ''

ကျွန်ုပ်သည် ပူပန်စွာပြောရင်း သက်ပြင်းသာချမိနေပါ တော့သတည်း။

❐❐❐

ထို့နောက်ပိုင်းရက်များတွင် ကျွန်ုပ်သည် ဒေါက်တာ ရန်နိုင်စိုးအတွက် စိုးရိမ်သောကရောက်လျက်ရှိရာ ... ဖြစ်နိုင် လျှင် ကျွန်ုပ်ကိုယ်တိုင် ဒေါက်တာရန်နိုင်စိုးရှိရာ အိန္ဒိယနိုင်ငံ မြောက်ဘက်ပိုင်းသို့ လိုက်သွားလိုပေ၏။

သို့သော် ... ယခုလို မိုးဦးကျလေဦးကျတွင် အိန္ဒိယ ပြည်သို့ ရေကြောင်းလမ်းခရီးဖြင့် သွားရန်မှာ အန္တရာယ်များ လှ၏။

ဘင်္ဂလားပင်လယ်အော်၌ အနောက်တောင်မုတ်သုန်လေ

ခု နှစ် စဉ့် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ဝင်နေသည့်ကာလမို့ လှိုင်းလေထန်ကာ မိုးကြိုးမုန်တိုင်းများဖြစ်ပေါ်နေရာ ပင်လယ်ကူးသင်္ဘောများလည်း တော်ရုံဖြင့် ဖြတ်သန်းသွားလာမှု မရှိသောကြောင့် သင်္ဘောလက်မှတ် ကြိုတင်ဝယ်ထားသူများပင် သင်္ဘောပတ်ကို ရက်သတ္တပတ်ပေါင်းများစွာ စောင့်ရလေ့ရှိသည်။

လေကြောင်းလိုင်းမှာလည်း ထိုနည်းတူဖြစ်ကာ . . . လေယာဉ်လက်မှတ်ရရှိဖို့ပင် ခက်ခဲခြင်း၊ ကလေး၀-တမူးတို့ဘက်မှ ပတ်ကာ ကုန်းတွင်းလမ်းမှ သွားရန်မှာလည်း ခရီးလမ်းပန်းကြမ်းတမ်းလျက် တောင်ကျရေများကြောင့် မြစ် ချောင်းများကို ဖြတ်သန်းသွားရောက်ရန် လွန်စွာခက်ခဲခြင်း၊ အထူးသဖြင့် ယခုလို မိုးရာသီတွင် . . . အဆစ်အမြစ်ကိုက်ခဲခြင်းဝေဒနာ ပြန်ပေါ်လာသဖြင့် ကျွန်ုပ်မှာ ခရီးဝေး၊ ခရီးကြမ်းကို မသွားနိုင်ခြင်း . . . စသည့်ပြဿနာများရှိခြင်းကြောင့် ဒေါက်တာရန်နိုင်စိုး၏နောက်သို့ လိုက်သွားရန် မဖြစ်နိုင်ချေ။

ထို့ကြောင့် ကျွန်ုပ်သည် ခင်မင်လေးစားဖွယ်ကောင်းသော ကျွန်ုပ်၏မိတ်ဆွေလေး ဒေါက်တာရန်နိုင်စိုးအတွက် ဘေးရန်အန္တရာယ်ကင်းစွာဖြင့် အမိမြန်မာပြည်သို့ ရောရောရှု





အမြန်ဆုံးပြန်လာနိုင်ပါစေဟု သတိရတိုင်း ဆုတောင်းပေးရုံသာ တတ်နိုင်လေတော့၏။

သို့ဖြင့် . . . ရက်ပေါင်းများစွာ ကုန်လွန်ခဲ့ပြီး သုံးလခန့်အကြာ တစ်ခုသောနေ့တွင် . . . စာတိုက်မှ ပါဆယ်ထုပ်တစ်ထုပ် ကျွန်ုပ်ထံသို့ ရောက်ရှိလာတော့သည်။

ကျွန်ုပ်သည် ပါဆယ်ထုပ်ကို ဖွင့်ဖောက်ကြည့်ရာ သားရေဖုံးဖြင့်ချုပ်ထားသော မှတ်တမ်းစာအုပ်တစ်အုပ်ဖြစ်ကြောင်း တွေ့ရှိရပြီး ထိုစာအုပ်နှင့်အတူ ပါလာသည့်စာမှာ ဒေါက်တာရန်နိုင်စိုး၏စာဖြစ်ကြောင်း ဝမ်းမြောက်ဖွယ် တွေ့ရှိရလေ၏။

ဒေါက်တာရန်နိုင်စိုး၏စာမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပေသည်။

*အာစရိ . . .*

*ကျွန်တော်ဟာ . . . အိန္ဒိယပြည် ဒရာဒမ်မြို့ကို ပြန်မယ့်မိတ်ဆွေတစ်ဦးရဲ့အကူအညီနဲ့ ဒီစာရယ်၊ ကျွန်တော့်ရဲ့ မှတ်တမ်းရယ်ပါတဲ့ ပါဆယ်ထုပ်ကို အာစရိဆီပို့ပေးလိုက်တယ်။*

*လောလောဆယ်မှာ . . . ကျွန်တော်ဟာ မြန်မာပြည်ကို*



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာဖြစ်မှာမဟုတ်သေးတဲ့အတွက် အာစရိ စိတ်ပူနေမှာစိုးလို့ ခုလို ကျွန်တော့်ရဲ့ မှတ်တမ်းစာအုပ်နဲ့ စာကို အရင်ပို့လိုက်ရခြင်းပါ အာစရိ။

ကျွန်တော်ဟာ မမျှော်လင့်ဘဲ ဟိမဝန္တာတောင်တန်းကြီးကိုကျော်ပြီး တိဗက်ဒေသက ထူးဆန်းလှတဲ့ ရှမ်ဘဲလားဆိုတဲ့ ဒေသထူးကြီးဆီကို ရောက်ရှိသွားခဲ့တယ်။ အဲဒီမှာ . . . ကျွန်တော့်ရဲ့ဘဝတစ်လျှောက် မယုံနိုင်ဖွယ်ကောင်းလောက်အောင် အံ့ဩစရာအဖြစ်တွေ ကြုံတွေ့ခဲ့ရတယ်၊ အဲဒီအတွေ့အကြုံတွေကို အာစရိသိနိုင်အောင် ကျွန်တော့်ရဲ့ခရီးသွားမှတ်တမ်းစာအုပ်ကို ပို့ပေးလိုက်ရခြင်းဖြစ်တယ်၊

ဒါတွေဟာ စိတ်ကူးယဉ်မဟုတ်ဘူး။ ကျွန်တော့်ရဲ့ ကိုယ်တွေ့အစစ်ပါလို့ ပြောရင်တောင် . . . အာစရိ ယုံပါ့မလားမသိဘူး။ ကျွန်တော်ကြုံတွေ့ခဲ့ရတာတွေဟာ အာစရိတို့လို ဂမ္ဘီရစာရေးဆရာတွေရေးတဲ့ လျှို့ဝှက်ဆန်းကြယ်ဂမ္ဘီရဝတ္ထုတွေထဲက ဖြစ်ရပ်ဆန်းတွေထက်ပိုပြီး အံ့ဩထိတ်လန့်စရာကောင်းတာကို ကျွန်တော့်ရဲ့မှတ်တမ်းထဲမှာ အာစရိ တွေ့ရပါလိမ့်မယ်။

လူချင်းတွေ့မှပဲ အဲဒီဖြစ်ရပ်တွေနဲ့ပတ်သက်ပြီး အာစရိနဲ့





ကျွန်တော် ဆွေးနွေးကြသေးတာပေ့ါ။

ကျွန်တော် ကျန်းမာပါတယ်၊ အာစရိ ကျန်းမာပါစေ။

အာစရိရဲ့

ဒေါက်တာရန်နိုင်စိုး

ကျွန်ုပ်သည် ဒေါက်တာရန်နိုင်စိုး၏စာကို ဖတ်ပြီးနောက် သူ၏မှတ်တမ်းစာအုပ်ကို ဆက်လက်ဖတ်ရှုရာ . . . ဖတ်ရင်းဖတ်ရင်း လက်ကမချနိုင်ဖြစ်ရသည့်အပြင် လွန်စွာ အံ့ဩဘနန်းဖြစ်ရခြင်း – အဗ္ဘုတရသ၊ လွန်စွာကရုဏာဖြစ်ရခြင်း – ကရုဏာရသ၊ လွန်စွာကျေနပ်နှစ်သိမ့်ခြင်း – သန္တရသတို့ကို ခံစားရသဖြင့် စာရှုသူများလည်း ကျွန်ုပ်ကဲ့သို့ ခံစားနိုင်စေရန် သူ၏မှတ်တမ်းအား ဝတ္ထုသွားဖြင့် ဖော်ပြလိုက်ပါသတည်း။

□□□□□



www.burmeseclassic.com

www.burmeseclassic.com

## နှင်းတောင်ဧကရီ

ဒေါက်တာရန်နိုင်စိုးသည် သူဆုံးဖြတ်ထားသည့်အတိုင်း အာရန်၏စာကိုယူကာ ကျောက်နွားတောင်သို့သွားရန် စီစဉ်လေ၏။

သူ၏ခရီးစဉ်နှင့်ပတ်သက်၍ သူငယ်ချင်းကိုအင်တာအား ပြောပြရာ ကိုအင်တာမှာ အတန်ကြာတွေဝေစဉ်းစားနေပြီးမှ တွေးတွေးဆဆပြောသည်။

"အင်း ... ရန်နိုင်စိုး ... မင်းသွားမယ့်ခရီးဟာ အန္တရာယ် တော်တော်များတယ်၊ ကျောက်နွားတောင်ဆိုတာ တိဗက်





ကုန်းပြင်မြင့်နဲ့ ဟိမဝန္တာတောင်တန်းအနောက်ဘက်ပိုင်း ဆုံစည်းရာအရပ်မှာ တည်ရှိတာကွ၊ ဒီကနေဆိုရင် ဗြဟ္မပုတ္တရမြစ်အတိုင်း ခရီးမိုင်ထောင်နဲ့ချီသွားပြီးမှ တစ်ခါ တောတောင်လျှိုမြောင်တွေ ဖြတ်သန်းသွားရဦးမှာ၊ အခုအချိန်က မိုးတွင်းကာလဆိုတော့ ဗြဟ္မပုတ္တရရဲ့ မြစ်ရေစီးကလည်း ဟိမဝန္တာတောင်တန်းပေါ် မိုးရွာတာနဲ့ ကြောက်စရာကောင်းလောက်အောင် ကြမ်းတော့တာပဲ၊ ဒါကြောင့် ရေကြောင်းခရီးကနေ သွားဖို့မလွယ်ဘူးကွ၊ ပြီးတော့ မင်းသွားတွေ့ရမယ့် တိဗက်ကိုယ်တော်ကြီးရှိဝှန်ဆိုတာ ဘယ်လိုလူစားမျိုးလဲဆိုတာလည်း မသိနိုင်ဘူး၊ ဒ့ါအပြင် မင်းက အာရန့်ပုံစံနဲ့ ဟန်ဆောင်ပြီးသွားမှာဆိုတော့ ဘယ်လိုဇာတ်ရှုပ်တွေနဲ့ ကြုံရမှန်း မသိနိုင်ဘူး၊ ဒါကြောင့် မင်းသွားရမယ့်ခရီးရော, ကိစ္စပါ အန္တရာယ်များလှတယ်လို့ ငါပြောရတာပဲ သူငယ်ချင်းရဲ့"

"ဘာပဲဖြစ်ဖြစ်ကွာ ... ငါဟာ စွန့်စားသွားလာမှုနဲ့ ထူးဆန်းတဲ့ကိစ္စတွေကို သိပ်စိတ်ဝင်စားတာ မင်းအသိပဲ ကိုအင်တာ ... ဒီတော့ ကျောက်နွားတောင်ဆီ သွားဖြစ်အောင် သွားမယ်"

"အေးပါ ... မင်းဟာ ခေါင်းမာပြီး ထူးထူးဆန်းဆန်း



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စတွေ, စွန့်စားသွားလာရတဲ့ကိစ္စတွေကို သိပ်စိတ်ဝင်စားတာ ကျောင်းမှာကတည်းက ငါသိပြီးသားပါကွ၊ ငါက မင်းအတွက် အန္တရာယ်ဖြစ်မှာစိုးလို့ ပြောရတာပါ၊ မင်းဟာ တစ်ခုခုလုပ်ချင်ပြီဆိုရင် တားမရဟဲ့ကောင်ပဲ''

ဂိုအင်တာမှာ ရန်နိုင်စိုးအကြောင်းကို ဆေးတက္ကသိုလ်မှာကတည်းက သိပြီးဖြစ်သည်။ တစ်ခါက ဒါဂျီလင်မြို့၏မြောက်ဘက်အစွန်ရှိ လူနေရပ်ကွက်နှင့်ဝေးရာ တောင်ကုန်းမြင့်ပေါ်မှ နတ်ကွန်းဟောင်းကြီးတွင် နာနာဘာဝများ လွန်စွာခြောက်လှန့်သဖြင့် ညဘက်၌ မည်သူမျှအနားပင်မကပ်ဝံ့ကြောင်း၊ ယင်းနတ်ကွန်းဟောင်းထဲ ဝင်အိပ်မိသည့် အရက်မူးသမားနှစ်ဦးမှာ နာနာဘာဝတို့၏ ကုပ်ချိုးသတ်မှုခံရကြောင်း . . . သတင်းကြီးခဲ့လေ၏။

အဆိုပါသတင်းကို မယုံကြည်သဖြင့် ရန်နိုင်စိုးနှင့် အခြားကျောင်းသားနှစ်ဦးမှာ ယင်းနတ်ကွန်းဟောင်းတွင် ညဘက်သွားစောင့်အိပ်ကြည့်ရန် တိုင်ပင်ဆုံးဖြတ်ခဲ့ကြသည်။

အခြားကျောင်းသားများ တားမြစ်သည့်ကြားမှ အထူးအဆန်းဆို စပ်စုလေ့လာရန် ဝါသနာပါပြီး စွန့်စားလိုသည့်





ရန်နိုင်စိုးနှင့်သူငယ်ချင်းနှစ်ဦးမှာ အဆောင်မှ ခိုးထွက်ကာ မြို့စွန်ရှိနတ်ကွန်းဟောင်းသို့သွားပြီး သုံးညတိုင်တိုင် စောင့်အိပ်ခဲ့ကြလေ၏။

သို့သော် ရန်နိုင်စိုးတို့မှာ မည်သည့်နာနာဘာဝ၏ ကုပ်ချိုးသတ်ခြင်း၊ ခြောက်လှန့်ခြင်းတို့ကို စိုးစဉ်းမျှပင် မကြုံတွေ့ရဘဲ လွန်စွာအဆိပ်ပြင်းသော မြွေဟောက်များ၊ သင်းခွေချပ်များ၊ ပင့်ကူများ၊ လင်းနို့များကိုသာ တွေ့ခဲ့ရလေ၏။ ယင်းသို့ အလားတူ စူးစမ်းစွန့်စားရသောအမှုမျိုး ရန်နိုင်စိုးက နှစ်ကြိမ်၊ သုံးကြိမ်မက ကြုံဖူး၏။

ထို့ကြောင့် ထိုစဉ်ကတည်းက အထူးအဆန်းဆို ဝါသနာပါပြီး စွန့်စားလိုသည့် ရန်နိုင်စိုး၏စိတ်ဓာတ်ကို ဂိုအင်တာသိပြီးဖြစ်ပါ၏။

ယခုလည်း ကျောက်နွားတောင်သို့သွားမည့် ရန်နိုင်စိုး၏ ခရီးစဉ်ကို သူ မည်သို့မျှ ဟန့်တား၍ရမည်မဟုတ်ကြောင်း ဂိုအင်တာ သိပြီးဖြစ်သည်။

"အေးကွာ . . . တားမရရင်လည်း သွားပေါ့၊ ဒါပေမဲ့ မင်း ကျောက်နွားတောင်ဆီသွားတဲ့အခါ လမ်းပြတော့ ခေါ်သွား



www.burmeseclassic.com

www.burmeseclassic.com



ဖို့ လိုလိမ့်မယ်၊ ငါ့ရဲ့အစ်ကိုတစ်ဝမ်းကွဲတော်တဲ့ ဒိုရန့်ဆီကို မင်း အရင်သွားလိုက်၊ ဒိုရန်ဟာ နှင်းတောင်မုဆိုးတစ်ဦးပဲ၊ ဟိမဝန္တာအနောက်ခြမ်းဒေသနဲ့ တိဗက်ဒေသကို ကျွမ်းတယ်၊ သူ့ဆီ ငါ စာရေးပေးလိုက်မယ်၊ မင်း သူ့ကို လမ်းပြအဖြစ် ခေါ်သွားပေ့ါ''

''သူက ဘယ်မှာနေတာလဲ''

''ချန်ဘာရီရွာမှာ . . . ဒီကနေ ချန်ဘာရီရွာအထိ သွားတဲ့ကူးတို့ မော်တော်တွေရှိတယ်၊ ချန်ဘာရီရွာရဲ့မြောက်စူးစူးမှာ ရေခဲမြစ်တစ်ခုရှိတယ်၊ အဲဒီမြစ်ကို ဖြတ်ကျော်ပြီးမှ ကျောက်နွားတောင်ဆီ ရောက်လိမ့်မယ်ထင်တယ်၊ ငါ ကျောက်နွားတောင်ကို မြေပုံထဲမှာ တွေ့ဖူးတယ်၊ ကိုယ်တိုင်တော့ တစ်ခါမှ မရောက်ဖူးဘူး။ အဲဒီတောင်ခြေမှာ နယ်စပ်ရွာကြီးတစ်ရွာ ရှိတယ်၊ အိန္ဒိယနဲ့ တိဗက်နယ်စပ်ရွာကြီးပဲ၊ ငါထင်တာတော့ လားမားကိုယ်တော်ကြီး ရှိဝှန်ဟာ အဲဒီရွာမှာ ရှိမယ်ထင်တယ်''

''ကောင်းပြီ . . . ဒါဆို ငါ ချန်ဘာရီရွာကို အရင်သွားမယ်''

''အေး . . . ဒိုရန်က စိတ်ကောင်းရှိပါတယ်၊ စိတ်ကြမ်း





ကိုယ်ကြမ်းသမား ဆိုပေမယ့် ရိုးဖြောင့်တယ်၊ ငါ့ရဲ့အစ်ကိုမို့ ပြောတာမဟုတ်ဘူး . . . သူ့ကိုသာ လမ်းပြအဖြစ်ငှားသွားကွာ . . . မင်းအတွက် ငါ ပိုစိတ်ချတာပေ့ါ''

''အေးပါ''

ဤသို့ဖြင့် လေမိုးသာသော တစ်နံနက်တွင် ရန်နိုင်စိုးမှာ ကူးတို့မော်တော်ဖြင့် ရှာကူးရွာမှ ထွက်လာခဲ့တော့သည်။

ဗြဟ္မပုတ္တရမြစ်မှာ ရာသီဥတုသာယာနေစဉ်မှာပင် ရေစီးကြမ်းလျက်ရှိရာ ကူးတို့မော်တော်လေးမှာ ရေဆန်ခရီးကို အတော်ရုန်းနေရလေ၏။

ဗြဟ္မပုတ္တရမြစ်သည် မြင့်မားမတ်စောက်သော ကျောက်တောင်ကမ်းပါးများ၊ ကျဉ်းမြောင်းသည့် တောင်ကြားများကို ရေစီးကြမ်းစွာ ဖြတ်သန်းစီးဆင်းလျက်ရှိရာ မော်တော်လေးမှာ မိုင်တစ်ရာခန့်ခရီးကို နှစ်ရက်ကျော် ခုတ်မောင်းရပြီး ညနေ နေဝင်ရီတရောခန့်တွင်မှ ချန်ဘာရီရွာဆိပ်ကမ်းသို့ ရောက်လေ၏။

❒❒❒



www.burmeseclassic.com

www.burmeseclassic.com

"ဒိုရန်ရဲ့အိမ် သွားချင်လို့ . . . သူ့အိမ် ဘယ်နားမှာလဲ ဗျာ"

ဆိပ်ကမ်းပေါ်မှ ဆင်းလာလူတစ်ဦးအား ဟိန္ဒူစတန်နီ ဘာသာဖြင့် မေးလိုက်ရာ ထိုသူက ရွာဆီ လက်ညှိုးညွှန်ပြလိုက် ကာ . . .

"ရွာလယ်လမ်းအတိုင်း ရွာစွန်အထိသွား . . . အဲဒီမှာ ချောင်းလေးတစ်ခု တွေ့လိမ့်မယ်၊ သစ်လုံးတံတားလေးကနေ ချောင်းကိုကူးသွားပြီးရင် ချောင်းကမ်းတစ်ဖက်ပေါ်မှာ





သစ်လုံးအိမ် လေးတစ်လုံးတွေ့လိမ့်မယ် . . . အဲဒါ ဒိုရန်ရဲ့အိမ်ပဲ"

ဟု ပြောပြပြီးနောက် . . . ထိုလူမှာ မော်တော်ပေါ်မှ ငှက်ပျောခိုင်တစ်ခိုင်ထမ်းကာ ရွာဘက်သို့ လျှောက်သွားလေ တော့၏။

"အင်း . . . ဒိုရန်အိမ်ရှိတဲ့နေရာတော့ သိပြီ . . . ဒါပေမဲ့ သူ့အိမ် တန်းမသွားသေးဘဲ ဒီဆိပ်ကမ်းက ဆိုင်တစ်ဆိုင်ဆိုင်မှာ ပဲ ညစာစားသွားမှထင်တယ်၊ ဒိုရန်ရဲ့အိမ်မှာ ငါ့အတွက် ညစာ စားဖို့ အဆင်ပြေချင်မှပြေမယ် . . . အားနာစရာဖြစ်နေဦးမယ်"

ရန်နိုင်စိုးသည် ကျောပိုးအိတ်ကို ပြင်လွယ်ရင်း မြစ်ကမ်း ပါးပေါ်သို့ အခြားခရီးသည်များနှင့်အတူ တက်လာခဲ့လေသည်။

မြစ်ကမ်းပေါ်တွင် တဲကြီးသုံးလုံးကို တွေ့ရပြီး ယင်းတဲ ကြီးတို့တွင် ဆူညံစွာ စကားပြောဆိုရယ်မောစားသောက်နေကြသူ များကို တွေ့ရလေ၏။

အစွန်ဆုံးမှ အကြီးဆုံးတဲထဲတွင်မူ အရက်မူးသမားတို့ ၏ အော်ရယ်သံများ၊ ပုံသံများပါ ဆူညံနေပြီး ကချေသည်မ တစ်ဦး ကခုန်နေသည်ကို တွေ့ရလေ၏။

ရန်နိုင်စိုးမှာ လူအတန်ငယ်ရှင်းသည့် အလယ်မှ တဲကြီး



www.burmeseclassic.com

www.burmeseclassic.com



ထဲဝင်ခဲ့ပြီး ထမင်းနှင့်ဆိတ်သားဟင်းကို မှာကြားစားသောက်လေသည်။

ညစာစားသောက်ပြီးနောက် ရွာလယ်လမ်းမအတိုင်းလျှောက်လှမ်းလာစဉ် တစ်မိုးလုံးမှောင်လာပြီး မိုးသက်လေပြင်းတို့ တိုက်ခတ်စပြုလာ၏။

ရွာထဲရှိအိမ်များမှာ သစ်သားအိမ်ဟူ၍ မတွေ့ရဘဲ နွားချေးနှင့်လိမ်းကျံထားသည့် ထရံကာ၊ သက်ကယ်မိုးထားသော အိမ်ပုလေးများ၊ ကျောက်တုံးတို့ဖြင့် ဆောက်လုပ်ထားသော အိမ်ကြီးကြီးများ၊ အုတ်တိုက်ငယ်များကိုသာ တွေ့ရလေသည်။ ရွာလယ်လမ်းနံဘေးရှိ အိမ်အားလုံးလိုလိုမှာ တံခါးများပိတ်ထားပြီး မှန်အိမ်မီးအလင်းရောင်အချို့ အိမ်ထဲမှ တိုးထွက်လျက်ရှိသည်ကို ညအမှောင်ရိပ်သန်းစဝယ် တွေ့ရလေ၏။

အမှန်တော့ ရွာမှာ ရွာဝိုင်းသဏ္ဍာန်ဖြစ်ပြီး ရန်နိုင်စိုးမှာ နတ်ကွန်းလိုလို၊ ဝတ်ကျောင်းလိုလို အဆောက်အအုံထီးထီးတည်ရှိရာ ရွာလယ်မြေကွက်လပ်ကြီးကိုဖြတ်လျက် ရွာ၏တစ်ဖက်အပေါက်မှ ထွက်လာခဲ့စဉ် မိုးတဖွဲဖွဲရွာကျလာတော့၏။

'ဝေါ ‥ ဝေါ'





ရန်နိုင်စိုးက ကျောပိုးအိတ်ထဲမှ ခေါင်းစွပ်ပါသည့် မိုးကာအင်္ကျီကြီးကိုထုတ်ကာ ခန္ဓာကိုယ်ပေါ် လွှမ်းခြုံလိုက်ရသည်။

လေမိုးထန်နေသည့်ကြားမှ ရွာအပြင်ရှိ ချောင်းလေးသို့ရောက်ရှိသွားတော့၏။

ချောင်းမှာ ပေသုံးဆယ်ခန့်သာ ကျယ်ပြီး စောက်နက်လျက် ချောင်းအောက်ခြေဝယ် ရေတို့ ဝါးလုံးထိုးစီးဆင်းလျက်ရှိလေသည်။

ရန်နိုင်စိုးမှာ တစ်ခုတည်းသော ဝါးတန်းလက်ရန်းကိုထိန်းကိုင်ကာ ချောင်းတစ်ဖက်သို့ကူးလိုက်ပြီး ချောင်းကမ်းပါးစပ်မှ ဝါးနှစ်ရိုက်ခန့်အကွာရှိ သစ်လုံးအိမ်လေးကို လှမ်းကြည့်လိုက်လေ၏။

ပေနှစ်ဆယ်ပတ်လည်ခန့်ရှိ သစ်လုံးအိမ်လေးမှာ တိဗက်အိမ်နှင့် ပိုတူနေ၏။ အိမ်အမိုးကို နှစ်လက်မခန့်ထူသည့် သစ်သားပြားပြားကြီးများဖြင့် မိုးထားပြီး အိမ်ရှေ့တံခါးမှာလည်း သစ်သားပြားတို့ဖြင့် စပ်ထားလေသည်။ အိမ်နံဘေးရှိ တစ်ခုတည်းသော မှန်ပြုတင်းလေးမှမူ မီးအလင်းရောင် မှိန်မှိန်တိုးထွက်လျက်ရှိရာ အိမ်ထဲတွင် အိမ်ရှင်ဒိုရန်ရှိနေသည်မှာ သေချာသဖြင့် ရန်နိုင်စိုး



www.burmeseclassic.com

www.burmeseclassic.com



မှာ အားတက်သွားရလေ၏။

'ဒေါက် ‥ ဒေါက် ‥ ဒေါက်'

တံခါးရွက်ကို ခပ်ပြင်းပြင်း အတန်ကြာခေါက်မှ တံခါးရွက် မင်းတုံးဖြုတ်သံကြားရပြီး သစ်သားတံခါးချပ်ကြီး ပွင့်သွားလေတော့သည်။

"အဲ"

"အို"

လျှပ်ရောင်များကြောင့် တံခါးဝ၌ တွေ့လိုက်ရသူမှာ နှင်းတောင်မှဆိုးဟူသော ဂုဏ်ပုဒ်နှင့်အညီ မုတ်ဆိတ်နှုတ်ခမ်းမွေးထူလပျစ်နှင့် ရုပ်ကြမ်းကြမ်းလူရွယ်တစ်ဦးဖြစ်မည်ဟု မျှော်လင့်ထားသော်လည်း လက်တွေ့အားဖြင့် တွေ့လိုက်ရသူမှာ ချောမောလှပနုပျိုသော မိန်းမပျိုလေးဖြစ်နေသဖြင့် ရန်နိုင်စိုးမှာ အံ့အားတသင့် ပါးစပ်ဟသွားရလေ၏။

ရန်နိုင်စိုးနည်းတူ တံခါးဖွင့်ပေးသည့် အမျိုးသမီးလေးမှာလည်း အံ့အားသင့်သွားကာ သူမ့ တစ်ခါမျှမတွေ့ဖူးသော သူစိမ်းလုလင်ပျိုကို မျက်လုံးအဝိုင်းသားဖြင့် ငေးကြောင်ကြည့်နေမိတော့၏။ ပြီးမှ ဖျတ်ခနဲသတိဝင်လာကာ လက်ညှိုးလေး ညွှန်





လျက်မေးသည်။

"ရှင် ... ရှင် ဘယ်သူလဲ၊ ဘာဖြစ်လို့ ဆိုဖီတို့အိမ်ရဲ့ တံခါးကို လာခေါက်တာလဲ"

"ဒီ ... ဒီလိုပါ ... တို့ ဒိုရန်နဲ့ တွေ့ချင်လို့ပါ"

"ဩော် ... အစ်ကိုကြီးဒိုရန်နဲ့တွေ့ချင်လို့လား ... ရှင်က ဘယ်သူလဲ ... ဘယ်ကလဲ ... အစ်ကိုကြီးဒိုရန်နဲ့ ဘာကိစ္စတွေ့ချင်ရတာလဲ"

မိန်းမချောလေးက တံခါးရွက်ကို ဖွင့်မပေးသေးဘဲ ဟာရုံဟကာ မျက်မှောင်ကြုတ်ကြည့်ရင်း မေးခွန်းဆက်တိုက်ထုတ်သည်။

"တို့ရဲ့နာမည်က ရန်နိုင်စိုးပါ ... ဆရာဝန်တစ်ယောက်ပါ၊ ရာကူးရွာက ကိုအင်တာက ကို့နဲ့ ဆေးကျောင်းတက်ဘက်သူငယ်ချင်းပါ၊ ကိုအင်တာရဲ့စာပါ ပါတယ် ... ကိုအင်တာလွှတ်လိုက်လို့ ဒိုရန်နဲ့ တွေ့ဖို့လာခဲ့တာပါ"

"ဩော် ... အစ်ကိုလေးကိုအင်တာက လွှတ်လိုက်တာကိုး"

"ဟုတ်ပါတယ် ... ကိုအင်တာရဲ့စာပါ ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ ဆိုဖီက တံခါးရွက်ကို ဖွင့်ဟပေးလိုက်သည်။

"ကဲ . . . အထဲဝင်ပါ၊ အပြင်မှာ မိုးပိုသည်းလာပြီ"

ရန်နိုင်စိုးက အိမ်ထဲလှမ်းဝင်လိုက်ရင်း မိုးကာအင်္ကျီကို ချွတ်လိုက်သည်။

ဆိုဖီက ရန်နိုင်စိုး၏မိုးကာအင်္ကျီကို ဆွဲယူလိုက်ကာ တံခါးပေါက်နံဘေးနားရှိ သမင်ချိုတစ်ခုမှာ ချိတ်လိုက်သည်။ အိမ်လေးထဲမှာ မီးလင်းဖို ဖိုထားသဖြင့် နွေးထွေးလျက်ရှိလေ၏။

"ကဲ . . . လာ . . . ဒီမှာထိုင်"

ရန်နိုင်စိုးက ဆိုဖီညွှန်ပြသည့် မီးလင်းဖိုအနီးမှ ကျားသစ်ရေခင်းထားသော ထိုင်ခုံတစ်လုံးတွင် ထိုင်လိုက်လေ၏။

ဆိုဖီက အိမ်၏ထုပ်တန်း၌ တွဲလောင်းချိတ်ထားသော ဖယ်မီးအိမ်၏မီးစာကို မြှင့်လိုက်ပြီးနောက် ရန်နိုင်စိုးနှင့် မျက်နှာချင်းဆိုင်ရှိ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်လေသည်။

ရန်နိုင်စိုးက ကျောပိုးအိတ်ထဲမှ ဂိုအင်တာ၏စာကို ထုတ်ပေးလိုက်ရာ ဖယ်မီးအိမ်အလင်း မီးလင်းဖို၏အလင်းတို့ဖြင့် ဆိုဖီက ဖတ်လိုက်လေ၏။





*အစ်ကိုဒိုရန် ...*

*အခုစာနဲ့လာသူဟာ ကျွန်တော့်ရဲ့ ကျောင်းနေဖက်သူငယ်ချင်း ဒေါက်တာရန်နိုင်စိုးပဲ။*

*သူက ကျောက်နွားတောင်ဆီ သွားချင်လို့တဲ့။ သူ့အတွက် လမ်းပြလိုတယ်။ အစ်ကိုဒိုရန်က လမ်းပြအဖြစ် ရန်နိုင်စိုးနဲ့ လိုက်သွားလိုက်ပါ။*

*ကျွန်တော့်သူငယ်ချင်းအတွက် စိတ်ချပါရစေ။*

*အစ်ကို့ရဲ့ညီ*

*ဂိုအင်တာ*

*ရှာကူးရွာ*

စာကိုဖတ်ပြီးနောက် ဆိုဖီက ရန်နိုင်စိုးကို မော့ကြည့်လိုက်သည်။

"ဪ . . . ရှင်က ကျောက်နွားတောင်ဆီ သွားချင်လို့ကိုး"

"ဟုတ်ပါတယ် . . . ဒါထက် ဆိုဖီက ဒိုရန်နဲ့ ဘယ်လိုပတ်သက်သလဲ၊ ပြီးတော့ ဒိုရန်ကရော ဘယ်မှာလဲ . . . သူ့ကို မတွေ့ရသေးပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုဖီက အစ်ကိုကြီးဒိုရန်ရဲ့ ညီမပါ"

"ဩော်"

"အစ်ကိုကြီးဒိုရန် အခု မရှိဘူး . . . ကက်ဂိုဒန်မြို့ကို ကတိုးဆီရောင်းဖို့ သွားတယ်၊ အစ်ကိုကြီးက အမဲပစ်ဖို့ လက်နက်ခဲယမ်းတွေပါ ရှာဖွေဝယ်ဦးမှာဆိုတော့ တစ်ပတ်၊ နှစ်ပတ်လောက်ကြာလိမ့်မယ်ထင်တယ်"

"ဟာ . . . ဒုက္ခပါပဲဗျာ"

ဒိုရန် ခရီးထွက်သွားသည်ဆို၍ ရန်နိုင်စိုး လွန်စွာ စိတ်ပျက်သွားသည်။

"ကဲပါ . . . အဲဒီကိစ္စတွေ နောက်မှပြောကြတာပေါ့၊ ရှင် ညစာ မစားရသေးဘူးမဟုတ်လား . . . ဆိုဖီ တောင်ဆိတ်သားဟင်း ချက်ထားတယ်"

ဆိုဖီ ထိုင်ရာမှထလိုက်ရာ ရန်နိုင်စိုးက လက်ကာပြပြီး တားလိုက်သည်။

"နေပါစေ ဆိုဖီ . . . တို့ ညစာကို ချန်ဘာရီဆိပ်ကမ်းက ထမင်းဆိုင်မှာ စားခဲ့ပြီးပါပြီ"

"ဟုတ်လား . . . ဒါဆို လက်ဖက်ရည်နဲ့မုန့်တော့ စားလိုက်ပါဦး"

ဆိုဖီက မီးလင်းဖိုနံဘေးမှ ဆူပွက်နေသည့် ရေနွေးအိုးကိုယူကာ ကြွေးခွက်နှစ်ခွက်ဖြင့် လက်ဖက်ရည်ကျကျနှစ်ခွက်ကို ဖျော်လေသည်။ ကြွေးလင်ပန်းထဲ၌ အာလူးဥဒွာပနာပြုလုပ်ထားသော မုန့်တို့ကိုထည့်ကာ ရန်နိုင်စိုးအနီးမှ ခုံပုလေးပေါ်အသာတင်ပြီး ခပ်ပြုံးပြုံးအမူအရာဖြင့် . . .

"ကဲ . . . မုန့်လည်းစား၊ လက်ဖက်ရည်လည်းသောက်"

ဟု ပြောကာ သူမကိုယ်တိုင် ကြွေးခွက်တစ်ခွက်ကိုယူပြီး လက်ဖက်ရည်ကို ဖြည်းဖြည်းသောက်လေရာ ရန်နိုင်စိုးလည်း ဆိုဖီကျေနပ်စေရန် မုန့်တစ်ခု ယူစားလိုက်ရကာ လက်ဖက်ရည်ပါ သောက်လိုက်ရလေ၏။ နို့ပျစ်ပျစ်နှင့်ဖျော်ထားသည့် လက်ဖက်ရည်က အီဆိမ့်အောင်အရသာရှိလှသည်။

လက်ဖက်ရည်သောက်ရင်း ရန်နိုင်စိုးမှာ ဆာရီ ကြက်ဥနှစ်ရောင်လေးနှင့် ဝင်းစိုပျိုမျစ်စွာလှပနေသော ဆိုဖီကို ငေးကြည့်လျက် အံ့ဩနေမိလေ၏။

"ဆိုဖီ . . . မင်းအစ်ကိုမရှိတဲ့အချိန်မှာ မင်းတစ်ယောက်တည်းနေသလား"





ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ ... ဘာဖြစ်လို့လဲ"

"ဒီနေရာက ရွာနဲ့လည်း မနီးဘူးလေ၊ မင်းတစ်ယောက်တည်းနေရဲသလား"

ဆိုဖီက ခွက်ကျန်လက်ဖက်ရည်ကို မော့သောက်လိုက်ပြီး ပြုံးလိုက်သည်။

"ဘာဖြစ်လို့ မနေရဲရမှာလဲ ... ဆိုဖီက ဟိမဝန္တာရဲ့ ဆီးနှင်းတောင်တန်း၊ ရေခဲတောင်တန်းတွေအပေါ်မှာ အစ်ကိုကြီးနဲ့အတူ ကတိုးလိုက်နေကျ၊ သမင်လိုက်နေကျပါ၊ အဲဒီမှာ ဝံအုပ်တွေ၊ နှင်းကျားသစ်တွေနဲ့ ခဏခဏရင်ဆိုင်တိုက်ခိုက်ဖူးတယ်၊ ရှင်ထိုင်နေတဲ့ ထိုင်ခုံပေါ်က ကျားသစ်ရေဟာ ဆိုဖီရခဲ့တဲ့ နှင်းကျားသစ်ရဲ့အရေပေါ့၊ အဲဒီတုန်းက ကတိုးကိုရှာရင်း နှင်းကျားသစ်နဲ့ ပက်ပင်းတိုးတာလေ ... သူက ချုံထဲကနေခုန်အုပ်လိုက်တာ၊ သိပ်နီးနေတော့ လေးနဲ့ပစ်ဖို့ အချိန်မရဘူး၊ ဒါကြောင့် လက်ထဲက,လှံတိုနဲ့ သူ့ရဲ့အာခေါင်ကို ထိုးထည့်လိုက်ပြီး ဘေးကို လှိမ့်ရှောင်လိုက်ရတယ်၊ ကျားသစ်က လှမ်းပုတ်လိုက်တာ မမိလို့ ... မိလိုက်လို့ကတော့ မသက်သာဘူး၊ အဲဒီလိုကောင်တွေနဲ့တောင် ချခဲ့ဖူးတာ ... ဆိုဖီ ဘယ်သူ့ကို မှုရ





မှာလဲ"

အေးအေးလူလူပြောနေသော ဆိုဖီ့ကို ငေးကြည့်ရင်း ရန်နိုင်စိုးအံ့သြနေသည်။ သူထိုင်ထားသောထိုင်ခုံပေါ် ခင်းထားသည့် ကျားသစ်ရေကိုလည်း အထူးအဆန်းအဖြစ် ငုံ့ကြည့်လိုက်မိ၏။

"ဒါ ဆိုဖီလိုက်ထားတဲ့ သားကောင်ရဲ့သားရေ ... ဟုတ်လား၊ ဒါဆို ဆိုဖီလည်း နှင်းတောင်မုဆိုးတစ်ဦးပဲပေါ့၊ ပြီးတော့ ဒါက နှင်းကျားသစ်ရဲ့သားရေလား ... နှင်းကျားသစ်က ရေခဲတောင်တွေအပေါ်မှာ ရှိသလား ... သူက ကျားသစ်နဲ့ အတော်တူသလား"

"ကျားသစ်နဲ့ တူတယ် ... သူ့ရဲ့အောက်ခံအရောင်က အဝါရောင်သန်းတဲ့ မွဲပြာရောင်ပဲ၊ အကွက်တွေကတော့ နှင်းဆီပန်းပွင့်ပုံသဏ္ဍာန်အမည်းကွက်တွေပဲ၊ ခန္ဓာကိုယ်ရဲ့ ဘေးဘက်တွေက အမည်းကွက်တွေဟာ ပိုကြီးပြီး အရောင်ဖျော့တယ်၊ ကျားသစ်နဲ့အဲဒီနေရာမှာ ကွာသွားတာပဲ ...၊

သူက ပေ(၁၂၀၀၀)ကျော်တဲ့ ရေခဲတောင်တန်းဒေသတွေမှာ ကျင်လည်ကျက်စားတယ်၊ သူ့ရဲ့ အမဲကသားကောင်



www.burmeseclassic.com

www.burmeseclassic.com



တွေကတော့ ကတိုးနဲ့ တာကင်လို့ခေါ်တဲ့ သားမင်း, တောင်ဆိတ်, တောဝက် ...စတာတွေပဲပေါ့ ...၊

ဟိမဝန္တာတောထဲမှာရော ရေခဲတောင်တန်းတွေပေါ်မှာပါ ဆိုဖီမကြုံဖူးသေးတာက ကျားဖြူနဲ့ ရေခဲခြသေ့လို့ခေါ်တဲ့ ခြသေ့ဖြူတို့ပဲ ရှိတယ်''

ရန်နိုင်စိုးက ခံတွင်းချဉ်လာသဖြင့် ဂျွန်ပလေးယား စီးကရက်တစ်လိပ် ထုတ်သောက်နေလိုက်သည်။ ဆိုဖီက ကြေးလင်ပန်း၊ ကြေးခွက်တို့ကို အိမ်ထောင့်ရှိ သစ်သားစည်ပိုင်းပြတ်၌ ဆေးကြောလိုက်ပြီးနောက်မှ သူမ၏စကားကို ဆက်သည်။

''ဒီချန်ဘာရီရွာမှာလည်း အရက်မူးသမား, လူရမ်းကားတွေ အများကြီးရှိတယ်၊ သူတို့က ပညာလည်း မတတ်ကြသလို လုပ်တဲ့အလုပ်တွေကလည်း သစ်ခုတ်, အမဲလိုက်, သစ်ဖောင်ချ, တောတောင်ထဲမှာ သစ်မြစ်သစ်ဥရှာ, ရွှေကျင် ...အဲဒီလို အလုပ်ကြမ်းတွေလုပ်တော့ လူတွေက စိတ်ကြမ်းလူကြမ်းတွေပေါ့၊ သင်းတို့က ဆိုဖီကျောင်းပိတ်လို့ အစ်ကိုကြီးဆီ ပြန်လာနေတုန်းမှာ အစ်ကိုကြီးမရှိတဲ့အချိန်မျိုးဆို ဆိုဖီ့ကို သွေးတိုးလာစမ်းဖူးကြတယ်လေ''

**ခု နစ် စဉ် ကြယ် စာ ပေ**



သူမက ဖြူဝင်းသောလက်နှစ်ဖက်ကို လက်သုတ်ပဝါတစ်ထည်ဖြင့် သုတ်ရင်း ကုလားထိုင်မှာ ပြန်ထိုင်သည်။

''ဆိုဖီကတော့ ရှင်းတယ် ...ယီးတီးယားတား လာလုပ်တဲ့သူကို ဟောဟိုအိမ်နံရံမှာ ချိတ်ထားတဲ့ လက်နက်တွေထဲက ကြိုက်ရာရွေးနိုင်းလိုက်တာပဲ''

ဆိုဖီက မေးငေါ့ပြသဖြင့် ရန်နိုင်စိုးက အိမ်လေး၏ ဝဲဘက်ထရံတွင် ချိတ်ဆွဲထားသည့် ပဲကွပ်၊ ဓားကောက်၊ လှံတို၊ လှံရှည်၊ ပေါက်ဆိန်ကြီးတို့ကို ငဲ့ကြည့်လိုက်သည်။

''ပြီးရင် ဒီအိမ်ရှေ့က မြေကွက်လပ်မှာ ဆိုဖီက ဟောဒီလက်စွဲတော်ဓားမြှောင်ကို ကိုင်ပြီး အဲဒီလူရမ်းကားနဲ့ တိုက်ခိုက်တာပဲ''

ဆိုဖီက ပြောရင်း ပိုးပျော့ဆာရီ၏ အောက်အနားကို ဆွဲလှန်လိုက်ရာ သူမ၏ လက်ယာဘက်ပေါင်လယ်ခန့်၌ သားရေကြိုးဖြင့် စည်းထားသော ဓားအိမ်အနက်ပါ ဓားမြှောင်တစ်ချောင်းကို တွေ့ရလေသည်။ စိမ်းညို့သော ဓားအိမ်နှင့် ဓားမြှောင်တို့၏ အနောက်မှ တုတ်ခိုင်လုံးဝန်းသော ပေါင်တံ၏ ဖြူဝင်းစိုပြည်သောအလှက ဖလ်မီးအိမ်အလင်းအောက်ဝယ် ထင်းခနဲ။

**ခု နစ် စဉ် ကြယ် စာ ပေ**

www.burmeseclassic.com

www.burmeseclassic.com



ရန်နိုင်စိုးက ဖျတ်ခနဲ မျက်နှာလွှဲလိုက်ပြီး အရှိန်လျော့သွားသည့် မီးလင်းဖိုကိုသာ စိုက်ကြည့်နေသည်။

ဆိုဖီက မီးလင်းဖိုထဲ ထင်းတစ်ချောင်းထိုးလိုက်ပြီး နောက် ...

"ဆိုဖီ့ကို နသားပါးယားလုပ်ချင်တဲ့ကောင်တွေ ဆိုဖီ့ကို သွေးတစ်စက်ထွက်အောင်လုပ်နိုင်ရင် လိုချင်တာရမယ်လို့ ပြောလိုက်တယ် ... ဟင်း ဟင်း ... ဒါပေမဲ့ ရှစ်ယောက်တိတိရှိပြီ ... သူတို့ရဲ့ခြေထောက်တွေ မပြတ်ရုံတမယ်, အသက်မသေရုံတမယ် ဆိုဖီလုပ်ပြလိုက်တယ် ... လန့်ပြေးကုန်ရော၊ နောက်ဆို ဘယ်သူမှ ဆိုဖီ့ကို လာမစရဲတော့ဘူး"

ဆိုဖီ၏စကားများက သူ့ကိုပါ သတိပေးခြိမ်းခြောက်နေသလားဟု ရန်နိုင်စိုး တွေးနေမိသည်။

"ဆိုဖီရဲ့အကြောင်းကိုသိလို့ အစ်ကိုကြီးကလည်း ဒီအိမ်လေးမှာ တစ်ယောက်တည်း စိတ်ချထားခဲ့တာပေါ့"

"ဆိုဖီက ကျောင်းတက်သလား ... ဘယ်မှာတက်တာလဲ"

"မဒရပ်တက္ကသိုလ်မှာပါ ... မနုဿဗေဒအဓိကနဲ့





ကျောင်းပြီးခဲ့ပါပြီ"

"ဩော်"

ဖွံ့ထွားသော ကိုယ်လုံး၊ မြင့်မားသော အရပ်၊ ချောမောသည့် မျက်နှာဝင်းဝင်းလေးနှင့် အနီနှင်းတောင်မှဆိုး မိန်းမချောမိန်းမကြမ်းလေးမှာ အထင်ကရတက္ကသိုလ်ကြီးတစ်ခုမှ ဘွဲ့ရထားသူလေးဟု သိရသည့်အတွက် ဒေါက်တာရန်နိုင်စိုး အံ့အားသင့်သွားမိသည်။

ဆိုဖီက ရန်နိုင်စိုး၏မျက်နှာကို တည့်တည့်ကြည့်လိုက်ပြီး ...

"ရှင့်ကိစ္စအတွက်လည်း ဆိုဖီစဉ်းစားနေတယ်"

ဟု ပြောလိုက်ရာ ရန်နိုင်စိုးက သူမ၏မျက်နှာကို တည့်တည့်ပြန်ကြည့်လိုက်သည်။

"ဘာကို စဉ်းစားတာလဲ ဆိုဖီ"

"ရှင့်ကို ဆိုဖီရဲ့အစ်ကိုဝမ်းကွဲ ဂိုအင်တာက လွှတ်လိုက်တာဆိုတော့ ဆိုဖီတို့မောင်နှမက မလွှဲမရှောင်သာ ကူကိုကူညီမှဖြစ်မယ်လေ၊ ရှင့်ကို ကျောက်နွားတောင်ဆီ လမ်းပြအဖြစ် လိုက်ပို့ပေးဖို့ အစ်ကိုကြီးကလည်း မရှိတော့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလုပ်ပါလား ဆိုဖီ . . . ဆိုဖီရဲ့အစ်ကိုကြီး ပြန်လာဖို့ရာ ရက်ကလည်း ကြာဦးမယ်၊ တို့ကလည်း ဒီလောက် ရက်အကြာကြီး မစောင့်နိုင်တော့ ကျောက်နွားတောင်ဆီသွားဖို့ မြေပုံ လမ်းညွှန်ဆွဲပြလိုက်ပါလား . . . အဲဒီလမ်းညွှန်အတိုင်း တို့သွားမယ်"

"အို . . . မဖြစ်နိုင်တာဘဲ၊ ကျောက်နွားတောင်ဆီ သွားတဲ့ခရီးလမ်းတစ်လျှောက်မှာ ရေခဲနေတဲ့ချောင်းတွေ အများကြီးရှိတယ်ရှင့်၊ မိုးရာသီဆို ရေခဲချောင်းတွေက ရေစီးကြောင်းပြောင်းပြီ၊ ဒီတော့ သွားရာလမ်းကို တစ်သမတ်တည်း မှတ်ထားလို့မရဘူး၊ ဒီနှစ်က ဒီလမ်းကြောင်းဆိုပေမယ့် နောက်နှစ်ကျ လမ်းကြောင်းပြောင်းသွားရော၊ မြေပုံနဲ့သွားလို့ကတော့ ရှင် မျက်စိလည်သွားမှာပဲ၊ ကျွမ်းကျင်တဲ့လမ်းပြ မပါဘဲ ဘယ်လိုမှ သွားဖို့မဖြစ်နိုင်ဘူး"

ရန်နိုင်စိုး သက်ပြင်းချလိုက်မိသည်။

"ဒါပေမဲ့ ရှင် ဘာမှစိတ်မပျက်ပါနဲ့ . . . အစ်ကိုကြီးရဲ့ကိုယ်စား ဆိုဖီလမ်းပြပေးပါ့မယ်၊ ဆိုဖီလည်း နှင်းတောင်မှဆိုးတစ်ဦးပါပဲ၊ ကျောက်နွားတောင်ဒေသဆီ မရောက်ဖူးပေမယ့်





အဲဒီဒေသရဲ့အနီးက မနာဆာရိုးဝါးအိုင်ကြီးဘက် နှစ်ခါရောက်ဖူးတယ်၊ ရှင့်အတွက် ဆိုဖီ လမ်းကောင်းကောင်းပြပေးနိုင်ပါတယ်"

ရန်နိုင်စိုးမှာ ဘာပြန်ပြောရမှန်းမသိဘဲ ဆိုဖီ့ကို ငေးကြောင်ကြောင်သာ ကြည့်နေမိသည်။ ဆိုဖီက သူ့အကြည့်ကို မနှစ်မြို့ဟန်ဖြင့် မျက်မှောင်ကြုတ်ကာ ပြန်ကြည့်ပြီး . . .

"ဘာလဲ . . . ရှင်က ဆိုဖီ လမ်းကောင်းကောင်းပြမပေးနိုင်ဘူးထင်လို့လား၊ ဆိုဖီ့ဘက်က တာဝန်ကျေရစေမယ်၊ တိဗက်ကို သစ်မွှေးသွားရောင်းချင်တဲ့ ကုန်သည်အချို့ကို အစ်ကိုကြီးမရှိရင် ဆိုဖီပဲ လမ်းပြပြီးလိုက်ပို့နေကျပါ၊ လမ်းပြခလည်း ရူပီး (၅၀၀)ပဲပေး"

ဟု ခပ်ပြတ်ပြတ်ပြောလိုက်ရာ . . .

ရန်နိုင်စိုးက သက်ပြင်းရှိုက်ရင်း ပြုံးလိုက်သည်။

"မင်းအတွက် လမ်းပြခ တစ်ထောင်ပေးပါ့မယ်၊ တို့က မိန်းကလေးတစ်ယောက်ကို လမ်းပြအဖြစ်ခေါ်ရမှာ အားနာလို့ပါ"

"ဒါ ဆိုဖီတို့ရဲ့ အသက်မွေးဝမ်းကျောင်းအလုပ်ပဲ . . အားနာစရာမလိုပါဘူး၊ ရှင် ဘယ်တော့ခရီးထွက်ချင်သလဲ . . ဒါပဲ ပြော"



www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန်ပဲ ထွက်ချင်တယ်"

"ကောင်းပြီ ... လက်နက်ခဲယမ်းမီးကျောက်နဲ့ ရိက္ခာခြောက်တွေ ဆိုဖီအဆင်သင့်လုပ်ထားလိုက်မယ်"

"တို့က ဒီည ဒီမှာ အိပ်ရမှာလား"

ဆိုဖီက မျက်မှောင်ကြုတ်ကြည့်ပြန်ပြီး ...

"ဒီမှာမအိပ်လို့ ဘယ်မှာအိပ်မှာလဲ ... ရှင့်ကို ဒီညအဖို့ ဒီအိမ်မှာ လက်မခံနိုင်ဘူးလို့ ဆိုဖီက ပြောရမှာလား၊ တောထဲတောင်ထဲတောင် နှစ်ယောက်တည်း ခရီးသွားရမယ့်ဟာ ဒီအိမ်လေးထဲ အတူမအိပ်နိုင်စရာ အကြောင်းမရှိဘူး၊ ဒီတော့ ဟောဒီအစ်ကိုကြီးရဲ့ကွပ်ပျစ်ပေါ်မှာ ရှင်အိပ်၊ ဆိုဖီက ဒီနောက်ဘက်မှာ အိပ်မယ်"

ဟု ဆိုဖီက ပြောပြောဆိုဆိုဖြင့် ဖလ်မီးအိမ်၏ မီးစာကို လျှော့လိုက်ပြီးနောက် အိမ်လေး၏နောက်ဘက်ပိုင်း ဘာဘူစောင်တို့ဖြင့် လိုက်ကာ,ကာထားသည့်နောက်သို့ ဝင်ရောက်သွားတော့ရာ အိမ်ရှေ့ဘက်ပိုင်းတွင် ရန်နိုင်စိုးတစ်ဦးတည်း ငေါင်စင်းစင်းကျန်ရစ်ခဲ့တော့၏။

ရန်နိုင်စိုးက ပခုံးတွန့်လိုက်ပြီး လက်ထဲမှာ စီးကရက်မီး





ကို ငြှိမ်းလိုက်ပြီးမှ ထရပ်ကာ အညောင်းဆန့်လိုက်သည်။

ယင်းနောက် သူအိပ်ရမည့် နှင်းတောင်မှဆိုးကြီး ဒိုရန်၏ အိပ်ရာကို ငုံ့ကြည့်လိုက်၏။ သစ်သားကွပ်ပျစ်ပေါ်၌ အမွေးပါးသလောက် ပျော့ပျောင်းအိတွဲနေသော တောင်ဆိတ်ရေပြားတို့ ခင်းထားသည့် အိပ်ရာကို တွေ့ရသည်။

သူက ရှူးဖိနပ်ကို ချွတ်လိုက်ပြီး အိပ်ရာပေါ်၌ လှဲအိပ်ချလိုက်၏။

ရွာဘက်ဆီမှ လေဝေ့လာသဖြင့် အမူးသမားတို့၏ သီချင်းအော်ဆိုသံတို့ကို သဲ့သဲ့ကြားရသည်။

မိုးကမူ တဖြောက်ဖြောက် တပေါက်ပေါက်သာ ကျတော့၏။ သို့သော် ညဥ့်နက်သည်နှင့်အမျှ ရာသီဥတုက အေးစိမ့်လာသဖြင့် အိပ်ရာနံဘေးရှိ ဝံရေကို ဆွဲခြုံလိုက်ရသည်။

ချောမောလှပသလောက် အံ့မခန်းရဲစွမ်းသတ္တိနှင့် ပြည့်စုံကာ စိတ်ကြမ်းကိုယ်ကြမ်းနိုင်သော နှင်းတောင်ကေရီ ဆိုဖီဆိုသည့် မိန်းမချောလေးနှင့် တောထဲတောင်ထဲ ဆီးနှင်းတောထဲ ခရီးသွားရမည့်အရေးကို တွေးကာ ရန်နိုင်စိုး ရင်ခုန်ချင်နေမိ၏။

သို့သော် သူမ၏ ဖြူဝင်းသောပေါင်တံ၌ အစဉ်အမြဲ



www.burmeseclassic.com

www.burmeseclassic.com



သတိရှိစွာ သားရေကြိုးဖြင့်ပတ်ချည်ကာ ဆောင်ထားသော ဓား မြှောင်ကို မြင်ယောင်မိတော့ ပခုံးတွန့်မိလိုက်ပါတော့သတည်း။

□□□□□



## ရေခဲကန္တာရခရီးကြမ်း

ခရီးထွက်ရန် ပြင်ဆင်ကြသည့်အခါတွင် ဆိုဖီက ရန်နိုင်စိုး၏ ရှူးဖိနပ်များနေရာ၌ ရှူးပုံသားရေဖြင့်ချုပ်ထားသည့် လည်ရှည်ဖိနပ်ကြီးကို စီးခိုင်းသည်။

''ဆိုဖီတို့က ဆီးနှင်းတောင်တွေ, ရေခဲတောင်တွေဘက်က ပတ်သွားရမှာ၊ ဆီးမြုပ်, နှင်းခဲ, နှင်းဖတ်တွေထဲ ခြေမျက်စိ မြုပ်အောင် ဖြတ်သန်းသွားရတဲ့အခါမှာ ရှင့်ရှူးဖိနပ်တွေက ဘာမှ အသုံးဝင်မှာမဟုတ်ဘူး၊ ဒီလိုလည်ရှည်ဖိနပ်မျိုးစီးပြီး ဖိနပ် အဝကို ရှူးပုံသားရေကြိုးနဲ့တင်းနေအောင် စည်းထားရမှာ၊ ဒါမှ



www.burmeseclassic.com

www.burmeseclassic.com



ခြေချောင်းတွေ ရေခဲကိုက်တဲ့ဒဏ်က ကင်းဝေးမှာ''

''တို့တွေက ဗြဟ္မပုတ္တရမြစ်ကြောင်းဘက်က သွားမှာ မဟုတ်ဘူးလား''

''ခုလို မိုးတွေအဆက်မပြတ်ရွာနေတဲ့ ရာသီမျိုးမှာ ဗြဟ္မပုတ္တရမြစ်က တောင်ပေါ်မှာ မိုးညို့တာနဲ့ မုန်ယိုဆင်လို ရေစီးကြမ်းရော၊ ဒါကြောင့် ခုလိုအချိန်မြစ်ကြောင်းအတိုင်း သွားမိတဲ့ မော်တော်တွေ, မြစ်ကိုဖြတ်ကူးဖို့ ကြိုးစားတဲ့ လှေတွေ မကြာခဏ မှောက်တာပေါ့၊ အနောက်မြောက်ဘက်ရောက်လေ ရေစီးကြမ်းလေပဲ ...၊

အဲဒါကြောင့် ဆိုဖီတို့က မြစ်ကြောင်းအတိုင်း မသွားဘဲ ဟိမဝန္တာတောင်ကြောကို ဖြတ်တက်ပြီး ကျောက်နွားတောင်ဆီ နောက်ဘက်ကပတ်ဝင်ကြရမှာ၊ ကျောက်နွားတောင်ဟာ အိန္ဒိယနဲ့ တိဗက်ဒေသတို့ရဲ့ စပ်ကြားမှာရှိတယ်၊ ဟိမဝန္တာရေခဲတောင်တန်းတွေနဲ့ တိဗက်ဆီးနှင်းတောင်တွေရဲ့အကြားမှာ ရှိတာ''

''အဲဒီမှာ ရွာရှိတယ်ဆို''

''ဟုတ်တယ်လေ ... ရှင်က အဲဒီရွာဆီ သွားမှာမဟုတ်လား''





ဆိုဖီက စာရွက်တစ်ရွက်ပေါ်တွင် ခဲတံတစ်ချောင်းဖြင့် တစ်စုံတစ်ရာရေးရန်ပြင်နေရာမှ ရန်နိုင်စိုးကို လှည့်ကြည့်သည်။

''ဟုတ်ပါတယ်''

''နေပါဦး ... ရှင်က အဲဒီရွာဆီ ဘယ်လိုကိစ္စနဲ့သွားမှာလဲ၊ စပ်စုတာတော့မဟုတ်ဘူးနော် ... ရှင်မပြောချင်လည်း ရတယ်၊ အလုပ်သဘောအရ လမ်းပြဖြစ်သူက အလုပ်အပ်သူရဲ့ကိစ္စကို မေးခွင့်မရှိဘူး ... ရှင်ဖြေချင်မှ ဖြေ''

''တို့ တိဗက်လားမားဘုန်းကြီးတစ်ပါးကို တွေ့ဖို့ သွားမှာပါ၊ တစ်ခုတော့ မင်းကို မှာထားရဦးမယ် ... ကျောက်နွားတောင်ဒေသနားရောက်တဲ့အချိန်ကစပြီး တို့နာမည်ကို အာရန်လို့ခေါ်ပါ၊ ဘယ်သူမေးမေး တို့ရဲ့နာမည်က အာရန်လို့ပဲပြောပါ''

ဆိုဖီ မျက်မှောင်ကြုတ်သွားသည်။

''ရှင်သွားမယ့်ခရီးမှာ လျှို့ဝှက်ချက်တစ်ခုခု ရှိသလိုပါလား၊ အဲဒီလျှို့ဝှက်ချက် ဆိုဖီ့ကို မပြောချင်ရင်နေပါ ... အစ်ကိုကိုအင်တာတော့ သိတယ်မဟုတ်လား''

''ဟုတ်တယ် ... ကိုအင်တာသိပါတယ်၊ အခြားသူတွေကိုတော့ ခုနေမှာ မပြောနိုင်သေးတာ ခွင့်လွှတ်ပါ''

ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ဆိုဖီက ချစ်စဖွယ်မျက်စောင်းလေးထိုးပြီး ဘာမျှ ဆက်မပြောတော့ဘဲ စာကိုငုံ့ရေးသည်။

''ဘာစာရေးတာလဲ''

''အစ်ကိုကြီးလာရင် ဆိုဖီလမ်းပြလိုက်သွားတာကို သိနိုင်ဖို့လေ''

ထို့နောက် မကြာမီမှာပင် ဒေါက်တာ ရန်နိုင်စိုးသည် ကျောပိုးအိတ်လွယ်လျက်လည်းကောင်း၊ ဆိုဖီမှာ ဝံရေအိတ်ကြီးကို လွယ်လျက်လည်းကောင်း သစ်လုံးအိမ်ကလေးထဲမှ ထွက်ပြီး ဆိုဖီက အိမ်တံခါးကိုစေ့ပိတ်ကာ သော့ခတ်လိုက်လေ၏။

ပြီးမှ သော့တံကို အိမ်တံခါးရှေ့ ဝဲဘက်ဘေးရှိ ကျောက်တုံးကြီးတစ်တုံးအောက်မှ မြက်ပင်များကြားတွင် ထိုးထည့်ထားလိုက်ကာ သူတို့နှစ်ဦးမှာ သစ်လုံးအိမ်လေးအား ကျောခိုင်းထွက်ခဲ့ကြတော့၏။

❐❐❐



လေဟူးဟူးဟူးရားရားတိုက်ခတ်လျက်ရှိသော ဟိမဝန္တာ တောင်ကြောတစ်ခုပေါ်သို့ သူတို့တက်လာခဲ့တော့ ညနေစောင်းခဲ့ပြီဖြစ်၏။

တောတောင်လျှိုမြောင်တို့ကို တစ်နေကုန် (နံနက်စာ စားချိန်မှအပ) မနားတမ်း ဖြတ်သန်းလာခဲ့ကြရာ ဆိုဖီ၏ တောကျွမ်းမှုကြောင့် ခရီးအတော်ပေါက်ခဲ့ပြီဖြစ်သည်။

ခန္ဓာကိုယ်အောက်ပိုင်းမှာ သက္ကလတ်ဘောင်းဘီရှည် အနက်ရောင် ဝံရေဖိနပ်လည်ရှည်တို့ကို စီးထားပြီး ခန္ဓာကိုယ်



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ပိုင်း၌ ဝံရေအကျီရှည်ကြီးနှင့် အတွင်း၌ ဂျာစီအကျီ ဝတ်ကာ မေးသိုင်းကြိုးပါ သည့် သက္ကလတ်ဦးထုပ်ပျော့ ဆောင်းထားသော ဆိုဖီမှာ ယောက်ျားသားတို့နှင့် တကယ်ရင်ပေါင်တန်းနိုင်အောင် ကြံ့ခိုင်သူဖြစ်၏။

သူမက ရိက္ခာခြောက်များနှင့် တိုလီမုတ်စများထည့်ထားသည့် ဝံရေအိတ်ကြီးကို ကျောဖြင့်ပိုးလွယ်ပြီး အဆိပ်လူးမြားတို့ထည့်ထားသော ကျည်တောက်ကို ဝဲဘက်ခါး၌ ချိတ်ကာ လက်ယာဘက်ခါး၌ ပေါက်ဆိန်တစ်လက်နှင့် အမဲလိုက်ဓားမြှောင်ကို ချိတ်ဆွဲထားလေ၏။

လက်ထဲ၌မူ ကိုင်းလေးကိုကိုင်ကာ စူးရဲသောမျက်လုံးတို့ဖြင့် အန္တရာယ်ပြုလာနိုင်သည့် တောကောင်တို့၏ အရိပ်အယောင်ကို သတိထားစူးစမ်းရင်း ရန်နိုင်စိုးကို ဘေးကင်းရာလမ်းကြောင်းတို့မှ ရွေးချယ်ခေါ်ယူသွားလေ၏။

လမ်းပြကောင်းတို့မည်သည် လမ်းပြရုံသက်သက်သာမဟုတ်။ မိမိအလုပ်ရှင်၏ ဘေးကင်းရာကင်းကြောင်း လမ်းကိုပါ ညွှန်ပြနိုင်ရမည်မဟုတ်ပါလား။

သို့ကြောင့်လည်း လျှိုတစ်ခုကိုဖြတ်စဉ်က ဝါးရုံတော





တွင် မျှစ်စို့တို့ကို တူးဖော်စားနေသည့် တောဝက်အုပ်အား လေအောက်အရပ်မှ ကွေ့ရှောင်ဖြတ်ကျော်နိုင်ခဲ့သည်။ တောတွင်းမှ လွန်စွာကြောက်မက်ဖွယ်ကောင်းသည့် ပဒူတွင်းရှိရာကိုလည်း ညွှန်ပြကာ ကွေ့ပတ်ဖြတ်ကျော်နိုင်ခဲ့သည်။ မှိုကျင်းတစ်ခုအတွင်း အောင်းနေသည့် တောကြီးမြွေပောက်၏ မီးကျီခဲလိုရဲနေသော မျက်လုံးတို့ကို အဝေးမှညွှန်ပြကာ မှိုကျင်းနှင့် အတော်ခပ်လှမ်းလှမ်းမှ ကွေ့ရှောင်သွားနိုင်ခဲ့သည်။

"ကဲ ... ရှေ့က စမ်းပေါက်နားမှာပဲ ညအိပ်စခန်းချပြီး ညစာစားကြရအောင်၊ ခဏနေတာနဲ့ မှောင်လာတော့မှာ"

ကြည်လင်အေးမြသော စမ်းရေဖြင့် ကိုယ်လက်သန့်စင်လိုက်ကြပြီးနောက် ထင်းခြောက်များရှာကာ မီးမွှေးလိုက်ကြ၏။

"တော်သေးတယ် ... ဒီနေ့တစ်နေ့လုံး မိုးမရွာလို့"

မီးဖိုအရှိန်ရလာတော့ ဆိုဖီက ဝံရေအိတ်ကြီးထဲမှ အာလူးခန့်ရှိသော ပဲမှုန့်အလုံးတို့ကို ထုတ်ယူကာ မီးဖိုထဲ ပစ်ထည့်တ်လိုက်သည်။ ထို့နောက် သစ်ကိုင်းခြောက်တစ်ခုနှင့် မီးဖိုမှယ်ထုတ်ကာ အအေးခံလိုက်၏။ ပြီးမှ ပြာများကိုခါကာ ရန်နိုင်စိုးကို စားဖို့ပေးသလို သူမကိုယ်တိုင်လည်း စားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် သူတို့နှစ်ဦးမှာ အသင့်ကြော်ယူလာသည့် ဆိတ်သားခြောက်ကြော်နှင့် ပဲမှုန့်လုံးမီးဖုတ်တို့ကို ညစာအဖြစ် စားသုံးလိုက်ကြသည်။

"ဟောဒီစမ်းပေါက်ဘေးက မြေပျော့ပေါ်မှာ ကျားခြေရာတွေ တွေ့လား . . . ဒီခြေရာတွေက မနေ့ညနက်ပိုင်းက ကျားတစ်ကောင်ရေသောက်ဆင်းထားတဲ့ ခြေရာတွေပဲ၊ အဲဒီကျားဟာ ဒီနားဝန်းကျင်က ကျောက်လှိုဏ်ခေါင်းတစ်ခုခုမှာ ရှိလိမ့်မယ်၊ ညမှောင်တာနဲ့ သူ အစာရှာထွက်လာမှာပဲ၊ ဒီတော့ ဆိုဖီတို့က ဒီနားက သစ်ပင်ကြီးကြီးတွေပေါ် တက်အိပ်မှဖြစ်မယ်၊ ရှင်က ဒီပျဉ်းမပင်ကြီးပေါ် တက်အိပ် . . . ဆိုဖီက ဟောဟိုယမနေပင်ပေါ် တက်အိပ်မယ်"

သို့ဖြင့် ထိုညက ကျားရန်ကြောက်ရသဖြင့် ခွဆုံကောင်းကောင်းရှိသည့် သစ်ပင်ကြီးများပေါ် တက်အိပ်ကြရသည်။

ရန်နိုင်စိုးမှာ တောကျွမ်းသော ဆိုဖီ၏ဦးဆောင်မှုဖြင့် ဟိမဝန္တာတောကြီးထဲ သုံးနေ့နှင့် သုံးညလုံးလုံး ဖြတ်ကျော်ခဲ့ပြီးနောက် ရေခဲတောင်တန်းများသို့ ရောက်ရှိခဲ့တော့၏။

သူတို့သည် ရေခဲချောင်းများ၊ ဆီးနှင်းလွင်ပြင်များကို





ဖြတ်သန်းခဲ့ကြရာ မိုးလေပြင်းထန်သည့် ညများဝယ် ရေခဲတောင်စောင်းတို့အောက်မှ ကျောက်ဂူများတွင် ဘေးအန္တရာယ်ကြည့်ကာ ညအိပ်တည်းခိုကြရလေသည်။

သို့ဖြင့် ခရီးကြမ်းကို ငါးရက်တိတိဖြတ်သန်းပြီးနောက်မှာမူ သူတို့၏ ဦးတည်ရာခရီးပန်းတိုင်ဖြစ်သော အိန္ဒိယနှင့် တိဗက်နယ်စပ်မှ ကျောက်နွားတောင်သို့ ရောက်ရှိသွားပါတော့သတည်း။

❒❒❒❒❒

www.burmeseclassic.com

www.burmeseclassic.com

## အန္တရာယ်နှင့် ကစားလိုသူ

ကျောက်နွားတောင်မှာ ဆီးနှင်းများ ဖုံးလွှမ်းထားသည့် နွားတစ်ကောင်၏ မော့နေသောဦးခေါင်းပုံသဏ္ဌာန် ကျောက်တောင်ကြီးဖြစ်သည်။ တောင်ခြေတွင် ဆီးနှင်းလွင်ပြင်များ၊ ရေခဲချောင်းနှင့် ကတ္တီပါကောဇောစိမ်းကြီးခင်းထားသည့်အလား မြက်ခင်းတပြန့်တပြောက ပိုင်းပတ်ထားကာ တောင်ခြေအရှေ့ဘက်ခြမ်းတွင် ရွာငယ်လေးတစ်ရွာရှိလေ၏။ ယင်းရွာကို ကျောက်နွားတောင်ရွာဟု ခေါ်တွင်ခြင်းဖြစ်သည်။

ကျောက်နွားတောင်၏ ပတ်ပတ်လည်အရပ်ရှစ်မျက်နှာ





ကို မျှော်ကြည့်လိုက်သည့်အခါ ဆွတ်ဆွတ်ဖွေးဖြူနေသည့် ရေခဲတောင်တန်းကြီးများကို ရှုမငြီးဖွယ်တွေ့ရပေ၏။

ယှက်သန်းနေသည့် မိုးတိမ်တောင်တို့အကြားမှ ကျောက်နွားတောင်ရွာလေးအပေါ်သို့ ထိုးဖောက်ဖြာဆင်းလျက်ရှိသော နေခြည်တန်းတို့ထဲတွင် သက်တံရောင်စဉ်ခုနစ်သွယ်က လှပတောက်လက်စွာ ကခုန်မြူးထူးလျက်ရှိသည်။

ကျောက်နွားတောင်ရွာမှ နေအိမ်တို့မှာ တိဗက်ဆန်ဆန် သစ်လုံးအိမ်လေးများနှင့် အိန္ဒိယဆန်ဆန် နွားချေးမံထားသည့် ထရံကာ သက်ငယ်မိုး အိမ်ပုလေးများဖြစ်ကြောင်း တွေ့ရ၏။ ရွာလယ်မှအိမ်များမှာ လေးထောင့်ကျောက်တုံးကြီးများဖြင့် ခမ်းနားစွာ တည်ဆောက်ထားသော အိမ်ကြီးအိမ်ကောင်းများ ဖြစ်ကြသည်။

ထူးခြားသည်မှာ ကျောက်နွားတောင်ရွာသည် လူသူဝေးလံရာ နယ်ခြားဒေသမှာ ရှိသော်လည်း လူသူလွန်စွာစည်ကားနေခြင်းဖြစ်သည်။ လူမျိုးကလည်း စုံလှသည်။ တိဗက်၊ အိန္ဒိယ၊ ဘူတန်၊ ဆစ်တန်လူမျိုးပေါင်းစုံတို့၏ ကုန်သွယ်ကုန်ရောင်း၊ ကုန်သည်များ ဆုံစည်းရာဒေသဖြစ်ဟန်ရှိ၏။ လူမျိုးပေါင်းစုံ



www.burmeseclassic.com

www.burmeseclassic.com



ကုန်သည်တို့သည် ကျောက်နွားတောင်ရွာသို့ အဘက်ဘက်မှ ဝန်တင်လားများဖြင့် ရောက်ရှိလာကြသလို အဘက်ဘက်သို့လည်း ဦးတည်ကာ အစုလိုက် အအုပ်လိုက် ထွက်ခွာသွားနေကြသည်ကို တွေ့ရလေ၏။

ရွာလယ်လမ်းမှာ တစ်လမ်းတည်းရှိပြီး ယင်းလမ်းတစ်လျှောက်လုံးမှာ ဈေးပွဲခင်းဖြစ်လျက်ရှိတော့သည်။

"ဒီကျောက်နွားတောင်ရွာမှာ ဒေသပေါင်းစုံက လူပေါင်းစုံလာပြီး ရောင်းဝယ်ဖောက်ကားကြတယ်၊ သူတို့ရဲ့ ဒေသထွက်ကုန်ပစ္စည်းတွေနဲ့ လဲလှယ်ကြတယ်၊ ဒါကြောင့် နယ်စပ်တံခါးဝလို ဖြစ်နေတဲ့ ဒီနေရာမှာ လူမျိုးပေါင်းစုံသလို စရိုက်လည်းပေါင်းစုံတယ်၊ ထူးခြားတာက ဒီဒေသဟာ ဗြိတိသျှအင်ပါယာရဲ့ အစွန်မှာရှိပြီး အုပ်ချုပ်ရေး လက်လှမ်းမမီဖြစ်နေတဲ့အတွက် အုပ်ချုပ်ရေးမဲ့နေတဲ့ဒေသလို ဖြစ်နေတယ်၊ မဟာရာဇ်ဂျာတစ်ဦး အုပ်ချုပ်တယ်လို့တော့ ကြားဖူးတယ်၊ ဘာပဲဖြစ်ဖြစ် လူစုံ၊ စရိုက်စုံတဲ့ ဒီနေရာမှာ ဆိုဖီတို့ သတိရှိဖို့လိုတယ်"

ရွာအဝင်ဂိတ်တံခါးမှ ခပ်ဖြည်းဖြည်းလျှောက်ကာ ဝင်ရမှာပင် ဆိုဖီက ရန်နိုင်စိုးကို သတိပေးစကားပြောသည်။





"ဒါထက် ရှင် တိဗက်စကားပြောတတ်သလား"

"ထမင်းစားရေသောက်တော့ ပြောနိုင်ပါတယ်"

"ရှင်က လူစုံပါလား"

"ဟုတ်တယ် . . . တို့က ဘဝတစ်လျှောက်လုံး ဆရာဝန်အလုပ်တစ်ခုထဲမှာပဲ ခေါင်းမြှုပ်ဖို့ မစဉ်းစားထားဘူး၊ တို့ရဲ့ တကယ့်ဝါသနာက ကမ္ဘာကြီးမှာ တို့မသိသေးတဲ့အရာတွေကို သိဖို့၊ မရောက်ဖူးတဲ့အရပ်ဒေသတွေဆီ သွားဖို့ပဲ"

ဆိုဖီက ပြုံးလိုက်သည်။

"မတွေ့သိဖူးတဲ့ သူတွေနဲ့ တွေ့သိဖို့ရော မပါဘူးလား"

"ပါတာပေါ့ . . . အဲဒါဟာ စိတ်ဝင်စားစရာအကောင်းဆုံးပဲ၊ မင်းကိုပဲ ကြည့်လေ . . . တို့ဘဝမှာ တစ်ခါမှ မဆုံစည်း၊ မတွေ့ဖူးတဲ့ မင်းနဲ့ ဆုံစည်းပြီး ခရီးအတူသွားရတယ်၊ ဒါဟာ တို့ဘဝမှာ စိတ်ဝင်စားစရာအကောင်းဆုံး အတွေ့အကြုံတစ်ခုပဲ"

ရန်နိုင်စိုးက ခပ်ပြုံးပြုံးပြောတော့ ဆိုဖီက ပြုံးမှုမှုလေးဖြင့် မျက်စောင်းလှလှထိုးသည်။

"အင်း . . . ရှင်တို့ မြန်မာလူမျိုးတွေက တိဗက်၊ ဘူ



www.burmeseclassic.com

www.burmeseclassic.com



တန်, ဆစ်တန်လူမျိုးတွေနဲ့ ရုပ်ချင်းခပ်ဆင်ဆင်ဖြစ်ပြီး တိဗက်စကားလည်း ပြောတတ်တယ်ဆိုတော့ လားမားကြီးနဲ့ သွားတွေ့တဲ့နေရာမှာ အဆင်ချောမှာပါ . . . ဒါထက် ရှင်က သူနဲ့တွေ့ပြီးတာနဲ့ ပြန်မှာလား''

ရန်နိုင်စိုးက ဆုတ်ဆိုင်းဆိုင်းဖြစ်သွားပြီးမှ ဖြေသည်။

''အင်း . . . ပြောလို့မရဘူး၊ ဒီလိုလေ . . . ဒီကျောက်နွားတောင်ဒေသဆီရောက်မှတော့ မင်းရဲ့လမ်းပြတာဝန် ကျေပြီပဲ . . . တို့ လမ်းပြခရှင်းပေးလိုက်ပါ့မယ်၊ တို့ ဒီမှာ ဘယ်လောက်ကြာမယ်ဆိုတာ ပြောလို့မရဘူး . . . ဒီတော့ မင်း တို့ကို မစောင့်ပါနဲ့ . . . ပြန်ပါ၊ အဲ . . . မိန်းကလေးတစ်ယောက်တည်း ပြန်လွှတ်လို့ရော ကောင်းပါ့မလား''

ရန်နိုင်စိုးမှာ ဇဝေဇဝါဖြစ်နေပြီးမှ ပိုက်ဆံအိတ်ထုတ်ကာ ရှုပီးငွေတစ်ထောင်ကို ဆိုဖီအား လှမ်းပေးလိုက်၏။ သူတို့နှစ်ဦးကို နံဘေးမှဖြတ်ကျော်တက်သွားကြသည့် ကုန်သည်အုပ်စုမှ လူအချို့က လှည့်ကြည့်သွားကြသည်။

ထိုစဉ် ရွာလယ်လမ်းအဝင်ရှိ ကျောက်တုံးကြီးတစ်တုံးကိုမှီကာ လက်ပိုက်ရပ်နေကြသည့် မုတ်ဆိတ်ပါးမြိုင်းမွေး ဗရပျစ်





နှင့် ရုပ်ကြမ်းကြမ်းလူရွယ်နှစ်ဦးက သူတို့ကို ခပ်စူးစူး လှမ်းကြည့်အကဲခတ်နေသည်ကို ဆိုဖီရော ရန်နိုင်စိုးပါ သတိပြုမိသည်။

ဆိုဖီက လှမ်းလက်စခြေလှမ်းကို ရပ်လိုက်ပြီး ရန်နိုင်စိုးကို မျက်မှောင်ကြုတ်ကြည့်သည်။

''ဒီမှာ . . . ဆိုဖီက ရှုပီးငွေတစ်ထောင်ကို မက်လို့ ရှင့်ကိုလမ်းပြခဲ့တာမဟုတ်ဘူး . . . သိရဲ့လား၊ အစ်ကိုလေး ဂိုအင်တာက သူ့သူငယ်ချင်းကို စိတ်ချပါရစေလို့ စာရေးပေးလိုက်တဲ့အတွက် အစ်ကိုလေးရဲ့ မိတ်ဆွေကို စောင့်ရှောက်ကူညီတဲ့အနေနဲ့ လမ်းပြပေးဖို့ လိုက်လာခဲ့တာပဲ။ ဆိုဖီ့ကိုတခြားကြေးစားသက်သက်လမ်းပြတွေလို လိုရာခရီးရောက်တာနဲ့ ငွေပေးပြီး မောင်းထုတ်တာမျိုးမလုပ်ပါနဲ့''

''ဟောဗျ . . . တို့က မင်းအတွက်စေတနာနဲ့ ပြောတာပါ၊ ဒီမှာ တို့ဟာ ဘယ်လိုအန္တရာယ်တွေနဲ့ ရင်ဆိုင်ရမလဲဆိုတာ မပြောနိုင်ဘူး၊ တို့အဖို့ကတော့ ထွက်လာပြီးမှ မထူးတော့ဘူး၊ ဒါပေမဲ့ တို့ကြောင့် မင်းအပေါ် အန္တရာယ်မကျရောက်စေချင်ဘူး၊ ဒါကြောင့် ပြန်ချင်ပြန်ဖို့ ပြောရတာပါ''

ဆိုဖီက ရန်နိုင်စိုးကို မျက်လုံးအဝိုင်းသားနှင့် ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီးမှ မျက်မှောင်ကိုကြုတ်လိုက်ကာ လေသံကိုနှိမ့်ပြီး အံကြိတ်သံဖြင့်ပြောသည်။

"ရှင်က ဒီမှာ ဘာတွေလုပ်ဦးမှာမို့လဲ ... ခုထက်ထိလည်း ရှင့်ခရီးရဲ့လျှို့ဝှက်ချက် ဆိုဖီ့ကို မပြောပြသေးဘူးနော်၊ ဒီမြေကြမ်း,လေကြမ်းဒေသမှာ ဆိုဖီတော့ ရှင့်အတွက် စိတ်ပိုပူလာပြီ"

ရန်နိုင်စိုးမှာ တွေငေးငေးဖြင့် ဆိုဖီ့မျက်နှာနုနုလေးကို ကြည့်လိုက်မိသည်။ တောထဲတောင်ထဲ နှင်းလွင်ပြင်ထဲ နှစ်ဦးတည်း လေးညနှင့်ငါးရက်လုံးလုံးဖြတ်သန်းခဲ့စဉ် သူ့ဘက်က ဆိုဖီ့အပေါ် စည်းကမ်းရှိရှိ တည်တည်ကြည်ကြည် ဆက်ဆံခဲ့သလို ဆိုဖီကလည်း မိန်းမကောင်း မိန်းမမြတ်လေး ပီသစွာ ကြန္တေအပြည့် သိက္ခာရှိရှိနှင့် သူမ၏တာဝန်ဝတ္တရား ကျေပွန်စွာ ဆောင်ရွက်ခဲ့ပါ၏။

ရေခဲတောင်မှ ဂူတို့ထဲနှစ်ဦးတည်း အိပ်စက်ခဲ့ရစဉ်ကလည်း ဂူအဝ၌ သစ်ကိုင်းခြောက်ကြီးကြီးတို့ကို အကာအရံအဖြစ် ပိတ်ဆီးထားကာ ဂူထဲတွင် မီးဖိုပြီး မီးဖို၏တစ်ဖက်တစ်ချက်၌ ဝံရေခြုံလွှာ ကိုယ်စီခြုံလျက် ကွေးခဲ့ကြသည်သာ ဖြစ်၏။

**ခု နှစ် စဉ် ကြယ် စာ ပေ**



ထိုသို့လျှင် နှစ်ဦးစလုံးမှာ စည်းကမ်းရှိ တည်ကြည်သူများဖြစ်ကြသဖြင့် တစ်ဦးကိုတစ်ဦး လေးစားတန်ဖိုးထားမိကြပြီဖြစ်သလို ရင်းနှီးခင်တွယ်မှု သံယောဇဉ်ကြိုးက သူတို့နှစ်ဦး၏ရင်ဝယ် မသိမသာ ရစ်ပတ်စပြုပြီထင့် ...။

မည်သို့ဖြစ်စေ ... ရန်နိုင်စိုးမှာ ဆိုဖီ့ကို တစ်ဦးတည်း ပြန်လွှတ်ရက်ခြင်းလည်း မရှိရကား ဤခရီး၏လျှို့ဝှက်ချက်ကို ဖွင့်ပြောပြရန် ဆုံးဖြတ်လိုက်ရတော့၏။

"ကဲ ... ဆိုဖီ ... ဒီရွာက စားသောက်ဆိုင်တစ်ခုခုမှာ စားသောက်ရင်း ဆက်ဆွေးနွေးကြတာပေါ့၊ တို့ရော ဆိုဖီပါ ငါးရက်လုံးလုံး အစားကောင်းကောင်း မစားခဲ့ရဘူး မဟုတ်လား ... လာ"

❐❐❐

www.burmeseclassic.com

www.burmeseclassic.com

ကျောက်နွားတောင်ရွာ၏ ရွာလယ်လမ်းမှာ ကျယ်ဝန်းလှပြီး ဆိုင်ကနားများထိုးကာ ရောင်းချနေသော ဈေးတန်းကြီးက တစ်မျှော်တစ်ခေါ်ဖြစ်သည်။

ဆိုင်ကနားများတွင် ဒေသထွက်သီးနှံမျိုးစုံနှင့် အဝတ်အထည်၊ ပိုးဖဲကတ္တီပါ၊ အိုးခွက်တို့ကို တွေ့ရသည်။ ကြွေထည်ပစ္စည်းများ၊ ကြိမ်ဖြင့်ရက်လုပ်သော လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ ခန်းတောက်မြစ်၊ ကတိုးဆီ၊ သစ်မွှေး ... စသည့် ရေခဲတောင်ပေါ် သစ်တောထွက်ပစ္စည်းများနှင့်အတူ ယုန်ဖြူ၊ ရှုးပုံ၊ သင်းခွေ





ချပ်၊ ဝံ၊ ကြောင်မြင်း၊ ထိုးကွင်းကြောင်၊ ကျား၊ နှင်းကျားသစ်၊ တောင်ဆိတ် ... စသည့် တောကောင်မျိုးစုံ၏ အရေများ၊ ယင်းသားကောင်သားရေတို့ဖြင့် ပြုလုပ်ထားသည့် အဝတ်အထည်၊ လူ့အသုံးအဆောင်များ ... စသည်ဖြင့် ရောင်းချသည့်ပစ္စည်းအမျိုးစုံသလောက် ပစ္စည်းလာသွင်းသူများ၊ ပစ္စည်းဝယ်သူများဖြင့် ပျားပန်းခပ်လျက်ရှိတော့သည်။

ဈေးအလယ်ခန့်တွင် နွားနောက်များ၊ တိဗက်ကျွဲများအား အကောင်လိုက် ရောင်းဝယ်နေကြသည်ကိုလည်း တွေ့ရ၏။

လူမျိုးစုံအမျိုးသားများနှင့်အတူ ဆာရီဝတ် အိန္ဒိယအမျိုးသမီးများ၊ အရပ်ရှည်ကာ မျက်နှာသွယ်သည့် တိဗက်အမျိုးသမီးလေးများကိုပါ တွေ့ရသည်။

တိဗက်အမျိုးသမီးလေးတို့မှာ မျက်နှာဝယ် နှင်းကြမ်းရိုက်ထားသဖြင့် နီရောင်သန်းနေကာ အသားအရေက ဖြူဖွေးလှသည်။ သူမတို့၏မျက်ခုံးလေးတို့မှာ မို့ပြီး မျက်လုံး အလျားရှည်ကာ နှာတံလေးများ ချွန်လျက် နှုတ်ခမ်းသားတို့က နှင်းဆီပန်းငုံသို့နှယ် ပန်းရောင်သွေးပြေးနေကြသည်။ ခန္ဓာကိုယ်ကမူ ပါးလျားပြီး ခြေဆံလက်ဆံလှပကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူမတို့၏ ဦးခေါင်းများတွင် ဖဲပဝါရောင်စုံစည်းထားကြပြီး ပန်းပွင့်ပုံကြီးများပါသည့် ဖဲအင်္ကျီပွပွတို့ကိုလည်းကောင်း၊ အဖိုးတန်သက္ကလတ်ပန်းဖော်အထည်ကို ထဘီကဲ့သို့ ခါးတွင်ပတ်၍လည်းကောင်း ဝတ်ဆင်ထားကြလေ၏။ ယင်းအပြင် ခါး၌ အပေါ်မှထပ်စည်းပတ်ထားသည့် ဖဲတစ်ဖက်စတွင် ငွေဆည်းလည်း၊ ငွေချူ ငွေပြားလေးများ တွဲလွဲချိတ်ဆွဲထားရာ သူမတို့လမ်းလျှောက်လှုပ်ရှားသည့်အခါ ငွေချူဆည်းလည်းသံ တချင်ချင်က သာယာစွာ မြည်လျက်ရှိတော့၏။

တိဗက်အမျိုးသမီးလေးတို့သည် လက်နှစ်ဖက်စလုံးတွင် ငွေလက်ကောက်ကြီးများ ဝတ်ဆင်ထားသလို လက်ချောင်းများမှာလည်း ငွေလက်စွပ်များဝတ်ဆင်ထားလျက် ပုတီးများနှင့်အတူ သူမတို့၏ရင်ဘတ်မှာ ငွေဆွဲပြားကြီး ဆွဲထားသည်မှာ နေရောင်ထိခတ်လိုက်တိုင်း တဖျပ်ဖျပ်လက်နေတော့၏။

ရန်နိုင်စိုးမှာ ဆိုဖီကိုငဲ့ပြီး ဒိုတီဝတ် အိန္ဒိယအမျိုးသားကြီးများ ရောင်းချနေသည့် သန့်ရှင်းသပ်ရပ်သော ထမင်းဆိုင်သို့ ဝင်လိုက်ကြသည်။

ယင်းထမင်းဆိုင်မှာပင် အိန္ဒိယပုံစံအတိုင်း ထမင်းဖြူဖြူ





ဖွေးဖွေး အငွေ့တထောင်းထောင်းကို ငှက်ပျောဖက်စိမ်းစိမ်းပေါ်မှာပုံပြီး ပဲဟင်း၊ ချက်တစ်ရီ၊ ချာပါတီ ပူရီတို့မှာကာ ဆာဆာနှင့်အားပါးတရ စားလိုက်ကြလေ၏။

ထမင်းစားပြီးနောက် ထမင်းဆိုင်နံဘေးမှ ကာကာဆိုင်တွင် ချောင်ကျကျစားပွဲ၌ ထိုင်ကာ လက်ဖက်ရည်ကျကျနှစ်ခွက်မှာလိုက်ပြီးလျှင် ရန်နိုင်စိုးက သူ . . . အာရန်အဖြစ် အယောင်ဆောင်လာဖြစ်ခဲ့ပုံအကြောင်းစုံကို လေသံခပ်တိုးတိုးဖြင့် ပြောပြလိုက်လေ၏။

ဒေါက်တာရန်နိုင်စိုး၏စကားအဆုံးတွင် ဆိုဖီသည် လွန်မွာစိတ်ဝင်စားသော မျက်နှာဖြင့် . . .

"ဒါဆို အဲဒီအင်းဓားမြှောင်က ရှင်နဲ့အတူ ပါလာတယ်ပေါ့ . . . ဟုတ်လား"

ဟု မေးလိုက်လေ၏။ ရန်နိုင်စိုးက သူ၏ကျောပိုးအိတ်ကို လက်နှင့်ပုတ်ပြလိုက်ပြီး ပြောသည်။

"ဟုတ်တယ် . . . ဒီအထဲမှာပဲ"

"တော်တော်စိတ်ဝင်စားဖို့ကောင်းပဲ့ ဓားမြှောင်ပဲ၊ ဆိုဖီလည်း အဲလိုထူးဆန်းတာတွေကို စိတ်ဝင်စားတယ်၊ ဒါပေတဲ့

ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ရှင်သွားတွေ့ရမယ့် လားမားကိုယ်တော်ကြီး ရှီဝှန်က ရှင် အာရန် ဖြစ်တယ်ဆိုတာ ယုံပါ့မလား''

''ဘာဖြစ်လို့ မယုံရမှာလဲ ... ချားလစ်ရဲ့စာအရဆိုရင် ရှီဝှန်ဟာ အာရန်ကိုမမြင်ဖူးတာ သေချာတယ်၊ ပြီးတော့ တို့ဟာ တိဗက်တစ်ယောက်နဲ့လည်း တူတယ်မဟုတ်လား၊ အာရန်ဆိုတဲ့ နာမည်မျိုး တိဗက်တွေလည်း မှည့်ခေါ်တတ်တာပဲလေ၊ အခုကိစ္စမှာ အရေးကြီးတာက အာရန်မဟုတ်ဘူး ... အာရန်နဲ့အတူပါလာရမယ့် အင်းခွားမြှောင်ပဲ''

ရန်နိုင်စိုးက လက်ဖက်ရည်ခွက်ကို လက်စသတ်လိုက်ပြီး ...

''လားမားကြီးရှီဝှန်နဲ့ တွေ့ရတဲ့အခါ တို့က အဲဒီအင်းခွားမြှောင်နဲ့ပတ်သက်ပြီး သိလိုတာသိရဖို့ လှည့်ပတ် စကားနှိုက်ပြီး မေးမှာ၊ အင်းခွားမြှောင်ဟာ မျှော်လင့်ထားတာထက် အစွမ်းထက်မယ်၊ တန်ဖိုးသိဒ္ဓိလည်း ကြီးမယ်၊ လားမားကြီးရှီဝှန်ဟာလည်း သူတော်စင်ကြီးမဟုတ်ဘဲ လူအများကို ဒုက္ခပေးသူဖြစ်နိုင်မယ်လို့ အကဲခတ်မိရင် အဲဒီခွားမြှောင်ကို သူ့လက်ထဲ အပ်ချင်မှအပ်မှာ၊ ဒါကြောင့် လားမားကြီးရှီဝှန်နဲ့ သွားတွေ့ပြီးနောက်ပိုင်း





ဘာတွေဆက်ဖြစ်လာမလဲဆိုတာ ပြောလို့မရဘူး၊ အဲဒီအခါ မျှော်မှန်းလို့မရတဲ့ အန္တရာယ်တွေ ကြုံလာနိုင်လို့ မင်းကို ဒီကနေ လှည့်ပြန်စေချင်တာပါပဲ ဆိုဖီ''

ဆိုဖီက လှပသော နှုတ်ခမ်းလေးကို မဲ့လိုက်ပြီး ...

''ဆိုဖီကလည်း အဲဒီလို စိတ်ဝင်စားစရာ, ထူးဆန်းတဲ့ အန္တရာယ်ဆိုတာတွေနဲ့ တွေ့ထိကစားချင်သူပါပဲ ဆရာဝန်ကြီးရဲ့ ကဲ ... ကြာတယ် ... ခုပဲ လားမားကြီးရှီဝှန်ကို သွားတွေ့ကြစို့''

ဟု ပြောကာ ထိုင်ရာမှ ထရပ်လိုက်ပါတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

သံသယမျက်ဝန်းများ

လျှို့ဝှက်သော့များ

သေပြေးရှင်ပြေး

## အခန်း (၂)

### သံသယမျက်ဝန်းများ

ဒေါက်တာရန်နိုင်စိုးနှင့် ဆိုဖီတို့သည် ကျောပိုးအိတ်ကိုယ်စီလွယ်ရင်း ရွာလယ်လမ်းအတိုင်း လျှောက်လာခဲ့ကြရာ ရွာထဲဝင်စဉ်က ရွာတံခါးဝအနီး၌တွေ့ခဲ့ရသော ရုပ်ကြမ်းကြမ်းနှင့် လူနှစ်ဦးမှာ တရုတ်အရက်ဆိုင်တစ်ဆိုင်ထဲမှ ထွက်လာကာ သူတို့ကို စူးစူးရဲရဲကြည့်နေသည်ကို သတိပြုမိလေ၏။

သို့သော် . . . ရန်နိုင်စိုးတို့မှာ ထိုလူနှစ်ဦးကိုဥပေက္ခာပြုပြီး ရွာအလယ်ပိုင်းရှိ ခမ်းနားသောအဆောက်အအုံကြီးဆီသို့ ရှေးရှုသွားကြလေ၏။

ခု နစ် စဉ့် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်ပိုင်ရှင် ကာကာကုလားအား မေးခဲ့ပြီး ဖြစ်သဖြင့် လားမားကြီးရှိဝှန်မှာ . . . ရွှာလယ်ပိုင်းရှိ မဟာရာဇာ အဒ္ဒူရာမန်၏ စံနန်းတော်တွင်ရှိမည်ဖြစ်ကြောင်းသိပြီးဖြစ်ရာ အဝါရောင်ကျောက်ပြားတို့ဖြင့် အလှဆင်ထားသည့် အကြီးစား အခမ်းအနားဆုံး စံနန်းတော်အဆောက်အအုံကြီးဆီသို့ ဦးတည် လျှောက်လှမ်းလာကြခြင်းဖြစ်ချေသည်။

မဟာရာဇာအဒ္ဒူရာမန်၏ စံအိမ်တော်မှာ အရှေ့ဘက်သို့ မျက်နှာမူထားသဖြင့် မိုးတိမ်တောင်ထုတို့နှင့် နှင်းမြူလွှာကြားမှ ထိုးဖြာထွက်လျက်ရှိသည့် ရွှေရောင်နေခြည်တန်းဟို့က စံအိမ် တော်တံခါးရွက်တို့ပေါ်သို့ တိုက်ရိုက်ကျရောက်လျက်ရှိလေ၏။

စံအိမ်တော်ကြီးနှင့် လိုက်ဖက်စွာ ကြီးမားခန့်ထည်သော သစ်သားတံခါးရွက်ကြီးများမှာ အရောင်အသွေးတောက်ပခြင်းမရှိ ဘဲ ညိုမှိုင်းမှိုင်းအဆင်းရှိကာ တံခါးရွက်ပေါ်တွင် သံမှိုတို့ညီညာ စီရီစွာရိုက်ထားသည့် လေးထောင့်ကွက်များရှိပြီး ယင်းလေး ထောင့်ကွက်များထဲတွင် ကြာပွင့်ပုံကြီးများကို ရုပ်လုံးကြွအဖြစ် လှပစွာထုဆစ်ထားလေ၏။

စံအိမ်တံခါးဝတွင် အစောင့်မရှိသဖြင့် ရန်နိုင်စိုးက တံခါး





ရွက်တို့ပေါ်မှ ကြေးခေါင်းလောင်းငယ်လေးများကို လက်ဖြင့်ပုတ် ခေတ်လိုက်တော့သည်။

ခေါင်းလောင်းသံလေးများ တချွင်ချွင်မြည်သွားပြီး မကြာမီမှာပင် . . . တံခါးရွက်ကြီးနှစ်ရွက်က ပွင့်သွားကာ တံခါးဝ ၌ ဂေါ်ရခါးဓားကောက်ကြီးကိုခါးတွင်ချိတ်ဆွဲထားသော အစောင့် ဖြစ်ဟန်တူသည့် ပန်ချာပီကြီးတစ်ဦး ပေါ်လာလေ၏။

ပန်ချာပီကြီးက ရန်နိုင်စိုးတို့ကို မျက်မှောင်ကြုတ်ကြည့် ကာ . . .

“ဘာကိစ္စ တံခါးခေါင်းလောင်းတွေကို လာခေါက်ကြ တာလဲ”

ဟု ရှုတည်တည်ကြီး မေးလိုက်လေသည်။

“ဒီမဟာရာဇာရဲ့ စံအိမ်တော်မှာ လာမားကိုယ်တော်ကြီး ရှိဝှန် တည်းခိုတယ်လို့သိရလို့ပါ၊ လာမားကြီးရှိဝှန်နဲ့တွေ့ချင်လို့ ပါ၊ ကျွန်တော့်ကို ဆရာချားလစ်က လွှတ်လိုက်တာပါ”

ပန်ချာပီအစောင့်ကြီးမှာ မျက်ခုံးပင့်သွားပြီး . . .

“ကောင်းပြီ . . . ဒါဆို အဲဒီအပြင်မှာ ခဏစောင့်နေပါ၊ ကျုပ် မဟာရာဇာကို သတင်းသွားပို့လိုက်ပါဦးမယ်”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ တံခါးရွက်ကြီးများကို ပြန်စေ့ပိတ်လိုက်လေ၏။

ဒေါက်တာရန်နိုင်စိုးနှင့်ဆိုဖီတို့မှာ တံခါးဝမှာပင် စောင့်စားလျက်ရှိစဉ် ဈေးတန်းဘက်မှ မယောင်မလည်လျှောက်လာကြသည့် ရုပ်ကြမ်းကြမ်းနှင့်လူနှစ်ဦးမှာ မဟာရာဇာ၏စံအိမ်တော်ရှေ့သို့ ရောက်လာပြီး ရန်နိုင်စိုးတို့ကို စူးစမ်းသလို တစေ့တစောင်း ကြည့်သွားကြလေသည်။

ကွမ်းတစ်ယာညက်ခန့်အကြာမှာပင် ရောမတံခါးရွက်ကြီးတို့သည် ပွင့်ဟသွားပြီး တံခါးဝ၌ ပန်ချာပီအစောင့်ကြီးပေါ်လာပြန်၏။

"ကဲ . . . အထဲဝင်ပြီး ကျုပ်ရဲ့နောက်လိုက်ခဲ့ကြပါ"

ခဏအကြာတွင် ရန်နိုင်စိုးနှင့် ဆိုဖီမှာ ပန်ချာပီအစောင့်ကြီး၏နောက်မှ တိတ်ဆိတ်စွာလိုက်ပါသွားကြရာ လူသူကင်းမဲ့လျက်ရှိသော ဟောခန်းရှည်ကြီးကိုဖြတ်သန်းခဲ့ကြပြီးနောက် အဝင်ဝဝယ် ကတ္တီပါလိုက်ကာရှည်ကြီးများကာရံထားသည့် ခန်းမကျယ်ကြီးတစ်ခုထဲသို့ ရောက်ရှိသွားကြလေ၏။

ပေ (၃၀)ပတ်လည်ခန့် ကျယ်ဝန်းသည့် ခန်းမကျယ်ကြီး





တွင် ကျားကွက်အသွင် မာဘယ်လ်ကျောက်ပြားများခင်းထားပြီး မျက်နှာကြက်ဗိတာန်တွင် ပြင်သစ်မီးပန်းဆိုင်းကြီးများကို ခမ်းနားစွာချိတ်ဆွဲထားလျက် နောက်ဘက်အခန်းနံရံ၌ အတွင်းခန်းများသို့ဝင်သည့် တံခါးမကြီးသုံးပေါက်ကို တွေ့ရလေသည်။

ခန်းမကြီး၏အလယ်တွင်မူ အနီရောင်ကွပ်ထားသည့် အဝါရောင်ဖဲဝတ်စုံကိုဝတ်ဆင်ထားသော မဟာရာဇာကြီး အဒူရာမန်မှာ ရွှေပိန်းချလက်တန်းကုလားထိုင်ကြီးတွင် မိန့်မိန့်ကြီးထိုင်နေရာ သူ၏ဝဲဘက်မှ အနက်ရောင်ပန်းကနုတ်ကျောမှီ ပါသည့် ကုလားထိုင်ကြီး၌ ဝါလွင်သောသက်န်းဝတ်ရုံထားသည့် ဦးပြည်းခေါင်းတုံးနှင့် ဖြူဖြူဝဝ လားမားကိုယ်တော်ကြီးကို တွေ့ရလေ၏။

လည်ပင်းတွင် ကွမ်းသီးလုံးခန့်ရှိသည့် ပုတီးလုံးကြီးများဆွဲထားသော လားမားကိုယ်တော်ကြီးက ရန်နိုင်စိုးတို့ကို မျက်မှောင်ကြုတ်ကာ လှမ်းကြည့်နေသလို . . . မုတ်ဆိတ်ပါးမြိုင်းမွေးများနှင့်ပြည့်နေသည့် မျက်နှာရှည်ရှည်တွင် ထူထဲမည်းနက်သော မျက်ခုံးများရှိသည့် မဟာရာဇာကြီးကလည်း မျက်ခုံးမွေးများအောက်မှ စူးလက်သောမျက်ဝန်းများဖြင့် ဆိုဖီ၏မျက်နှာကိုပိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လျက်ရှိလေ၏။

"မင်းက ဘယ်သူလဲ၊ ကျုပ်က ချားလစ်ကိုစောင့်မျှော်နေတာ ... ချားလစ်ရော ဘယ်မှာလဲ ... သူ မလာဘူးလား၊ မင်းက ဘာလူမျိုးလဲ ... တိဗက်နဲ့တော့ တူသလိုပဲ ... တိဗက်လား"

ဟု လားမားကြီးရိုဝှန်က တိဗက်ဘာသာစကားနှင့် ဆက်တိုက်မေးလိုက်ရာ ဒေါက်တာရန်နိုင်စိုးက အလိုက်သင့်ဖြေလိုက်လေ၏။

"ဟုတ်ပါတယ်ခင်ဗျာ ... တိဗက်တစ်ဦးပါ၊ ကျွန်တော့်နာမည်က အာရန်ပါ"

"အေး ... ချားလစ်မှာ တိဗက်တပည့်အချို့ရှိတယ်လို့တော့ ကြားဖူးတယ်၊ မင်းကို သူလွှတ်လိုက်တာလား ... သူ ဘာဖြစ်လို့မလာသလဲ"

ဤတွင် အင်္ကျီအိတ်ကပ်ထဲတွင် အသင့်ထည့်ထားသည့် ချားလစ်၏စာကို ရန်နိုင်စိုးက ထုတ်ပေးလိုက်လေ၏။

မျက်နှာကြက်အနီးရှိ လေသာပြတင်းများမှ မှန်သားကိုဖြတ်သန်းကာ အလင်းတန်းတို့ ခန်းမကြီးထဲဖြန့်ကြက်ကျ





ရောက်လျက်ရှိရာ ... အဆိုပါအလင်းရောင်ဖြင့် လားမားကြီးရိုဝှန်က ချားလစ်၏စာကို သေချာစွာဖတ်ကြည့်သည်။

ထို့နောက် လားမားကြီးရိုဝှန်က ဒေါက်တာရန်နိုင်စိုး၏ မျက်နှာကို စိတ်အားထက်သန်စွာစိုက်ကြည့်လိုက်ပြီး ...

"ဒါဆို ... အင်းဓားမြှောင်ဟာ မင်းနဲ့အတူ ပါလာတယ်ပေါ့ ... ဟုတ်လား ... ပြစမ်း ဘယ်မှာလဲ"

ဟု အူယားဖားယားမေးလိုက်ရာ ဒေါက်တာရန်နိုင်စိုးက သူ၏ကျောပိုးအိတ်ကြီးထဲမှ ကတ္တီပါစအနီဖြင့်လိပ်ပတ်ထားပြီး ခါးလယ်မှဖဲကြိုးအဝါစည်းထားသော တစ်တောင်နီးပါးခန့် ရှည်မျောမျောအထုပ်ငယ်ကို ထုတ်ယူလိုက်ကာ လက်နှစ်ဖက်ဖြင့် ရိုသေစွာကိုင်တွယ်လျက် လားမားကြီးရိုဝှန်ထံ ကမ်းပေးလိုက်လေ၏။

လားမားကြီးရိုဝှန်လည်း သူ၏ကုလားထိုင်ရှေ့ရှိ စားပွဲပုလေးပေါ်သို့ အထုပ်ကိုတင်လိုက်ပြီး ခေါက်တုံ့ချည်ထားသည့် ဖဲကြိုးဝါလေးကို ခပ်သွက်သွက်ဖြည်လိုက်လေ၏။

ပတ်လိပ်ထားသည့် ကတ္တီပါအဝတ်စကို ဖြည်လိုက်ပြီးနောက်မှာတော့ အတွင်းမှ နဝရတ်ကိုးပါးစီခြယ်ထားသော ...



www.burmeseclassic.com

www.burmeseclassic.com



ဓားအိမ်အနက်နှင့် အင်းဓားမြှောင် ထွက်ပေါ်လာပါတော့သည်

လားမားကြီးရှိဂုန်မှာ အနက်ရောင်ဓားအိမ်နှင့်တ

သော အင်းဓားမြှောင်အား သေချာစွာ လက်နှစ်ဖက်နှင့် မ,

ကြည့်ရှုလိုက်လေ၏။

မဟာရာဇာကြီးကလည်း သူ၏ကိုယ်ကို လားမား

ရှိဂုန်ဘက်သို့ ယိမ်းကာ အင်းဓားမြှောင်ကို စိတ်အားထက်သ

စွာ ကြည့်ရှုနေလေ၏။

"မဟာရာဇာ ... ကျုပ်တို့လိုအပ်နေတာ ဒီဓားမြှောင်

သူ့ကို အင်းဇဝါဓားမြှောင်လိုခေါ်တယ်၊ ဒါကိုရပြီဆိုမှတော့ မဟာ

ရာဇာနဲ့ ကိုယ်တို့ရဲ့ရည်ရွယ်ချက်အတိုင်း ကမ္ဘာကြီးကို စိုးမိုး

ပေါ့ဗျာ ... ဟား ဟား ဟား"

လာမားကြီးရှိဂုန်မှာ သူ လွန်စွာလိုချင်တပ်မက်သော

အင်းဇဝါဓားမြှောင်ကိုလက်ဝယ်ပိုင်ပိုင်ရရှိပြီမို့ လွန်စွာအူမြူး ဝမ်း

သာလျက်ရှိရာ ... မျက်နှာစိမ်းဖြစ်သော ရန်နိုင်စိုးနှင့် ဆိုဖီတို့

ရှိနေသည်ကိုပင် သတိမမူမိတော့ဘဲ စိတ်လွတ်ကိုယ်လွတ်ပြော

ကာ တဟားဟားအော်ရယ်လိုက်ပါတော့၏။

ဤတွင် လားမားကြီးထက် ပိုမိုပါးနပ်ဟန်ရှိသော မဟာ





ရာဇာက လားမားကြီး၏လက်မောင်းကို တံတောင်နှင့်တွက်လိုက်

ကာ ...

"လားမားကြီးရဲ့ ... ခင်ဗျားရဲ့အင်းဇဝါဓားမြှောင်ဟာ

စစ်ရောစစ်ရဲ့လားဗျာ"

ဟုမေးလိုက်လေ၏။

"အေးဗျ ... စစ်, မစစ်စမ်းဖို့ရာလည်း ခက်သားလား

ခုနေ ဓားအိမ်ကနေ ဆွဲချွတ်ကြည့်လို့လည်း မဖြစ်သေးဘူး"

ဟု လားမားကြီးရှိဂုန်ကပြောလိုက်ရင်းမှ ဆိုဖီအား စိုက်

ကြည့်လိုက်ပြီး ...

"ဒါထက် ... အာရန် ... သူကရော ဘယ်သူလဲ"

ဟု ဆိုဖီကိုလက်ညှိုးညွှန်ကာ မေးလိုက်လေ၏။

"သူ့နာမည်က ဆိုဖီပါ ... သူဟာ မိန်းကလေးတစ်

ဦးဆိုပေမယ့် နှင်းတောင်မုဆိုးတစ်ဦးပါပဲ၊ သူ့ကိုလမ်းပြအဖြစ်

အခကြေးငွေပေးပြီး ခေါ်လာတာပါ"

ဤတွင် မဟာရာဇာက ဆိုဖီ့မျက်နှာအား စိုက်ကြည့်

လိုက်ကာ ...

"မင်းက မုဆိုးတစ်ဦးလား ... မိန်းကလေးတစ်ယော



www.burmeseclassic.com

www.burmeseclassic.com



တည်းအမဲလိုက်သလား''

ဟု အံ့သြဟန်ဖြင့် မေးလိုက်လေ၏။

''ဆိုဖီ့မှာ အစ်ကိုရှိပါတယ်၊ သူက ဟိမဝန္တာတစ်ကြော မှာ နာမည်ကျော်မုဆိုးတစ်ဦးပါ ... သူ့နာမည်က ဒိုရန်ပဲ၊ ဆိုဖီက အစ်ကိုနဲ့အတူ အမဲလိုက်ထွက်တယ်၊ အစ်ကို အိမ်မှာ မရှိတဲ့အခါ တစ်ခါတလေ လမ်းပြလိုက်တယ်''

ခေတ္တမျှဆိတ်ငြိမ်သွားပြီးနောက် မဟာရာဇာက လားမားကြီး၏ နားနားကပ်ကာ တစ်စုံတစ်ရာကို တီးတိုးပြောလိုက်လေ၏။

ဒေါက်တာရန်နိုင်စိုးတို့မှာ တိုးလျှလွန်းသောမဟာရာဇာ၏စကားကို မကြားရချေ။ လားမားကြီးရိုဂှန်မှာ မဟာရာဇာ၏ တီးတိုးစကားကိုနားထောင်ရင်း မျက်နှာ၌ ခန့်မှန်းရခက်သော အမိပ္ပါယ်အမျိုးမျိုး ဖြစ်ပေါ်သွားသည်ကို တွေ့ရပေသည်။

ထူးခြားသည်က လားမားကြီးရိုဂှန်၏မျက်လုံးတို့မှာ ပိုမို ကျဉ်းမြောင်းသွားပြီး မျက်ခွံမို့မို့အစ်အစ်တို့အောက်မှမျက်လုံးစူး စူးလေးများဖြင့် ဆိုဖီ့ကိုစိုက်ကြည့်လိုက်ကြောင်း ရန်နိုင်စိုး သတိ ပြုလိုက်မိသည်။





မဟာရာဇာ၏စကားအဆုံးတွင် လားမားကြီးက ဦး ခေါင်းကိုညိတ်ပြလိုက်ပြီးနောက် အင်းဇဝါမြင်းမြှောင်ကို ကိုင် မြှောက်လိုက်ကာ ဒေါက်တာရန်နိုင်စိုး၏မျက်နှာကို တည့်တည့် ကြည့်လိုက်ပြီး ...

''အာရန် ... မင်းဆရာ ချားလစ်ရဲ့စာထဲကအတိုင်း ကျုပ်က ဓားမြှောင်အတွက် ကျန်ငွေ ရူပီးတစ်သိန်းကိုပေးချေပါ့ မယ်၊ ဒါပေမဲ့ ... မင်းယူလာတဲ့ဓားမြှောင်ဟာ ကျုပ်လိုချင်နေတဲ့ အင်းဇဝါဓားမြှောင်စစ်,မစစ်ကိုစမ်းသပ်ကြည့်ပြီး အင်းဇဝါဓား မြှောင်အစစ်ဖြစ်တယ်ဆိုတာ သိုင်သိုင်မာမာသိရပြီးမှ ကျန်ငွေကို ပေးချေမှာဖြစ်တယ်၊ ဒီတော့ ... ဒီဓားမြှောင်ကို မင်းပြန်ယူထား ပါ၊ ပြီးရင် ... ဒီနေ့ညမှာပဲ ဒီဓားမြှောင်ဟာ အင်းဇဝါဓားမြှောင် စစ်,မစစ် မင်းနဲ့ကျုပ်တို့ စမ်းသပ်ကြည့်ကြတာပေါ့ ... ဟုတ် ပြီလား''

ဟုပြောကာ ဓားမြှောင်အားကတ္တီပါစအနီဖြင့် ပြန်လည် ပတ်ထုပ်လျက် ဒေါက်တာရန်နိုင်စိုးကို ပြန်ပေးလိုက်ပြီးနောက် ...

''ကဲ ... အာရန် ... မင်းဟာ ဒီစံအိမ်တော်ထဲက



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားဧည့်ဆောင်မှာ ကျုပ်နဲ့အတူတည်းရမှာမို့ ကျုပ်နဲ့လိုက်ခဲ့ပေတော့၊ လမ်းပြမလေးဆိုဖီကိုကော့ မဟာရာဇာက အမျိုးသမီးဧည့်ဆောင်မှာ နေရာချပေးထားပါလိမ့်မယ်''

ဟုပြောကာ ထိုင်ခုံမှ ထရပ်လိုက်လေ၏။

ဤတွင် မဟာရာဇာက ပြုံးကာ လက်ခုပ်တဖြောင်းဖြောင်းတီးလိုက်ရာ ... နောက်ဘက်နံရံမှ တံခါးမကြီးတစ်ချပ်ပွင့်သွားပြီး ဆာရီဝတ်အမျိုးသမီးကြီး ခပ်တောင့်တောင့်နှစ်ယောက် ထွက်လာတော့သည်။

''ကဲ ... အမီနာတို့ ... ဒီဧည့်သည်မိန်းကလေးကို အမျိုးသမီးဧည့်ဆောင်က အခန်းနံပါတ် (၈) မှာ နေရာချထားပေးလိုက်ပါကွယ်၊ သူတို့ခမျာ ခရီးပန်းလာကြရှာတယ် ... ကောင်းကောင်းမွန်မွန် အနားယူပါစေ၊ အဖျော်ယမကာ စားဖွယ်တို့နဲ့လည်း လိုလေသေးမရှိ ဧည့်ခံကျွေးမွေးလိုက်ပါကွယ်''

မဟာရာဇာကြီး အဒူရာမန်က ဆိုဖီ့အားညွှန်ပြရင်းပြောလိုက်ရာ အမျိုးသမီးကြီးနှစ်ယောက်မှာ ဦးခေါင်းညွတ်ကာ အရိုအသေပေးလိုက်ကြပြီးနောက် ဆိုဖီ၏ဘေးတစ်ဖက်တစ်ချက်မှ လက်မောင်းကိုယ်စီချိတ်ကာ ...

ခု နှစ် စဉ် ကြယ် စာ ပေ



''လာ ညီမလေး ... သွားစို့''

ဟုဖော်ရွေသောအပြုံးဖြင့် ဖိတ်ခေါ်ကြတော့ရာ ...

ဆိုဖီမှာ ဒေါက်တာရန်နိုင်စိုးကို လှမ်းကြည့်လိုက်ပြီးနောက် အမျိုးသမီးနှစ်ဦးခေါ်ရာ အတွင်းဆောင်သို့ လိုက်ပါသွားရသည်တွင် အတွင်းဆောင်တံခါးပေါက်မှ ဝင်ခါနီး၌ ရန်နိုင်စိုးကိုလည်ပြန်လှည့်ကြည့်သွားသေး၏။

ဒေါက်တာရန်နိုင်စိုးသည်လည်း ဆိုဖီ့ကို စိတ်မချသလို လှမ်းကြည့်ကျန်ရစ်ခဲ့ပြီးမှ လားမားကြီးရှိဝှန်ခေါ်ရာနောက်သို့ လိုက်သွားရပါတော့သည်။

□□□□□

www.burmeseclassic.com

www.burmeseclassic.com

### ဈျိုဂှက်သော့များ

ခရီးပန်းလာသဖြင့် ဒေါက်တာရန်နိုင်စိုးမှာ ညှောင်းစောင်းခုတင်ထက်ရှိ ဖဲမွေ့ရာပေါ်ဝယ် နှစ်ခြိုက်စွာ အိပ်ပျော်သွားခဲ့သည်။

လားမားကြီးရှိဂုန်နှင့် အိမ်တော်ဝန်ထမ်းတို့ သူ့အတွက် နေရာချထားပေးသော အိပ်ခန်းဆောင်မှာ ပိုးဖဲကတ္တီပါတို့ဖြင့် မွမ်းထုံကာ သားနားလှပပြီး အထက်တန်းကျလှသည်။

ဒေါက်တာရန်နိုင်စိုး အိပ်ရာမှနိုးလာတော့ . . . သူ့အိပ်ခန်းမှ နံရံတစ်ဖက်ပေါ်တွင်ရှိသော နံရံကပ်ဖလ်မီးအိမ်ကို အိမ်





တော်ဝန်ထမ်းတို့က ထွန်းညှိထားရာ ညနေစောင်းခဲ့ပြီဖြစ်ကြောင်း ခန့်မှန်းသိရှိနိုင်ပေ၏။

ရန်နိုင်စိုးမှာ အိပ်ရာမှ ရုတ်တရက်မထသေးဘဲ ဖဲမွေ့ရာပေါ်တွင် သက်သောင့်သက်သာလဲလျောင်းနေရင်းမှ . . . ခမ်းနားသပ်ရပ်သည့် အိပ်ခန်းဝန်းကျင်ကို မျက်လုံးဝေ့ကြည့်လိုက်သည်။

"အင်း . . . ငါ့ကို အာရန်လို့ထင်ပြီး ကျကျနနထားတာပါလား . . . ဆိုဖီကိုလည်း ငါ့လိုပဲ စပယ်ရှယ်ထားမယ်နဲ့ တူတယ်"

ထိုစဉ် အိမ်တော်ဝန်ထမ်းတစ်ဦး အိပ်ခန်းဆောင်ထဲဝင်လာကာ ဒေါက်တာရန်နိုင်စိုးကို ညစာစားဖို့ခေါ်သည်။

ရန်နိုင်စိုးလည်း အိပ်ခန်းထောင့်ရှိ ကြွေဇလားဌ် မျက်နှာသစ်လိုက်ပြီးနောက် အိမ်တော်ဝန်ထမ်းခေါ်ဆောင်ရာသို့ လိုက်ပါသွားလေ၏။

နံရံကပ်ဖလ်မီးအိမ်များထွန်းညှိထားသည့် စင်္ကြံလမ်းအတိုင်းလျှောက်သွားပြီးနောက် . . . စားသောက်ခန်းတစ်ခုသို့ရောက်သွားရာ ကျောက်သလင်းစားပွဲပေါ်တွင် အသင့်ပြင်ထား



www.burmeseclassic.com

www.burmeseclassic.com



သော အငွေ့ထောင်းထောင်းထနေသည့် ဟင်းလျာတို့ဖြင့် အိမ်တော်ဝန်ထမ်းနှစ်ဦးတို့က ဂရုတစိုက် ညှော်ခံကျွေးမွေးလေ၏။

"လားမားကြီးရှီဝှန်ရော ဘယ်မှာလဲ ..."

ချာပါတီကိုစားရင်းမှ အိမ်တော်ဝန်ထမ်းတစ်ဦးကို မေးလိုက်ရာ ...

"လားမားကြီး မကြာခင်လာပါလိမ့်မယ်"

"ကျုပ်နဲ့အတူပါလာတဲ့ လမ်းပြအမျိုးသမီးရော"

"အမျိုးသမီးဆောင်ဘက်မှာ ရှိပါလိမ့်မယ်"

ဒေါက်တာရန်နိုင်စိုး ညစာစားပြီးချိန်မှာပင် စားသောက်ခန်းထဲသို့ လားမားကြီးရှီဝှန်မှာ မီးတုတ်တစ်ခုကိုင်ကာ ခပ်ပြုံးပြုံးအမူအရာဖြင့် ဝင်လာပြီး ...

"ကဲ ... အာရန် ... မင်းနဲ့ကျုပ် အင်းဇဝါဓားမြှောင်အစစ် ဟုတ်,မဟုတ်စမ်းသပ်ကြည့်ရအောင် ... ကျုပ်နဲ့လိုက်ခဲ့ပါ"

ဟု ပြောလိုက်ရာ ... ဒေါက်တာရန်နိုင်စိုးသည်လည်း ပေါင်ပေါ်တင်ထားသော အင်းဇဝါဓားမြှောင်ပါသည့် ကတ္တီပါစအထုပ်ကို လက်ဝယ်ကိုင်ကာ ထရပ်လိုက်ပြီး လားမားကြီးရှီဝှန်





ခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားတော့၏။

သူတို့သည် နံရံကပ်ဖယောင်းမီးအိမ် ခပ်ကျဲကျဲထွန်းထားသော စင်္ကြံလမ်းကျဉ်းတစ်ခုကို ဖြတ်သန်းသွားပြီးနောက် တံခါးပေါက်တစ်ခုသို့ ရောက်ရှိသွားတော့၏။

လားမားကြီးရှီဝှန်သည် သံမှိုများ လှပစွာပက်ပတ်လည်ရိုက်ထားသော သစ်သားတံခါးရွက်တို့မှ ကြေးကွင်းတို့ကိုဆွဲကာ တံခါးအား ဖွင့်လိုက်တော့သည်။ အတွင်းဝယ် အောက်သို့ဆင်းသော ကျောက်သားလှေကားထစ်များကို တွေ့ရ၏။

ရန်နိုင်စိုးတို့ပလည်း ကျောက်သားလှေကားထစ်များအတိုင်း ဆင်းခဲ့ကြရာ မြေအောက်ခန်းဟုယူဆရသော ကျောက်တိုင်လုံးကြီးများရှိသည့် ခန်းဆောင်ကျယ်ကြီးထဲသို့ ရောက်ရှိသွားတော့၏။

လားမားကြီးရှီဝှန်က လက်ထဲမှမီးတုတ်ဖြင့် ကျောက်တိုင်လုံးကြီးများရှိ ထင်းရှူးဆီမီးခွက်များတွင် လိုက်လံထွန်းညှိလိုက်ရာ အေးမြလှသည့်ခန်းမဆောင်ကြီးတစ်ခုလုံးမှာ လင်းကျင်းသွားပြီး ကျယ်ပြောသော ခန်းဆောင်ကြီး၏အလယ်မှ ကျောက်ငုတ်တိုင်ငယ်တစ်ခုတွင် ... ခေါင်းစွပ်အနက်စွပ်ကာ တစ်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ပုံး ဝတ်ရုံနက်ကြီးဝတ်ဆင်ထားသည့် လူတစ်ဦးအား မတ်တတ်ရပ်အနေအထားဖြင့် လက်ပြန်ကြိုးတုပ်ကာ ချည်ထားသည်ကို တွေ့ရလေ၏။

လားမားကြီးရှီဝှန်သည် အကျဉ်းသား၏ရှေ့ နှစ်လံအကွာခန့်တွင် ရပ်လိုက်ရာ ဒေါက်တာရန်နိုင်စိုးမှာလည်း ဘုမသိဘမသိဖြင့် လားမားကြီး၏အနီးတွင် ရပ်လိုက်ရတော့သည်။

"ကဲ ... အာရန် ... မင်းယူဆောင်လာတဲ့ ဓားမြှောင်ဟာ အင်းဇဝါဓားမြှောင်အစစ် ဟုတ်,မဟုတ်လက်တွေ့စမ်းသပ်ရအောင်၊ ဒါထက် ... အဲဒီဓားမြှောင်ရဲ့ထူးခြားချက်ကို မင်းသိတယ်မဟုတ်လား အာရန်"

"ကျွန်တော် သေသေချာချာမသိပါဘူး ... ဒါပေမဲ့ ကျွန်တော့်ဆရာချားလစ် မှာလိုက်တာကတော့ ... ဒီဓားမြှောင်ကို ကိုယ်တော်ကြီးရဲ့လက်ထဲ မအပ်မချင်း ဓားအိမ်ထဲက လုံးဝမထုတ်မိပါစေနဲ့လို့တော့ မှာခဲ့ပါတယ်"

"အေး ဟုတ်ပြီ ... အဲဒီ အင်းဇဝါဓားမြှောင်ရဲ့ လျှို့ဝှက်ချက်ကတော့ အဲဒါပဲ အာရန်ရဲ့၊ အဲဒီအင်းဇဝါဓားမြှောင်ကို နဝရတ်ကိုးပါးစီခြယ်ထားတဲ့ ဓားအိမ်နက်ထဲကနေ ဆွဲထုတ်လိုက်မိရင် သွေးမစွန်းဘဲ ဓားအိမ်ထဲပြန်ထည့်လို့ မရတော့ဘူးတဲ့"

"ဟုတ်လား ကိုယ်တော်ကြီး ... အံ့ဩစရာပါလား"

ရန်နိုင်စိုးက မသိကျိုးကျွန်ပြုကာ အံ့ဩဟန်ဆောင်လိုက်၏။

" အံ့ဩစရာတော့ ပြောမနေနဲ့ ... အဲဒီဓားမြှောင်ကို လက်ထဲမှာဆုပ်ကိုင်လိုက်တာနဲ့ ဓားမြှောင်ဟာ သူ့ဘာသာအသက်ဝင်ပြီး ခုန်လှုပ်လာသလိုခံစားရတယ်၊ သတ်ချင် ဖြတ်ချင်စိတ်တွေ ဖြစ်ပေါ်လာတယ်၊ အဲဒီလိုနဲ့ စိတ်မထိန်းနိုင်ဘဲ တစ်ဦးဦးကို တိုက်ခိုက်ရန်ပြုတော့တယ်၊ နောက်ဆုံး ရန်ပြုရမယ့်သူ မရှိရင် ကိုယ့်ကိုယ်ကိုယ် ရန်ပြုတာပဲတဲ့၊ အဲဒီလို ရန်ပြုပြီး သွေးစွန်းသွားပြီးမှ ... ဓားမြှောင်ကို ဓားအိမ်ထဲပြန်သွင်းလို့ရတယ်တဲ့၊ ဒါကြောင့် အဲဒီနည်းနဲ့ အင်းဇဝါဓားမြှောင်စစ်,မစစ် အခု စမ်းကြည့်ကြမယ် အာရန်"

"ဘယ်လိုစမ်းမှာလဲ ကိုယ်တော်ကြီးရဲ့"

"အခု မင်းရဲ့လက်ထဲက ကတ္တီပါစကိုဖြည်ပြီး အင်းဇဝါဓားမြှောင်ကို ဓားအိမ်ထဲကထုတ်လိုက်ရမယ်၊ ပြီးတော့ မင်းဟာ ဓားမြှောင်ကိုလက်ထဲမှာဆုပ်ကိုင်ထားပြီး ဒီအကျဉ်းသားရဲ့ရှေ့မှာ







www.burmeseclassic.com

www.burmeseclassic.com



ရပ်နေရမယ်၊ အဲဒီအချိန်မှာ အဲဒီဓားမြှောင်ဟာ အင်းဇဝါဓား
မြှောင်အစစ်ဖြစ်ရင် အဲဒီဓားက အစွမ်းပြလာလိမ့်မယ်၊ သူဟာ
မင်းရဲ့လက်ထဲမှာ အသက်ဝင်ခုန်လှုပ်လာလိမ့်မယ်၊ ပြီးရင် မင်းရဲ့
စိတ်ထဲမှာ တိုက်ချင်ခိုက်ချင်စိတ်တွေ တစ်မုဟုတ်ချင်းဖြစ်ပေါ်လာ
ပြီး ဟောဒီရာဇဝတ်အကျဉ်းသားရဲ့ရင်ဘတ်ထဲ ဓားဦးနဲ့စိုက်ချ
လိုက်ရမယ်၊ အဲဒီလိုဖြစ်ပေါ်လာတယ်ဆိုရင် အဲဒီဓားမြှောင်ဟာ
အင်းဇဝါဓားမြှောင်အစစ်ဖြစ်တယ်ဆိုတာ သေချာပြီ ... ဒါဆိုရင်
ကျုပ်က ဓားမြှောင်အတွက် ကျန်ငွေ ရှုးပီးတစ်သိန်းကို ပေးချေ
လိုက်ရုံပဲ''

ဒေါက်တာရန်နိုင်စိုးက ခေါင်းညိတ်လိုက်ပြီးနောက် ဆီမီး
ရောင်ဖြင့် အကျဉ်းသားကို သေချာကြည့်လိုက်လေ၏။ လက်ပြန်
ကြိုးတုပ်ခံထားရသည့်အပြင် လည်ပင်း၊ ခါးနှင့် ခြေကျင်းဝတ်တို့
ကိုလည်း ကျောက်တိုင်၌ကပ်ကာ ကြိုးချည်ခံထားရသောအကျဉ်း
သား၏ခေါင်းစွပ်နက်တွင် မျက်လုံးပေါက်နှစ်ပေါက်သာ ဖောက်
ထားကြောင်း တွေ့ရလေသည်။

ခေါင်းစွပ်နက်၏ မျက်လုံးပေါက်တို့အတွင်းမှ လှုပ်ခတ်
နေသော မျက်လုံးနှစ်လုံးမှာ ... ရန်နိုင်စိုးကို မျက်တောင်တဖျပ်





ဖျပ်ခတ်ရင်း ကြည့်လျက်ရှိသည်။ မျက်လုံးပေါက်တို့မှာ သေးငယ်
လွန်းသဖြင့် မျက်ဝန်းတို့ကို ပြည့်ပြည့်ဝဝစွာမတွေ့ရဘဲ လှုပ်ခတ်နေ
သည့် မျက်ဆန်တို့ကိုသာ ရန်နိုင်စိုးတွေ့ရရာ ... ထိုမျက်ဆန်တို့
မှာ ကြောက်ရွံ့တုန်လှုပ် ထိတ်လန့်နေသလိုလို၊ တစ်စုံတစ်ရာကို
ပြောချင်သလိုလို ... တလှုပ်လှုပ်ဖြစ်နေတော့၏။

''ကဲ ... အာရန် ... ကတ္တီပါအဝတ်စကို ဖြည်လိုက်
တော့လေ''

''တစ်ခုရှိတယ် ကိုယ်တော်ကြီး ... ကျွန်တော် လူ
မသတ်ချင်ဘူး၊ ဟောဒီအကျဉ်းသားကို မလွှဲမရှောင်သာ သတ်
ဖြတ်ရမယ်ဆိုရင်လည်း သူဟာ ဘယ်လိုပြစ်မှုမျိုး ကျူးလွန်ထား
လို့ သတ်ရသလဲဆိုတာ သိလိုပါတယ်''

''ကောင်းပြီ အာရန် ... ပြောပြရတာပေါ့ ... သူဟာ
မဟာရာဇာရဲ့ ရန်သူဖြစ်တယ်၊ သူရဲ့မျိုးနွယ်တွေဟာ မဟာ
ရာဇာရဲ့နောင်တော်ကို သတ်ဖြတ်ခဲ့တယ်၊ သူ့ရဲ့မျိုးနွယ်တွေ
ကြောင့် မဟာရာဇာဟာ ဟိမဝန္တာအရှေ့ပိုင်းမှာရှိတဲ့ မွေးရာဇာ
တိဒေသကနေ လွန်ခဲ့တဲ့ငါးနှစ်လောက်က ထွက်ပြေးလာရတယ်၊
မဟာရာဇာဟာ သူ့ရဲ့ရန်သူတော်ကို ရှောင်ရှားရင်း ဒီနယ်ကို



www.burmeseclassic.com

www.burmeseclassic.com



နယ်ဖျားအရောက်မှာ မဟာမျိုးမဟာနွယ်မှန်းသိလို့ ဒီဒေသရဲ့ ဒေသခံတွေက မဟာရာဇာအဖြစ် တင်မြှောက်လိုက်ကြတာပဲ၊ မဟာရာဇာကို အားပေးချီးမြှောက်တဲ့အထဲမှာ ကျုပ်ဟာလည်း တစ်ယောက်အပါအဝင်ပေါ့၊ ကျုပ်နဲ့ မဟာရာဇာတို့ဟာ မျိုးနွယ်ချင်း မတူပေမယ့် ဘဝရည်မှန်းချက်ချင်း တူညီလို့ ပေါင်းစည်းရမိတာပါပဲ၊ ဒါကြောင့် မဟာရာဇာရဲ့ရန်သူဟာ ကျုပ်ရဲ့ရန်သူပါပဲ၊ ကဲ ... အာရုန် ... အင်းဇဝါဓားမြှောင်အစစ် ဟုတ်,မဟုတ် စမ်းကြည့်ကြစို့''

ဤတွင် အင်းဇဝါဓားမြှောင်နှင့်ပတ်သက်ပြီး ခရေစေ့တွင်းကျသိလိုသော စူးစမ်းစိတ်ဖြင့် ဤမျှခက်ခဲကြမ်းတမ်းသည့် ခရီးကို စွန့်စားလာရောက်ခဲ့သော ဒေါက်တာရန်နိုင်စိုးမှာ သူ သိလိုသောအချက်တို့ကို အစ်မေးရန် ဆုံးဖြတ်ထားသဖြင့် ...

''နေပါဦး ကိုယ်တော်ကြီးရဲ့ ... ပြောလက်စနဲ့ ပြောစမ်းပါဦး ... ဒီအင်းဇဝါဓားမြှောင်ဆိုတာ ဘယ်လိုဖြစ်ပေါ်လာတာလဲ၊ ပြီးတော့ ဘာဖြစ်လို့ ဒီဓားမြှောင်ကို ရှုပီးတစ်သိန်းခွဲ တောင်ပေးဝယ်ရတာလဲ ... အဲဒါတွေပြောပြပါဦး၊ အဲဒါတွေ သိရပြီးမှ ဒီဓားကိုစမ်းသပ်ပါရစေ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်





တော် အခုစမ်းသပ်ပြရမယ့်ကိစ္စက နှယ်နှယ်ရရမဟုတ်ဘူးနော် ... လူတစ်ယောက်ရဲ့အသက်ကို သတ်ရမှာဗျ၊ တကယ်လို့သာ ကိုယ်တော်ကြီးတို့လိုချင်နေတဲ့ အင်းဇဝါဓားမြှောင်အစစ်သာ ဖြစ်ရင် ကျွန်တော်က လူသတ်မှုကျူးလွန်ပြီးသား ဖြစ်ရတော့မှာ၊ ဒီတော့ အပြစ်ကြီးလေးလှတဲ့ လူသတ်မှုကျူးလွန်ရမယ့် ကျွန်တော့်အနေနဲ့ စောစောကပြောတဲ့အချက်တွေလောက်တော့ သိခွင့်ရှိသင့်ပါတယ်''

ဟု လှည့်ပတ်ပြောကာ အစ်မေးလိုက်ရာ လားမားကြီး ငှိုဝုန်လည်း ဦးခေါင်းကိုညိတ်ကာ ညိတ်ကာဖြင့် ...

''အေး ... ကောင်းပြီလေ ... ဒီလိုဆိုတော့လည်း ပြောပြရသေးတာပေါ့၊ ဒီလိုအာရုန်ရဲ့ ... သာသနာသက္ကရာဇ် (၂၁၈) (ဘီစီ-၃၂၆)မှာ ဘိသိက်ခံ နန်းတက်ခဲ့တဲ့ အာသောကမင်းကြီးဟာ ဂမ္ဘီရပညာနဲ့ လောကဓာတ်ပညာဆိုင်ရာ တိုးတက်ထွန်းကားစေဖို့, အင်ပါယာချဲ့ထွင်ရာမှာ အသုံးချနိုင်စေဖို့ စတဲ့ ရည်ရွယ်ချက်နဲ့ မဇ္ဈိမတိုင်းတစ်ခုလုံးမှာရှိတဲ့ ပညာရှိပုဂ္ဂိုလ်ကြီး (၉) ဦးကိုရှာဖွေပြီး ကျမ်းကြီး (၉) ကျမ်းကို လျှို့ဝှက်ပြုစုနိုင်ခဲ့တယ်ကွယ် ...၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီပညာရှင်ပုဂ္ဂိုလ်ကြီး (၉) ဦးဟာ ဟိမဝန္တာတောင်တန်းက တောင်ထွတ် (၉) ခုမှာ ဂူအောင်းပြီး သုတေသနလုပ်ရင်း သူတို့နဲ့သက်ဆိုင်ရာ အတင်္ဂပညာကျမ်းတွေကို (၁၈) နှစ်တိုင်တိုင်ပြုစုကြတယ်၊ အဲဒီတောင်ထွတ် (၉) ခုဟာ ဝေရက်တောင်မကြီးရဲ့ ပတ်ပတ်လည်မှာရှိတဲ့ တောင်ထွတ်တွေပဲဖြစ်တယ်၊ ဝေရက်တောင်ဟာ အမြင့်ပေ (၂၉၀၀၂) ပေမြင့်ပြီး ဟိမဝန္တာတောင်စဉ်တောင်တန်းတွေမှာ တောင်ထွတ်ပေါင်း (၅၀) ကျော်ရှိတယ် ...၊

ပညာရှင်ကြီး (၉) ဦးဟာ ... တစ်ဦးက ဝိမာနလို့ခေါ်တဲ့ ကောင်းကင်ယံစကြဝဠာအနှံ့ သွားနိုင်,ပျံနိုင်တဲ့ ယာဉ်ပျံအမျိုးမျိုးပြုလုပ်ခြင်းအတတ်ဆိုင်ရာ သာမရသျှတ္တရကျမ်းကို ပြုစုပြီး နောက်တစ်ဦးကတော့ ကမ္ဘာ့ဆွဲအားဓါလျှို့ဝှက်ချက်များဆိုတဲ့ ကျမ်းကိုပြုစုတယ်၊ အခြားတစ်ဦးက ရသယနလို့ခေါ်တဲ့ အသက်ရှည်ဆေးကိုဖော်စပ်ဖို့ ကြိုးစားပြီးကျမ်းပြုစုတယ်၊ ရုပ်ပြောင်းရုပ်လွှဲ အမျိုးမျိုး, သဏ္ဍာန်အသွယ်သွယ်တို့ကို ပြုလုပ်နိုင်စွမ်းရှိတဲ့ ပညာရပ်ဆိုင်ရာ ဝိကုဗ္ဗနဗေဒကျမ်း, မြေမှာရှိတဲ့အဆိပ်, လေမှာပြန့်ပွားတဲ့အဆိပ်, ရေမှာမျောလွင့်တဲ့ အဆိပ်အမျိုးမျိုးကို





ပြုလုပ်နိုင်တဲ့ အတတ်ကျမ်း, နေရောင်ခြည်ကိုစုပ်ယူလို့ လျှပ်စစ်ဓာတ်ဖြစ်ပေါ်စေပြီးမှ မိုးကြိုးမုန်တိုင်းတွေကို ကြိုက်နှစ်သက်ရာဒေသဆီ ရွှေ့ပြောင်းဖန်တီးနိုင်တဲ့ အတတ်ကျမ်း, ဒိဗ္ဗသောတလို့ခေါ်တဲ့ နတ်ကဲ့သို့ အဝေးကနေ အသံဟူသမျှကြားနိုင်စွမ်းတဲ့ ပညာ, ဒိဗ္ဗစက္ခုလို့ခေါ်တဲ့ နတ်ကဲ့သို့ အဝေးကနေ ရူပါရုံဟူသမျှ မြင်နိုင်စွမ်းတဲ့ပညာ, ပရစိတ္တဝိဇာနနလို့ခေါ်တဲ့ သူတစ်ပါးရဲ့စိတ်အကြံကို သိနိုင်စွမ်းတဲ့ပညာရပ်တို့ဆိုင်ရာ အသိဉာဏကျမ်း, ဂါထာမန္တရား, အင်းအိုင်ခါးလှည့်လက်ဖွဲ့ဆိုင်ရာ တန္တရမန္တကျမ်း, သေနတ် မီးပေါက်အမြောက် ဒုံးပျံတို့ကို တစ်ချက်ပစ်ဖောက်ရုံနဲ့ သေနင်္အချက်တစ်ရာ, တစ်ထောင်, တစ်သောင်းပွားစေနိုင်တဲ့ သေနင်္ဗျူဟာစက်ကြိုးယန္တရားဗေဒကျမ်း ...စတဲ့ အံ့မခန်းနဲ့ အဆင့်မြင့်လျှို့ဝှက်ပညာရပ်ဆိုင်ရာ ကျမ်းကြီး (၉) ကျမ်းကို ပြုစုကြရတယ် ...၊

တကယ်တော့ အာသောကမင်းကြီးဟာ မဇ္ဈိမတိုင်းတစ်ခွင်နဲ့ ကမ္ဘာအရပ်ရပ်မှာ နယ်ပယ်ချဲ့ထွင်ပြီး စစ်ပွဲဟူသမျှ အောင်နိုင်မှုရစေဖို့ အဲဒီလောကီပညာရပ်ဆိုင်ရာကျမ်းတွေကို လျှို့ဝှက်သုတေသနလုပ် ပြုစုစေခဲ့ပေမယ့် အဲဒီကျမ်းတွေကိုပြုစုလို့ပြီး၊



www.burmeseclassic.com

www.burmeseclassic.com



နီးမှာပဲ ပြိုင်ဘက် ကလိင်္ဂတိုင်းနိုင်ငံနဲ့ဖြစ်ပွားတဲ့ စစ်ပွဲကြီးမှာ အောင်မြင်မှုကြီးမားစွာရခဲ့တဲ့အခါ အဲဒီစစ်မြေပြင်မှာ သွေးချောင်းစီးနေတဲ့ နှစ်ဖက်စစ်သည်တွေ သေငယ်ဇောနဲ့မျောနေကြတာ, အသက်ငင်နေကြတာ, ခြေပြတ် လက်ပြတ် မျက်လုံးကျွတ်ထွက်နေကြတာ, နာကျင်လွန်းလို့ ငရဲပွက်သလို အော်ဟစ်ညည်းတွားလူးလိမ့်နေကြတာတွေကို တွေ့မြင်တော်မူပြီးတဲ့နောက် အာသောကမင်းကြီးဟာ သံဝေဂ ကြီးစွာရသွားခဲ့တယ်၊ သူဟာ စစ်ကို အင်မတန်မှမုန်းတီးသွားခဲ့ဘယ်၊ စစ်ပွဲဟူသမျှကို ပြင်းပြင်းထန်ထန် ဆန့်ကျင်တော့တယ်၊ ဗုဒ္ဓဘာသာဝင်အဖြစ် ကူးပြောင်းပြီး စစ်ကိုရွံမုန်းသူဖြစ်လာတယ် ...။

အဲဒီအချိန်မှာပဲ သူပြုစုခိုင်းထားတဲ့ လျှို့ဝှက်ကျမ်းကြီး (၉) ကျမ်းဟာ ပြီးစီးသွားတော့တယ် ...။

စစ်ကိုမုန်းတီးနေပြီဖြစ်တဲ့ အာသောကမင်းကြီးဟာ အဲဒီကျမ်းကြီး (၉) ကျမ်းကို အသုံးပြုလိုစိတ်မရှိတော့ဘူး၊ ဒါပေမဲ့ တကယ့်အနုစ်သာရပညာရပ်ဆိုင်ရာ တန်ဖိုးမဖြတ်နိုင်တဲ့ ကျမ်းကြီးတွေဖြစ်နေတာမို့ ဖျက်ဆီးပစ်ဖို့လည်း နှမြောစရာဖြစ်နေတယ်၊ နောက်ပြီး အဲဒီကျမ်းကြီးတွေကို ပြုစုစီရင်ကြတဲ့ ထိပ်သီး





ပညာရှင်ကြီး (၉) ဦးအနက်က (၆) ဦးဟာ အသက်အရွယ်ကြီးရင့်လွန်းပြီဖြစ်တဲ့အတွက် ကွယ်လွန်ကုန်ကြပြီဖြစ်လို့ နောင်ကို ဒီလိုကျမ်းမျိုး ထပ်စီရင်ဖို့မလွယ်တော့ဘူးပေါ့ ...။

ဒါကြောင့် အဲဒီလျှို့ဝှက်ကျမ်းကြီး (၉) ကျမ်းကို ဖျက်ဆီးမပစ်ဘဲ ကမ္ဘာမြေရဲ့အလုံခြုံဆုံးတစ်နေရာမှာရှိတဲ့ လျှို့ဝှက်စာကြည့်တိုက်မှာ ထာဝရသိမ်းဆည်းထားဖို့ ဆုံးဖြတ်ခဲ့တယ်၊ အဲဒီနေရာကတော့ သာမန်လူသားတွေရောက်ရှိဖို့ လုံးဝမလွယ်တဲ့ ရှမ်ဘဲလားပဲဖြစ်တယ်ကွယ့်''

ဤနေရာအရောက်တွင် ဒေါက်တာရန်နိုင်စိုးမှာ အံ့အားသင့်သွားပြီး ...

''ကိုယ်တော်ကြီးရဲ့ ... ရှမ်ဘဲလားဆိုတာ ကျွန်တော်ကြားဖူးပါတယ် ... ဒါပေမဲ့ အဲဒီရှမ်ဘဲလားဆိုတာ တကယ်ရောရှိရဲ့လား''

ဟု မေးခွန်းထုတ်လိုက်လေ၏။

''အေး ... ရှမ်ဘဲလားဆိုတဲ့ သီးသန့်မြင့်မြတ်လျှို့ဝှက်လှတဲ့ဒေသဟာ ဒီကမ္ဘာမြေရဲ့ တစ်နေရာမှာ တကယ်ရှိ,မရှိဆိုတာ တစ်ကမ္ဘာလုံးမှာရှိတဲ့ အသိပညာရှင်, အတတ်ပညာရှင်တွေ



www.burmeseclassic.com

www.burmeseclassic.com



အငြင်းပွားနေခဲ့တာ ရာစုနှစ်များစွာ ကြာခဲ့ပြီကွယ့် ...၊

ရှေးဟောင်းတိဗက် ကာလစက္ကရကျမ်းရဲ့ အဆိုအရ လျှို့ဝှက်ဆန်းကြယ်လှပြီး ဂမ္ဘီရဆန်တဲ့ ရှမ်ဘဲလားဟာ ကမ္ဘာမြေရဲ့တစ်နေရာမှာ တကယ်ရှိတယ်လို့ဆိုထားတယ် ...၊

တချို့ပညာရှင်တွေကတော့ ကာလစက္ကရကျမ်းစာပါ ရှမ်ဘဲလားရဲ့တည်နေရာ, အရွယ်အစားပမာဏ ... စတာတွေက သင်္ကေတသဘော ရေးဆွဲထားတာသာ ဖြစ်တယ်၊ လျှို့ဝှက်နက်နဲတဲ့ ဂမ္ဘီရအမြင်နဲ့ ရေးဆွဲသားတာသာဖြစ်တယ်၊ တကယ်တော့ ရှမ်ဘဲလားဟာ ဒေသသဘောထက်ကျော်လွန်ပြီး ကာလသမုတိသဘောကို ဆောင်တယ်လို့ ယူဆကြတယ်ကွယ့်၊ ဒါကြောင့် ရှမ်ဘဲလားဟာ တကယ်မရှိဘူး ... ဒဏ္ဍာရီပုံပြင်လာစိတ်ကူးယဉ်ဒေသသာဖြစ်တယ်လို့ ယူဆကြတယ် ...၊

ဒါပေမဲ့ ရှမ်ဘဲလားလိုပဲ ထရွိုင်ဆိုတဲ့ရှေးဟောင်း မြို့တော်ကြီးဟာ တစ်ချိန်တုန်းက ဒဏ္ဍာရီကမြို့တော်သာဖြစ်ခဲ့တယ် မဟုတ်လား၊ ဂရိစာဆိုကြီး ဟိုးမားရဲ့ အီလယဒ်ကဗျာရှည်ကြီးထဲမှာပါတဲ့ ထရွိုင်မြို့ကြီးဟာ လောကမှာတကယ်မရှိဘူး, စိတ်ကူးယဉ်မြို့သာဖြစ်တယ်လို့ ယူဆခဲ့ကြတယ်မဟုတ်လား၊ အဲ





... ၁၉ ရာစုနှောင်းပိုင်းမှာ ရှေးဟောင်းသုတေသနဆိုင်ရာ သုတေသီတို့ရဲ့ ကြိုးစားဖော်ထုတ်ချက်အရ ခေတ်သစ် တူရကီနိုင်ငံမှာ ထရွိုင်မြို့ဟောင်းကြီးရဲ့ အပျက်အစီးတွေကို တူးဖော်တွေ့ရှိလာပြီး ထရွိုင်ဆိုတဲ့ရှေးဟောင်းမြို့ကြီးဟာ အမှန်တကယ်တည်ရှိခဲ့တယ်လို့ ပညာရှင်တွေလက်ခံလာခဲ့ရတယ် မဟုတ်လား ...၊

ဒီလိုပဲ ကမ္ဘောဒီးယားနိုင်ငံက အမ်ကောဝပ်ရှေးကျောင်းတော်ကြီးဟာ ဒဏ္ဍာရီပုံပြင်တွေထဲမှာသာ ရှိနေခဲ့ရာက နောက်ပိုင်းခေတ်သစ်မှာ တကယ်ပဲ ရှာဖွေတွေ့ရှိခဲ့ရတယ်လေ၊ ဒီလိုပဲ ရှမ်ဘဲလားဆိုတာဟာလည်း စိတ်ကူးယဉ်သက်သက်မဟုတ်ဘူး ... အမှန်တကယ်ရှိနေတဲ့ဒေသသာ ဖြစ်တယ်လို့ ပညာရှင်အများအပြားက လက်ခံလာကြတယ် အာရန် ...၊

ဒါပေမဲ့ ရှမ်ဘဲလားရဲ့နေရာဒေသအမှန်ကို ပညာရှင်အများစုဟာ လုံးဝမဖော်ထုတ်နိုင်ခဲ့ကြဘူး၊ တချို့သမိုင်းပညာရှင်တွေက ရှမ်ဘဲလားဟာ အိန္ဒိယနိုင်ငံရဲ့ ပြင်ပမှာရှိတယ်လို့ ယူဆကြသလို အချို့ပညာရှင်တွေကတော့ ရှမ်ဘဲလားဟာ အိန္ဒိယနိုင်ငံ ဒါမှမဟုတ် အလယ်အာရှမှာရှိခဲ့တာလို့ ယူဆကြတယ် ...၊



www.burmeseclassic.com

www.burmeseclassic.com



တချို့ကလည်း အလယ်အာရှဒေသမှာရှိတဲ့ တောင်တန်းတွေအကြားက ရှေးဟောင်းမြို့ပြနိုင်ငံတွေ ပျက်သုဉ်းသွားရသလို ရှမ်ဘဲလားဟာလည်း ပျက်သုဉ်းပျောက်ကွယ်သွားပြီလို့ ယူဆကြတယ် ...။

ပညာရှင်တချို့ကတော့ လိုင်ရှမ်တောင်တန်းအောက်မှာ တိမ်မြုပ်ပျောက်ကွယ်သွားပြီဖြစ်တဲ့ကိုချိုတို့ရဲ့ 'ယူအိဂူဟာ' တိုင်းပြည်ဟာ ရှမ်ဘဲလားပဲဖြစ်တယ်လို့ ဆိုကြပြန်တယ် ...။

တိဗက်ဒဏ္ဍာရီတွေရဲ့အလိုအရတော့ ရှမ်ဘဲလားကို တည်ထောင်သူဟာ သာကီနွယ်ဝင်တစ်ဦး မင်းသားတစ်ပါးဖြစ်ပြီး သူ့ရဲ့အမည်က သကျရှမ်ဘာဖြစ်တယ်၊ သူဟာ ရန်သူတွေရဲ့ဘေးရန်ကို ရှောင်ရှားရင်း အိန္ဒိယနိုင်ငံအနောက်ပိုင်းကို ရောက်လာတယ်၊ အဲဒီကနေ တောင်တန်းတွေကိုဖြတ်ကျော်ပြီး အရပ်ဒေသတစ်ခုကို ရောက်သွားတယ်၊ အဲဒီလျှို့ဝှက်ရောက်ရှိသွားတဲ့ဒေသမှာ အခြေချနေထိုင်စံမြန်းခဲ့ရာက အဲဒီဒေသကို ရှမ်ဘဲလားလို့ အမည်တပ်ခဲ့တယ်လို့ဆိုတယ် ...။

အဲဒီလို ကမ္ဘာ့ပညာရှင်အသီးသီး ရာစုပေါင်းများစွာ ရှမ်ဘဲလားရဲ့တည်နေရာကို ရှာဖွေစူးစမ်းရင်း ဇဝေဇဝါဖြစ်နေပေ





မယ့် အာသောကမင်းကြီးရဲ့ သစ္စာရှိအမတ်ကြီးတစ်ဦးကတော့ ဟိမဝန္တာတောင်တန်းပေါ်မှာ ယောဂကျင့်စဉ်ကျင့်နေကြတဲ့ ဆာဒူးဖကီးကြီးတွေနဲ့ ရင်းနှီးပြီး အဆက်အသွယ်ရှိခဲ့တယ်၊ အဲဒီသူတော်စင်ဖကီးကြီးတွေဟာလည်း တိဗက်ကျောင်းတော်ကြီးတွေက လားမားကိုယ်တော်ကြီးတွေနဲ့ အဆက်အသွယ်ရှိတယ်၊ တိဗက်ဒေသက တန်ဂရီနိုရေအိုင်ကြီးအနီးမှာရှိတဲ့ ဖူးဆန်းကျောင်းတော်ကြီးက တတိယမြောက် ကျောင်းထိုင်ဆရာတော်ကြီးဟာ ရှမ်ဘဲလားဒေသရှိရာကိုသိတဲ့ အမိကရ လားမားကိုယ်တော်ကြီးတွေထဲက တစ်ဦးပဲ ...။

အဲဒီတော့ ... အဲဒီလားမားကိုယ်တော်ကြီးတွေကတစ်ဆင့် ဖကီးကြီးတချို့ဟာ လျှို့ဝှက်ဒေသရှမ်ဘဲလားရဲ့ တည်နေရာကို ခန့်မှန်းမိကြတယ်၊ တကယ်တော့ လားမားကိုယ်တော်ကြီးတွေရော, ဖကီးကြီးတွေပါ ရှမ်ဘဲလားကို မြတ်နိုးလွန်းလို့ အဲဒီဒေသရှိရာနေရာကို ရိပ်ဖမ်းသံဖမ်းတောင် ဘယ်သူ့မှဖွင့်မပြောဘဲ လျှို့ဝှက်ထားခဲ့ကြတယ် ...။

ဒါပေမဲ့ သူတို့ဟာ အမတ်ကြီးရဲ့ပြောကြားချက်က တစ်ဆင့် အာသောကမင်းကြီးရဲ့ဆန္ဒကို သိရှိသွားကြတယ်၊ အမတ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးက ...အာသောကမင်းကြီးဟာ လျှို့ဝှက်ကျမ်းကြီး (၉) ကျမ်းကို ကမ္ဘာမြေပြင်ရဲ့ အလွန်လျှို့ဝှက်ဆုံးဒေသမှာ သိမ်းဆည်းအပ်နှံထားလိုကြောင်းနဲ့ ရှမ်ဘဲလားဒေသမှာ အဲဒီကျမ်းကြီးတွေ ပါရှိတဲ့ ကျောက်ဖြူသေတ္တာကြီးကို အပ်နှံခွင့်ပြုဖို့ ဖကီးကြီးတွေကတစ်ဆင့် လားမားကိုယ်တော်ကြီးတွေကို လျှောက်ထားတောင်းပန်ခဲ့တယ် ...၊

ဖုံးဆန်းကျောင်းတော်ကြီးရဲ့ တတိယမြောက် ကျောင်းထိုင်ဆရာတော်ကြီးအပါအဝင် အဓိကရ လားမားကိုယ်တော်ကြီး (၅) ဦးဟာ အချင်းချင်းတိုင်ပင်ဆွေးနွေးခဲ့ပြီးတဲ့နောက် အာသောကမင်းကြီးရဲ့ ကျောက်သေတ္တာကြီးကို ရှမ်ဘဲလားဒေသဆီ ပို့ပေးဖို့ ဆုံးဖြတ်ခဲ့ကြတယ် ...၊

ဒါနဲ့ပဲ အမတ်ကြီးပညာဒီပဟာ လျှို့ဝှက်ကျမ်းကြီး (၉) ကျမ်းကို ဂမ္ဘီရနည်းနဲ့စီရင်ထားတဲ့ ကျောက်ဖြူသေတ္တာကြီးထဲထည့် သော့ခတ်ပိတ်ဖို့ ...လက်ကျန်ပညာရှိအဘိုးအို (၃) ဦးနဲ့ တိုင်ပင်စီစဉ်တော့တယ် ...၊

အဲဒီ လက်ကျန်ပညာရှိ အဘိုးအိုသုံးဦးအနက်က တစ်ဦးဟာ မဇ္ဈိမတိုင်းရဲ့ အရှေ့ဘက်ဒေသကလာတဲ့ ဘိုးပေါက်လို





ခေါ်တဲ့ ပုဂ္ဂိုလ်ဖြစ်ပြီး ...အဲဒီပုဂ္ဂိုလ်ကြီးဟာ ဂါထာမန္တရား၊ အင်းအိုင် ခါးလှည့် လက်ဖွဲ့ဆိုင်ရာ တန္တရမန္တကျမ်းကိုပြုစုတဲ့ ပညာရှင်ကြီးပါပဲ၊ ဒါကြောင့် အဲဒီကျောက်ဖြူသေတ္တာကြီးကို စီမံတဲ့နေရာမှာ အဲဒီတန္တရမန္တကျမ်းပြုစုတဲ့ ပုဂ္ဂိုလ်ကြီးကပဲ ...သေတ္တာရဲ့သော့ကို ဂမ္ဘီရနည်းနဲ့စီရင်ခဲ့တယ် ...၊

အဲဒီကျောက်ဖြူသေတ္တာကိုခတ်ထားတဲ့ သော့ခလောက်ကြီးကိုဖွင့်ဖို့ သော့သုံးမျိုးစီရင်ခဲ့တယ်၊ သော့တစ်ခုကတော့ ဟိမဝန္တာဆင်ရဲ့အစွယ်ကို ပွတ်လုံးထိုးပြုလုပ်ထားတဲ့ ဆံထိုးဖြစ်တယ်၊ နောက် ဒုတိယသော့ကတော့ မဟူရာကျောက်မျက်ရှင်ကို အလယ်မှာထားပြီး ငွေစင်နဲ့သွန်းလုပ်ထားတဲ့ လည်ဆွဲတံဆိပ်တော်ပဲဖြစ်တယ်၊ အဲ ...တတိယသော့ကတော့ အင်းဇဝါဓားမြှောင်ပဲပေါ့''

လားမားကြီးရှိုဝှန်၏ စကားအဆုံးတွင် ဒေါက်တာရန်နိုင်စိုးမှာ သူ၏လက်ထဲ၌ ကတ္တီပါစနှင့်ထုပ်ကာကိုင်ထားသော အင်းဇဝါဓားမြှောင်အား အံ့ဩလေးစားစွာ ငုံ့ကြည့်လိုက်မိတော့သည်။

''သော့ကိုဖွင့်တဲ့အခါ သော့ခလောက်မှာပါတဲ့ အပေါ်ဆုံးသော့ပေါက်ထဲကို ဂမ္ဘီရနည်းနဲ့စီရင်ထားတဲ့ ဆင်စွယ်ဆံထိုး



www.burmeseclassic.com

www.burmeseclassic.com



ကိုထိုးထည့်ပြီး လက်ယာရစ်တစ်ပတ် လှည့်ဖွင့်ရတယ် ...။

ဒုတိယသော့ပေါက်ကတော့ အဝိုင်းသဏ္ဌာန်ဖြစ်ပြီး အဲဒီ အဝိုင်းထဲကို မဟူရာကျောက်မျက်ရှင် လည်ဆွဲတံဆိပ်တော်ကို အံဝင်ခွင်ကျထည့်, လက်ယာရစ်တစ်ပတ်ပြည့်အောင် လှည့်ရတယ် ...။

အဲ ... တတိယသော့ပေါက်ဟာ ထောင်လိုက်အပေါက်ဖြစ်ပြီး အဲဒီသော့ပေါက်ထဲကို ဓားသွားဓားပြားတစ်ခုလုံးမှာ အင်းတွေချထားတဲ့ အင်းဇဝါဓားမြှောင်ကို တစ်ဆုံးထိုးထည့်ပြီး လက်ယာရစ်တစ်ပတ်ပြည့်အောင် လှည့်ရမှာဖြစ်တယ် ...။

အဲဒီလို သော့ချက်သုံးချက်ကိုဖွင့်မှ ကျောက်ဖြူသေတ္တာဟာပွင့်မှာဖြစ်တယ် ...။

အဲဒီလို ကျောက်ဖြူသေတ္တာကြီးနဲ့ သော့သုံးမျိုးကို စီရင်ပြီးတဲ့နောက် အာသောကမင်းကြီးရဲ့ တာဝန်ပေးစေလွှတ်တော်မူချက်အရ အမတ်ကြီးပညာဒီပဟာ ဘိုးပေါက်နဲ့အတူ ကျန်ပညာရှင်အဘိုးအိုနှစ်ဦးကိုပါ ခေါ်ပြီး ဟိမဝန္တာဆရာသခင် ဖကီးကြီးတွေရှိရာ ဟိမဝန္တာတောတောင်တွေထဲ ခုနစ်ရက်လုံးလုံး တိုးဝင်ခဲ့ကြတယ်၊ သူတို့နဲ့အတူ ကျောက်သေတ္တာထမ်းဖို့, လုံခြုံရေးစောင့်ကြပ်ဖို့ ရဲမက်တစ်ကျိပ်ကိုပါ ခေါ်သွားကြတယ် ...။





ဝေရက်တောင်အနီးက ဟိမဝန္တာဆရာသခင်တို့ရဲ့ ကျောက်ဂူတွေဆီရောက်တဲ့အခါ ဆရာသခင်တို့ကို ကျောက်သေတ္တာကြီးဖွင့်ပြရတယ်၊ ဟိမဝန္တာဆရာသခင်တို့က ကျောက်သေတ္တာထဲက လျှို့ဝှက်ကျမ်းကြီး (၉) ကျမ်းကို စစ်ဆေးကြတယ်၊

ဟိမဝန္တာဆရာသခင်ဖကီးကြီးတွေ ကျေနပ်ပြီဆိုမှ ကျောက်ဖြူသေတ္တာကို ပြန်ပိတ်သော့ခတ်ပြီး ဖကီးကြီးတွေရဲ့ လမ်းပြခေါ်ဆောင်မှုနဲ့ ဟိမဝန္တာဒေသနဲ့ တိဗက်ကုန်းပြင်မြင့်ထိ စပ်ရာအရပ်ဆီ ခုနစ်ရက်လုံးလုံး ခရီးနှင်ရပြန်တယ် ...။

အဲဒီနောက် ပေပေါင်း (၁၂၀၀၀)ကျော်မြင့်တဲ့ တိဗက်ကုန်းပြင်မြင့်ဆီရောက်တဲ့အခါ ... ဖကီးကြီးတို့ရဲ့ မနော‌ချင်းဆက်သွယ်ခေါ်ယူမှုကြောင့် အသင့်ရောက်ရှိစောင့်စားနေကြတဲ့ အဓိကရ တိဗက်လားမားကိုယ်တော်ကြီးငါးဦးနဲ့ ဆုံစည်းတော့တယ် ...။

အဲဒီမှာတင် တိဗက်လားမားကြီးတွေက ကျောက်ဖြူသေတ္တာကို လက်ခံလွှဲပြောင်းယူလိုက်တယ် ...။

ဆာဒူးဖကီးကြီးတွေဟာ ဟိမဝန္တာကိုပြန်သွားတဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com



အမတ်ကြီးပညာဒီပနဲ့ ရဲမက်တွေရယ်, ဘိုးပေါက်အပါအဝင် ပညာရှင်အဘိုးအိုသုံးဦးရယ်ဟာ ကျောက်ဖြူသေတ္တာနဲ့အတူ တိဗက်ဒေသဆီ လားမားကိုယ်တော်ကြီးတွေရဲ့ဦးဆောင်မှုနဲ့ ခရီးဆက်ခဲ့ကြတယ် ...။

နောက်ဆုံးတော့ ကမ္ဘာမြေပြင်ရဲ့ အလျှို့ဝှက်ဆုံးဒေသ ရှမ်ဘဲလားရဲ့ အဝင်ဝ ... မဟာရွှေတံခါးလို့ အမည်တွင်တဲ့ ရေခဲတောင်ကြားကို ရောက်ရှိသွားကြတော့တယ်၊ ရှမ်ဘဲလားကို ဝင်ရောက်ဖို့ဟာ မဟာရွှေတံခါးကို ဖြတ်ကျော်ရမှာဖြစ်တယ်၊ ဒါပေမဲ့ မဟာရွှေတံခါးရေခဲတောင်ကြားကို လူသာမန်တွေ ဖြတ်သန်းဖို့ မလွယ်ပါဘူး ...။

အဲဒီမဟာရွှေတံခါးကို ဖြတ်သန်းဖို့ရာ နည်းလမ်းသုံးသွယ်ရှိတယ် ... ပထမနည်းလမ်းကတော့ ရေခဲလွင်ပြင်အောက် လျှို့ဝှက်ရေစီးကြောင်းကနေ ဖြတ်သန်းသွားဖို့ပါပဲ၊ ဒါပေမဲ့ အဲဒီ လျှို့ဝှက်ရေစီးကြောင်း ဘယ်မှာရှိသလဲဆိုတာကို ဒေသခံ အဝိကရ လားမားကိုယ်တော် ငါးဦးတောင် မသိဘူး၊ အဲဒီခရီးလမ်းဟာ ရှေးနှစ်ပေါင်းများစွာက သိဒ္ဓိဆယ်ပါးထဲက ဥဒကသိဒ္ဓိလို့ ခေါ်တဲ့ ရေပေါ်မှာလမ်းလျှောက်နိုင် အိပ်စက်နိုင်တဲ့ တန်ခိုးသိဒ္ဓိ,





ပထဝီသိဒ္ဓိလို့ခေါ်တဲ့ မြေလျှိုးနိုင်, မြေကြောရှုံ့နိုင်တဲ့ တန်ခိုးသိဒ္ဓိ တွေ့ သိဒ္ဓိနှစ်ပါးနဲ့ပြည့်စုံတဲ့ ဝိဇ္ဇာဓိုရ်တွေ ဟိမဝန္တာကနေ ရှမ်ဘဲလားကိုလာရောက်တဲ့အခါ အသုံးပြုတဲ့ လျှို့ဝှက်လမ်းပဲဖြစ်တယ်၊ သာမန်လူတွေအတွက်တော့ အင်မတန်အန္တရာယ်များတဲ့ ခရီးလမ်းပဲပေါ့ ...။

မဟာရွှေတံခါးကိုဖြတ်သန်းဖို့ ဒုတိယနည်းလမ်းကတော့ အာကာသသိဒ္ဓိဆိုတဲ့ ကောင်းကင်ခရီးပျံသန်းနိုင်စွမ်းရှိတဲ့ တန်ခိုးသိဒ္ဓိနဲ့ပြည့်စုံသူတွေမှ ဖြတ်သန်းနိုင်တဲ့ နည်းလမ်းပဲဖြစ်တယ်၊ အဲဒီခရီးလမ်းကိုလည်း လူသာမန်တွေ အသုံးပြုလို့ မရပါဘူး၊ ရဟန္တာလို စျာန်ရပုဂ္ဂိုလ်တွေမှ အသုံးပြုလို့ရတဲ့နည်းလမ်းပဲ ...။

အဲ ... တတိယနည်းလမ်းကတော့ ... မဟာရွှေတံခါးရေခဲတောင်ကြားကနေ ခြေကျင်ဖြတ်သန်းဝင်ရောက်သွားတဲ့ နည်းပါပဲ၊ ဒါပေမဲ့ အဲဒီခရီးလမ်းမှာ ရေခဲထောင်ချောက်တွေဟာ ရေတွက်မရအောင်ကို ရှိနေတယ်၊ ရေခဲထောင်ချောက်ထဲ ကျသွားလို့ကတော့ ဒီကမ္ဘာမြေပေါ်ကို ဘယ်တော့မှပြန်မပေါ်လာနိုင်တော့ဘူး မှတ်ပေတော့ ... ပင့်ကူယက်သလို ဖြစ်ပေါ်နေတဲ့ ရေခဲထောင်ချောက်တွေကနေ လွတ်အောင်ဖြတ်သန်းသွားဖို့ဆို



www.burmeseclassic.com

www.burmeseclassic.com



တာ သာမန်လူတွေအဖို့ ဘယ်လိုမှမလွယ်ဘူး ...။

ဒါပေမဲ့ ... အမတ်ကြီးပညာဒီပတို့ကို ဦးဆောင်ခေါ်သွားတဲ့ အဓိကလားမားကိုယ်တော်ကြီး ငါးဦးကတော့ ရှမ်ဘဲလားကို မကြာခဏရောက်လေ့ရှိသူတွေမို့ ရေခဲထောင်ချောက်တွေကို ကောင်းကောင်းကြီးရှောင်ကွင်းသွားနိုင်ခဲ့ကြတယ် ...။

ဒီလိုနဲ့ အမတ်ကြီးပညာဒီပတို့ဟာ မဟာရွှေတံခါးရေခဲတောင်ကြားကို အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ကြတယ်၊ မဟာရွှေတံခါးကို ဖြတ်ကျော်ပြီးနောက်မှာတော့ သူတို့ဟာ ရှမ်ဘဲလားဒေသကို ရောက်ရှိသွားတော့တယ် ...။

အဲဒီရှမ်ဘဲလားဒေသကို ဦးဆောင်ကြီးကြပ်စောင့်ရှောက်နေတဲ့ ပုဂ္ဂိုလ်ကြီးကတော့ ... သူတော်စင် အဘိုးဖြူစင်ပဲဖြစ်တယ်တဲ့၊ အမတ်ကြီးပညာဒီပတို့လူစုကို လားမားကိုယ်တော်ကြီးတွေက သူတော်စင်အဘိုးဖြူစင်ရဲ့ ရှေ့မှောက်ခေါ်သွားပြီး အဘိုးဖြူစင်ကို အကျိုးအကြောင်းပြောပြတင်ပြကြတယ်။ ကျောက်ဖြူသေတ္တာကိုဖွင့်ပြီး ကျမ်း (၉) ကျမ်းကို ပြသခဲ့ကြတယ်တဲ့ ...။

အဘိုးဖြူစင်နဲ့အတူ ရှမ်ဘဲလားရဲ့အကြီးအကဲ သူတော်စင်ကြီးတွေဟာ ကျောက်ဖြူသေတ္တာကိုလက်ခံပေမယ့် သောတွေ





ကိုတော့ ပြန်ပေးကြတယ်။ ဒီလိုနဲ့ အာသောကမင်းကြီးရဲ့ ကျောက်ဖြူသေတ္တာကြီးကို ရှမ်ဘဲလားရဲ့သစ္စာမွေ့ပဋိကတ်တိုက်မှာထားရစ်ခဲ့ပြီး ရှမ်ဘဲလားကနေ အမတ်ကြီးတို့ဟာ ပြန်လည်ထွက်ခွာလာရတယ်တဲ့ ...။

ရှမ်ဘဲလားကနေ အပြန်ခရီးဟာလည်း လားမားကိုယ်တော်ကြီးတွေရဲ့ ဦးဆောင်လမ်းပြမှုကြောင့် ဘေးမသီရန်မခခဲ့ပေမယ့် မဟာရွှေတံခါးရေခဲတောင်ကြားကနေ ထွက်လာပြီးတာနဲ့ ဆီးနှင်းလွှင်ပြင်တွေ, ရေခဲတောင်တွေ, ဆီးနှင်းဦးပေါင်းဖုံးတောင်တန်းတွေဟာ တစ်ခုနဲ့တစ်ခု ခပ်ဆင်ဆင်ဖြစ်နေကြလို့ မဟာရွှေတံခါးနဲ့ရှမ်ဘဲလားဟာ ဘယ်အရပ်မှာရှိသလဲဆိုတာတောင် အမတ်ကြီးပညာဒီပတို့ဟာ မှန်းလို့မရကြတော့ဘူးတဲ့ ...။

တိဗက်ဒေသကနေ လွန်မြောက်ပြီး ဟိမဝန္တာရဲ့အစပ်အရောက်မှာတော့ လားမားကိုယ်တော်ကြီး (၅) ဦးဟာ လှည့်ပြန်သွားကြတော့တယ် ...။

ကျောက်ဖြူသေတ္တာကိုခတ်တဲ့ သော့သုံးခုကိုတော့ အမတ်ကြီးပညာဒီပဟာ ပညာရှင်အဘိုးအိုသုံးဦးရဲ့လက်ထဲ အပ်နှံခဲ့တယ်၊ ဟိမဝန္တာကိုကျော်ဖြတ်ခဲ့ကြပြီးတဲ့နောက်မှာတော့



www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုသုံးဦးဟာ အမတ်ကြီးတို့နဲ့အတူ ဆက်မလိုက်ကြတော့ဘဲ လမ်းခွဲနေရစ်ခဲ့ကြတယ် ...။

အဲဒီနောက် အဘိုးအိုပညာရှင်ကြီးသုံးဦးဟာ သူတို့ရဲ့ ဇာတိဒေသတွေဆီ အသီးသီးထွက်ခွာသွားကြရာမှာ ပညာရှင် အဘိုးအိုတစ်ဦးက မဟူရာကျောက်မျက်ရှင်တံဆိပ်ကိုယူပြီး ဆာဟာရသဲကန္တာရဘက် ဦးတည်ထွက်ခွာသွားခဲ့တယ်၊ နောက် ပညာရှင်အဘိုးအိုတစ်ဦးကတော့ ဟိမဝန္တာဆင်စွယ်ဆံထိုးနဲ့အတူ ဗြဟ္မပုတ္တရမြစ်ကမ်းခြေအနီးက ရွာလေးတစ်ရွာမှာပဲ အခြေချနေခဲ့တယ် ...။

အဘိုးပေါက်ကတော့ အင်းဇာဝါဓားမြှောင်နဲ့အတူ သူ့ရဲ့ဇာတိဖြစ်တဲ့ အရှေ့ဘက်အရပ်ဒေသဆီထွက်ခွာခဲ့တယ်၊ အဘိုးပေါက်ဦးတည်သွားတဲ့ အရှေ့ဒေသဆိုတာကတော့ မြန်မာပြည်ပဲဖြစ်တယ် အာရန်''

''ဪ ... အဘိုးပေါက်ဆိုတာ မြန်မာပြည်ကကိုး''

''ဟုတ်တယ်ကွ ... အဘိုးပေါက်ဟာ မြန်မာပြည်က သူ့ရဲ့ဇာတိ ပုပ္ပါးဆိုတဲ့အရပ်မှာအခြေချပြီး သူကြုံတွေ့ခဲ့ရသမျှကို ကြေးပုရပိုက်တစ်ခုမှာ သက္ကတဘာသာနဲ့ ရေးထိုးမှတ်တမ်းတင်





ထားခဲ့တယ်၊ နောက် သူကွယ်လွန်ခါနီးတော့ သူ့ရဲ့ဆွေမျိုးသားချင်းလည်းဖြစ်, တပည့်လည်းဖြစ်သူရဲ့လက်ထဲ ပုရပိုက်နဲ့အင်းဇာဝါဓားမြှောင်ကိုအပ်နှံခဲ့တယ်၊ အဘိုးပေါက်ရဲ့ဆွေစဉ်မျိုးဆက်တွေဟာ အင်းဇာဝါဓားမြှောင်နဲ့မှတ်တမ်းပုရပိုက်ကို အဆင့်ဆင့် လက်ဆင့်ကမ်းထိန်းသိမ်းခဲ့ကြတယ် ...။

အဘိုးပေါက်ဟာ သူကိုယ်တိုင် ဂမ္ဘီရနည်းနဲ့စီရင်ထားတဲ့ အင်းဇဝါဓားမြှောင်ကို အခြားနေရာမှာ နှောင်းလူတို့အသုံးပြုမိမှာ စိုးတဲ့အတွက် အဲဒီဓားမြှောင်ကို ဓားအိမ်ကနေ မချွတ်ရဘူးလို့ ပညတ်ခဲ့တယ်၊ ချွတ်မိရင် သွေးထွက်သံယိုတစ်ခုခုဖြစ်ပြီးမှ ဓားကို ဓားအိမ်ထဲပြန်သွင်းနိုင်ပါစေလို့ ကျိန်စာပြုထားခဲ့တယ် ...။

ဒါကြောင့် အဘိုးပေါက်ရဲ့ဆွေစဉ်မျိုးဆက်ဟာ အင်းဇဝါဓားမြှောင်ကို ဓားအိမ်ကနေ မထုတ်ရဲခဲ့ကြဘူး၊ အဲဒီလိုနဲ့ နှစ်ရာပေါင်းများစွာကြာလာခဲ့ပြီးတဲ့နောက် ကုန်းဘောင်မင်းဆက်ခေတ်ရောက်လာတဲ့အခါမှာ အဘိုးပေါက်ရဲ့နောက်ဆုံးမျိုးဆက်ဖြစ်သူ ဘိုးရွှေကူးရဲ့လက်ထက်ရောက်လာတော့တယ် ...။

ထူးခြားတာက အဘိုးပေါက်ရဲ့ မျိုးဆက်အားလုံးဟာ ဆေးဆရာမျိုးရိုးတွေချည်းပဲ၊ ဘိုးရွှေကူးဟာလည်း ဆေးဆရာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးပဲဖြစ်ပြီး အမရပူရနန်းတွင်းက ပုဂံမင်းရဲ့သမားတော်ကြီးတွေထဲမှာ တစ်ဦးအပါအဝင်ဖြစ်ခဲ့တယ် ...။

အဘိုး ဘိုးရွှေကူးဟာ လူပျိုကြီးဖြစ်တဲ့အတွက် သူ့ရဲ့အမွေအနှစ်အရိုက်အရာကို ဆက်ခံမယ့်သူ ဆွေမျိုးအရင်းအချာကလည်း မရှိတော့ သူကွယ်လွန်ခါနီးမှာ သူ့ရဲ့စည်းစိမ်ဥစ္စာမှန်သမျှ အခြားသူတွေကိုခွဲဝေပေးခဲ့တယ်၊ အဲဒီလို သူပိုင်ပစ္စည်းဥစ္စာတွေ ခွဲဝေပေးရာမှာ အင်းဇဝါဓားမြှောင်နဲ့ ကြေးပုရပိုက်ကိုတော့ သူ့ရဲ့ဘိုးဘေးဘီဘင်ကစလို့ နှစ်ရာပေါင်းများစွာ ဆွေစဉ်မျိုးဆက် ထိန်းသိမ်းခဲ့တဲ့ ရှေးဟောင်းအမွေအနှစ်ဖြစ်လို့ တော်ရုံလူကို မပေးလိုဘူး၊ ဒါကြောင့် နောက်ဆုံးမှာ အဘိုးဘိုးရွှေကူးဟာ အင်းဇဝါဓားမြှောင်နဲ့ ကြေးပုရပိုက်ကို ပုဂံမင်းထံ ဆက်သခဲ့တော့တယ်၊

ခက်တာက အဘိုးပေါက်ဟာ ကြေးပုရပိုက်မှာ ရှေးကျလှတဲ့ သက္ကတဘာသာနဲ့ ရေးထွင်းထားခဲ့တာဖြစ်လို့ သူ့ရဲ့ဆွေစဉ်မျိုးဆက်တွေဟာ ဘိုးရွှေကူးရဲ့လက်ထက်အထိ ဖတ်ရှုနိုင်ခြင်းမရှိခဲ့တော့ အင်းဇဝါဓားမြှောင်ရဲ့ရာဇဝင်ကို မသိခဲ့ကြဘူးပေါ့ ...။

ပုဂံမင်းကလည်း သူ့အဆက်သခံခဲ့တဲ့ ကြေးပုရပိုက်ကို ဖတ်ရှုဘာသာပြန်ပေးဖို့ နန်းတွင်းပညာရှင်ကြီးတွေကို စေခိုင်း





ညွှန်ကြားခဲ့ပေမယ့် ရှေးဟောင်းသက္ကတဘာသာတစ်မျိုးနဲ့ ရေးထွင်းထားခဲ့တာဖြစ်လို့ ဘယ်ပညာရှိမှ ဘာသာမပြန်နိုင်ခဲ့ကြဘူး၊ ဒါနဲ့ ပုဂံမင်းလည်းစိတ်ပျက်ပြီး အင်းဇဝါဓားမြှောင်ရော၊ ကြေးပုရပိုက်ကိုပါ ရွှေတိုက်စိုးဝန်မင်းရဲ့လက် အပ်လိုက်တယ် ...။

ရွှေတိုက်စိုးဝန်မင်းကလည်း အင်းဇဝါဓားမြှောင်ကို ဘဏ္ဍာတိုက်ထဲမှာ သိမ်းဆည်းထားလိုက်ပြီး ကြေးပုရပိုက်ကိုတော့ ပိဋကတ်တိုက်ထဲမှာ သိမ်းထားလိုက်တယ် ...။

နောက် မင်းတုံးမင်းကြီးလက်ထက်မှာ ရွှေနန်းတော်ကို မန္တလေးတောင်ခြေဆီ ရွှေ့ပြောင်းပြီးနောက် သီပေါမင်းလက်ထက်ရောက်လာတဲ့အခါမှာ အိန္ဒိယက ဆာဒူးကြီးတစ်ဦးဟာ နန်းတွင်းကို အလည်ရောက်လာခဲ့တယ်၊ သီပေါမင်းနဲ့ဆာဒူးကြီးတို့ စကားလက်ဆုံကျမိရာက ရှေးဟောင်းစာပေတွေအကြောင်း စကားစပ်မိသွားပြီး သီပေါမင်းဟာ ပိဋကတ်တိုက်ထဲက ကြေးပုရပိုက်ကို ယူလို့ ဆာဒူးကြီးကို ပြကြည့်တော်မူစေခဲ့တယ် ...။

ဆာဒူးကြီးက သူဟာ သက္ကတဘာသာကို တတ်ကျွမ်းပေမယ့် ဒီလောက်ရေးကျတဲ့ သက္ကတဘာသာကို မကျွမ်းကျင်ကြောင်း၊ ဟိမဝန္တာတောင်မှာ သီတင်းသုံးနေတဲ့ သူ့ရဲ့ဆရာ



www.burmeseclassic.com

www.burmeseclassic.com



သခင် ဖက်ီးကြီးတွေကတော့ ဘာသာပြန်ပေးနိုင်လိမ့်မယ် ထင်တယ်လို့ပြောတယ်၊ ဒါနဲ့ . . . သီပေါမင်းလည်း ဆာဒူးကြီးရဲ့လက်ထဲ ကြေးပုရပိုက်အပ်ပြီး ဆာဒူးကြီး ဟိမဝန္တာတောင်မဟာဆီ သွားတဲ့အခါ ကြေးပုရပိုက်ကိုယူသွားပါ၊ ဆရာသခင်ဖက်ီးကြီးတွေ ဘာသာပြန်ပြီးမှ မြန်မာပြည်ပြန်လာဖြစ်တဲ့အခါ ပြန်ယူလာပါလို့ မှာကြားတော်မူတယ် . . .၊

ဒါနဲ့ အဲဒီဆာဒူးကြီးဆွာမိဟာ ကြေးပုရပိုက်ကိုယူပြီး အိန္ဒိယပြန်သွားခဲ့ပေမယ့် နှစ်များစွာကြာတဲ့အထိပြန်ပေါ်မလာတော့ဘူး၊ နောက်တော့ . . . သီပေါမင်းဟာ မြင်းခင်းသဘင်မှာ ဗိုလ်စွဲခဲ့တဲ့ သူရဲကောင်းဇော်ဂျီဗိုလ်ကို အင်းဇဝါဓားမြှောင် ပေးအပ်ဆုချီးမြှင့်တော်မူလိုက်တယ် . . .၊

နောက်ပိုင်း သီပေါမင်းပါတော်မူသွားပြီးတဲ့အခါ တိုင်းရင်းသားပေါင်းစုံက အင်္ဂလိပ်အစိုးရကိုတော်လှန်ရေးစစ်ပွဲ ဆင်နွှဲတော့ ဇော်ဂျီဗိုလ်ဟာ သူ့ရဲ့လက်ရုန်းတပည့် သစ္စာခံဖြစ်တဲ့ ဗိုလ်ရွှေပိုးကိုဆုလာဘ်အဖြစ် အင်းဇဝါဓားမြှောင်ကို ပေးအပ်ချီးမြှင့်ခဲ့တယ်၊ တကယ်တော့ အင်းဇဝါဓားမြှောင်ရဲ့ နောက်ခံရာဇဝင်ကြောင်း ကြီးမားမှုကို ဇော်ဂျီဗိုလ်လည်း မသိခဲ့ဘူး . . .၊





နောက်တော့ အဲဒီမျိုးချစ်တော်လှန်ရေးသမားကြီး ဦးရွှေပိုးဟာ သူကွယ်လွန်ခါနီးမှာ အင်းဇဝါဓားမြှောင်ကို အမွေအနှစ်အဖြစ် သူ့ရဲ့မြေး နေလဆိုသူကိုပေးအပ်ခဲ့တယ် . . .၊

တစ်ချိန်မှာတော့ နေလဟာလည်း သူ့အဖေဖြစ်တဲ့ ဓားခုတ်ကျော်ရဲဆိုတဲ့ ဓားပြခေါင်းတောင်ဟောင်းကြီးနဲ့အတူ မဇ္ဈိမတိုင်းဆီရောက်လာခဲ့တယ်၊ အဲဒီအချိန်မှာ ဓားခုတ်ကျော်ရဲက သူ ဆိုးမိုက်ခဲ့သမျှ နောင်တအကြီးအကျယ်ရပြီး ဟိမဝန္တာတောတောင်ထဲဝင် ယောဂီဝတ်၊ တရားဓမ္မကျင့်ကြံနေခဲ့တယ် . . .၊

နေလဟာ သူ့အဖေနဲ့အတူ ဟိမဝန္တာတောတောင်ထဲလိုက်လာရာက ဆာဒူးကြီးဝါလမိကိနဲ့ တွေ့ဆုံခဲ့တယ်၊ နေလဟာ ဆာဒူးကြီးဝါလမိကိကို ကြည်ညိုလှတဲ့အတွက် အစွမ်းထက်လှတဲ့ အင်းဇဝါဓားမြှောင်ကို ပေးအပ်လှူဒါန်းလိုက်တယ်၊ နေလရဲ့ရည်ရွယ်ချက်ကတော့ အံ့မခန်းအစွမ်းထက်လှတဲ့ အင်းဇဝါဓားမြှောင်ကို မသမာသူတွေရဲ့လက်ထဲရောက်မှာစိုးလို့တဲ့လေ . . .၊

အင်းဇဝါဓားမြှောင်ကိုလက်ခံလိုက်တဲ့ ဆာဒူးကြီးဝါလမိကိဟာ ဗြဟ္မပုတ္တရမြစ်ကမ်းပါးမှာရှိတဲ့ ချိန်ရွာက အဘိုးအို ဒီကူးမားနဲ့ ရင်းနှီးခင်မင်ကြတယ်၊ နောက် နှစ်အတော်ကြာတော့



www.burmeseclassic.com

www.burmeseclassic.com



ဆာဒူးကြီးဝါလမိကိဟာ သူ့ရဲ့ဆရာသခင်တွေက ဟိမဝန္တာတောနက်ထဲဆီ လာပြီး ထာဝရရှုတင်ဆောင်ဖို့ခေါ်တာနဲ့ မူလသီတင်းသုံးရာ ဂူထဲမှာ သိမ်းဆည်းသိုဝှက်ထားတဲ့ အင်းဇဝါဓားမြှောင်ကို သူ့ရဲ့မိတ်ဆွေကြီး အဘိုးအိုဒီကူးမားရဲ့လက်ထဲ အပ်နှံခဲ့တယ်၊

အဘိုးကြီးဒီကူးမားကလည်း သူ့ရဲ့ချီနီရွာဆီ အင်းဇဝါဓားမြှောင်ကိုယူသွားပြီး သူ့အိမ်မှာသိမ်းဆည်းထားရာက ဒီဓားမြှောင်နဲ့ပတ်သက်ပြီး ပြဿနာတွေ အရှုပ်အထွေးတွေဖြစ်လာနိုင်တယ်လို့ အကြားအမြင်ရသူပီပီ မြင်လာခဲ့တယ်တဲ့၊ ဒါကြောင့် အင်းဇဝါဓားမြှောင်ကိုလက်ထဲမှာ ကြာကြာမထားလိုတာနဲ့ ဆင်းမလားမြို့က ပြတိုက်မှာသွားလှူလိုက်တယ် …၊

အဲဒီဆင်းမလားမြို့ပြတိုက်က ပြတိုက်မှူးကလည်း အင်းဇဝါဓားမြှောင်ကိုလက်ခံရရှိတာနဲ့ သတင်းထောက်တွေခေါ်ပြီး သတင်းပေးခဲ့တယ်၊ ဒီလိုနဲ့ ဓားမြှောင်ကို ဓာတ်ပုံတွေ ဘာတွေရိုက်၊ သတင်းစာအချို့မှာထည့်ကြရာက မဟာရာဇာကြီး အဒူရာမန်က အဲဒီသတင်းကိုဖတ်မိခဲ့တယ်၊ ကျုပ်ကိုလည်း အဲဒီသတင်းစာ ပေးဖတ်ခဲ့တယ်၊ အဲဒီမှာပဲ ကျုပ်တို့နှစ်ဦးဟာ အင်းဇဝါဓားမြှောင်ကို ရယူနိုင်မယ့်နည်းလမ်းရှာကြံခဲ့ကြတော့တာပါပဲ''





လားမားကြီးရှိဝှန် စိတ်ရှည်လက်ရှည် ရှင်းပြနေသည်မှာ အချိန်အတော်ကြာမြင့်သွားပြီဖြစ်သလို ဒေါက်တာရန်နိုင်စိုးသည်လည်း သူသိလိုသောအချက်တို့ကို အတော်သိသွားရပြီဖြစ်ပါ၏။ သို့တိုင် မရှင်းမလင်းသေးသည့်အချက်တို့ကို မေးလိုက်ပြန်သည်။

"အဲဒီ အင်းဇဝါဓားမြှောင်ကို ကိုယ်တော်ကြီးနဲ့ မဟာရာဇာက ဘာဖြစ်လို့လိုချင်ရတာလဲဗျ၊ အဲဒီဓားမြှောင်ရဲ့အစွမ်းကို ဘယ်နေရာမှာ အသုံးချချင်လို့လဲ၊ ပြီးတော့ …ကြေးပုရပိုက်ကရော ဘယ်ရောက်သွားသလဲ''

"အင်း …ပြောလက်စနဲ့ ပြောပြရသေးတာပေါ့ အာရန်၊ ဖြစ်ချင်တော့ မဟာရာဇာရဲ့လက်ထဲကို အဲဒီကြေးပုရပိုက်ဟာ လွန်ခဲ့တဲ့နှစ်အနည်းငယ်လောက်ကတည်းက ရောက်ရှိနေခဲ့တယ်ကွ …၊

ဖြစ်ပုံကတော့ …မြန်မာဘုရင် သီပေါမင်းဆီကနေကြေးပုရပိုက်ကိုရရှိခဲ့တဲ့ ဆာဒူးကြီးဆွာမိက မစ္ဆိမတိုင်းကို ပြန်ရောက်လာပြီးတဲ့နောက် သူ့ရဲ့အပေါင်းအဖော်ဆာဒူးကြီးတွေနဲ့အတူ ဂင်္ဂါမြစ်တစ်ကြောမှာ ယောဂကျင့်စဉ်တွေ ကျင့်ပြီး ပျော်



www.burmeseclassic.com

www.burmeseclassic.com



မွေ့နေခဲ့ရာက ကြေးပုရပိုက်ကို ဘာသာပြန်ဖို့ကိစ္စ မေ့သွားခဲ့ရတယ်၊ ဒီလိုနဲ့နှစ်အတော်ကြာခဲ့ပြီးနောက် သီပေါမင်း ထီးနန်းအချခံရတဲ့သတင်းကို အိန္ဒိယသတင်းစာတွေမှာ ဖတ်ရတော့မှ ကြေးပုရပိုက်ကိုသတိရပြီး ရှေးဟောင်း သက္ကတဘာသာစကား တတ်ကျွမ်းတဲ့ ဆာဒူးပညာရှိကြီးတွေကိုရှာဖွေခဲ့တယ်၊ ဒီလိုနဲ့ နှစ်အတော်ကြာသွားတဲ့အထိ ဘာသာပြန်နိုင်သူ မတွေ့ခဲ့ရဘူး၊

နောက်ဆုံးမှာ ဆာဒူးကြီးဟာ ဒီကျောက်နွားတောင်ဒေသဆီရောက်လာခဲ့ရာက မဟာရာဇာအဒူရာမန်ရဲ့ ဒီစံအိမ်တော်ကြီးမှာ တည်းခိုရင်း အဲဒီကြေးပုရပိုက်ကိစ္စကို ပြောဖြစ်ခဲ့ကြတယ် ...၊

'မဟာရာဇာ အဒူရာမန်က သူ့ရဲ့မိတ်ဆွေရင်းဖြစ်သူ ကျုပ်ဟာ ရှေးဟောင်းဘာသာစကားမျိုးစုံကိုတတ်ကျွမ်းသူဖြစ်ကြောင်း သိတာမို့ ဆာဒူးကြီးဆွာမိရဲ့ ကြေးပုရပိုက်ကို ဘာသာပြန်ဖတ်ရှုပေးဖို့ ကျုပ်ရဲ့လက်ထဲအပ်ခဲ့တယ် ...၊

အဲဒီမှာတင် ကျုပ်ဟာ ကြေးပုရပိုက်ကိုဖတ်ရှုကြည့်ပြီး အင်းဇဝါဓားမြှောင်နဲ့ပတ်သက်ဆက်နွယ်တဲ့ အကြောင်းခြင်းရာအားလုံးကိုသိရှိခဲ့တယ်၊ ဆာဒူးကြီးကိုလည်း ဘာသာပြန် ပြောပြခဲ့





တယ်၊ ဒါပေမဲ့ ဆာဒူးကြီးဟာ တရားဓမ္မနဲ့သာ မွေ့ပျော်လိုသူဖြစ်ပြီး လောကီရေးရာကိစ္စတွေ၊ လောကီဆိုင်ရာ အတတ်ပညာတွေကို စိတ်ဝင်စားသူမဟုတ်တဲ့အပြင် မူလဘာသာပြန်ခိုင်းသူ မြန်မာဘုရင်သီပေါမင်းဟာလည်း နန်းကျပြီး ဗြိတိသျှတို့ရဲ့ အကျဉ်းသားဘဝရောက်နေပြီမို့ ကြေးပုရပိုက်ဘာသာပြန်ကို သီပေါမင်းဆီ ပြန်ပြောပြစရာမလိုတော့တာနဲ့ ကြေးပုရပိုက်ကို မဟာရာဇာအဒူရာမန်ရဲ့လက်ထဲပဲအပ်ခဲ့ပြီး ဟိမဝန္တာတောနက်ဘက် ထွက်သွားခဲ့တယ် ...၊

အဲဒီလိုနဲ့ ကျုပ်နဲ့ မဟာရာဇာအဒူရာမန်ရဲ့လက်ထဲ ကြေးပုရပိုက်ရောက်ရှိနေချိန်မှာပဲ အင်းဇဝါဓားမြှောင်ရဲ့သတင်းဟာ သတင်းစာတွေထဲမှာပါလာတာဖြစ်တယ်၊ ဒီမှာတင် ကျုပ်တို့ဟာ ဆင်းမလားမြို့ပြတိုက်ထဲက အင်းဇဝါဓားမြှောင်ကို ရယူဖို့ကြံစည်ကြိုးစားခဲ့ကြတယ် ...၊

ကျုပ်ဟာ ဟိမဝန္တာတစ်ကြောနဲ့ ဗြဟ္မပုတ္တရ, ဂင်္ဂါ, ယမုံနာမြစ်တစ်လျှောက် လျှောက်သွားလေ့ရှိသူမို့ လူပေါင်းစုံနဲ့ ရင်းနှီးခဲ့တယ် ...၊

အဲဒီလို ကျုပ်နဲ့ရင်းနှီးသိကျွမ်းသူတွေအထဲမှာ ကောက်



www.burmeseclassic.com

www.burmeseclassic.com



ထွင်းဝိဇ္ဇာ ချားလစ်လည်းပါတယ်၊ ဒီမှာတင် ကျုပ်ဟာ မင်းရဲ့ ဆရာချားလစ်ကို စရန်ငွေရှုပီးငါးသောင်းပေးပြီး ဆင်းမလားမြို့ ပြတိုက်ထဲက အင်းဇဝါဓားမြှောင်ကိုဖောက်ထွင်းခိုးယူခိုင်းခဲ့တာ ဖြစ်တယ် ...၊

ဒါပေမဲ့ ဆင်းမလားပြတိုက်ဟာ လုံခြုံရေးတင်းကျပ်ပြီး ဖောက်ထွင်းဖို့မလွယ်တာမို့ ချားလစ်ဟာ အခွင့်အခါကောင်းကို လနဲ့ချီပြီးစောင့်နေရတယ်၊ ကျုပ်လည်း အခြားကိစ္စတွေ ရှိသေးတာနဲ့ သူခိုးယူရရှိတဲ့အထိ မစောင့်နိုင်ဘူး၊ ဒါကြောင့် ဒီကျောက်နွားတောင်ဆီပြန်လာပြီး အကယ်၍ အင်းဇဝါဓားမြှောင်ကိုရရင် ကျုပ်ရှိရာ ကျောက်နွားတောင်ဆီလာဖို့ မှာခဲ့တာပဲ''

''အင်း ... ကိုယ်တော်ကြီးရှင်းပြလို့ အင်းဇဝါဓားမြှောင်ကို ဆရာချားလစ် ခိုးပေးရတဲ့အကြောင်းရင်း သိပါပြီ၊ ဒါထက် တစ်ခုသိချင်သေးတယ် ... ဒီအင်းဇဝါဓားမြှောင်ကိုရရင် ကိုယ်တော်ကြီးတို့က ဘာလုပ်မှာလဲ၊ ဘယ်နေရာမှာ အသုံးချမှာလဲဗျ''

''ဟား ဟား ဟား ... ဘယ်နေရာမှာ အသုံးချရမှာလဲ ... အင်းဇဝါဓားမြှောင်နဲ့ ရှမ်ဘဲလားက သစ္စာဓမ္မပိဋကတ်တိုက်ကိုသွား၊ ကျောက်ဖြူသေတ္တာသော့ဖွင့်ပြီး လျှို့ဝှက်ကျမ်း





(၉) ကျမ်းကို ရယူမှာပေါ့ကွ ...ဟား ဟား ဟား''

''ဩော် ... ကိုယ်တော်ကြီးတို့က အဲဒီကျမ်းတွေထဲက ပညာရပ်တွေကို လိုချင်လို့ပေါ့ ...ဟုတ်လား''

''ဟုတ်ပါ့ဗျာ ...ဟုတ်ပါ့''

''အဲဒီပညာရပ်တွေရတော့ ဘာလုပ်မှာလဲ''

''ဟား ဟား ...ဘာလုပ်ရမှာလဲ ...အဲဒီထဲက ကမ္ဘာ့အမြင့်ဆုံးလောကီဆိုင်ရာ လောကဓာတ်ပညာတွေကို အသုံးပြုလို့ ကျုပ်နဲ့မဟာရာဇာတို့ဟာ ကမ္ဘာကြီးတစ်ခုလုံးကို တိုက်ခိုက်ခြိမ်းခြောက်ပြီး ကမ္ဘာကိုပူးတွဲစိုးမိုးသိမ်းပိုက်ကြမှာပေါ့ကွ ...ဟား ဟား ဟား''

မြေအောက်ခန်းကြီးထဲတွင် လားမားကြီးရှိဝှန်၏ အောက်ကလီအာရယ်သံကြီးသာ ပဲ့တင်ရိုက်ခတ်ဖြစ်ပေါ်လျက် ရှိတော့၏။

''ကိုယ်တော်ကြီးရဲ့ ...ကျောက်ဖြူသေတ္တာကိုဖွင့်ဖို့ အခြားသော့နှစ်ခု လိုသေးတယ် မဟုတ်လားဗျ''

''ဟား ဟား ဟား ... အဲဒီသော့နှစ်ခုဟာလည်း ကျုပ်တို့ရဲ့လက်ထဲမှာ အဆင်သင့်ရပြီးဖြစ်တယ် အာရန်ရဲ့''



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ... ဘယ် ... ဘယ်လိုရတာလဲ ... ကိုယ်တော်ကြီး"

"ဒီလို အာရန်ရဲ့ ... မစ္စမတိုင်းရဲ့ အနောက်စူးစူးအရပ် ဆာဟာရသဲကန္တာရဘက် ဦးတည်ထွက်ခွာသွားတဲ့ ဂျစ်ပစီပညာရှင် အဘိုးအိုဂါဂါဇီဟာ သူ့ရဲ့ဇာတိမျိုးနွယ်တူ ဂျစ်ပစီအုပ်စုနဲ့အတူ ဆာဟာရကန္တာရထဲမှာလှည့်လည်သွားရင်း မြေထဲပင်လယ်ကမ်းခြေက အီဂျစ်ပြည်ကိုရောက်ရှိသွားတော့တယ် ...၊

အဘိုးအိုဂါဂါဇီဟာ အီဂျစ်ကိုအရောက်မှာ နာမကျန်းဖြစ်ပြီး ကွယ်လွန်ခါနီးတော့ သူ့ရဲ့လည်မှာ အမြဲဆွဲထားတဲ့ မဟူရာကျောက်မျက်ရှင်တံဆိပ်လည်ဆွဲပြားကို သူ့ရဲ့အလောင်းနဲ့အတူ မြှုပ်နှံပေးဖို့မှာကြားခဲ့တာကြောင့် သူ့ရဲ့မျိုးနွယ် ဂျစ်ပစီတွေဟာ အဘိုးအိုဂါဂါဇီရဲ့အလောင်းကို နိုင်းလ်မြစ်ကမ်းပါးက ပိရမစ်တွေအနီးမှာ ဂူသွင်းသင်္ဂြိုဟ်တဲ့အခါ မဟူရာကျောက်မျက်ရှင်တံဆိပ်လည်ဆွဲပြားကိုပါ အတူမြှုပ်နှံခဲ့ကြတယ်၊ အဘိုးအိုဂါဂါဇီက အဲဒီမဟူရာကျောက်မျက်ရှင်လည်ဆွဲရဲ့ သမိုင်းကြောင်းကို ဘယ်သူ့မှမပြောမပြခဲ့လို့ သူတို့မျိုးနွယ်အစဉ်အဆက် ဘယ်သူမှ မသိကြဘူး ...၊





မဟာရာဇာနဲ့ကျုပ်တို့ဟာ ကြေးပုရပိုက်ကို လက်ဝယ်ရရှိပြီး ကျောက်ဖြူသေတ္တာရဲ့အကြောင်းခြင်းရာအားလုံးကို သိပြီးဖြစ်တာမို့ မဟူရာကျောက်မျက်ရှင်လည်ဆွဲတံဆိပ်တော်ကို ရယူနိုင်စေဖို့ ကြိုးစားခဲ့ကြတယ် ...၊

မဟာရာဇာဟာ သူ့ရဲ့လက်ရွေးစင်တပည့်ရဲမက်သုံးဦးကို ဂျစ်ပစီအသွင်ရုပ်ဖျက်ပြီး ရှေးနှစ်ပေါင်းများစွာက အဘိုးအိုဂါဂါဇီသွားခဲ့ရာလမ်းကြောင်းအတိုင်း လွှတ်လိုက်တယ်၊ အဲဒီစေတမန်သုံးဦးဟာ ဆာဟာရသဲကန္တာရကိုဖြတ်ပြီး ဂျစ်ပစီအုပ်စုတွေထဲဝင်ရော စုံစမ်းထောက်လှမ်းရာက အဘိုးအိုဂါဂါဇီရဲ့ အုတ်ဂူရှိရာနေရာနဲ့ သတင်းကိုရခဲ့တယ် ...၊

ဒါနဲ့ သူတို့ဟာ ... အီဂျစ်ပြည်ဆီလိုက်သွားပြီး အဘိုးအိုဂါဂါဇီရဲ့အုတ်ဂူကို ရှာဖွေဖောက်ထွင်းကြတယ်၊ ပြီးတော့ အရိုးစုရဲ့ရင်ဘတ်ပေါ်က မဟူရာကျောက်မျက်ရှင်တံဆိပ်တော်ကို ရယူခဲ့ကြတယ် ...၊

အဲဒီလိုနည်းနဲ့ကျုပ်တို့ဟာ မဟူရာကျောက်မျက်ရှင်တံဆိပ်တော်လည်ဆွဲပြားသော့ကို ရရှိခဲ့ကြတာဖြစ်တယ် ...၊

နောက် ... ဟိမဝန္တာဆင်စွယ်ဆံထိုးသော့တံကို ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လိုရခဲ့သလဲဆိုတော့ ဖြုဟ္မပုတ္တမြစ်နံ့ဘေးက နိုလိုရွာကလေးမှာ အခြေချနေခဲ့တဲ့ ပညာရှင်အဘိုးအိုကီရင်ဟာ အသက်အရွယ် ကြီးရင့်ပြီး ကွယ်လွန်ခါနီးမှာ သူဟာ ဗုဒ္ဓဘာသာဝင်ဖြစ်တဲ့ အတွက် ဖြုဟ္မပုတ္တရမြစ်ကမ်းနံ့ဘေးမှာတည်ရှိတဲ့ စေတီငယ် တစ်ဆူမှာ ဟိမဝန္တာဆင်စွယ်ဆံထိုးကို ဌာပနာပြုလှူဒါန်းထားခဲ့ တယ်၊ အဲဒီလို သူလှူဒါန်းဌာပနာပြုခဲ့ကြောင်းကိုလည်း စေတီ အနီးမှာ ကျောက်စာထွင်းထု စိုက်ထူထားခဲ့တယ် ...၊

ကျုပ်ဟာ ကြေးပုရပိုက်ကိုဖတ်ပြီးတဲ့နောက် ပညာရှင် အဘိုးအိုကီရင် ခေါင်းချခဲ့တယ်ဆိုတဲ့ ဖြုဟ္မပုတ္တရမြစ်ကမ်းနံ့ဘေး က ရွာကလေးဆီလိုက်သွားခဲ့တယ်၊ ဒါပေမဲ့ အဘိုးအိုကီရင်ဟာ လွန်ခဲ့တဲ့နှစ်ရာပေါင်းများစွာက ကွယ်လွန်ခဲ့တာမို့ ရွာသူရွာသား တွေထဲက သူ့အကြောင်းသိသူ တစ်ယောက်မှမရှိဘူး၊ သူ့နာမည် တောင် မကြားဖူးကြဘူး၊ အဲဒီနိုလိုရွာတောင်မှ ကျုပ်ရောက်သွား တာဟာ ရွာသစ်ဖြစ်ပြီး ရွာဟောင်းက ဟိမဝန္တာတောစပ်မှာရှိတဲ့ ဖုန်းဆိုးတောထဲရောက်နေပြီး ရွာဟောင်းကို သစ်တောတွေ ဖုံး လွှမ်းဝါးမျိုသွားပြီလို့ သိရတယ် ...၊

ဒါနဲ့ပဲ ကျုပ်ဟာ ရွာဟောင်းရှိရာ ဖုန်းဆိုးတောထဲတိုး





ဝင်ပြီး သွားရောက်လေ့လာရာက အုတ်ပုံသာသာလောက်ရှိတော့ တဲ့ စေတီဟောင်းတစ်ဆူကိုတွေ့ရပြီး အဲဒီစေတီဟောင်းအနီးက ကျိုးပျက်ပြီး မြက်တောထဲပုံလဲနေတဲ့ ကျောက်စာဟောင်းတစ်ချပ် တွေ့တာနဲ့ ဖတ်ကြည့်ခဲ့တယ်၊ အဲဒီမှာပဲ ရှေးဟောင်းသက္ကတ ဘာသာနဲ့ရေးထိုးထားတဲ့ကျောက်စာကနေ အဘိုးအိုကီရင်ဟာ ဟိမဝန္တာဆင်စွယ်ဆံထိုးသော့တံကို အဲဒီစေတီဟောင်းမှာ ဌာပနာ ပြုခဲ့ကြောင်းသိရတာနဲ့ အုတ်ပုံကို ကျုပ်ဟာတူးဆွရှာဖွေတော့ ဆင်စွယ်ဆံထိုးကိုတွေ့တော့တာပါပဲ၊ အဲဒီလိုနည်းနဲ့ ကျုပ်တို့ဟာ ဟိမဝန္တာဆင်စွယ်ရိုးသော့တံကို လက်ဝယ်ပိုင်ပိုင်ရရှိခဲ့တာပဲ အာရန် ...၊

ကဲ အာရန် ... ကျုပ်တို့ဟာ အင်းဇဝါဓားမြှောင် အပါ အဝင် ကျောက်ဖြူသေတ္တာကြီးကိုဖွင့်ဖို့လိုအပ်တဲ့ လျှို့ဝှက်သော့ တွေကို ဘာဖြစ်လို့လိုချင်သလဲ၊ ဘယ်လိုရည်ရွယ်ချက်ကြောင့် လိုချင်တာလဲဆိုတာကို သိပြီမဟုတ်လား''

''အင်း ... အဲဒါတွေတော့ သိပါပြီ၊ ဒါပေမဲ့ ... ကျောက်ဖြူသေတ္တာဖွင့်ဖို့ သော့တွေရပြီးတဲ့တိုင်အောင် ကိုယ် တော်ကြီးတို့ဟာ ရှမ်ဘဲလားရှိရာအရပ်ကို တကယ်ပဲသွားနိုင်ပြီ



www.burmeseclassic.com

www.burmeseclassic.com



မလား''

''ဒါကတော့ ကြိုးစားရမှာပေါ့ အာရန်၊ ကျုပ်ဟာလည်း တိဗက်ဒေသအတော်နှံ့အောင်ခရီးသွားဖူးသူပါ၊ လူသူအရောက် အပေါက်နည်းပြီး အင်မတန်ခေါင်တဲ့တိဗက်ရဲ့ ရေခဲတောင်တွေ၊ ဆီးနှင်းတောင်တွေအကြား သွားလာဖူးသူပါ၊ အဲဒီတော့ ... ကျုပ်ရဲ့ ဒေသန္တရဗဟုသုတ, ဆီးနှင်းတောင်, ရေခဲတောင်, ဆီးနှင်းလွင်ပြင်, ရေခဲလွင်ပြင်တွေထဲ သွားလာဖူးတဲ့ အတွေ့ အကြုံတွေရယ်, အဘိုးပေါက်ရဲ့ကြေးပုရပိုက်ထဲမှာပါတဲ့ သဲလွန်စ တွေကိုအခြေခံပြီး ရှမ်ဘဲလားကိုရောက်အောင်သွားရမှာဖြစ်သလို ရှမ်ဘဲလားကိုမရောက်ခင် မဟာရွှေတံခါးအန္တရာယ်ရေခဲတောင် ကြားလွင်ပြင်ကိုလည်း စွန့်စားဖြတ်သန်းရမှာပဲ အာရန် ...၊

ကဲ ကဲ ... အာရန် ... မင်းသိချင်တာတွေကို ငါ ပြောပြပြီးပြီ၊ ဒီတော့ မင်းအခုယူလာတဲ့ အင်းဇဝါမားမြှောင်ဟာ စစ်,မစစ်လက်တွေ့စမ်းသပ်ပေတော့၊ ကျုပ်တစ်နေရာကနေ စောင့်ကြည့်နေမယ်''

လားမားကြီးရှိဝှန်က ပြောပြောဆိုဆိုဖြင့် တစ်လှမ်းချင်း နောက်ဆုတ်သွားရာ ကျောက်တိုင်လုံးများ၏နောက်ဘက်





အမှောင်ရိပ်ထဲသို့ တိုးဝင်ပျောက်ကွယ်သွားတော့၏။

ဒေါက်တာရန်နိုင်စိုးမှာ ကတ္တီပါအဝတ်ထုပ်ကိုလက်ထဲ၌ကိုင်ရင်း ရာဇာတ်အကျဉ်းသားနှင့် နှစ်လံကျော်ခန့်အကွာတွင် ငုတ်ကြီးရပ်လျက်ရှိကာ ကျောက်သားတိုင်လုံးများရှိ ဆီမီးခွက်များမှ ထင်းရှူးဆီမီး၏အလင်းရောင်က သူနှင့် အကျဉ်းသား၏ကိုယ်ပေါ်သို့ တဖျပ်ဖျပ်ကျရောက်လျက်ရှိလေ၏။

သို့သော် ယင်းထင်းရှူးဆီမီးခွက်တို့မှာ သူတို့နှစ်ဦး၏နံဘေးပတ်လည်ရှိ ကျောက်သားတိုင်လုံးလေးလုံးမှာသာ ရှိပြီး အခြားနေရာတို့၌ ဆီမီးထွန်းထားခြင်းမရှိရာ အလင်းရောင်မှာ သူတို့နှစ်ဦး၏အနီးမှာသာ ရှိကာ မြေအောက်ခန်းမကြီး၏ အနံ့အပြားမှာမူ မည်းမှောင်လျက်ရှိတော့သည်။ ထို့ကြောင့် ယင်းမြေအောက်ခန်းကြီးမှာ အဘယ်မျှကြီးမားကျယ်ပြန့်သည်ကို မှန်းဆ၍မရပေ။

ယင်းအပြင် ... မြေအောက်ခန်းမကြီးတစ်ခုလုံးမှာ တိတ်ဆိတ်လျက်ရှိပြီး ထင်းရှူးဆီမီးခွက်တို့မှ ဆီမီးတောက်သံတဖျစ်ဖျစ်သာ ခပ်တိုးတိုးမြည်လျက်ရှိလေ၏။

သို့သော် ယင်းဆီမီးတောက်သံကြားမှ ရေစီးသံသို့လို



www.burmeseclassic.com

www.burmeseclassic.com



အသံသဲ့သဲ့ကို နားပါးလှသည့် ဒေါက်တာရန်နိုင်စိုးက ကြားနေရလေသည်။

အဆိုပါ ရေစီးသံကိုကြားရခြင်းအားဖြင့် ဤမြေအောက်ခန်းမကြီးမှာ မြေအောက်ရေစီးကြောင်းတစ်ခုခုနှင့် ဆက်နွယ်လျက်ရှိကြောင်း ဒေါက်တာရန်နိုင်စိုး ဆင်ခြင်သုံးသပ်မိလေ၏။

ဒေါက်တာရန်နိုင်စိုးသည် ငူငူကြီးရပ်ရင်း မြေအောက်ခန်းကြီးအနှံ့သို့ မျက်လုံးဝေ့ကြည့်ကာ အကဲခတ်နေစဉ် မှောင်ထဲမှ ခြေသံတစ်ခုကို ကြားရလေ၏။

ထိုခြေသံမှာ သူတို့ရှိရာသို့ ဦးတည်လာနေခဲ့သော်လည်း သူတို့နှင့်ခပ်လှမ်းလှမ်းမှာပင် ရပ်တန့်သွားပြီးနောက် အမှောင်ရိပ်ထဲမှ ဟိန္ဒူစတန်နီဘာသာဖြင့်လှမ်းအော်ပြောသံကို ကြားလိုက်ရလေ၏။

"ဘာလုပ်နေတာလဲ ... ကြာလှချည်လား"

ယင်းအချိန်မှာပင် အမှောင်ရိပ်၏တစ်နေရာမှ လားမားကြီးရှိဝှန်၏ တိဗက်ဘာသာစကားဖြင့် လှမ်းအော်ပြောလိုက်သံကိုပါ ကြားလိုက်ရလေသည်။

"အာရန် ... မင်းရဲ့ဓားမြှောင်ကိုထုတ်တော့လေ၊ ဒီမှာ





မဟာရာဇာတောင် ကြာနေလို့ စိတ်မရှည်ဖြစ်ပြီးလိုက်လာပြီ၊ ကျုပ်တို့နှစ်ယောက်ရဲ့ရှေ့မှာ ခုချက်ချင်း စမ်းသပ်မှုစပေတော့ မဟာရာဇာက သူ့ရဲ့ရှေ့မှောက်မှာ သွေးထွက်သံယိုဖြစ်တာ မြင်ချင်လှပြီ ... ဓားမြှောင်ကို ထုတ်တော့"

အော်ဟစ်တိုက်တွန်းသံများကြောင့် ဒေါက်တာရန်နိုင်စိုးမှာ ရာဇဝတ်အကျဉ်းသားကိုစိုက်ကြည့်လိုက်လေ၏။

ထင်းရှူးဆီမီးရောင်အောက်မှ တစ်ကိုယ်လုံး ဝတ်ရုံနက်ကြီး ခြုံလွှမ်းခံထားရသည့် အကျဉ်းသားမှာ ကျောက်တိုင်၌ လက်ပြန်ကြိုးအတုပ်ခံထားရာမှ ရုန်းကန်ဖို့ ကြိုးစားလျက်ရှိနေသည်။

"ဓားမြှောင်ကို ထုတ်တော့လေ၊ ဘာလုပ်နေတာလဲ၊ ကျုပ်တို့ရဲ့အမိန့်ကိုမနာခံရင် ... မင်းရဲ့အသက် ပေးရလိမ့်မယ် အာရန်၊ တကယ်တော့ မဟာရာဇာဟာ အဲဒီအကျဉ်းသားကို သူကိုယ်တိုင်သတ်ဖြတ်ချင်တာ၊ ဒါပေမဲ့ သူကိုယ်တိုင်သတ်တာထက် အသက်ဝင်လာတဲ့ အင်းဇဝါဓားမြှောင်ကိုကိုင်ပြီး သူ့ရဲ့မျက်စိရှေ့မှာတင် အခြားတစ်ယောက်ကသတ်တာ ကြည့်ချင်လို့တဲ့၊ ဟစ်ချက်ခုတ် နှစ်ချက်ပြတ်လုပ်ချင်လို့ ခုလိုစီစဉ်ရတာပဲ



www.burmeseclassic.com

www.burmeseclassic.com



အာရန် ... မဟာရာဇာက သူ့ရဲ့အလိုဆန္ဒမပြည့်ရင်တော့ မင်းရဲ့ ဇီဝိန်ကို ဦးဆုံးခြွေလိမ့်မယ်၊ သူဟာ မင်းကို ခြောက်လုံးပြူးနဲ့ ချိန်ထားပြီ ... ကဲ ... မင်းရဲ့ဓားမြှောင်ကိုထုတ်လိုက်တော့ အာရန်''

လားမားကြီးရှိဂုန်၏အော်ပြောသံ တိတ်သွားသည်နှင့် အမှောင်ထုထဲမှ သေနတ်မောင်းတင်သံကို ကြားလိုက်ရလေ၏။

''ကလစ်''

ဒေါက်တာရန်နိုင်စိုးမှာ လက်ထဲမှ ကတ္တီပါစအနီကို ဖယ်ရှားလိုက်ကာ လက်ယာဘက်လက်က အင်းဇဝါဓားမြှောင်၏ လက်ကိုင်ရိုးကိုဆုပ်ကိုင်ကာ လက်ဝဲလက်က နဝရတ်ကိုးပါး စီခြယ်ထားသည့်ဓားအိမ်ကို ဆုပ်ကိုင်လျက် လက်နှစ်ဖက်စလုံးကို ရှေ့တည့်တည့်သို့ ဆန့်တန်းထားလိုက်လေ၏။

ထို့နောက် သူသည် ဓားမြှောင်ကို ဓားအိမ်ထဲမှ ခပ်ဖြည်းဖြည်း ဆွဲထုတ်ရင်း ရှေ့တူရူရှိ ခေါင်းစွပ်နက်စွပ်အကျဉ်းသားကို စိုက်ကြည့်နေလိုက်သည်။

ခေါင်းစွပ်နက်စွပ် အကျဉ်းသား၏ သေးငယ်လှသည့် မျက်စိပေါက်နှစ်ပေါက်ထဲမှ မျက်ဆန်နှစ်ခုမှာ ပိုမိုလူပ်ခတ်လာပြီး





သူသည် ရင်ကိုကော့နိုင်သမျှကော့ကာ အစွမ်းကုန်ရုန်းကန်လျက် ရှိတော့ရာ အနက်ရောင်ဖဲဝတ်ရုံကြီးအောက်မှ လှုပ်ရှားလျက်ရှိ သော သူ၏ကိုယ်ကာယထူးခြားမှုကို သတိပြုလိုက်မိသည်တွင် ရန်နိုင်စိုး၏ခန္ဓာကိုယ်မှာ တောင့်ခနဲဖြစ်သွားရတော့၏။

အနက်ရောင်ဖဲဝတ်ရုံကြီးအောက်မှ အကျဉ်းသား၏ ရင် ဘတ်နေရာ၌ ဖောင်းဖောင်းမို့မို့တောင်ပူစာယေ်နှစ်ခုကို သူ လှစ် နဲ့ သတိပြုတွေ့မြင်လိုက်ရသည်ပဲ။

''ဟာ ... သူ ... သူဟာ မိန်းမတစ်ယောက်ပါလား''

ထူထဲသည့်အနက်ရောင် ဖဲဝတ်ရုံကြီးအောက်မှ အကျဉ်း သား၏ တွန့်လိန်ရုန်းကန်နေသောကိုယ်ကာယအား ခန္ဓာဗေဒ ပညာ (Anatomy) ကို ကောင်းစွာသင်ကြားထားသည့် ဒေါက်တာ ရန်နိုင်စိုးက ကျား၊ မ ကောင်းစွာခွဲခြားနိုင်ခဲ့ပြီဖြစ်ပါ၏။

''လက်စသတ်တော့ သူတို့က ငါ့ကို မိန်းမတစ်ယောက် သတ်ဖို့ခိုင်းထားတာပါလား''

ယင်းအချိန်မှာပင် သူ၏လက်ထဲမှာ အင်းဇဝါဓားမြှောင် မှာ ဓားအိမ်နက်ထဲမှ လွတ်လွတ်ကျွတ်ကျွတ်ထွက်သွားပြီမို့ ထင်း ရှူးဆီမီးရောင်အောက်တွင် ဓားရောင်ဖွေးဖွေးလက်လျက်ရှိချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



အင်းဇဝါခါးမြှောင်ကိုဆုပ်ကိုင်ထားသည့် သူ၏လက်ယာလက်မှာ တဆတ်ဆတ်တုန်လာကာ ခန္ဓာကိုယ်တစ်ခုလုံးရှိ သွေးကြောတို့သည်လည်း တဖျင်းဖျင်းဖြစ်လာလျက်ရှိတော့သည်။

ထိုအခိုက်မှာပင် ရန်နိုင်စိုးသည် စိတ်ကိုတင်းထားရင်းမှ ညဦးက ဆိုဖို့ကို စူးစူးရဲရဲစိုက်ကြည့်နေခဲ့သော မဟာရာဇာကြီး အဒူရာမန်၏အပြုအမူထူးခြားမှုကိုလည်းကောင်း၊ မဟာရာဇာက နားရွက်နားကပ်ကာ တိုးတိုးပြောလိုက်သည့်တွင် မျက်နှာအမူအရာပြောင်းသွားသည့် လားမားကြီးရှိုဂုန်က ဆိုဖို့အား စိုက်ကြည့်လိုက်သည်ကိုလည်းကောင်း ပြန်ပြောင်းသတိရမိလိုက်တော့၏။

"အင်း ... သူ ... သူဟာ ဆိုဖီများလားမသိဘူး၊ ဆိုဖီဆိုရင်လည်း ခုနေမှာ သူဟာ ငါ့ကိုခေါ်လိုက်ရမှာပေ့ါ၊ သူ့ပါးစပ်က ဘာဖြစ်လို့ အသံတစ်ခုခုမထွက်ပါလိမ့်၊ ကေန္တ ပါးစပ်ကို ပိတ်ဆို့ခံထားရတယ်နဲ့တူတယ်"

"ဆိုဖီ ... မင်းဟာဆိုဖီလား၊ ဆိုဖီဆိုရင် မျက်လုံးတွေကို မှိတ်ပြစမ်း"

ရန်နိုင်စိုးက အင်းဇဝါခါးမြှောင်ကို ဟန်ပါပါဝှေ့ယမ်းရင်း အကျဉ်းသား၏အနားသို့ တစ်ပေအကွာခန့်အထိ ချဉ်းကပ်





လိုက်ကာ ခပ်တိုးတိုးပြောလိုက်ရာ ခေါင်းစွပ်နက်၏မျက်စိပေါက်ကျဉ်းကျဉ်းလေးတို့အထဲမှ မျက်ခွံလေးနှစ်ခုမှာ ဖျတ်ခနဲပိတ်သွားတော့၏။

"ဟာ ... ကြည့်စမ်း ... ဒါဟာ ဆိုဖီပဲ၊ မဟာရာဇာတို့က ဘာဖြစ်လို့ ဆိုဖို့ကို သတ်ချင်ပါလိမ့် ... ငါ ... ငါဘယ်လိုလုပ်ရပါ့မလဲ"

မည်သို့ဖြစ်စေ ... သူ၏တစ်ကိုယ်ကောင်းအတွက် ဆိုဖို့ကို မသတ်ဖြတ်နိုင်ပါ။ ဤသည်မှာ သူ ဆိုဖို့ကိုသံယောဇဉ်ငြိတွယ်သလိုလိုဖြစ်နေသောကြောင့်မဟုတ်။ ဆိုဖို့နေရာတွင် အခြားအမျိုးသမီးဆိုပါကလည်း သူ မသတ်ဖြတ်နိုင်ပါ။

အမျိုးသမီးတစ်ဦးဖြစ်ပါက တကယ်ရာဇဝတ်မှုကျူးလွန်ထားသူ မဖြစ်နိုင်ပါ။ မဟာရာဇာတို့က သူ့ကိုလှည့်ဖြားသတ်ဖြတ်နိုင်းခြင်းကပင် ထိုသူမှာ ရာဇဝတ်အကျဉ်းသားအစစ်အမှန်မဟုတ်ကြောင်း ထင်ရှားပါသည်။

ထို့ကြောင့် ... သူသည် ဆိုဖို့ကို ဖြစ်သည့်နည်းဖြင့် ကယ်တင်နိုင်ရန်ဆုံးဖြတ်လိုက်၏။

ထိုစဉ်မှာပင် သူ၏သွေးတို့သည်လည်း တိုက်ချင်ခိုက်ချင်



www.burmeseclassic.com

www.burmeseclassic.com



စိတ်တို့ဖြင့် ဆူပွက်စပြုလာခဲ့ချေပြီ။

အင်းဇဝါဓားမြှောင်သည် သူ၏လက်ထဲမှရုန်းထွက်ကာ ဆိုဖီ့အားရန်ပြုဖို့တိုက်တွန်းနေသည့်အလား စိတ်ဝယ်ထင်မှတ်လာတော့၏။

သို့သော် . . . သူသည် စိတ်ကိုတင်းထားပြီး ဓားကို ဟန်ပါပါဝှေ့ယမ်းရင်း ဘယ်ခြောက်ကာ ညာလှမ်းသည့်ပုံစံဖြင့် ဆိုဖီ့ကို စက်ဝိုင်းသဏ္ဍာန် စတင်ပတ်တော့၏။

အမှောင်ရိပ်တို့ထဲမှ မဟာရာဇာနှင့် လားမားရှီဝှန်တို့က သူ၏လှုပ်ရှားမှုကိုစောင့်ကြည့်လျက်ရှိပါလိမ့်မည်။

ရန်နိုင်စိုးက ဓားမြှောင်ကို ဟန်ပြဝှေ့ယမ်းရင်း တစ်ပတ်ပြီးတစ်ပတ် ပတ်လျက်မှ သူ၏လှုပ်ရှားမှုစက်ဝိုင်းကို ချဲ့သည်ထက်ချဲ့လာခဲ့ရာ ယခုအခါ လေးဖက်လေးတန်မှ ထင်းရှူးဆီမီးခွက်တို့ ထွန်းညှိထားသည့်ကျောက်တိုင်လုံးတို့၏အနီးသို့ပင် ရောက်လာခဲ့ပြီ။

ဤတွင် ရန်နိုင်စိုးသည် အနီးဆုံးကျောက်တိုင်၏ဆီမီးခွက်အား အင်းဇဝါဓားမြှောင်ဖြင့် လျှင်မြန်ပြင်းထန်စွာ တွက်ထည့်လိုက်တော့၏။





'ဒုတ်'

'ခွမ်း'

ကျောက်တိုင်လုံး၌ အင်္ဂတေနှင့်ကပ်ကာ ပြုလုပ်ထားသော ဆီမီးခွက်မှာ ပြုတ်ထွက်လွင့်ကျကွဲကြေသွားတော့သည်။

တစ်ဆက်တည်းမှာပင် ရန်နိုင်စိုးသည် . . . အခြားကျောက်တိုက်လုံးတို့သို့ပါ လျှပ်တစ်ပြက်ဆိုသလို ခုန်သွားလျက် အင်းဇဝါဓားမြှောင်ဖြင့် ဆီမီးခွက်တို့ကို တိုက်ခိုက်ထိုးချလိုက်လေတော့၏။

'ဒုတ်'

'ခွမ်း'

'ဒုတ်'

'ခွမ်း'

မှောင်ရိပ်ထဲမှ မဟာရာဇာအဒူရာမန်နှင့် လားမားကြီးရှီဝှန်တို့မှာ ရန်နိုင်စိုး၏မမျှော်လင့်သော အပြုအမူကြောင့် ကြောင်ကြည့်နေမိကြစဉ်မှာပင် ဆီမီးခွက်အားလုံးမှာ ကွဲကြေသွားပြီး မြေအောက်ခန်းမကြီးတစ်ခုလုံးမှာ ရုတ်တရက်မှောင်အတိကျသွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... အာရန် ဘယ်လိုလုပ်လိုက်တာလဲ"

"တောက် ... ဒါ ... ဘာသဘောလဲကွ ... ပေ ... သေဖို့ပြင်ကြစမ်း"

မဟာရာဇာကြီးအဒူရာမန်မှာ ဟိန်းဟောက်ပြောဆိုရင်း ရန်နိုင်စိုးရှိရာသို့မှန်းပြီး သေနတ်ဖြင့် ဒေါသတကြီးပစ်ထည့်လိုက် တော့သည်။

BURMESE CLASSIC .com

'ဒိုင်း'

'ဒိုင်း'

"မီးထွန်းစမ်း ... မီးထွန်းစမ်း ... တောက် ... ကျုပ်ကလည်း လက်နှိပ်ဓာတ်မီး မယူလာခဲ့မိဘူး"

"ဟုတ်တယ် မဟာရာဇာ ... ကျုပ်ယူလာတဲ့ မီးတုတ်ကလည်း ငြိမ်းသွားပြီ"

"တောက် ... ဟိုကောင် အာရန် ဘယ်လိုလုပ်တာလဲ ... ကဲကွာ"

'ဒိုင်း'

'ဒိုင်း'

မဟာရာဇာမှာ ... ရှူးရှူးရှဲရှဲဖြင့် ဒေါသအပွကြီးပွကာ





မှောင်ကြီးမည်းမည်းအတွင်းဝယ် ရမ်းသန်းစွတ်ပစ်လျက် ရှိတော့ ၏။

"မဟာရာဇာ ... အရမ်းရှေ့ကိုမသွားနဲ့ ... ဟိုကောင့် လက်ထဲမှာ အင်းဇဝါဓားမြှောင်ရှိတယ်"

ထိုစဉ် သေနတ်ပစ်ခတ်သံများကြောင့် စံအိမ်တော် ဝန်ထမ်းအချို့က မီးတုတ်များကိုင်ကာ မြေအောက်ခန်းဆောင်ကြီးထဲသို့ ပြေးဆင်းလာကြတော့၏။

မီးတုတ်များ၏အလင်းရောင်ကြောင့် မြေတိုက်ခန်းဆောင်ကြီးမှာ လင်းကျင်းသွားရာ မဟာရာဇာနှင့်လားမားကြီးရှိဝန်တို့က ချုပ်နှောင်ထားသည့် ဆိုဖီနှင့် ရန်နိုင်စိုးတို့အားကြည့်လိုက်တော့၏။

"အလို ... ဟိုကောင်မလေး မရှိတော့ပါလား"

"ဟင် ... နှစ်ယောက်စလုံး ပျောက်သွားတာပါလား"

"ဟုတ်တယ် ... အာရန်က ကောင်မလေးကိုချည်ထားတဲ့ကြိုးတွေဖြတ်ပြီး ကယ်ထုတ်သွားပြီ။ ဒီကောင် ကျုပ်တို့အကြံကို ရိပ်မိသွားလို့ဖြစ်မယ်"

"ဟေ့ ... ရှာကြစမ်း ဒီမြေအောက်ခန်းဆောင်ကြီး



www.burmeseclassic.com

အနံ့ရှာကြစမ်း''

မဟာရာဇာကြီးက သေနတ်တယမ်းယမ်းနှင့် အော်ဟစ်အမိန့်ပေးလျက်ရှိရာ စံအိမ်တော်ဝန်ထမ်းတို့မှာလည်း ဓားကောက်တစ်ဖက်၊ မီးတုတ်တစ်ဖက်ကိုင်ကာ မြေအောက်ခန်းဆောင်ကြီးအနှံ့သို့ ရှာဖွေကြတော့၏။

ကျောက်တိုင်လုံးတို့ဖြင့် ထောက်မထားသော မြေအောက်ခန်းဆောင်ကြီးသည်ကား ကျယ်ပြောလှချေ၏။

မည်းမှောင်အေးစိမ့်နေသော မြေအောက်ခန်းဆောင်ကြီးမှာ မူလကပင်ရှိနှင့်သော သဘာဝကျောက်လိုဏ်ဂူကြီးဖြစ်ပြီး ယင်းကိုမွမ်းမံကာ မြေပေါ်ရှိကျောက်သားအဆောက်အအုံ စံအိမ်တော်နှင့် ဆက်စပ်တည်ဆောက်ထားခြင်းဖြစ်ပါ၏။

ယင်းမြေအောက် သဘာဝကျောက်လိုဏ်ဂူကြီးထဲသို့ မြေအောက်ရေစီးကြောင်းတစ်ခုက ဖြတ်သန်းဝင်ရောက်စီးဆင်းလျက်ရှိရာ အေးစိမ့်လျက် ရေခဲငွေ့ထောင်းထောင်းထကာ ရေခဲစီးကြောင်း ကွေ့ဝိုက်သွားရာတစ်လျှောက် ကျောက်လိုဏ်လမ်းက ကွေ့ဝိုက်ဖြစ်တည်နေပါ၏။

''ဟာ ...ဒီမှာ ကနူးလှေတစ်စင်း မရှိတော့ဘူး





သခင်''

စံအိမ်တော်ဝန်ထမ်းတို့၏ အော်ဟစ်သတင်းပို့မှုကြောင့် မဟာရာဇာကြီးအဒူရာမန်နှင့် လားမားကြီးရှိဝှန်တို့ မီးတုတ်ကိုယ်စီကိုင်ကာ ပြေးလွှားရောက်ရှိလာတော့၏။

''တောက် ... သင်းတို့က ငါ့လှေတစ်စင်းကို ဖြုတ်ခိုးပြီး ရေစီးကြောင်းထဲ မျှောလိုက်သွားတာကိုး''

''ဟော့ ... လှေတွေပေါ်တက်ပြီးလိုက်ကြစမ်း ... လိုက်ကြစမ်း ...မိတဲ့နေရာ၊ တွေ့တဲ့နေရာမှာ နှစ်ယောက်စလုံး အသေသတ်ပစ်ကြစမ်း''

မဟာရာဇာကြီး အဒူရာမန်က ဒေါသကြီးစွာဖြင့် အော်ဟစ်အမိန့်ပေးတော့ရာ စံအိမ်တော်ဝန်ထမ်းတပည့်တို့မှာလည်း ရှိသည့်လှေအသီးသီးပေါ်တက်ကာ လှေကြိုးတို့ကိုဖြုတ်ပြီး တသွင်သွင်စီးဆင်းလျက်ရှိသော ရေစီးကြောင်းအတိုင်း လျင်မြန်သောအဟုန်ဖြင့် အချိုးအကွေ့တို့ကို ချိုးကွေ့ရင်း မျှောပါသွားကြရာ မဟာရာဇာကြီးတို့၏ မြင်ကွင်းအတွင်းမှ လှေတစ်စင်းပြီးတစ်စင်း ပျောက်ကွယ်သွားတော့၏။

''ကဲ ... လားမားကြီး ... ကျုပ်တို့လည်း ဟိုသော



www.burmeseclassic.com

www.burmeseclassic.com



ချောင်းရော, ရိက္ခာလက်နက်တွေပါ အပြည့်အစုံယူပြီး သင်းတို့နောက် လိုက်ရအောင် . . . လာ . . . ကျုပ်တို့စံအိမ်ပေါ်ပြန်တက်ကြမယ်၊ ပြီးမှ လိုက်သွားကြမယ်''

''ကောင်းပြီ မဟာရာဇာ''

□□□□□

BURMESE CLASSIC .com

## သောင်ပြေးရှင်ပြေး

ရေပြင်ပေါ် ပေါလောပေါ်နေသော ရေခဲတုံးများ၊ ရေခဲပြင်အစိုင်အခဲအကျိုးအပဲ့များနှင့်အတူ အငွေ့ထောင်းထောင်းထနေသည့် အေးစက်စက်ရေအလျဉ်က တစ်ဟုန်ထိုး စီးဆင်းလျက်ရှိရာ ဒေါက်တာရန်နိုင်စိုးနှင့် ဆိုဖီတို့ လိုက်ပါလာသည့် သစ်လုံးထွင်းကနူးလှေကလေးမှာ ဦးစိုက်လိုက်၊ ပဲ့ထောင်လိုက်ဖြင့် လူးလိမ့်မျောပါနေတော့၏။

''နံ့ဘေးကသံကွင်းကို ခိုင်ခိုင်ကိုင်ထား ဆိုဖီ၊ တို့ ပဲ့ကိုနိုင်အောင်ထိန်းမယ်''

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ရေအလျဉ်က ပြင်းထန်လွန်းသဖြင့် သစ်လုံးထွင်းလှေကလေးမှာ ကျဉ်းမြောင်းသည့် ရေကြောင်းနံဘေးမှ ကျောက်တုံးအစွန်းများ၊ ရေခဲငုတ်များကို ဝင်ဝင်ဆောင့်လျက်ရှိရာ လှေကလေး ကွဲထွက်မသွားအောင် သစ်သားလှော်တက်နှင့် ရန်နိုင်စိုးမနည်းထိန်းနေရလေသည်။

ရေခဲရေစီးကြောင်းမှာ မြေအောက်ရေစီးကြောင်း ဖြစ်သော်လည်း ကျားမီးအိမ်၏အလင်းရောင်က ရေပြင်ပေါ်မှ ရေခဲတုံးများ၊ ကျောက်သားဂူလိုဏ်နံရံတို့မှ ရေခဲချပ်များ၊ ရေခဲငုတ်များကို အလင်းဟပ်လျက်ရှိရာ မှောင်အတိကျမနေဘဲ တိုးတိုက်မိမည့်အန္တရာယ်တို့ကို ကောင်းစွာမြင်ရသဖြင့် ရန်နိုင်စိုးက လှေပဲ့ကိုထိန်းကာ ကြိုးစားရှောင်နိုင်လေ၏။

'ဝေါ ဝေါ ဝေါ'

"သူ ... သူတို့ နောက်က လိုက်လာနိုင်သလား ကိုရန်နိုင်စိုး"

တဝေါဝေါ မြည်ဟည်းနေသည့် ရေစီးသံတို့အကြားမှ ဆိုဖီ၏ စိုးရိမ်တကြီးအော်ဟစ်မေးမြန်းသံလေးက ထွက်ပေါ်လာသည်။





"လိုက်လာမှာ သေချာတယ် ဆိုဖီ ... သစ်လုံးထွင်းကန္နူးလှေတွေ သုံးလေးစီးတောင် ကျန်ခဲ့တာပဲ၊ သူတို့လိုက်လာလိမ့်မယ်၊ ဒီလှေပေါ်မှာ လက်နက်တွေပါသလား မသိဘူး၊ လှေနံရံက သံကွင်းကို လက်တစ်ဖက်နဲ့မြဲမြဲကိုင်ပြီး နောက်လက်တစ်ဖက်နဲ့ လှေထဲမှာ လျှောက်စမ်းကြည့်စမ်း ဆိုဖီ"

ဆိုဖီက မှောင်မည်းထဲမှာပင် လှေဝမ်းအနှံ့ လက်ဖြင့် လျှောက်စမ်းသည်။ စမ်းရင်း သံသေတ္တာပြားလိုလို တွေ့သဖြင့် ကြိုးစားဖွင့်သည်။

သို့သော် လှေဝမ်းနှင့် အသေတွယ်ကပ်ထားသည့် သံသေတ္တာပြားမှာ သော့ခတ်ထားသဖြင့် ဖွင့်၍မရချေ။

"ဒီမှာ သေတ္တာတစ်လုံးတော့ တွေ့တယ် ... ဖွင့်လို့မရဘူး"

နာရီအတော်ကြာ မျောပါပြီးနောက် ရေစီးကြောင်းစီးမျောနေသည့် လှိုဏ်ခေါင်းကြီးမှာ ပိုမိုကျယ်ပြန့်ကြီးမားလာပြီး ရေစီးအဟုန်က ပိုမြန်လာသလို အလင်းရောင်ပိုရလာသဖြင့် ရန်နိုင်စိုးက ရှေ့သို့မျှော်ကြည့်လိုက်ရာ လွန်စွာ အံ့အားသင့်သွားရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ရေထဲမှာ မီးတောက်တစ်ခုပါလား"

ရှေ့ဝါးသုံးလေးပြန်ခန့်တွင် ရေပြင်ပေါ်၌ မီးဖိုတစ်ဖို ဖိုထားသလို မီးညွန့်မီးစွယ်များ ရေအောက်ထဲမှ ထိုးထွက်တောက်လောင်လျက်ရှိသည်ကို အံ့သြဖွယ် တွေ့ရလေသည်။

"အို . . . ဟုတ်ပါရဲ့"

ဝါးလုံးထိုး စီးဆင်းလျက်ရှိသော ရေအလျဉ်ကြောင့် မီးတောက်ကြီးနှင့် နီးသည်ထက်နီးလာရာ ယင်းမီးတောက်ကြီးမှာ ရေအောက်မှပန်းထွက်ကာ တဟဲဟဲတောက်လောင်နေခြင်းဖြစ်ကြောင်း ပီပြင်စွာ တွေ့ရတော့၏။

မီးတောက်၏အလင်းရောင်က ဝါးတစ်ပြန်ခန့် မြင့်သည့် လှိုဏ်ခေါင်းကြီး၏ အမိုးမျက်နှာကြက်၊ လှိုဏ်နံရံများနှင့် ရေမျက်နှာပြင်တို့အပေါ် အလင်းဟပ်လျက်ရှိသလို မီးတောက်ကြီးအနီးမှ ရေပြင်မှာလည်း ပွက်ပွက်ဆူလျက်ရှိတော့၏။

"အို . . . ကိုရန်နိုင်စိုး . . . ဆိုဖီတို့လှေက မီးတောက်ကြီးဆီ ဦးတည်သွားနေပြီ . . . လုပ်ပါဦး"

ဆိုဖီ စူးစူးဝါးဝါးအော်လိုက်စဉ်မှာပင် သစ်လုံးထွင်းလှေကလေးမှာ မီးတောက်ကြီးဆီသို့ တစ်ဟုန်ထိုး ဦးတည်ပြေး

**ခု နှစ် စဉ် ကြယ် စာ ပေ**



သွားနေတော့သည်။

သို့သော် ရန်နိုင်စိုးက လှေနံရံကိုခြေစုံကန်ရင်း လှော်တက်ကို ကျုံးခတ်လိုက်ရာ လှေဦးမှာ ယမ်းထွက်သွားပြီး လည်းဘီးပိုင်းခန့်ရှိသည့် မီးတောက်ကြီးနှင့် နှစ်လံခန့်အကွာမှ ဖြတ်သန်းသွားတော့၏။

သို့တိုင် မီးအပူရှိန်က ရန်နိုင်စိုးတို့ကို ဟုန်းခနဲ ဟပ်လိုက်သေးသည်။

"အမယ်လေး တော်ပါသေးရဲ့ . . . အနားက ဖြတ်သွားရတာတောင် ပူလိုက်တာ၊ အဲဒီမီးပုံးကြီးထဲသာ လှေဝင်သွားလို့ကတော့ မလွယ်ဘူး"

ဆိုဖီက ပခုံးတွန့်ကာ အသည်းယားသလို ပြောလိုက်လေ၏။ ရန်နိုင်စိုးက လှေပဲ့ထိန်းရင်း နောက်မှာကျန်ရစ်ခဲ့သည့် မီးပုံကြီးကို လှည့်ကြည့်လိုက်သည်။

"မြေအောက်ထဲက မီးတောင် အဆက်မပြတ်ပေါက်ကွဲပြီး မီးညွန့်မီးစွယ်တွေက ရေလွှာကို ဖြတ်သန်းထွက်ပေါ်နေတာပဲ ဆိုဖီ၊ ရခိုင်ဘက်က နဂါးပွက်အိုင်တွေက မီးတွေ ပန်းထွက်သလိုပေါ့ . . . ရခိုင်မှာတော့ နဂါးမီးတောက်တယ်လို့ ခေါ်ကြ

**ခု နှစ် စဉ် ကြယ် စာ ပေ**

www.burmeseclassic.com

www.burmeseclassic.com



တယ်''

ထိုစဉ် ဆိုဖီက နောက်သို့ လည့်ပြန်လှည့်ကြည့်လိုက်ရာ သစ်လုံးတွင်းလှေတစ်စင်း ယင်းမီးတောက်ကြီးဆီသို့ ဦးတည်လာနေသည်ကို တွေ့လိုက်ရလေ၏။

''အို ... ဘုရားရေ ... ဟိုမှာ သူတို့လိုက်လာကြပြီ''

မဟာရာဇာ၏လူများ လိုက်လာသည်ကို မီးညွန့်မီးစွယ်တို့၏ အလင်းရောင်ကြောင့် မြင်နေရသည်။

ထိုသစ်လုံးတွင်းကနူးလှေကလေးမှ လူသုံးလေးဦးကို သယ်ဆောင်ရင်း မီးတောက်ကြီးဆီသို့ ဦးတည်လာ ဝါးလုံးထိုးမျောပါလာသည့်မှာ မုန်ယိုဆင်ဟိုင်းတစ်ကောင် ကဆုန်ချပြေးလာသည်သို့

သို့သော် ယင်းလှေကလေးမှာ ပဲ့ကိုင်လော်ခတ်သူတို့၏ ကျွမ်းကျင်မှုကြောင့် မီးပုံအနီးရောက်မှ လှေဦးမှာ ယမ်းထွက်သွားကာ မီးညွှန့်မီးစွယ်တို့နှင့် သီသီလေး လွတ်သွားတော့၏။

''ဟော ... သူတို့ မီးတောက်ကြီးနဲ့ လွတ်လာပြီ''

ထိုစဉ် ရှေ့ဦး လှိုဏ်ခေါင်းကြီးက တစ်ဆစ်ချိုး ချိုးကွေ့သွားရာ ဆိုဖီတို့၏လှေကလေးမှာလည်း အလူးလူးအလဲလဲဖြင့်





ရေစီးအတိုင်း မျောပါသွားရာမှ ကျောက်နံရံတစ်ဖက်နှင့် အဟုန်ပြင်းစွာ ပြေးဆောင့်မလိုဖြစ်သည်တွင် ရန်နိုင်စိုး၏ လှေပဲ့ကိုင်ကျွမ်းကျင်မှုကြောင့် လှေပဲ့ယမ်းသွားသည့်တိုင် ကျောက်နံရံနှင့် မရိုက်မိချေ။

ထိုစဉ် လှိုဏ်ခေါင်းကြီးက ပိုကျယ်သွားသလို ရေပြင်ကလည်း အတော်ကျယ်ပြောသွားပြီး ရှေ့ဆီဝယ် ရေမျက်နှာပြင်ပေါ်သို့ ထိုးထွက်တောက်လောင်လျက်ရှိသော မီးတောက်လေးငါးခုမက တွေ့ရတော့သည်။

''ဟယ် ... ရှေ့မှာလည်း မီးတောက်တွေပါလား''

''ဟုတ်တယ် ဆိုဖီ ... နောက်မှာလည်း ဟိုကောင်တွေလိုက်လာပြီ ... သတိသာထားပေတော့''

''အို ... ဟုတ်ပါရဲ့ ဆိုဖီတို့နောက်မှာ လှေတစ်စင်းမကပါလား ... သုံးလေးစင်းတောင်ပဲ ကိုရန်နိုင်စိုး''

ထိုစဉ် ရှေ့ဆုံးလှေမှ လေးသမားတို့ အဆိပ်လူးမြားတို့ဖြင့် လှမ်းပစ်တော့သည်။

'ဝှစ်'

'ဗိုး'



www.burmeseclassic.com

www.burmeseclassic.com



'စွပ်'

'ဒေါင်'

'ချွင်'

''အို ...မြားဟွေနဲ့ လုမ်းပစ်နေပြီ''

''လှေဝမ်းထဲမှာ ဝပ်နေ ဆိုဖီ''

အဆိပ်လူးမြားအချို့က သူတို့လှေအနီးမှ ရေပြင်ထဲ စိုက်ဝင်သွားသလို အချို့က ရေစီးကြောင်းနံဘေးမှ ကျောက်နံရံ များ၊ ရေခဲငုတ်များကို သွားမှန်သည်။

''အို ...မီး ...မီးတောက်တွေနဲ့ နီးလာပြီ ကိုရန်နိုင် စိုး''

ဆိုဖီ၏ အော်ဟစ်သတိပေးသံလေး မဆုံးမီမှာပင် သူတို့ ၏ သစ်လုံးထွင်းလှေကလေးမှာ မီးတောက်များဆီသို့ ပြေးဝင် သွားလေပြီ။

ရန်နိုင်စိုးမှာ လှော်တက်ကို အားကုန်ခတ်ရင်း မီး တောက်များနှင့် တည့်တည့်ဝင်မတိုးစေရန် အသေအလဲ ကြိုးစာ တော့ရာ လှေဦးမှာ သူလိုရာသို့ ဦးတည်ယမ်းသွားလျက် ရှေ့ဆုံ မီးတောက်နှင့် လွတ်သွားပြီးနောက် မီးတောက်နှစ်ခုအကြားမှ





တစ်ဟုန်ထိုး ဖြတ်ထွက်သွားတော့၏။

သို့သော် ရှေ့၌လည်း မီးတောက်သုံးလေးခုက ဖိုခုံ ပုလောက်ဆိုင် ရှိနေပြန်ရာ ရန်နိုင်စိုးမှာ လှေတက်ကို ဝဲဘက်မှ လှော်ခတ်လိုက်၊ ညာဘက်မှ လှော်ခတ်လိုက်ဖြင့် ဇယ်ဆက် သလို ကျုံးခတ်ရင်း မြွေလိမ်မြွေကောက်ကွေ့ရှောင်ကာ မီး တောက်တို့အကြားမှ ဖြတ်သန်းရတော့သည်။

သူတို့လှေနောက်မှ လိုက်လာသည့် လှေတစ်စင်းမှာမူ မီးတောက်များကို လွတ်အောင်ရှောင်နိုင်ရန် ကြိုးစားသော်လည်း နှစ်ယောက်စီး သစ်လုံးထွင်းလှေကလေးကို လေးယောက်စီးထား သဖြင့် လှေမှာ လေးလံလျက်ရှိရာ ဆိုဖီတို့လှေကဲ့သို့ ပေါ့ပါးဖျတ် လတ်စွာ မထိန်းနိုင်၊ မချိုးကွေ့ မရှောင်တိမ်းနိုင်ဘဲ ရှေးဦးစွာ တွေ့သည့် မီးတောက်ကြီးကို လွတ်ရုံလေးရှောင်လိုက်နိုင်သည့် ကိုင် နောက်မီးတောက်ထဲသို့မူ လှေတစ်စင်းလုံး တန်းတန်း မတ်မတ် ဝင်သွားတော့၏။

''အားလားလား ...ပူလိုက်တာ''

''အားယိုးယိုး ...သေပါပြီ''

လှေပေါ် ပါသွားသူများမှာ ငယ်သံပါအောင် အော်ည်း



www.burmeseclassic.com

www.burmeseclassic.com



နိုက်စွာအော်ရင်း လှေက မီးတောက်ကြီးထဲမှ ထိုးထွက်လွတ်လာ သည်တွင် သစ်လုံးလှေလေးရော ထိုသူတို့ပါ တစ်ကိုယ်လုံး မီးဟုန်းဟုန်းစွဲလောင်လျက်ရှိသည်ကို အံ့ဩထိတ်လန့်ဖွယ် တွေ့ ရတော့သည်။

ထိုစဉ် နောက်လှေတစ်စင်းမှာလည်း မီးတောက်တို့ကို မရှောင်နိုင်ဘဲ တည့်တည့်ဝင်တိုးတော့ရာ ငရဲပွက်သလို စီစီညံ သည့် အော်ဟစ်သံများ ထွက်ပေါ်လာတော့၏။

''အား ... ကယ်ကြပါဦး''

''အလိုလေး ပူလိုက်တာ''

ထို့နောက် တစ်ကိုယ်လုံး မီးစွဲလောင်လျက်ရှိသူတို့မှာ ပွက်ပွက်ဆူနေသည့် ရေပြင်ထဲ သွေးရူးသွေးတန်းဖြင့် ခုန်ချကြ တော့၏။

ထိုသို့ နောက်မှ တရမန်းကြမ်း လိုက်ပါလာသူတို့မှာ နဂါးမီးတောက်တို့၏ ဝါးမျိုခြင်းခံနေရစဉ် ရန်နိုင်စိုးတို့၏လှေက လေးမှာ ကျောက်သားလိုဏ်ကြီး၏ အချိုးအကွေ့အတိုင်း လူ လိမ့်မျောပါသွားတော့သည်။

သည်တစ်ခါတော့မှ လှေနံရံမှာ ကျောက်သားနံရံနှင့်





ပွန်းခနဲ ပစ်တိုက်လိုက်ရာ ရန်နိုင်စိုးရော ဆိုဖီပါ လှေပေါ်မှ လွင့်ကျလုခမန်းဖြစ်သွားတော့၏။

သို့သော် လွန်စွာ သတိရှိကြသော ရန်နိုင်စိုးနှင့် ဆိုဖီမှာ လှေနံရံမှ သံကွင်းတို့ကို အတင်းဆုပ်ကိုင်ထားရာ လှေပေါ်မှ မကျသွားဘဲ လှေနံရံနှင့်ခန္ဓာကိုယ်တို့သာ ပစ်ဆောင့်ကုန်တော့ သည်။

ရန်နိုင်စိုးမှာ သူတို့၏အသက်ဖြစ်သော သစ်သားလှော် တက်ကို အသေဆုပ်ကိုင်ထားနိုင်သဖြင့် လူးသွားသည့်လှေကို ချက်ချင်းပြန်ထိန်းပြီး ရှေ့မှ ရေခဲငုတ်တစ်ခုနှင့် ဝင်မဆောင့် အောင် လှော်ခတ်ရှောင်လိုက်နိုင်တော့၏။

''အို ... ဘုရားရေ ... ရှေ့မှာ ရောမ မီးတောက်ကြီး ပါလား''

ဟုတ်ပါသည်။ ရှေ့ဝါးနှစ်ရိုက်ခန့်အကွာတွင် မီးမှိုပွင့် ကြီးကဲ့သို့ ဧရိယာကျယ်ပြန့်စွာ မီးညွှန့်မီးစွယ်တို့မှာ ရေပြင်ကို ဖောက်ထွက်ကာ တဟဲဟဲဖြင့် တောက်လောင်ပန်းထွက်လို့ပါ လား။

''ဒီတစ်ခါပေ့ါ သွားပြီထင်တယ် ကိုရန်နိုင်စိုး''



www.burmeseclassic.com

www.burmeseclassic.com



"အို ... ယောက်ျားတို့ဖွဲ့ သေခါမှလျှော့မယ် ဆိုဗီ ... ဒီမီးတောက်ကြီးကိုလည်း မလွတ်လွတ်အောင် ရှောင်မယ်"

ရောမမီးတောက်မှိုပွင့်ကြီးသည်ကား ရန်နိုင်စိုးတို့၏ လှေကလေးကို ဝါးမျိုရန် တဟဲဟဲမြည်သံပေးရင်း မီးညွန့်မီးစွယ်တို့ကို ပန်းထုတ်ကာ ငံ့လင့်လျက် ရှိချေပြီ။

"လာလေ့ ... ယောက်ျားဘသား"

ရန်နိုင်စိုးက အားမာန်အပြည့်ဖြင့် ကြိုးဝါးလိုက်ရင်း လှော်တက်ကို လက်မောင်းပြုတ်ထွက်မတတ် အဆက်မပြတ် ကြိုးစားခတ်တော့ရာ လှေကလေးမှာ မီးမှိုပွင့်ကြီးဆီသို့ ဦးတည်ကာ အဟုန်ပြင်းစွာ ပြေးလွှားလာရာမှ ...

အနီးသို့ရောက်လေ မီးမှိုပွင့်ကြီး၏နံဘေးဘက်သို့ ရောက်လေဖြစ်ကာ နောက်ဆုံး မီးမှိုပွင့်ကြီး၏နံဘေး တစ်လုံ အကွာခန့်မှ သီသီလေးဖြတ်သန်းသွားရာ လွန်စွာပူလောင်ပြင်းပြ သည့် မီးအရှိန်ဟပ်လိုက်သဖြင့် ရန်နိုင်စိုးမှာ လက်ထဲမှ လှော်တက်ကိုဆုပ်ကိုင်ရင်း လှေဝမ်းထဲသို့ ဟပ်ထိုးပစ်လဲကျကာ သတိလစ်သွားတော့၏။

"အို ... ကိုရန်နိုင်စိုး"





သစ်လုံးထွင်းလှေကလေးမှာမူ ရေအလျဉ်အတိုင်း တစ်ဟုန်ထိုး ဆက်လက်မျောပါလျက် ရှိပါတော့သတည်း။

□□□



www.burmeseclassic.com

www.burmeseclassic.com

ရန်နိုင်စိုးမှာ မည်မျှကြာအောင် သတိလစ်သွားသည် မသိ . . . သူသတိရလာတော့ ဝန်းကျင်တစ်ခုလုံး လင်းကျင်း လျက်ရှိသည်ကို တွေ့ရတော့၏။

နေရောင်ခြည်ပင် ပက်လက်ဖြစ်နေသော သူ့မျက်နှာ ပေါ်သို့ ထိုးကျလျက်ရှိရာ မျက်စိကျိန်းသွားသဖြင့် မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်ပြုရင်း နေရောင်အား လက်မောင်းတစ်ဖက်ဖြင့် ကာလိုက်လျက် ဝန်းကျင်ကို မျက်စိဝေ့ကြည့်လိုက်သည်။

လှေကလေးမှာ ညကကဲ့သို့ ရေစီးကြောင်းအတိုင်း တစ်





ဟုန်ထိုး ကဆုန်ချမျောပါနေခြင်းမျိုးမရှိဘဲ ညင်ညင်သာသာ မျောပါလျက်ရှိကာ ဆိုဖီမှာ လှေ၏ပဲ့ပိုင်းတွင် ထိုင်ရင်း လှော် တက်ဖြင့် လှေကို ပဲ့ထိန်းနေရာမှ သူ့ကို ခပ်ပြုံးပြုံးစိုက်ကြည့် လျက်ရှိကြောင်း တွေ့ရလေ၏။

"ကိုရန်နိုင်စိုး နိုးပြီလား"

"တို့ . . . တို့ သတိလစ် . . ."

"ဟုတ်တယ် . . . မြေအောက်လှိုဏ်ခေါင်းထဲမှာ ရောမ မီးတောက်ကြီးအနားက ဖြတ်ပြီးတဲ့နောက် ကိုရန်နိုင်စိုး သတိ လစ်သွားတယ်၊ ပြီးတော့ အိပ်ပျော်သွားပုံရတယ်"

"တို့ကို မီးအပူရှိန်ဟပ်သွားတာ"

"ဟုတ်တယ် . . . ဆိုဖီတောင် လှေဝမ်းထဲဝပ်ပြီး နေ လိုက်လို့ ခံသာသွားတာ"

"ခု တို့တွေ ဘယ်ရောက်နေသလဲ"

"မြေအောက်လှိုဏ်ခေါင်းကြီးက လွတ်လာပြီလေ၊ အခု ရေခဲတောင်တွေရဲ့ အကြားက ရေစီးကြောင်းအတိုင်း မျောပါ နေတာ"

"နောက်ကလိုက်လာတဲ့ ရန်သူတွေရော"



www.burmeseclassic.com

"သူတို့ လိုက်ပါလာတာလည်း မတွေ့တော့ဘူး၊ မီးတောက်တွေက သူတို့အားလုံးကို ဝါးမျိုသွားပြီထင်တယ်"

"ဟူး ... တော်ပါသေးရဲ့"

သူ ရင်အေးသွားရကာ ကျေနပ်စွာပြုံးရင်း လေးလံဆဲဖြစ်သည့် မျက်ခွံတို့ကို ပြန်မှိတ်လိုက်၏။ မရဏာနဂါးမီးတောက်တို့ကြားမှ သေပြေး ရှင်ပြေး အောင်မြင်စွာ ဖြတ်ကျော်ပြေးလွှားလွတ်မြောက်ခဲ့ပြီပဲ။

ထို့နောက် သူစိတ်လျှော့လိုက်သည့် အခိုက်မှာပင် ပြန်လည်အိပ်ပျော်သွားပါတော့၏။

□□□□□

## အခန်း (၃)

သေကံမရောက် သက်မပျောက်

ကမ္ဘာဦးရန်စွယ်

အချစ် ညရင်ခုန်သံ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

**သောက်မရောက် သက်မပျောက်**

နောက်တစ်ခါ . . . သူနိုးလာတော့ သူတို့၏လှေကလေးမှာ လျင်မြန်စွာ ရွေ့လျားပြေးလွှားနေသည်ကို သတိထားမိတော့၏။

ဖွဲကောင်းသော ဆိုဖီမှာ သစ်လုံးထွင်းလှေကလေးကို အစွမ်းကုန် ပဲ့ကိုင်ထိန်းလျက်ရှိသည်။

"ဆိုဖီ . . . တို့ တော်တော်အိပ်ပျော်သွားတယ်၊ တို့ကို နိုးလိုက်ရောပေါ့"

"ရတယ် . . . ရှင် သိပ်ပင်ပန်းပြီး အိပ်မောကျသွားတာ





မို့ ဆိုဖီ မနိုးရက်တာနဲ့ မနိုးတာပါ၊ ရေစီးကြောင်းက ပိုကျဉ်းကျဉ်းလာပြီး ရေစီးတအားမြန်လာတယ် ကိုရန်နိုင်စိုး"

ရန်နိုင်စိုးက ရေစီးကြောင်း၏ နံဘေးတို့သို့ ကြည့်လိုက်ရာ မြင့်မားမတ်စောက်သည့် ဆီးနှင်းဖုံးကျောက်ကမ်းပါးစောက်ကြီးတို့ကိုသာ တွေ့ရပြီး ခိုကပ်နားစရာ အနေအထားလုံးဝမရှိသည့်အဖြစ်ကို တွေ့ရသည်။

တကယ်တော့ သူတို့သည် မြင့်မားမတ်စောက်လှသည့် ကျောက်နံရံအကွဲကြောင်းကြီးအတွင်းမှ ရေစီးကြောင်းထဲ ရောက်နေရခြင်းပင်ဖြစ်ပါ၏။

ရေစီးကြောင်း၏ ဝဲယာဘေးနှစ်ဖက်မှ ကျောက်သားနံရံတို့မှာ ဆီးနှင်းခဲများ၊ ရေခဲချပ်လွှာများ ဖုံးလွှမ်းကပ်တည်နေသည့်အပြင် ယင်းကျောက်နံရံကြီးတို့မှာ (၉၀)ဒီဂရီမျှ မတ်စောက်စောက်ကြီးဖြစ်နေသဖြင့် ကမ်းတစ်ဖက်ဖက်သို့ လှေဆိုက်ကပ်ရန်လုံးဝမဖြစ်နိုင်ချေ။

ယင်းသို့ ဆိုက်ကပ်ခိုနားရန် မဆိုထားနှင့် . . .။ ကျောက်နံရံတို့အနီးမှ ကျောက်ငုတ်များ၊ ရေခဲငုတ်များနှင့် လှေမတိုက်မိစေရန်ပင် လှေပဲ့ကို မနည်းထိန်းနေရချေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဆိုဖီနားလိုက်ဦး"

ရန်နိုင်စိုးက ပြောရင်း လှော်တက်ကို ဆိုဖီ့ထံမှ လှမ်းယူလိုက်ကာ နေရာပြောင်းထိုင်လိုက်ပြီး လှေပဲ့ကို ထိန်းလိုက်သည်။

လွန်စွာပင်ပန်းနွမ်းနယ်နေဟန်ရှိသော ဆိုဖီက လှေဝမ်းထဲမှာပင် ဖြစ်သလို ခွေခေါက်လဲလျောင်းလိုက်ရာ ခဏချင်းမှာပင် တရှူးရှူးဖြင့် အိပ်ပျော်သွားရာတော့၏။

ရန်နိုင်စိုးမှာ လှေကို သတိထားပြီး ပဲ့ထိန်းနေရာမှ တစ်ချက် တစ်ချက်တွင် သူ့ဘက်မျက်နှာမူကာ ဘေးတစောင်းလေး လဲလျောင်းအိပ်ပျော်နေရှာသည့် ဆိုဖီ၏မျက်နှာဝင်းဝင်းလေးကို ငေးကြည့်လိုက်မိတော့သည်။

ပြေပြစ်သော နဖူးပြင်လေး၊ လေးကိုင်းလို လှပစွာကွေးညွတ်နေသည့် မျက်ခုံးစိမ်းစိမ်းလေးများ၊ ပေါ်လွင်ဖြောင့်စင်းသော နှာတံ၊ ပန်းနုသွေးမျက်ခွံမို့မို့လေးများ၊ ကော့ပျံနေသည့် မျက်တောင်ကြီးများ၊ မူလက ပန်းသွေးရောင်ဖြစ်သော်လည်း နှင်းမှုန်နှင်းဖတ်တို့ ကပ်ငြိခံရသဖြင့် ဖြူရော်ရော်ဖြစ်နေသည့် နှုတ်ခမ်းသားလေးများ၊ လုံးဝန်းသော မေးစေ့၊ ကျော့ရှင်း





သည့် လည်တိုင်တို့ဖြင့် လှပစွာ အချိုးညီညီ ဖွဲ့စည်းထားသော ပိတုန်းရောင် ဆံကေသာပိုင်ရှင်လေး ဆိုဖီ့အားကြည့်ရင်း ရင်ခုန်လှုပ်ရှားလာမိတော့သည်။

သူမသည်ကား လှပချောမောသလောက် ရဲရင့်သူ၊ အခက်အခဲဟူသမျှကို မညည်းမညူရင်ဆိုင်ဝံ့သူလေးဖြစ်၏။ သူမကို လမ်းပြအဖြစ်ခေါ်လာခဲ့မိသဖြင့် သူမခမျာ ယခုလို သေကံမရောက် သက်မပျောက်သည့် ကြောက်မက်ဖွယ်အဖြစ်ဆိုးမျိုးနှင့် ကြုံခဲ့ရခြင်းဖြစ်ချေ၏။

"တော်ပါသေးရဲ့ ... ငါ သူ့ကို သတ်ရတဲ့အဖြစ်မျိုး ကြုံတော့မလို့၊ မဟာရာဇာတို့က ဘာသဘောနဲ့ သူ့ကို တရားခံအဖြစ် ခေါင်းစွပ်နက်စွပ်, ကြိုးတုပ်ပြီး ဖမ်းဆီးလိုက်ရတာပါလိမ့်၊ တော်သေးတယ် ... သင်းလေး အင်းဇဝါဓားမြှောင်စာ မိတော့မလို့"

ရန်နိုင်စိုးမှာ ဆိုဖီ့အတွက် ကရုဏာသက်စွာ တွေးရင်း မနေ့ညက သူတို့၏အဖြစ်အပျက်ကို ပြန်လည် သတိရလိုက်တော့၏။

ယမန်နေ့ညက သူသည် အင်းဇဝါဓားမြှောင်ဖြင့် ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



စွပ်နက်စွပ် အကျဉ်းသားဏ်ရင်ဝသို့ ရက်စက်စွာ ထိုးစိုက်ရလုလု တွင် အနီအကျဉ်းသားမှာ အခြားသူမဟုတ်ဘဲ ဆိုဖီဖြစ်ကြောင်း သိလိုက်ရသောအခါ လွန်စွာအံ့ဩတုန်လှုပ်သွားခဲ့ရ၏။

ထို့နောက် ချက်ချင်းပင် ဆိုဖီအားကယ်တင်ရန် ဆုံးဖြတ်လိုက်သည်။

သို့ကြောင့် သူသည် ဆိုဖီအား အင်းဇဝါစားမြှောင်ဖြင့် တကယ်ထိုးမည့်ဟန်ဆောင်ရင်းမှ ထင်းရှူးဆီမီးခွက်တို့ကို ထိုးခွဲပစ်ကာ မြေအောက်ခန်းဆောင်ကြီးတစ်ခုလုံး မှောင်အတိကျသွားစေရန် ဖန်တီးခဲ့၏။

ထိုသို့ မပြုလုပ်မီကပင် သူက ပြေးလမ်းကိုကြည့်ထားရာ မှောင်အတိကျသွားသည်နှင့် ဆိုဖီ၏ကိုယ်ကို နှောင်တည်းထားသောကြိုးတို့အား အင်းဇဝါစားမြှောင်ဖြင့် လျင်မြန်စွာ ဖြတ်တောက်ပစ်လိုက်လေ၏။

ထို့နောက် ဆိုဖီ၏လက်ကိုဆွဲကာ သူကြည့်ထားသည့် မြေအောက်ခန်းမဆောင်ကြီး၏ နောက်ဘက်ပိုင်းသို့ ပြေးဝင်ခဲ့သည်။

မြေအောက်ခန်းဆောင်ကြီးတစ်ခုလုံးမှာ ရုတ်တရက်





မှောင်အတိကျသွားသော်လည်း ထူးခြားသည်မှာ မြေအောက်ခန်းကြီး၏ နောက်ဘက်ပိုင်းတွင် အလင်းရိပ်ပျပျကို တွေ့မြင်နေရခြင်းပင်။

ယင်းအပြင် မြေအောက်ခန်းကြီး၏နောက်ပိုင်းသို့ ရောက်လေ ရေစီးသံတဝေါဝေါကို ကြားရလေဖြစ်လာသည်။

မှောင်ထဲ၌ မျက်စိကျင့်သားရနေသည့် ဒေါက်တာရန်နိုင်စိုးမှာ ကျောက်တိုင်လုံးကြီးများကို ကွေ့ရှောင်ရင်း မြေအောက်ခန်းဆောင်ကြီး၏ နောက်ဘက်ပိုင်းသို့ ဆိုဖီ၏လက်ကို ဆွဲကိုင်ပြေးလာခဲ့ရာ အလင်းရောင်ပျပျထွက်ပေါ်နေသည့် နံရံအဆုံးအနီးသို့ ရောက်လာတော့၏။

"ဟော . . . ဒီမှာ ရေကြောင်းတစ်ခု စီးဆင်းနေပါလား"

ရေခဲတုံးများ၊ ရေခဲချပ်အလွှာများပါ တသောသော မျောပါစီးဆင်းလျက်ရှိသော မြေအောက်ရေခဲစီးကြောင်းမှ ရေခဲတို့အပေါ် အလင်းရောင်တစ်ခုခုက ရောင်ပြန်ဟပ်ကာ အလင်းမျှင်တန်းတို့ ထွက်ပေါ်နေခြင်းဖြစ်ကြောင်း တွေ့ရလေ၏။

"ဟော့ . . . ရပ်စမ်း"

ထိုစဉ် ဟိန္ဒူစတန်နီဘာသာဖြင့် အော်သံတစ်ခု ပေါ်ရ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းဆီမှ ထွက်ပေါ်လာပြီး ဓားကောက်ကြီးတစ်လက် စွဲကိုင်ထားသည့် လူတစ်ဦးက လက်တစ်ဖက်တွင် ကျားမီးအိမ်တစ်လုံးကို ကိုင်မြှောက်ရင်း ရေကြောင်းနံဘေး၌ ဆိုက်ကပ်ထားသော လှေတစ်စင်းပေါ်မှ ခုန်တက်လာချေ၏။

"ဩော် . . . ဒါကြောင့် ဒီမြေအောက်ခန်းကြီးရဲ့နောက်ဘက်မှာ လင်းနေတာကိုး"

ရန်နိုင်စိုးက ဆိုဖီ့ကို ဘေးသို့တွန်းဖယ်လိုက်ပြီး ရှေ့သို့ ဖျတ်ခနဲတိုးလိုက်စဉ် ထိုလူက ဓားကောက်ကြီးဖြင့် တအားလွှဲခုတ်ချလိုက်တော့၏။

'ဝှီး'

ရန်နိုင်စိုးက ဝဲဘက်ဒူးကို ရုတ်ခနဲ ကွေးချလိုက်ကာ ဓားသွားရာလမ်းကြောင်းမှ လွတ်ရုံလေး ဦးခေါင်းကိုငုံ့ရှောင်လိုက်ရင်း လက်ယာလက်ထဲမှ အင်းဖဝါဓားမြှောင်ဖြင့် ထိုလူ၏ ဝမ်းဗိုက်ပူပူကြီးထဲ ထိုးထည့်လိုက်လေသည်။

'စွပ်'

"အားလားလား"

အသည်းနိုက်အောင် အော်ဟစ်ညည်းညူလိုက်ရင်း ထို





လူမှာ ရှေ့သို့ ငိုက်ဆင်းခွေကျလာရာ ရန်နိုင်စိုးက ထိုလူ၏လက်ထဲမှ ဖန်မီးအိမ်လွတ်မကျမီ လက်ကိုင်အား ဖမ်းဆွဲယူလိုက်ရတော့၏။

"ဟော့ . . . ရှာကြစမ်း ရှာကြ . . . တွေ့ရင် နှစ်ယောက်လုံး သတ်ပစ်"

နောက်ဘက်မှ အော်ဟစ်သံများကြောင့် ရန်နိုင်စိုးမှာ တုံ့ဆိုင်းမနေတော့ဘဲ ကနူးသစ်လုံးထွင်းလှေတစ်စင်းပေါ်သို့ ခုန်ဆင်းလိုက်ကာ . . .

"ဆိုဖီ . . . လာ လာ . . . ဒီရေစီးကြောင်းအတိုင်း ပြေးမှဖြစ်မယ် . . . လာ"

ကျားမီးအိမ်ကို လက်တစ်ဖက်ဖြင့် မြှောက်ကိုင်ရင်း ကျန်လက်တစ်ဖက်ဖြင့် ဆိုဖီ့အား လက်ကမ်းဖေးကူလိုက်ရာ ဆိုဖီကလည်း အခြေအနေကို သဘောပေါက်ပြီးဖြစ်သဖြင့် နှောင့်နှေးခြင်းမပြုဘဲ လှေဝမ်းထဲသို့ ခုန်ချလိုက်တော့သည်။

နောက်ဘက်ရှိ မှောင်မိုက်လျက်ရှိသော မြေအောက်ခန်းဆောင်ကြီးထဲမှ ထွက်ပေါ်လာသည့် မီးအလင်းရောင်များနှင့် အော်ဟစ်ပြေးလွှားသံများကြောင့် ရန်နိုင်စိုးက ဖလ်မီးအိမ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆိုဖီလက်ထဲထည့်လိုက်ပြီး လှေကြိုးကို အင်းဇဝါးမျှောင်ဖြင့် လျှင်မြန်စွာလှီးဖြတ်လိုက်ကာ လှေဝမ်းထဲ၌ အဆင်သင့်တွေ့ရသည့် လှော်တက်ကို ကောက်ယူလိုက်၏။

ထိုခဏမှာပင် တစ်ဟုန်ထိုးစီးဆင်းနေသည့် ရေခဲရေကြောင်း၏ အလျဉ်အတိုင်း ကနူးလှေကလေးမှာ ခုန်ပေါက်ပြေးလွှားမျှောပါသွားတော့သည်။

ယင်းသို့လျှင် သေတွင်းထဲမှ ဆိုဖီအား ကယ်ကာ သေပြေးရှင်ပြေးပြေးခဲ့ရပုံကို ရန်နိုင်စိုး ပြန်လည်မြင်ယောင်လျက်ရှိတော့၏။

သူ သတိလစ်နေခဲ့စဉ်က သူတို့၏ ကနူးလှေကလေးသည် မြေအောက်ရေစီးကြောင်းမှ လွတ်မြောက်ထွက်လာနိုင်ခဲ့သော်လည်း ... မြင့်မားမတ်စောက်သည့် ဆီးနှင်းနှင့် ရေခဲချပ်၊ ရေခဲလွှာတို့ ဖုံးလွှမ်းလျက်ရှိသော ကျောက်နံရံကြီးနှစ်ခုအကြားသို့ ရောက်ရှိသွားကာ ဆက်လက်မျှောပါနေခဲ့ရခြင်းဖြစ်ပေ၏။

ကနူးလှေကလေးမှာ ရေကြောင်းကျယ်ပြန့်ပြီး ရေစီးညင်သာသည့်အခါ ပုံမှန်မျှောပါနေသော်လည်း ရေကြောင်းကျဉ်းမြောင်းလာသည်နှင့်အမျှ ရေက ဝါးလုံးထိုးစီးဆင်းသည့်အခါမှာမူ ကြမ်းတမ်းသောရေစီးအတိုင်း အလူးလူးအလိမ့်လိမ့်မျှောပါနေရတော့သည်။





"ဟာ ... ရှေ့မှာ ဂူလိုဏ်ကြီးတစ်ခုပါလား"

ရှေ့ဝါးသုံးလေးပြန်ခန့်အကွာတွင် မြင့်မားမတ်စောက်သည့် ကျောက်နံရံကြီးဆီးခံနေကာ ယင်းကျောက်နံရံအောက်ခြေမှ လိုဏ်ဂူဝကြီးထဲသို့ ရေကြောင်း တစ်ဟုန်ထိုးစီးဝင်လျက်ရှိရာ ရန်နိုင်စိုးတို့၏လှေကလေးမှာလည်း ထိုလိုဏ်ဂူကြီးဆီသို့ ဦးတည်လျက်ရှိတော့၏။

"ဒုက္ခပဲ ... လိုဏ်ဂူထဲ ဝင်သွားရင်တော့ မှောင်မည်းနေဦးတော့မှာပဲ"

ထိုခဏမှာပင် ဆိုဖီက လှုပ်လှုပ်ရှားရှား လူးလွန့်နိုးလာတော့သည်။

"ဆိုဖီ ဆိုဖီ ... တို့လှေကလေး လိုဏ်ခေါင်းကြီးတစ်ခုထဲ ဝင်တော့မယ်၊ ထ ·ထ ... မီးအိမ်ကို မီးထွန်း"

ဆိုဖီ လူးလဲထကာ လှေနံရံတစ်ဖက်၌ မှေးထောင်ထားသည့် ကျားမီးအိမ်ကိုယူလိုက်စဉ် ရန်နိုင်စိုးက သူ၏ဘောင်းဘီအိတ်ထဲမှ ရွှန်ဆန်မီးခြစ်ကို ထုတ်ပေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဖြောင်း'

ဆိုဖီက မီးခြစ်ကာ ဖလ်မီးအိမ်၏မီးစာကို မီးတို့လိုက်စဉ်မှာပင် သူတို့၏ကန္နားလှေကလေးမှာ မည်းမှောင်လျက်ရှိသော လိုဏ်ခေါင်းကြီးထဲသို့ ... တစ်ဟုန်ထိုး ပြေးဝင်သွားပါတော့သတည်း။

□□□□□

## ကမ္ဘာဦးနှန်စွယ်

မှောင်ပိန်းနေသော ကျောက်လိုဏ်ဂူကြီးထဲမှ တွဲရရွဲကျလျက်ရှိသည့် ကျောက်ပန်းဆွဲအချို့က ရေပြင်နှင့်ထိလုနီးနီးတည်ရှိနေသလို အချို့မှာ ရေပြင်ကို ထွင်းဖောက်ကျရောက်လျက်ရှိလေသည်။

ထိုကျောက်ပန်းဆွဲတို့နှင့် လှေမတိုက်မိစေရန် သတိကြီးစွာထား ကြိုးစားနေရ၏။

"ဆိုဖီ ... လှေဝမ်းထဲမှာ ဝပ်ပြီးရှောင်နေ"

သူ အော်ဟစ်သတိပေးလိုက်သဖြင့် ဆိုဖီက လှေဝမ်း



www.burmeseclassic.com

www.burmeseclassic.com



ထဲ ငုံ့ဝင်နေသော်လည်း ဖလ်မီးအိမ်ကိုမူ ထောင်လျက်သား ကိုင်ပေးထားသဖြင့် လှေဆီသို့ ပြေးဝင်လာလျက်ရှိသည့် ကျောက်ပန်းဆွဲများကို တွေ့နေရသည်။

လှေပဲ့ကို ဂရုစိုက်ထိန်းနေသည့်ကြားမှ လှေဦး လွတ်သွားသော်လည်း လှေနံရံတို့က ကျောက်ပန်းဆွဲတို့နှင့် ပွတ်တိုက်မိသွားသေးသည်။

'ဒုံး ဒုံး ဒုံး'

ကျောက်ပန်းဆွဲများနှင့် တိုးတိုက်မိတိုင်း လှေက ယိမ်းခါလျက်ရှိရာ အေးစက်လှသည့် ရေခဲရေထဲ လှေတိမ်းမှောက်မသွားအောင် မနည်းသတိထားနေရလေ၏။

အချို့ကျောက်ပန်းဆွဲတို့ကိုမူ လှော်တက်ဖြင့် ထောက်တွန်းပစ်လိုက်ရသည်။

ဤသို့ဖြင့် မည်းမှောင်ရှည်လျားလှသော ကျောက်လိုဏ်ဂူကြီးထဲ မျောပါနေရာ နာရီမည်မျှကြာသွားပြီကိုပင် မှန်းဆမရတော့ . . . လက်မောင်းပြုတ်ထွက်မတတ် ပင်ပန်းလျက်ရှိသလို ဝမ်းဗိုက်ကလည်း လွန်စွာ ဆာလောင်မွတ်သိပ်လာခဲ့ပြီ။





ရေစီးအရှိန်မှာ မြန်သည်ထက်မြန်လာပြီး ကျောက်ပန်းဆွဲတို့ ကျဲပါးသွားချိန်၌ ရှေ့ဆီမှ သဘာဝအလင်းပျပျကို လှမ်းတွေ့ရရာ ရန်နိုင်စိုးမှာ ဝမ်းသာသလို ဖြစ်သွားမိသော်လည်း လွန်စွာဆူညံသည့် တဝေါဝေါအသံကြီးကိုပါ ကြားရသည်တွင် မသက်သာသလိုလို ဖြစ်သွားရတော့၏။

တစ်ဖက်လိုဏ်ဂူအဝသို့ ရောက်လုနီးလာသဖြင့် သဘာဝအလင်းက ပိုထင်လင်းလာကာ ရှေ့ဆီဝယ် ရေပြင်ကိုမမြင်ရဘဲ မှန်ရောင်ထနေသော ရေခဲတောင်များ၊ ဆီးနှင်းဖုံးတောင်တန်းများကိုသာ တွေ့ရရာ စိတ်ဝယ် ပိုလို့ သက်ာရန့် မကောင်းဖြစ်လာရပြီ။

"ဟာ . . . ဟုတ်ပြီ . . . ရှေ့ . . . ရှေ့မှာ ရေတံခွန်ကြီးနဲ့ တူတယ် ဆိုဗီ . . . လှေနံရံကသံကွင်းကို မြဲမြဲကိုင်ထား"

သူ အော်ဟစ်သတိပေးနေစဉ်မှာပင် ကနူးလှေကလေးမှာ ဂူအဝသို့ရောက်ရှိသွားပြီး လျင်မြန်လှသော ရေအလျဉ်နှင့်အတူ မြင့်မားလှသည့်ရေတံခွန်ကြီးထဲ ဦးစိုက်ကျွမ်းပြန် ထိုးကျသွားတော့သည်။

'ဝေါ'



www.burmeseclassic.com

www.burmeseclassic.com



'ဝေါ'

ရန်နိုင်စိုးနှင့် ဆိုဖီတို့မှာ လှေနံရံမှ သံကွင်းတို့ကို အတင်းဆုပ်ကိုင်ထားရင်း ရေတံခွန်ကြီးထဲ လှေငယ်နှင့်အတူ ထိုးကျသွားရာ စက္ကန့်အတော်ကြာ အသည်းအေးသွားရာမှ ရေတံခွန်အောက်ခြေရှိ အေးစက်နေသော ရေပြင်ထဲ အဟုန်ပြင်းစွာ ဦးစိုက်ကျွမ်းပြန်ထိုးကျ နစ်မြုပ်သွားတော့၏။

'ဝေါ'

'ဂုန်း'

ရန်နိုင်စိုးရော ဆိုဖီပါ ရေပြင်နှင့်ထိတွေ့လိုက်ရသည်တွင် သံကွင်းတို့ကို ဆုပ်ကိုင်ထားသည့် လက်တို့အား လွှတ်လိုက်ရရာ လှေတခြား လူတခြားဖြစ်သွားရတော့သည်။

အေးစက်လှသည့်ရေပြင်၏ အောက်ခြေလောက်အထိ နစ်မြုပ်သွားရာမှ ရန်နိုင်စိုးမှာ လျင်မြန်စွာကူးခတ်ကာ ရေပြင်ပေါ်သို့ ထိုးတက်လိုက်၏။

သူက ရှေ့ခပ်လှမ်းလှမ်းမှာ မှောက်ခုံကြီး ပေါလောမျောနေသည့် ကနူးလှေကလေးဆီ ကူးခတ်သွားပြီး လှေကို တွန်းမကာ ပြန်လှန်ဖို့ ကြိုးစားသည်။





သူ့ အတန်ကြာ ကြိုးစားမှ လှေကလေးက ပက်လက်ပြန်ဖြစ်သွားရာ သူက လှေပေါ်တက်လိုက်ပြီးနောက် ဆိုဖီ့ကို စိုးရိမ်ကြီးစွာ ရှာဖွေလိုက်၏။

သို့စဉ် ရေပြင်ပေါ် ပေါ်လာသည့် ဆိုဖီမှာ လှေဆီသို့ လက်ပစ်ကူးလာရာ လှေအနီးသို့ရောက်လာသည်တွင် ရန်နိုင်စိုးက လှေပေါ်ဆွဲတင်လိုက်သည်။

ရေပြင်မှာ ကျယ်ပြန့်လျက်ရှိပြီး ညင်ညင်သာသာ စီးဆင်းလျက်ရှိကာ လှေက ကျောက်တုံးကြီးများကြားသို့ ရောက်ရှိသွားခဲ့ပြီ။

"ဒီ ... ဒီသံသေတ္တာတွေထဲမှာ ဘာတွေပါသလဲ မသိဘူး၊ ဖွင့်ကြည့်လို့ရရင် ကောင်းမယ်"

ဆိုဖီက ဆံပင်နှင့် အဝတ်အစားတို့ကို ညှစ်ချရင်းမှ ပြောလိုက်ရာ ရန်နိုင်စိုးက ပေါင်တစ်ဖက်၌ ကပ်ချည်ထားသည့် အင်းဖော်ဓားမြှောင်ကို ဓားအိမ်ထဲမှ ထုတ်လိုက်ကာ ဓားနှောင့်ဖြင့် သံသေတ္တာတစ်လုံး၏ မျောက်လက်မှ သော့ခလောက်ငယ်ကို ရိုက်ထုဖွင့်လိုက်၏။

'ဒုံး ဒုံး ဒုံး'



www.burmeseclassic.com

www.burmeseclassic.com



ယင်းသေတ္တာ၏ သော့ခလောက်ပြုတ်ထွက်သွားမှ နောက်သေတ္တာ၏ သော့ခလောက်ကိုပါ ထုရိုက်ဖျက်ဆီးပစ်လိုက်သည်။

'ဒုံး ဒုံး ဒုံး'

သော့ပျက်သွားသည့် သံသေတ္တာပြားတို့၏ အဖုံးကို ဆိုဖီက 'မ'ဖွင့်ကြည့်လိုက်၏။

"အို . . . ဒီထဲမှာ လက်နက်တွေပဲ၊ လေးကိုင်းတွေရော၊ မြားတံတွေပါ ပါတယ်၊ စားကောက်ရော လှံတိုတွေပါ ပါတာပဲ"

"အင်း . . . ဒီသေတ္တာထဲမှာတော့ အသားခြောက်တွေနဲ့ ပဲတွေ၊ ဂျုံတွေ၊ အာလူးတွေပါလား၊ ဒီမှာ ဆားဘူးလည်း ပါတယ်၊ ဟန်းကောချိုင့်အလွတ်ရောပဲ၊ ကေနွ . . . သူတို့ဟာ ခရီးထွက်ဖို့ ဒီလေ့တွေကို အသင့်ပြင်စီစဉ်ထားတာဖြစ်မယ်"

"ဘာလဲ . . . ဆိုဖီတို့လာခဲ့တဲ့ ရေစီးကြောင်းအတိုင်း သူတို့ ခရီးနှင်ဖို့လား"

"ဟုတ်တယ် . . . ဖြစ်နိုင်တယ်၊ အင်း . . . ဒါက ဘာလဲ"

"အဲဒါ ကျောက်မီးခတ်လေ၊ ရေခဲတောင်တန်းတွေ၊





ဆီးနှင်းဖုံးတောတွေ၊ ကွင်းပြင်တွေထဲကိုသွားရင် သူဟာ အကောင်းဆုံးမီးခြစ်ပဲ၊ အဲဒီနေရာတွေမှာ ယမ်းမီးခြစ်က အစိုပြန်နေလို့ ခြစ်မရဘူး၊ ဓာတ်ဆီမီးခြစ်ကလည်း မီးမတောက်ဘူး၊ အဲဒီကျောက်မီးခတ်ကို ခတ်ပြီး ဝါဂွမ်းနဲ့ မီးကူးယူရမှာ"

"အင်း . . . ဒီဘူးထဲမှာ ဂွမ်းတွေပဲ၊ ဟုတ်ပါပြီ . . . သင်းတို့ဟာ ဒီရေခဲလွင်ပြင်ဒေသဆီ ခရီးထွက်ဖို့ အသင့်ပြင်ထားတာပါ"

"သူတို့က အင်းဖဝါးမြှောင်ကို ရတာနဲ့ ရှမ်ဘာလားကို သွားဖို့ ပြင်ဆင်ထားကြတာ ဖြစ်မှာပေါ့"

သူတို့ ဝေဖန်ပြောဆိုလျက် ရှိစဉ်မှာပင် . . .

'ဝုန်း'

နောက်ကျောဘက်ဆီမှ ကျယ်လောင်သောအသံကြီး ကြားလိုက်ရပြီး အေးစက်လှသည့် ရေစက်ရေမွှားတို့က မိုးရွာချသလို သူတို့ကို လာစဉ်ရာ နှစ်ယောက်သား လန့်ဖျပ် လှည့်ကြည့်လိုက်ကြသည်။

"အို"

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာရန်နိုင်စိုးနှင့် ဆိုဖီတို့မှာ သူတို့တွေ့မြင်လိုက်ရသည့် မြင်ကွင်းကို မယုံနိုင်အောင်ဖြစ်သွားတော့သည်။

ဦးခေါင်းလုံးလုံးကြီးက ရောမမြွေကြီးတစ်ကောင်၏ ဦးခေါင်းနှင့်တူကာ လည်တံကြီးက လွန်စွာရှည်လျားလှပြီး ကြီးမားလှသည့် ခန္ဓာကိုယ်ကြီးရှိသော ရောမသတ္တဝါကြီးတစ်ကောင်မှာ ရေထဲမှ ဘွားခနဲပေါ်လာလျက် သူ၏ ရှည်လျားတုတ်ခိုင်လှသည့် အမြီးကြီးကို ရေလွှာပြင်ပေါ်၌ တဖြမ်းဖြမ်း ရိုက်ခတ်လျက်ရှိလေ၏။

''အို ... ဘာကောင်ကြီးလဲ''

''ကမ္ဘာဦးခေတ်က သတ္တဝါမျိုးပဲ ဆိုဖီ ... လေ့ကိုကမ်းကပ်နိုင်အောင်ကြိုးစားပြီး မင်း ကုန်းပေါ် မြန်မြန်တက်ပေတော့၊ ဒီကောင်ကြီးက တို့တွေကို ကျိန်းသေအန္တရာယ်ပြုတော့မယ် ...တို့ သူ့ကို ရင်ဆိုင်မယ်''

ရန်နိုင်စိုးက ပြတ်သားစွာပြောလိုက်ရင်း အင်းဇဝါဓားမြှောင်ကို လက်ထဲမှာ တင်းကျပ်စွာဆုပ်ကိုင်ထားလျက်မှာ မတ်တတ်ရပ်လိုက်ပြီးနောက် အနီးဆုံးရှိ ကျောက်တုံးတစ်တုံးအပေါ်သို့ လွှားခနဲ ခုန်တက်လိုက်သည်။





ထို့နောက် ပိုမိုကြီးမားသော ကျောက်တုံးကြီးပေါ် ခုန်ကူးလိုက်စဉ်မှာပင် သတ္တဝါကြီးက ဝမ်းခေါင်းသံကြီးဖြင့် အော်ဟစ်မာန်ဖီလိုက်ရင်း သူရှိရာဘက်သို့ ဦးခေါင်းလှည့်ကာ ကြည့်လိုက်တော့သည်။

'ဂရား'

တစ်ကိုယ်လုံး ပြောင်ချောချော သားရေအဆီပြင်ကြီး ဖုံးလွှမ်းထားသည့် ရောမသတ္တဝါကြီးမှာ ရေမျက်နှာပြင်ပေါ်၌ ကိုယ်လုံးထက်ဝက်ခန့် ပေါ်လျက်ရှိပြီး လည်ပင်းရှည်ကြီးက မြွေတစ်ကောင်နှယ် ကွေးလိုက်ဆန့်လိုက် ယိမ်းထိုးနေရင်းမှ ကျီးအာသီးခန့်ရှိသော ရဲရဲတောက်နေသည့် မျက်လုံးကြီးနှစ်လုံးဖြင့် ရန်နိုင်စိုးကို စူးစူးရဲရဲ စိုက်ကြည့်လျက်ရှိတော့သည်။

ယင်းသတ္တဝါကြီးသည်ကား ကမ္ဘာဦးကာလ လွန်ခဲ့သောနှစ်သန်းပေါင်းများစွာက ကမ္ဘာမြေအနှံ့မှ မြစ်ချောင်းများ၊ ရေအိုင်ကြီးများတွင် ကျင်လည်လျက် ကျက်စားပေါ်ထွန်းခဲ့ဖူးသည့် ရေနဂါးဟုခေါ်တွင်သော သတ္တဝါအမျိုးအစားဖြစ်ပြီး ဤလူသူအရောက်အပေါက်နည်းရာ ရေခဲလွင်ပြင်ဒေသ ရေခဲတောင်တန်းများကြားရှိ ရေခဲအိုင်ကြီးထဲတွင် ရှားရှားပါးပါး ပေါက်ဖွားမျိုး

www.burmeseclassic.com

www.burmeseclassic.com



ပွား ကျန်ရစ်နေပုံရချေ၏။

'ဂရား'

သတ္တဝါကြီးသည် ပိုမိုကျယ်လောင်စွာ မာန်ဖီလိုက်ရင်း ပါးစပ်ကြီးကို ဖြဲဟကာ အာခံတွင်းထဲမှ မီးတန်းရှည်ကြီးကို ရှူးခနဲမှုတ်ထုတ်လိုက်တော့သည်။ သို့သော် ချက်ချင်းပင် တစ်လံကျော်ခန့် ရှည်လျားသည့် မီးတန်းကြီးမှာ ပါးစပ်ထဲသို့ လိမ်လိမ်တွန့်တွန့် ပြန်ဝင်သွားတော့၏။

နောက်တစ်ဖန် မီးတန်းကြီးကို ရှူးခနဲ မှုတ်ထုတ်လိုက်ပြန်သည့်အခါမှာမူ ထိုအရာမှာ မီးတန်းမဟုတ်ဘဲ သတ္တဝါကြီး၏ နီရဲနေသော လျှာကြီးဖြစ်ကြောင်း ရန်နိုင်စိုး သတိမူမိလိုက်တော့သည်။

သတ္တဝါကြီးသည်ကား ပါးစပ်မှ ကျယ်လောင်စွာ မာန်ဖီရင်း အမြီးကို ရေလွှာပြင်ပေါ် တဖြန်းဖြန်းရိုက်နေရာမှ လည်ပင်းရှည်ကြီးကို ကွေးလိုက်,ဆန့်လိုက်၊ ရှေ့တိုးလိုက်,နောက်ငင်လိုက် ပြုလုပ်ရင်း ရေထဲ တဗွမ်းဗွမ်းကူးကာ ရန်နိုင်စိုးရှိရာသို့ ဦးတည်လာချေပြီ။

ထိုစဉ် ... အင်းဇဝါဓားမြှောင်ကို ဆုပ်ကိုင်ထားသည့်





လက်ယာလက်ဖဝါးမှ စတင်ကာ ပူနွေးသောသွေးတို့သည် တစ်ကိုယ်လုံးသို့ စီးပြန့်လာပြီးလျှင် ရဲရင့်သည့် တိုက်ခိုက်လိုစိတ်တို့ပါ ဟုန်းဟုန်းကြွလာလျက် ရန်နိုင်စိုးသည် ဓားမြှောင်ကို ဝင့်လိုက်ရင်း ရန်သူရေနဂါးကြီးကို ရင်ဆိုင်လိုက်သည်။

'ဂရား'

သတ္တဝါကြီးက ကျယ်လောင်စွာမာန်ဖီရင်း ကြီးမားလှသည့်ပါးစပ်ကြီးကို ဖြဲဟကာ ရန်နိုင်စိုးကို တစ်ဟုန်ထိုး ထိုးဟပ်လိုက်သည်။

'ထောင်း'

'ဝုစ်'

လေးကြိုးရိုက်ခတ်သံ လေကိုခွင်းကာ လုစ်ခနဲ ပြေးလွှားသံနှင့်အတူ သံဟက်၌ အဆိပ်လူးထားသော မြားတစ်စင်းက ရေနဂါးကြီး၏ လည်တိုင်တစ်နေရာကို ဖောက်ထွင်း စိုက်ဝင်သွားတော့၏။

'ဂရား'

သတ္တဝါကြီးကား နာကျင်စွာအော်ဟစ်ရင်း နောက်သို့တွန့်သွားစဉ် ရန်နိုင်စိုးက နံဘေးရှိ ကျောက်တုံးပေါ် လွှားခနဲ



www.burmeseclassic.com

www.burmeseclassic.com



ခုန်ကူးလိုက်ပြီး ယင်းကျောက်တုံးပေါ်မှတစ်ဆင့် သတ္တဝါကြီး၏ ကျောပေါ် ခုန်ကူးလိုက်တော့သည်။

ချွဲကျိုနေသည့် သတ္တဝါကြီး၏ ကျောကုန်းထက်မှ ချော်မကျသွားစေရန် ရန်နိုင်စိုးသည် သတ္တဝါကြီး၏ လည်ပင်းအရင်းပိုင်းကို လက်ဝဲလက်ဖြင့် ဖက်တွယ်ရင်း လက်ယာလက်ထဲမှ အင်းဇဝါဓားမြှောင်ဖြင့် သတ္တဝါကြီး၏လည်ကုပ်ကို အဆက်မပြတ် ထိုးစိုက်တော့၏။

'စွပ် စွပ် စွပ်'

ဓားမြှောင်ဖြင့် အားပါးတရထိုးကာ ပြန်ဆွဲနှုတ်လိုက်တိုင်း ကြက်သွေးရောင်သွေးတို့ ပန်းပန်းထွက်လာပြီးနောက် သတ္တဝါကြီးမှာ ကျယ်လောင်စွာအော်ညည်းရင်း ရေပြင်ပေါ်သို့ ဘုန်းဘုန်းလဲကျကာ ဖျပ်ဖျပ်လူးနေစဉ်မှာပင် ရန်နိုင်စိုးက နံဘေးရှိ ကျောက်တုံးတစ်တုံးပေါ် ခုန်တက်လိုက်တော့၏။

'ပြန်း'

ဝေဒနာပြင်းထန်စွာ ခံစားနေရသည့် ရေနဂါးကြီးက အမြီးကြီးကို ယမ်းလိုက်ရာ ရှည်လျားကြမ်းတမ်းသည့် အမြီးကြီးမှာ ရန်နိုင်စိုးဆီ ပြေးဝင်လာသဖြင့် ဦးခေါင်းကို လျှင်မြန်စွာ

ခု နစ် စဉ် ကြယ် စာ ပေ



ငုံ့ကာ ရှောင်လိုက်ရသေးသည်။

'ဂရား ရား'

သတ္တဝါကြီးသည်ကား အသံနက်ကြီးဖြင့် အော်ဟစ်လိုက်ပြီးနောက် ခန္ဓာကိုယ်ကြီး တဆတ်ဆတ်တုန်လှုပ်နေလျက်မှ အေးခဲနေသည့် ရေပြင်အောက်သို့ တစ်စ တစ်စ နစ်မြုပ်ကာ ခဏအတွင်းမှာပင် ရန်နိုင်စိုး၏မြင်ကွင်းမှ ပျောက်ကွယ်သွားပါတော့သတည်း။

□□□□□

www.burmeseclassic.com

www.burmeseclassic.com

## အချစ်ည ရင်ခုန်သံ

ရန်နိုင်စိုးမှာ ကျောက်တုံးတစ်တုံးမှတစ်တုံးသို့ ခုန်ကာ ကမ်းစပ်ဆီကူးသွားစဉ် ဆီးနှင်းဖတ်များ ပြန့်နှံ့ဖုံးလွှမ်းထားသည့် ကမ်းခြေမြေပြင်ပေါ်ဝယ် ကိုင်းလေးကိုကိုင်လျက် ဆိုဖီကရပ်ကြည့်နေသည်။

"ကျေးဇူးပဲ ဆိုဖီ ... မင်း လေးနဲ့ကူပစ်ပေးပေလို့ပဲ"

ရန်နိုင်စိုးက ပြောရင်း သွေးစွန်းနေသည့် အင်းဇဝါဓား မြှောင်ကို အနီးရှိ ကျောက်တုံးတစ်တုံးပေါ်မှ ဆီးနှင်းဖတ်တို့နှင့် ပွတ်သုတ်လိုက်ပြီးနောက် ပေါင်၌ကပ်ချည်ထားသည့် ဓားအိမ်





နက်ထဲ ထိုးသွင်းလိုက်လေ၏။

"ဆိုဖီတို့နိုအောင်းဖို့ ဂူတစ်ခုကို အမြန်ဆုံးရှာမှ ဖြစ်မယ် ကိုရန်နိုင်စိုး ... မကြာခင် မှောင်လာတော့မယ်"

ဆိုဖီသတိပေးလိုက်မှ ရန်နိုင်စိုးက ဝန်းကျင်သို့ မျက်လုံး ဝေ့ကြည့်လိုက်သည်။

သူတို့သည်ကား ဖွေးဖွေးထနေသော ဆီးခဲနှင်းမှုပ်များ မာကျောစွာ ဖုံးလွှမ်းထားသည့် ရေခဲလွင်ပြင် ရေခဲတောင်တန်း တို့ကြားသို့ ရောက်ရှိနေချေပြီ။

မိုးတိမ်လွှာနှင့် နှင်းထုကို ထိုးဖောက်ဖြာဆင်းလျက် ရှိသော နေခြည်တန်းတို့က ရေခဲတောင်တန်းပေါ် မေးမှိနေရာမှ တဖြည်းဖြည်း အားပျော့စပြုနေချေပြီ။ အရပ်ရှစ်မျက်နှာသည် ကား ဝိုးဝါးမှိုင်းပျလျက် ...။

"အင်း ... ငါတို့ဟာ သည်းထိတ်ရင်ဖိုခရီးကို တစ်ည လုံးနဲ့ တစ်နေကုန် ခရီးနှင်လာခဲ့ကြရတာပါလား"

ဆိုဖီက ခါးဝယ် အမဲလိုက်ဓားမြှောင်ကို ချိတ်ဆွဲကာ မြားကျည်တောက်နှင့် ကိုင်းလေးတို့ကို ကျောထက်တွင် ဖနှင့် လန့်ဖြတ်လွယ်ထားရင်းမှ ကမ်းခြေပေါ် ဆွဲတင်ထားသည့် လှေ



www.burmeseclassic.com

www.burmeseclassic.com



ငယ်၏ဝမ်းထဲရှိ သေတ္တာတို့ကို ဆက်လက်မွှေနှောက်နေ၏။

သံသေတ္တာထဲမှ ဝံရေအိတ်လွတ်တစ်လုံးကို ဆွဲထုတ်လိုက်ကာ ရိက္ခာခြောက်များကို ယင်းအိတ်ထဲ ထိုးသွတ်ထည့်လိုက်ပြီးနောက် ဆိုဖီက အိတ်ကိုကမ်းပေးလိုက်ရာ ရန်နိုင်စိုးက လှမ်းယူလျက် ကျောမှာ သိုင်းလွယ်လိုက်ရ၏။

"လာ လာ . . . မမောင်ခင် ဂူတစ်လုံးကို တွေ့အောင်ရှာမှ . . . ဗိုက်ကလည်း ဆာလှပြီ"

ဆိုဖီက ဆီးနှင်းတောင်များကြားတွင် အမဲလိုက်ဖူးသည့် အတွေ့အကြုံရှိသူမို့ ရှေ့မှ ဦးဆောင်ခေါ်သွားရာ ရန်နိုင်စိုးက နောက်မှလိုက်ရသည်။

ရေခဲတောင်တန်းများနှင့် သူတို့ရှိရာ ရေခဲလွင်ပြင်အကြားတွင် ဆီးနှင်းဖတ်များ ကပ်ငြိဖုံးလွှမ်းနေသည့် ထင်းရှူးတောနှင့် ကျောက်ဆောင်ကျောက်တန်းတို့ရှိနေ၏။

ဆိုဖီက မြင့်မားလှသည့် ကျောက်ဆောင်ကြီးများကို လှည့်ပတ်ကြည့်ကာ ဂူလိုဏ်ပေါက်ကို ရှာဖွေသည်။

ဝေသီမြင့်ခေါင်သည့် ရေခဲတောင်တန်းနောက်သို့ တအိအိလျှောကျနေသော နေဝန်းကား မကြာမီ စုန်းစုန်းမြုပ် ပျောက်





ကွယ်တော့မည်။

စိုးမိုးစပြုလာသည့် အမှောင်ရိပ်နှင့်အတူ အအေးဓာတ်က သိသိသာသာပိုလာကာ အဝတ်အစားတို့အားလုံး မရရှိခဲ့နေကြသည့် ရန်နိုင်စိုးတို့နှစ်ဦးမှာ ချမ်းခိုက်ခိုက်တုန်လျက် တစ်ကိုယ်လုံး အေးခဲတော့မလို ခံစားလာရတော့၏။

"ဟော . . . ဟိုမှာ ဂူပေါက်တစ်ခု"

ထင်းရှူးပင်များ၏အနီးမှ ဂူပေါက်နားသို့ ရန်နိုင်စိုးတိုးကပ်သွားရန် ဟန်ပြင်လိုက်စဉ် ဆိုဖီက သူ့လက်မောင်းကို ဆွဲထားလိုက်သည်။

"နေဦး . . . အဲဒီလို ကျောက်လိုဏ်ဂူတွေထဲမှာ ဝံပုလွေတွေ၊ ဝက်ဝံတွေ အောင်းနေတတ်တယ်"

ပြောရင်း ဆိုဖီက ဂူအဝအနီးသို့ သတိထား တိုးကပ်သွားကာ ဂူထဲမှ အသံဗလံတစ်စုံတစ်ရာကို နားစွင့်လျက် အနံ့ခံကြည့်လိုက်သည်။ အတန်ကြာသည်အထိ မည်သည့်အသံမျှမကြားရသလို အနံ့ဆိုးတစ်စုံတစ်ရာလည်း မရသဖြင့် စိတ်ပေါ့ပါးသွားရသည်။

"ဒီဂူထဲမှာ တောတိရစ္ဆာန်ရိုင်းတွေ မရှိတာသေချာ သေ



www.burmeseclassic.com

www.burmeseclassic.com



ချာသွားပြီ၊ ဒါပေမဲ့ . . . ရေခဲမြွေတွေ၊ ရေခဲပင့်ကူတွေ ရှိနေနိုင်တယ်၊ ဒါပေမဲ့ . . . သူတို့ ရှိ,မရှိ အသံဗလံနားထောင်လို့မရဘူး၊ အနံ့ခံလို့လည်းမရဘူး''

"ရေခဲမြွေတွေ၊ ရေခဲပင့်ကူတွေ ဟုတ်လား''

'ဟုတ်တယ် . . . သူတို့ရဲ့ရန်က ဝံပုလွေတွေ, ဝက်ဝံတွေထက် ပိုကြောက်ဖို့ကောင်းတယ်၊ သူတို့ကို ဝံပုလွေတွေနဲ့ ဒီရေခဲပြင်ဒေသရဲ့ အရှင်သခင်ဘုရင်တွေဖြစ်တဲ့ ဝံတွေတောင် ကြောက်ရတယ်၊ ပြီးတော့ . . . ရေခဲကျားသစ်တွေ, ရေခဲခြင်္သေ့ ဖြူတွေတောင် သူတို့ရှိတဲ့ဂူတွေကို ရှောင်ကြတယ်''

"ဟုတ်လား . . . အတော်အဆိပ်ပြင်းတဲ့ကောင်တွေထင်တယ်''

"အဆိပ်ပြင်းတာတော့ ပြောမနေနဲ့ . . . သူတို့ရှိတဲ့ ဂူထဲ ဘယ်လိုတိရစ္ဆာန်ကြီးတွေပဲ ဝင်လာဝင်လာ အလွတ်မပေးဘဲ မြွေက အသေပေါက်တတ်သလို၊ ပင့်ကူကလည်း ခုန်ကိုက်တယ်၊ သူတို့ရဲ့အဆိပ်က သိပ်ပြင်းတယ်၊ အကိုက်ခံရချင်းချင်းမှာ တစ်ကိုယ်လုံး ထုံပူပြီး အဆိပ်က ငယ်ထိပ်အထိ တက်ဆောင့်တာပဲ၊ ပြီးတော့ ဒဏ်ရာက ချက်ချင်းသက်သာသွားတယ်၊ မနာမကျင်





တော့ဘူး''

ရှင်းပြနေရင်းမှ ဆိုဖီက အမဲလိုက်စားမြှောင်ဖြင့် အနီးရှိ ထင်းရှူးကိုင်းစိမ်းတစ်ကိုင်းကို ခုတ်ဖြတ်လိုက်သည်။

''ဒါပေမဲ့ . . . နောက်နေ့ သူတို့ အကိုက်ခံရတဲ့အချိန်ရောက်ပြီဆိုရင် အကိုက်ခံရတဲ့ဒဏ်ရာက နာကျင်ကိုက်ခဲလာရော၊ ပြီးတော့ အဆိပ်က တစ်ကိုယ်လုံး ပျံ့လာတော့တယ်၊ ကစ်နာရီလောက် နာကျင်ကိုက်ခဲပြီးမှ ဝေဒနာက တဖြည်းဖြည်း ပျောက်သွားပြန်တယ်''

ဆိုဖီက ကျောက်မီးခတ်နှစ်ခုနှင့်ဝါဂွမ်းကို ထုတ်ယူလိုက်ပြီး မီးခတ်နှစ်ခုကို တထပ်ထပ်ဖြင့် ခတ်နေရာ မီးပွင့်တို့ တဖွားဖွား ပွင့်ထွက်လာတော့၏။

''ဒီလိုနဲ့ နောက်နေ့ အဲဒီအချိန်ရောက်ရင် အဆိပ်တက်ပြန်ရော၊ ဒီလိုနဲ့ တစ်နေ့ထက်တစ်နေ့ မခံမရပ်နိုင်လောက်အောင် အဆိပ်ပြင်းထန်လာပြီး တစ်ကိုယ်လုံး ဖောရောင်လာရော၊ ပြီးတော့ . . . ခေါင်းကဆံပင်တွေပါ ကျွတ်လာပြီး တစ်ပတ်လောက်အကြာမှာပဲ ဖောရောင်နေတဲ့ကိုယ်ကနေ အရေပြားတွေ အက်ကွဲလာမယ်၊ အရိအရွဲအရည်တွေ ထွက်ကျလာမယ်၊ အနာ



www.burmeseclassic.com

www.burmeseclassic.com



နေရာကနေ အသားတွေ ပုပ်ဆွေးပွဲ့ကျလာမယ်၊ အဲဒီလိုနဲ့ ခြေဆစ်လက်ဆစ်တွေ ကြွေပြုတ်ကျပြီး သုံးလအတွင်းမှာပဲ မရှုမလှ အသက်ဆုံးရှုံးရရော''

''ကျွတ် ... ကြောက်စရာပါလား''

မီးခတ်မှမီးပွားက ဝါဂွမ်းသို့ စွဲသွားပြီး ဟုတ်ခနဲ ထ, တောက်လာသည့် ဝါဂွမ်းမီးမှနေ၍ ထင်းရှူးကိုင်းသို့ ကူးစေလိုက်၏။ ထို့နောက် ယင်းမီးတောက်နေသော ထင်းရှူးကိုင်းပေါ်သို့ ဆိုဖီက အခြားထင်းရှူးကိုင်းနှစ်ကိုင်း,သုံးကိုင်းကို ခုတ်ဖြတ်ပုံ့လိုက်ရာ မီးဖိုတစ်ဖိုဖြစ်လာတော့၏။

အပြင်မှတိုက်ခတ်လာသော နှင်းဆွတ်လေက မီးခိုးငွေ့တို့ကို ကျောက်ဂူထဲသို့ သယ်ဆောင်သွားလေသည်။

''ရေခဲမြွေနဲ့ ရေခဲပင့်ကူတို့ဟာ ထင်းရှူးစိမ်းညှော်နံ့ကို မခံနိုင်ကြဘူး။ သူတို့ ဂူထဲမှာရှိလို့ကတော့ အူယားဖားယား ထွက်ပြေးလာလိမ့်မယ်''

သို့သော် အချိန်အတော်ကြာသည့်အထိ မည်သည့် သတ္တဝါတစ်ကောင်တလေမျှ ဂူထဲမှ ပြေးထွက်လာခြင်း မရှိချေ။

''ကဲ ... ဒီကျောက်ဂူထဲမှာတော့ အန္တရာယ်အားလုံး





ကင်းရှင်းနေပြီ၊ ဆိုဖီတို့ ဒီမှာ ဒီတစ်ညအတွက် စခန်းချလို့ရပြီ''

သူတို့ ထင်းရှူးကိုင်းအတော်များများ ခုတ်ဖြတ်ကာ ဂူထဲသွင်းပြီး မီးဖို,ဖိုလိုက်ကြ၏။ ထို့နောက် ဝံရေအိတ်ကြီးထဲမှ သိတ်ပေါင်ခြောက်တစ်ချောင်းထုတ်ကာ ကင်ကြလေသည်။

ရန်နိုင်စိုးက အသားကင်နေစဉ် ဆိုဖီက ဂူဝသို့ ဟန်းကောချိုင့်ယူကာ ထွက်သွားပြီး ထင်းရှူးပင်အကိုင်းများပေါ် ကပ်ငြိနေသည့် ရေခဲချပ်များနှင့် ဆီးနှင်းဖတ်တို့ကို ဖြုတ်ယူလျက် ဟန်းကောချိုင့်ထဲ ထည့်ယူလိုက်၏။ ပြီးတော့ ... ထင်းရှူးပင် တစ်ပင်၏အမြစ်ကိုပါ တူးဆွဖြတ်တောက်ယူလာခဲ့လေသည်။

အသားကင်ပြီးသည်နှင့် အာလူးလေးငါးဆယ်လုံးခန့် ဖုတ်လိုက်သည်။ ပြီး ... ဟန်းကောချိုင့်နှင့် ရေနွေးဆူအောင် တည်လိုက်လေ၏။

ထို့နောက် အာလူးမီးဖုတ်၊ အသားကင်တို့နှင့် ညစာကို အားပါးတရ စားလိုက်ကြကာ ရေနွေးပူပူကို မှုတ်သောက်နေစဉ် မှာပင် ရန်နိုင်စိုးက သူသိချင်နေသောမေးခွန်းကို မေးလိုက် တော့၏။

''ဒါထက် ဆိုဖီ ... မဟာရာဇာအဒူရာမန်က ငါးကို



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ သေစေချင်ရတာလဲ''

''အင်း ... အဲဒါက ဒီလို ကိုရန်နိုင်စိုးရဲ့၊ မဟာရာဇာရဲ့ စံအိမ်မှာတုန်းက ဆိုဖို့ကို သူတို့ သီးသန့်ခေါ်ထုတ်သွားပြီး စားကောင်းသောက်ဖွယ်တွေ ကျွေးရင်း မဟာရာဇာက စားသောက်ခန်းထဲ ဝင်လာပြီး ဆိုဖီဟာ နှင်းတောင်ကျားကြီးလို့ သတင်းကြီးတဲ့ နှင်းတောင်မှဆိုးဒိုရန်ရဲ့ညီမ ဟုတ်,မဟုတ် သေချာအောင် ထပ်မေးတယ်၊ ဆိုဖီက ဒိုရန်ရဲ့ တစ်ဦးတည်းသောညီမပါလို့ ပြောလိုက်တော့ ညစာ စားပြီးပြီးချင်းမှာပဲ ဆိုဖို့ကို ဖမ်းချုပ်နိုင်းတယ်လေ''

ဆိုဖီက ရေနွေးပူပူကို မှုတ်သောက်ပြီး စကားဆက်သည်။

''ဆိုဖီလည်း ဘုမသိ ဘမသိနဲ့ ဖမ်းအချုပ်ခံရတာပေါ့၊ သူတို့က ဆိုဖို့ကို အခန်းကျဉ်းတစ်ခုထဲခေါ်သွားပြီး တံခါးပိတ်လှောင်ထားလိုက်ကြတယ်၊ ဆိုဖီဟာ အဲဒီအခန်းကျဉ်းထဲက ကွပ်ပျစ်လေးပေါ် လှဲနေရာက အိပ်ပျော်သွားခဲ့တယ် ...၊

ဆိုဖီအိပ်ရာကနိုးတော့ လူနှစ်ယောက် အခန်းထဲဝင်လာပြီး ဆိုဖို့ကို ဝတ်ရုံနက်ကြီး ဝတ်ရုံခိုင်းတယ်၊ ပြီးတော့ ...စကြံ





အရှည်ကြီးအတိုင်း ချုပ်နှောင်ခေါ်သွားကြတယ်၊ ဆိုဖီ ရုန်းတော့ နောက်လူနှစ်ယောက် ထပ်ပေါ်လာပြီး ဆိုဖို့နံကြားထဲ လုံသွားနဲ့ ထောက်ထားကြတယ် ...၊

နောက်တော့ ဆိုဖီလည်း မြေအောက်ခန်းကြီးထဲ ပါသွားပြီး ကျောက်ငုတ်တိုင်တစ်ခုမှာ လက်ပြန်ကြိုးတုပ်ချည်ထားတာခံရတယ်၊ အဲဒီအချိန်မှာပဲ မဟာရာဇာရောက်လာပြီး ဆိုဖို့ကို ဘာဖြစ်လို့ ဖမ်းချုပ်ရတာလဲဆိုတာကို ပြောပြတော့တာပါပဲ''

ရန်နိုင်စိုးမှာ လေပေါ်မှရလာခဲ့သည့် ဝံရေချပ် တစ်ချပ်ကို ကျောက်ဂူ၏ထောင့်နားဝယ် ခင်းလိုက်ရင်း စိတ်ဝင်စားစွာ နားထောင်နေသည်။

''ဖြစ်ပုံက ဒီလို ... အဒူရာမန်ရဲ့အစ်ကို ဆန်ဂျီရာမန်ဟာ အိန္ဒိယနိုင်ငံရဲ့အရှေ့မြောက်ပိုင်း ဂျီဟတ်ဒေသမှာ မဟာရာဇာအဖြစ် အုပ်ချုပ်နေခဲ့တယ်၊ အဲဒီဒေသဟာ နိုင်ငံရဲ့ အစွန်အဖျား ကျနေတာမို့ ဗြိတိသျှကိုလိုနီနယ်ချဲ့အစိုးရရဲ့ အုပ်ချုပ်ရေးလက်လှမ်းသိပ်မမီတဲ့ ဒေသဖြစ်ပြီး ဒေသခံတွေက မဟာရာဇာဆန်ဂျီရာမန်ရဲ့ အုပ်ချုပ်မှုအောက်မှာပဲ ရှိနေခဲ့တယ်၊ ဆန်ဂျီရာမန်မှာ မယားလေးယောက်ရှိပေမယ့် သူက အမြဲဖြစ်နေလို့



www.burmeseclassic.com

www.burmeseclassic.com



သားသမီးမရဘူး၊ ဒါကြောင့် ... ဆန်ဂျီရာမန်သေရင် သူ့ရဲ့ အရိုက်အရာကို အဒူရာမန်က ဆက်ခံရမှာဖြစ်တယ် ...၊

တကယ်တော့ ဆန်ဂျီရာမန်ဟာ ဒေသခံ မဟာရာဇာ မျိုးနွယ်က ဆင်းသက်လာတာမဟုတ်ဘူး၊ သူက ကုန်သည်ကြီး၊ ချမ်းသာကြီးပွားတော့ ငွေကြေးကြွယ်ဝမှုကို အသုံးချပြီး လူမိုက် တပည့်တွေမွေးလို့ မဟာရာဇာဘွဲ့ခံခဲ့တာပဲ၊ ပြောရရင်တော့ ဒေသခံ မဟာရာဇာဂိုတန်ကို ငွေကြေးနဲ့ အမှုဆင်ဖယ်ရှားခဲ့ တယ်၊ ဒါကို ဂိုတန်ရဲ့ဆွေမျိုးအသိုင်းအဝိုင်းက မကျေနပ်ဘူး၊

ဆန်ဂျီရာမန်ဟာ ရက်ရက်စက်စက်နဲ့ မတရားမှုတွေ လုပ်တယ်၊ သူတို့ညီအစ်ကိုနှစ်ယောက်ဟာ ငွေကြေးဂုဏ်ရှိန် တပည့်လူမိုက်တွေအားကိုးနဲ့ နေရာတကာ ဗိုလ်ကျနေခဲ့တယ်၊

“ဆိုဖီ့ရဲ့အစ်ကိုဒိုရန်ဟာ ဟိမဝန္တာတောကြီးထဲ အမဲ လိုက်ရာကရရှိလာတဲ့ သားကောင်သားရေတွေ, ချိုတွေကိုရောင်း ဖို့ ဂျီဟတ်နယ်ထဲရောက်သွားရာက ဟန်နီဆိုတဲ့ အမျိုးသမီး ချောချောလေးနဲ့ ရင်းနှီးပြီး ချစ်သူတွေဖြစ်ခဲ့တယ် ...၊

အဲဒီအချိန်မှာ ဆန်ဂျီရာမန်က ဟန်နီ့ကို အဓမ္မသိမ်း ပိုက်ဖို့ကြိုးစားတယ်၊ အဲဒီမှာ အစ်ကိုဒိုရန်က ဝင်ရောက်ကန့်ကွက်





ရင်း စကားများ ပြဿနာဖြစ်တော့တယ် ...၊

ဆန်ဂျီရာမန်ရဲ့တပည့် လူမိုက်တွေက အစ်ကိုဒိုရန့်ကို သေနတ်တွေနဲ့ ပစ်ခတ်ပြီး ဝိုင်းဝန်းတိုက်ခိုက်တော့တယ်၊ ဒါပေမဲ့ အစ်ကိုဒိုရန်က သူတို့ကို လေးနဲ့ ပြန်ပစ်ခုခံခဲ့တယ်၊ ဟန်နီ့ကို ဆန်ဂျီရာမန်ရဲ့ သေနတ်ကျည်ထိမှန်ပြီး ဟန်နီသေဆုံးခဲ့တယ်၊

ပြဿနာဖြစ်တာက တောစပ်တစ်နေရာက ဆန်ဂျီ ရာမန်ရဲ့လယ်တောစံအိမ်မှာဆိုတော့ အစ်ကိုဒိုရန်က တောကျွမ်း သူမို့ သူတို့ကို တောထဲမျှားခေါ်ပြီး လေးနဲ့ခွင်းလို့ တစ်ယောက်ပြီး တစ်ယောက် ရှင်းပစ်လိုက်တယ်၊ ပြီးတော့ ... ညဘက်မှာ လယ်တောစံအိမ်ထဲ လျှို့ဝှက်ဝင်ရောက်ပြီး ဆန်ဂျီရာမန်ကိုပါ ရှင်းပစ်လိုက်တယ် ...၊

အဲဒီအချိန်တုန်းက အဒူရာမန်ဟာ ဂျီဟတ်မှာ မရှိဘူး၊ လီဒိုဘက်ကို မြင်းဝယ်ဖို့ သွားနေခဲ့တယ်၊ အဒူရာမန် ဂျီဟတ်ကို ပြန်လာတော့ သူ့အစ်ကို ဆန်ဂျီရာမန်က သေနေပြီ၊ ဂျီဟတ် ဒေသကို မူလမဟာရာဇာဂိုတန်က အုပ်ချုပ်နေပြီ၊ ဂိုတန်က ဗြိတိသျှအာဏာပိုင်တွေနဲ့ ပေါင်းပြီး အဒူရာမန်တို့ညီအစ်ကို ကျူး လွန်ခဲ့တဲ့ မတရားမှုတွေ, လူသတ်မှုတွေကို ဖော်ထုတ်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက် အဒူရာမန်ကို ရာဇဝတ်သားအဖြစ် သတ်မှတ် ကြေညာပြီး ဖမ်းဝရမ်းထုတ်လိုက်တယ် ...၊

အဲဒီမှာ အဒူရာမန်လည်း အနောက်ဘက်ဒေသဆီ ခြေလွတ်လက်လွတ် ပြေးရတော့တာပဲ၊ ဒါကြောင့် အဒူရာမန်ဟာ သူတို့ ညီအစ်ကိုရဲ့မဟာရန်သူ မဟာရာဇာဂိုတန်နဲ့ ဆိုဖီရဲ့ အစ်ကို ဒိုရန်တို့ကို ကမ္ဘာမကျေဖြစ်ခဲ့တယ်၊ အခွင့်သာရင် လက်စားချေဖို့ စောင့်နေခဲ့တယ် ...၊

သူမျှော်လင့်စောင့်စားနေတုန်းမှာပဲ ဆိုဖီက သူ့ရဲ့စံအိမ်တော်ဆီ လမ်းပြအဖြစ်ရောက်သွားတော့ သူက အစ်ကိုဒိုရန့် အပေါ်ထားရှိတဲ့ ရန်ငြိုးနဲ့ ဆိုဖို့ကို ဖမ်းဆီးတာပါပဲ၊ သူ့ရဲ့လက်နဲ့ ဆိုဖို့ကို သတ်ပစ်ချင်ပေမယ့် လားမားကြီးရှိဝှန်က အင်းဇဝါခားမြှောင်စစ်,မစစ်လည်းစမ်းရင်း ဒိုရန့်အစား ဆိုဖို့ကို လက်စားချေ သတ်ဖြတ်ပြီးလည်းဖြစ်အောင် မြေအောက်ခန်းထဲမှာ ခေါင်းစွပ်နက်စွပ်ပြီး ဆိုဖို့ကို အကျဉ်းသားအဖြစ် ထားရှိစေတယ်၊ အဲဒီအချိန်မှာ ကိုရန်နိုင်စိုးကို ခေါ်လာပြီး အင်းဇဝါခားမြှောင်နဲ့ ဆိုဖို့ကို သုတ်သင်ရှင်းလင်းခိုင်းတာပါပဲ''

''ဩော် ...ဖြစ်ရပ်က ဒီလိုကိုး၊ တော်သေးတယ်...





အဲဒီတုန်းက တို့ရဲ့တစ်ကိုယ်လုံးနှသွေးတွေဆူကြွပြီး သတ်ချင်ဖြတ်ချင်စိတ်ဖြစ်နေတာ၊ နောက်မှ ဆိုဖီမှန်းသိသွားတာ လက်မတင်ကလေးပဲ၊ အဲဒီတုန်းကသာ သတိမထားမိဘဲ စိတ်လွတ်သွားပြီး ဆိုဖို့ကို သတ်မိရင်တော့ တို့ရဲ့တစ်သက်လုံး ကြေကွဲလို့ဆုံးမှာ မဟုတ်တော့ဘူး''

''ဘာဖြစ်လို့လဲ''

ဆိုဖီက မျက်လုံးရွှဲကြီးများဖြင့် သူ့ကို မော့ကြည့်ကာ မေးသည်။ ထင်းရှူးကိုင်းတို့ကို တဖျစ်ဖျစ်လောင်ကျွမ်းနေသည့် မီးလင်းဖိုမှမီးရောင်က ဆိုဖီ၏မျက်နှာသွယ်သွယ်ဝန်းဝန်းလေးကို ဟပ်လျက်ရှိသည်။ မီးလင်းဖို၏ မီးရောင်အောက်ဝယ် ပြစ်မျိုးမှဲ့ မထင်အောင် လုပနေသည့် ဆိုဖို့မျက်ဝန်းများကို ကြာရှည်စွာ တည့်တည့်မကြည့်ဝံ့ဘဲ ရန်နိုင်စိုးက ရင်ခုန်လှုပ်ရှားစွာဖြင့် အကြည့်ကို လွှဲဖယ်လိုက်ရသည်။

''ဒါထက် ဟောဟို ထင်းရှူးမြစ်က ဘာလုပ်ဖို့လဲ''

ရန်နိုင်စိုးက အာရုံပြောင်းရန် ကြိုးစားလိုက်၏။

ဆိုဖီက ပြုံးလိုက်ပြီး နံဘေးတွင် ချထားသော ထင်းရှူးမြစ်ကို ကောက်ယူကာ ဂူနံရံအနီးမှ ကျောက်ချောတစ်တုံးပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



ပွတ်တိုက်သွေးလိုက်၏။

"ခြေထောက်တွေကို ထင်းရှူးမြစ်သွေးရည်နဲ့ လိမ်းလိုက်ရင် တစ်နေ့လုံး အေးခဲတောင့်တင်းနေတဲ့ ခြေထောက်တွေ, ခြေသလုံးကြွက်သားတွေ ပူနွေးပျော့ပျောင်းပြီး၊ အကြောတွေပြေလို့ အညောင်းအညာအကိုက်အခဲအားလုံး ပျောက်သွားရော၊ ဆိုဖို့ကို ဂူအဝက နှင်းခဲလေးတွေ ယူပေးပါလား၊ ပြီးတော့ . . . ဆိုဖီတို့ အိပ်ပျော်နေတုန်း တောကောင်ကြီးတွေ ဂူထဲ ဝင်မလာနိုင်အောင် ဂူဝမှာ ထင်းချောင်းကြီးတွေနဲ့ ပိတ်ပေးပါလား"

ဆိုဖီက ပြောရင်း ဟန်းကောချိုင့်အဖုံးနှင့် အမဲလိုက်ဓားမြှောင်ကို ကမ်းပေးရာ ရန်နိုင်စိုးက ယူပြီး ဂူဝသို့ထွက်လာခဲ့၏။

ဦးစွာ ဂူဝအပြင်ဘက်မှ နှင်းခဲအချို့ကို ဟန်းကောချိုင့်ဖုံးထဲ ကောက်ထည့်လိုက်သည်။

ညဝန်းကျင်သည် အမှောင်ထုလွှမ်းလျက်ရှိပြီး မိုးတိမ်တောင်ထုတို့ အောက်မှ မဝံ့မရဲကိုယ်ရောင်ပြနေရရှာသည့် လမင်း၏ဘော်ငွေစင်မှုန်ပျပျအလင်းရောင်တန်းတို့က နှင်းဖုံးတောင်ထိပ်များ၊ ရေခဲတောင်ထိပ်များကို ဖွေးဖွေးလက်နေစေ၏။

ရန်နိုင်စိုးက နှင်းခဲအချို့ကို ဂူထဲသွားပို့ပြီးမှ ဂူအပြင်သို့





ပြန်ထွက်ကာ ထင်းရှူးကိုင်းတို့ကို လိုက်ခုတ်လျက် ဂူအဝမှာ တန်းစီထောင်ထားလိုက်၏။

"ဒါမှ . . . တောကောင်ကြီးတွေ ဂူထဲဝင်မလာရဲမှာ၊ ဝင်လာရင်လည်း ထင်းချောင်းတွေပြိုကျပြီး ငါတို့သိရမှာ"

ရန်နိုင်စိုး ဂူထဲပြန်ဝင်လာတော့ ဆိုဖီက ဘောင်းဘီအနားစကို ဒူးခေါင်းကျော်သည်အထိ လိပ်တင်ကာ ထင်းရှူးမြစ်ရည် လိမ်းလျက်ရှိသည်။

မီးရောင်အောက်တွင် ဖွေးနုနေသော ခြေသလုံးသားတို့နှင့် သန့်စင်နေသည့် ဒူးခေါင်းဝင်းဝင်းဝင်းလေးတို့ကို ငေးခနဲကြည့်လိုက်မိပြီးမှ ရန်နိုင်စိုး မျက်နှာလွှဲလိုက်ရ၏။

"ကဲ . . . လာ ကိုရန်နိုင်စိုးအလှည့်ပဲ"

ဆိုဖီက ပြောပြောဆိုဆိုဖြင့် ထင်းရှူးမြစ်ကို ကျောက်ချောပေါ် တရွှမ်းရွှမ်းသွေးလိုက်ပြီး အပေါ်မှ နှင်းခဲတို့ ချလိုက်ရာ ချက်ချင်းအရည်ပျော်သွားသည်တွင် လက်ဖဝါးလေးဖြင့် ထင်းရှူးမြစ်ရည်ကို သပ်ယူလိုက်လေသည်။

ပြီးတော့ . . . ရန်နိုင်စိုး အားတုံ့အားနာစွာ တားမြစ်နေသည့်ကြားမှ ရန်နိုင်စိုး၏ ဘောင်းဘီအနားစကို လိပ်တင်စေ



www.burmeseclassic.com

www.burmeseclassic.com



ပြီး သူမကိုယ်တိုင် ခြေသလုံး၊ ဒူးခေါင်းတို့ကို လိမ်းကျံပေးလေ၏။

မည်သို့ဆိုစေ မီးလင်းဖိုကို အလယ်မှာထားပြီး ဝံရေ အိပ်ရာခင်းပေါ် မျက်နှာချင်းဆိုင် လဲလျောင်းကာ ရင်တခုန်ခုန်၊ အသည်းတဒွေးဒွေး အိပ်စက်ခဲ့ရသော ထိုညကို ရန်နိုင်စိုး မမေ့နိုင်တော့ပါ။

▢▢▢▢▢

# အခန်း (၄)

မရကာန္တဲ့အတွင်း သက်ဆင်းသူများ

သူရဲကောင်းတို့၏ ကျဆုံးခြင်း

မဟာရွှေတံခါး ရှမ်ဘဲလား

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

### မရဏနွံအတွင်း သက်ဆင်းသူများ

သူတို့စခန်းချရာကျောက်ဂူကို စွန့်ခွာပြီး ဟိမဝန္တာတောင်တန်းရှိရာအရပ်ကို ဦးတည်ကာ ဆီးနှင်းလွှင်ပြင်ထဲ ဖြတ်သန်းခရီးနှင်ခဲ့ကြသည်မှာ နံနက်မိုးသောက်ကတည်းက ဖြစ်သည်။

ဖွေးဖွေးထနေသော ဆီးမြှုပ်နှင်းခဲများထဲ ခြေကျွံမကျအောင် သတိထားကာ တစ်လှမ်းချင်း ဖြတ်သန်းနေရခြင်း ဖြစ်လေ၏။

တောင်မြင့်ပေါ်မှနေ၍ ဟိမဝန္တာတောင်တန်းရှိရာသို့ မျှော်မှန်းကြည့်နိုင်စေရန် ရေခဲတောင်စောင်းကို ကွေ့ပတ်ကာ





ရေခဲတောင်တန်းတစ်ခုအပေါ်သို့ သူတို့ တစ်နေကုန် ကြိုးစားတက်လာကြသည်။

"ဒီမှာ မိုးမရွာဘူးနော်"

"ဟုတ်တယ် ကိုရန်နိုင်စိုး ... ဒီလို ပေနှစ်သောင်းကျော်မြင့်တဲ့ ဆီးနှင်းတောင်တန်းတွေ့ ရေခဲတောင်တန်းတွေ အပေါ်ကို မိုးရောက်လေ့မရှိဘူး၊ ဒီအပေါ်မှာ ဆီးနှင်းမိုးတွေနဲ့ နှင်းမုန်တိုင်းတွေပဲ ကျရောက်လေ့ရှိပြီး နှင်းမုန်တိုင်းတွေကျရောက်လာရင် သိပ်ကြောက်ဖို့ကောင်းသလို တောင်ထိပ်တွေအပေါ်မှာ ရေခဲထုအထပ်ထပ်တက်လာပြီးမှ နေပူရှိန်ဒဏ်ကြောင့် ရေခဲတုံးကြီးတွေ ပြိုကျလာရင်လည်း ကြောက်ဖို့ကောင်းတယ်၊ အဲဒါထက်ကြောက်စရာကောင်းပြီး မကြာခဏအန္တရာယ်ဖြစ်စေတာကတော့ ရေခဲပုံးကျွံကျတာပါပဲ၊ တစ်နည်းအားဖြင့် ရေခဲထောင်ချောက်မိတာပဲပေါ့၊ သဲကန္တာရတွေမှာ ကြုံတွေ့ရတတ်တဲ့ သဲနွံတွင်းတွေလိုပဲ၊ အဲဒီလို သဲနွံတွင်းထဲကျွံကျသွားရင် ဟိုး မြေကမ္ဘာရဲ့ အောက်ခြေအထိ ကျွံကျသွားပြီး ဘယ်လိုမှ အပေါ်ကို ပြန်မတက်နိုင်တော့ဘူး၊ ဒီလိုပဲ ဆီးနှင်းရေခဲပြင်မှာ ရေခဲထောင်ချောက်ထဲ ကျွံကျသွားလို့ကတော့ ပြန်လမ်းမရှိတော့ဘဲ ရေခဲတောင်ထုရဲ့ အောက်



www.burmeseclassic.com

www.burmeseclassic.com



ခြေဆီ စုန်းစုန်းမြုပ်သွားရော၊ ရေခဲတောင်တက်သမားတွေနဲ့ နှင်းတောင်မှုဆိုးတွေ ဂရုအစိုက်ရဆုံးကတော့ အဲဒီရေခဲနွံတွင်းတွေ ရေခဲထောင်ချောက်တွေပဲ ကိုရန်နိုင်စိုး ...၊

ဒီလို ဆီးနှင်းလွှာထု ဆီးမြုပ်နှင်းဖတ်တွေ မာကျော အေးခဲပြီးဖြစ်ပေါ်လာတဲ့ ရေခဲပြင်ရဲ့အောက်မှာ ရေခဲနွံတွင်း ရှိနေသလား၊ ရေခဲထောင်ချောက်ရှိနေသလားဆိုတာကို တော်ရုံ အတွေ့အကြုံနဲ့ မသိနိုင်ဘူး၊ ဝါရင့် နှင်းတောင်မှုဆိုးတွေပဲ သိနိုင်တယ်၊ ဆိုဖီကတော့ ဟိမဝန္တာတောင်တန်းပေါ်က ဆီးနှင်းတောင်တွေအပေါ် အမဲလိုက်တိုင်း အစ်ကိုဒိုရန် လက်တွေ့အခါခါ သင်ပြထားလို့ ရေခဲထောင်ချောက် ရှိ၊မရှိ မှန်းဆတတ်နေပါပြီ၊ ဒါကြောင့် ဆိုဖီရဲ့ခြေရာအတိုင်း နောက်ကနေ တစ်ထပ်တည်း လိုက်နင်းပေတော့''

''ကောင်းပါပြီဗျာ ကောင်းပါပြီ''

❒❒❒

ရေခဲကျီးပေါင်းတက်ကာ ဖြုတ်ထ,နေသော ကျောက်စွန်းတစ်ခုအား ကွေ့ပိုက်ဖြတ်ကျော်လိုက်စဉ်မှာပင် ဆီးနှင်းပြင်ပေါ်မှ ခြေရာတစ်စုံကို တွေ့လိုက်ရာ ဆိုဖီရော ရန်နိုင်စိုးပါ အံ့ဩသွားကြရသည်။

''ခြေရာတစ်ခုပါလား''

''ဟုတ်တယ် ဆိုဖီ ... ဒါဟာ လူတစ်ယောက်ရဲ့ခြေရာပဲ''

''အင်း ... ဒီအတိုင်းဆို ဒီရေခဲဆီးနှင်းလွင်ပြင်ကောင်





www.burmeseclassic.com

www.burmeseclassic.com



ကြောတစ်ပိုက်မှာ ဆိုဖီတို့အပြင် အခြားလူတစ်ဦးရှိနေပြီ ကိုရန်နိုင်စိုး"

"မဟာရာဇာအဒူရာမန်ရဲ့လူတွေ နောက်က လိုက်လာပြီ ထင်တယ်"

"သူတို့လိုက်လာရင် အုပ်စုလိုက် လိုက်လာမှာပေါ့"

"အုပ်စုလိုက် လိုက်လာရင်းက အုပ်စုကွဲသွားတာလား၊ လူဖြန့်ပြီး တို့တွေကို လိုက်ရှာနေတာလား မသိနိုင်ဘူးလေ၊ ဘာပဲဖြစ်ဖြစ် သူတို့ထဲက အချို့ဟာ တို့တွေလိုပဲ အခက်အခဲအမျိုးမျိုးကို ကျော်ဖြတ်ပြီး ဒီအထိ လိုက်လာနိုင်တာလဲ ဖြစ်နိုင်တာပဲ"

"အင်း ... ဆိုဖီတို့ကလည်း ဟိုရေသတ္တဝါကြီးကို ရှင်းပေးခဲ့မိတာကိုး"

မည်သို့ဖြစ်စေ ခြေရာရှင်မှာ သူတို့အဖို့ မိတ်ဆွေဖြစ်ဖို့ထက် ရန်သူဖြစ်ဖို့ ပိုများနေသဖြင့် သတိပိုမိုထားကြကာ ခြေရာခံလိုက်ကြည့်ကြတော့၏။

သို့သော် ... တောင်မြင့်ပိုင်းဖြစ်သဖြင့် လေက အဆမတန် တိုက်ခတ်လျက်ရှိရာ ယင်းလေထဲတွင် လွင့်ပါလာကြသည့်





နှင်းသီး၊ နှင်းပွင့်၊ နှင်းလုံးတို့က ဆီးနှင်းပြင်ထဲ ကျလိုက်သည်နှင့် ခဏချင်း ရေခဲပြင်ဖြစ်သွားလျက်ရှိသောကြောင့် ရေခဲပြင်မာမာ ဖုံးလွှမ်းသွားကာ ခြေရာပျောက်သွားတော့၏။

လေကွယ်ရာ ကျောက်တောင်စွန်းများ၊ ကျောက်ဆောင်များ၏နောက်ဘက်၌သာ ခြေရာအချို့ကို တွေ့ရသဖြင့် ခြေရာခံလိုက်ရန် လွန်စွာခက်ခဲလျက်ရှိတော့သည်။

"အခုလို လေပြင်းထန်ချိန်မှာ လွင့်ကျလာတဲ့ နှင်းသီးနှင်းခဲတွေကြောင့် ဖြစ်လာရတဲ့ ရေခဲပြင်တွေဟာ ကျောက်သားလို မမာသေးဘူး ကိုရန်နိုင်စိုး၊ အနည်းမထိုင်သေးဘူး ဆိုပါတော့၊ အဲဒီလိုအချိန် အဲဒီရေခဲပြင်တွေပေါ် ဖြတ်သွားရတာဟာ မရဏလွင်ပြင်ကို ဖြတ်ရသလိုပဲ၊ ဘယ်အချိန် ရေခဲပုံး, ရေခဲထောင်ချောက်ထဲ ကျွံကျမလဲမသိဘူး၊ ရေခဲတောင်တက်သမားတွေဆို တုတ်နဲ့စမ်းထောက်ပြီးမှ တက်ကြတာ"

ရေခဲထောင်ချောက်တို့ကို သတိထားကာ ရှေ့သို့ တရွေ့ရွေ့လှမ်းလာကြစဉ်မှာပင် ဟိုးရှေးဆီမှ နှင်းသီးနှင်းခဲတို့ ဝဲပျံကျလျက်ရှိသော ရေခဲတောင်စောင်းအတိုင်း တရွေ့ရွေ့တက်ခဲ့နေသည့်သဏ္ဍာန်နှစ်ခုကို တွေ့လိုက်ရရာ ကျောက်စွန်တစ်ခုကို



www.burmeseclassic.com

ကွယ်ပြီး ဆိုဖီက သေချာစူးစိုက်ကြည့်သလို ရန်နိုင်စိုးသည်လည်း ခြေလှမ်းတို့ ရပ်တန့်သွားရ၏။

"ဟိုမှာ တောင်ကြောတစ်ခုအပေါ် လူနှစ်ယောက် တွား တက်နေပါလား"

"ဟုတ်တယ် . . . သူတို့ရဲ့လက်ထဲမှာလည်း သေနတ် တွေ ကိုင်ထားတယ်"

ပစ္စတိုကဲ့သို့ ပြောင်းတိုသေနတ်ကိုယ်စီ ကိုင်ထားသူ နှစ်ဦးမှာ သူတို့၏မိတ်ဆွေ ဘယ်နည်းနှင့်မျှ မဖြစ်နိုင်တော့ပါ။

"သူတို့ဟာ စောစောကလူလိုပဲ ဆိုဖီတို့ကို အသည်း အသန် လိုက်ရှာနေပုံရတယ်"

ဤဆီးနှင်းလွင်ပြင်ထဲတွင် အန္တရာယ်ဝိုင်းလျက်ရှိနေပြီ ကို သူတို့ သိလိုက်ရပြီ။

ထိုစဉ် နှင်းမိုးတို့ ရုတ်တရက် ရပ်တန့်သွားပြီး နှင်း ဆောင်းတောင်တန်းကြီးအပေါ်ရှိ မှိုင်းပျသော နှင်းရိပ်များကြားမှ နေခြည် ရုတ်တရက်ပွင့်လာသည်။

ဤရေခဲတောင်တန်းတို့အပေါ်မှာက ဤသို့ပဲ ဖြစ်သည်။ ခုနစ်ရက်၊ ရှစ်ရက်ခန့် နှင်းမုန်တိုင်းကြီး တသဲသဲဆက်တိုက်ကျနေ





ရာမှ နေဝန်းကြီး ရုတ်တရက်ပေါ်လာတတ်၏။ ထိုသို့ ရာသီဥတု ရုတ်တရက်ပြောင်းကာ နေပူရှိန်မြင့်လာလျှင် ရေခဲတောင်များ၊ ရေခဲလွင်ပြင်များမှာ ချက်ချင်း အက်ကွဲပြိုကျလေ့ရှိသဖြင့် ရေခဲ ချောင်းများ ရုတ်ခြည်း ရေစီးကြမ်းလာလေ့ရှိလေသည်။

နွေးထွေးသော နေခြည်အောက်တွင် မိုးပေါ် ပျံမြူးနေ သည့် ရေခဲငှက်တို့ကို တွေ့လိုက်ရသလို ကျောက်ဆောင်တစ်ခု အပေါ် တက်နားလာကြသော ရေဘဲအုပ်ကိုပါ ကြည်နူးဖွယ် တွေ့ရသည်။

သဘာဝအလှကို အမှတ်မထင်ငေးကြည့်ရင်း နှင်းကျီး ပေါင်းတက်နေသော ကျောက်ဆောင်မြင့်တစ်ခုကို ပတ်ထွက် လိုက်စဉ်မှာပင် ရှေ့ဝါးတစ်ရိုက်အကွာခန့်မှ လူသားလေးဦးကို ပက်ပင်းရင်ဆိုင် တွေ့လိုက်ရတော့၏။

"ဟား ဟား ဟား . . . ပြေးလို့ လွတ်သေးရဲ့လားကွ ဟေ၊ မလှုပ်နဲ့နော် . . . နည်းနည်းမှမလှုပ်နဲ့၊ ဟိုကောင်မလေး . . . ကိုင်းလေးကို လက်ထဲက လွှတ်ချလိုက်စမ်း"

ခြောက်လုံးပြူးသေနတ်ဖြင့် ထိုးချိန်ရင်း ရှေ့ဆုံးမှ မဟာ ရာဇာအဒူရာမန်က ရှေ့သို့ လှမ်းလာသည်။ သူ့ဝဲဘက်ဖျော့လိုလ်

www.burmeseclassic.com



မှာ ဝါလွင်သောဝတ်ရုံကြီးနှင့် လူားမားရှိဂုန်ပဲဖြစ်ပါ၏။ သူတို့နှစ်ဦးကို ဓားကောက်ကိုင်ထားသူနှစ်ဦးက ရံထားကြသည်။

"ကဲ ... အာရန် ... အင်းဇဝါဓားမြှောင်ကို ငါ့ရဲ့လက်ထဲ အပ်စမ်း၊ ဟောဒီ ငါ့ရဲ့ကျောပိုးအိတ်ထဲမှာ ဟိမဝန္တာဆင်စွယ် ဆံထိုးရော, မဟူရာကျောက်မျက်ရှင်တံဆိပ်တော်ပါ ပါလာတယ်ကွ ... သိလား၊ အင်းဇဝါဓားမြှောင်နဲ့ဆို အာသောကမင်းကြီးရဲ့ ကျောက်ဖြူသေတ္တာကို ဖွင့်လို့ရပြီပေါ့ ... ဟား ဟား ဟား ... ကဲ ... ကဲ ... အဲဒီသော့သုံးချောင်းစုံညီစွာနဲ့ လောကဓာတ်ပညာ လျှို့ဝှက်ကျမ်းကြီး (၉) ကျမ်းရှိရာ ကျောက်ဖြူသေတ္တာကို ဖွင့်ဖို့ ရှမ်ဘဲလားဆီ ငါတို့သွားချင်လှပြီ၊ ပေးစမ်း ... အင်းဇဝါ ဓားမြှောင်"

ရန်နိုင်စိုးက ဆိုဖို့ကို တစ်ချက်ငဲ့ကြည့်လိုက်ပြီးနောက် လက်ယာဘက် ဘောင်းဘီစကို လိပ်တင်လိုက်ကာ ပေါင်၌ သားရေနက်ကြီးဖြင့် ချည်ထားသော ဓားအိမ်နက်ကို ဖြုတ်ယူလိုက်၏။

ပြီးတော့ ဓားမြှောင်ကို လက်ကိုင်ရိုးမှ ကိုင်ထားပြီး ..

"ရော့"





ဟု ပြောလိုက်ကာ လက်ကို ရှေ့သို့ ရုတ်တရက် မြှောက်လိုက်ရာ နဝရတ်ကိုးပါးစီခြယ်ထားသည့် ဓားအိမ်နက်က ဓားမြှောင်မှ ကျွတ်ထွက်ကာ မဟာရာဇာအဒူရာမန်ဆီသို့ ဝဲပျံသွားတော့သည်။

အဒူရာမန်က အယောင်ယောင်အကန်းကန်းဖြင့် ဓားအိမ်နက်ကို ဆီးဖမ်းလိုက်စဉ်မှာပင် ရန်နိုင်စိုးက အဒူရာမန်၏ လက်ယာဘက်သို့ လွှားခနဲခုန်လိုက်ရင်း သေနတ်ကိုင်လက်ကို လက်ယာခြေဖြင့် ခတ်ထည့်လိုက်၏။

'ဖြောင်း'

အဒူရာမန်၏ ခြောက်လုံးပြူးသေနတ်မှာ လက်ထဲမှ လွင့်ထွက်သွားပြီး မတ်စောက်မြင့်မားလှသည့် ရေခဲတောင်စောင်း အောက်သို့ လွင့်စင်ကျသွားတော့သည်။

"ယား"

အဒူရာမန်၏ တပည့်နှစ်ဦးကား သူတို့ဆရာသခင်ကို ထိသဖြင့် မခံချိအောင်နာကာ လက်ထဲမှ ဓားကောက်ကြီးများဖြင့် ရန်နိုင်စိုးကို အတင်းဝင်ပိုင်းတော့၏။

သို့သော် ... သူတို့၏ ပြင်းထန်သော ဓားချက်များကို



www.burmeseclassic.com

ရန်နိုင်စိုးက အင်းဇဝါဓားမြှောင်ဖြင့် လျှပ်ပြက်သလို ခုခံလျက်ရှိရာ ရေခဲတောင်မြင့် တောင်ချွန်းများကြားတွင် သံ,သံချင်းထိခတ်သံ တချွင်ချွင်ထွက်ပေါ်လျက်ရှိသလို ယုန်ဖြူကြီးတစ်ကောင်မှာ ပုန်းဝပ်နေရာ ကျောက်ဆောင်အောက်၊ တွင်းငယ်ထဲမှ အလန့်တကြား ပြေးခုန်ထွက်သွားတော့သည်။

ဓားသိုင်းပညာကို ကျွမ်းကျင်စွာ တတ်မြောက်ထားပုံရသော အဒူရာမန်၏ ကိုယ်ရံတော်တပည့်နှစ်ဦးက ရေပက်မဝင်သည့် ဓားချက်များဖြင့် တရစပ် ကိုက်ခိုက်လျက်ရှိစဉ် ရန်နိုင်စိုး၏ လက်ထဲမှ အင်းဇဝါဓားမြှောင်မှာလည်း လက်ထဲမှ ခုန်ထွက်ကာ တိုက်ခိုက်နေသလား ထင်ရ၏။ ရန်နိုင်စိုး၏ ခုခံချက် တုံ့ပြန်တိုက်ခိုက်ချက်တို့ကလည်း လျှပ်ပြက်သလိုမြန်ဆန်လှကာ ဓားကောက်သမား၏ဓားချက်ကို ပင့်ခတ်လိုက်ပြီးသည်နှင့် သူ၏ အင်းဇဝါဓားမြှောင်က ထိုလူ၏သေကွင်းသေကွက်များဆီသို့ မယုံနိုင်ဖွယ်လျင်မြန်ခြင်းမျိုးဖြင့် ပြေး,ပြေးဝင်သွားရာ ထိုသူတို့မှာ ဓားချက်တစ်ချက် ခုတ်ပြီးတိုင်း ကြောက်လန့်တကြားဖြင့် နောက်ဆုတ်ရှောင်နေရလေ၏။

"ယား"





စိတ်မရှည်တော့သော ဓားကောက်သမားကြီး တစ်ဦးက စလွယ်သိုင်းကာ မိုးခုတ်လိုက်စဉ် ရန်နိုင်စိုးက ဘေးသို့ ခြေတစ်ချောင်းထွက်ရှောင်လိုက်ရင်း အင်းဇဝါဓားမြှောင်ဖြင့် ထိုလူ၏ နံကြားသို့ လှစ်ခနဲ ထိုးထည့်လိုက်၏။

'စွပ်'

"အား"

ထိုသူမှာ အသံနက်ကြီးဖြင့် အော်ရင်း လဲကျသွားရာမှ ရေခဲတောင်စောင်းအတိုင်း လိမ့်ဆင်းသွားပါတော့သည်။

နောက်ဓားသမားကလည်း ရန်နိုင်စိုးကို ဝိုက်ခုတ်ချလိုက်ရာ ရန်နိုင်စိုးက အင်းဇဝါဓားမြှောင်ဖြင့် ခံလိုက်ကာ အတွင်းသို့ ဖျတ်ခနဲဝင်လိုက်ပြီး ကိုယ်ကို ဆတ်ခနဲလှည့်လျက် ဓားမြှောင်ဖြင့် နောက်ပြန်တွက်ထည့်လိုက်တော့၏။

'စွပ်'

"အား"

ထိုသူသည်လည်း ဆီးနှင်းတောထဲ လဲကျ အသက်ပျောက်သွားရချေပြီ။

"ကဲ ... ကျုပ်ရဲ့ အင်းဇဝါဓားမြှောင်ကတော့ မသွေး

www.burmeseclassic.com



စွန်းသွားပြီ၊ ခင်ဗျားတို့ အသက်မသေချင်ရင် ဟီမဝန္တာဆင်စွယ် ဆံထိုးနဲ့ မဟူရာကျောက်မျက်ရှင်တံဆိပ်တော်ကို ပေးပေတော့၊ အဲဒါတွေဟာ ခင်ဗျားတို့လို ဝိသမလောဘသားတွေနဲ့ မထိုက်တန်ဘူး''

ရန်နိုင်စိုးက ခြိမ်းခြောက်သည့်အနေဖြင့် အင်းဇဝါဓား မြှောင်ကို ဝှေ့ယမ်းကာ ရှေ့သို့ တစ်လှမ်းချင်းလှမ်းလိုက်ရာ အဒူရာမန်မှာ နောက်သို့ ခြေတစ်လှမ်းချင်းဆုတ်သွားသလို လားမားကြီးရှိဝှန်ကလည်း နောက်သို့ ဆုတ်လျက်ရှိတော့၏။

''ပေးလေဗျာ ... ပြေးဖို့ မကြိုးစားနဲ့နော် သွေးထပ် စွန်းသွားမယ်''

ရန်နိုင်စိုးက လေသံမာမာဖြင့် ထပ်မံဟိန်းဟောက် လိုက်သည်တွင် လားမားကြီးရှိဝှန်မှာ သူ့ကိုယ်လုံးကြီးကို ချာခနဲ လှည့်ပြီး ကျောက်စွန်းတစ်ဖက်ဆီသို့ အူယားဖားယား ပြေးသွားတော့၏။ သို့သော် ....

'ဂျွမ်း'

'ဝုန်း'

''အား ... ကယ်ပါဦး''





လားမားကြီးရှိဝှန်မှာ ရေခဲထောင်ချောက်ထဲသို့ ရုတ်တရက်ကျွံကျသွားတော့ရာ ...

''ဟာ ... လားမားကြီး''

အဒူရာမန်က လားမားကြီးရှိဝှန်၏ လက်တစ်ဖက်ကို ပြေးဆွဲရင်း ရေခဲနှံအတွင်းမှ ဆွဲတင်ရန် ကြိုးစားတော့သည်။

သို့သော် လေးလံလှသည့် လားမားကြီးရှိဝှန်၏ ခန္ဓာကိုယ်ကြီးမှာ ရေခဲထောင်ချောက်ထဲ တစ်ရှိန်ထိုးကျသွားခြင်း ဖြစ်သဖြင့် သူ့ကို ဆွဲကိုင်မိသော အဒူရာမန်မှာလည်း သူနှင့် အတူ ရောပါကာ ရေခဲထောင်ချောက်ထဲ ဦးစိုက်ကျသွားတော့၏။

''အားလားလား ... ကယ်ပါဦး''

အဒူရာမန်တို့၏ အဖြစ်ဆိုးကို တွေ့လိုက်ရသည့် ရန်နိုင်စိုးမှာ အင်းဇဝါဓားမြှောင်ကို ပစ်ချလိုက်ပြီး အဒူရာမန်ကို ပြေးဆွဲလိုက်သော်လည်း ကျောပိုးအိတ်ကိုသာ ဆွဲမိသဖြင့် ကျောပိုးအိတ်ကြီးသာ ကြိုးပြတ်ကာ ပါလာတော့၏။

အဒူရာမန်၏လက်ကို လားမားကြီးရှိဝှန်က ကြောင်အားလန့်အားဖြင့် အတင်းဆွဲထားသဖြင့် အဒူရာမန်ပါ မြုပ်လမ်း



www.burmeseclassic.com

www.burmeseclassic.com



မဲ့သော ရေခဲပြင်၏အောက်သို့ လားမားကြီးရှိဝှန်နှင့်အတူ ပါသွားပါတော့သတည်း။

"ခင်ဗျားတို့ရဲ့ အတ္တလောဘကြောင့် ခုလို အသေဆိုးနဲ့ သေသွားရတာကို စိတ်မကောင်းပါဘူးဗျာ၊ ကျုပ်တို့ကတော့ လျှို့ဝှက်သော့သုံးခုစလုံးကို လက်ဝယ်ပိုင်ပိုင် ရပြီပေါ့ဗျာ"

□□□□□

## သူရဲကောင်းတို့၏ တျသုံးခြင်း

အဒူရာမန်၏ • ကျောပိုးအိတ်ကြီးကိုဖွင့်ကာ အထဲမှ ပစ္စည်းများကို ရန်နိုင်စိုးမွှေနှောက်ရှာဖွေကြည့်ရာ ကတ္တီပါအိတ်ငယ်အနီရောင်တစ်လုံးကိုလည်းကောင်း၊ အနီရောင်ကတ္တီပါ ဘူးလေးတစ်ဘူးကိုလည်းကောင်း တွေ့ရသဖြင့် နှိုက်ယူလိုက်လေသည်။

ရှုံ့ကြီးကိုဖြည်ကာ ကတ္တီပါအိတ်အနီကို ဖွင့်လိုက်ရာ အတွင်း၌ အဖြူရောင်ဆံထိုးတစ်ချောင်းကို တွေ့ရ၏။

တစ်မိုက်ခန့်ရှိသော ဆံထိုးမှ ဆင်စွယ်ကိုထွင်းကာ



www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်ထားခြင်းဖြစ်ပြီး ဆံထိုး၏ထိပ်ဖျားပိုင်း၌ မညီညာသော အထစ်ကလေးများ ပါရှိလေသည်။

နောက်ကတ္တီပါဘူးနီလေးကို ဖွင့်လိုက်တော့လည်း အတွင်း၌ အနက်ရောင်ပြောင်လက်နေသည့် ကျောက်သားအား ငွေသားစွန်ကုတ်တို့ဖြင့် လုပစွာပြုလုပ်ထားသော တံဆိပ်ဝိုင်း တစ်ခုကို တွေ့ရလေ၏။

''ဒါတွေဟာ ဟိမဝန္တာဆင်စွယ်နဲ့ ပြုလုပ်ထားတဲ့ ဆံထိုးသော့နဲ့ မဟူရာကျောက်မျက်ရှင်နဲ့ ပြုလုပ်ထားတဲ့ လည်ဆွဲတံဆိပ်သော့တွေပဲ ဆိုဖီ၊ ဒီနှစ်ခုရယ်၊ အင်းဇဝါဓားမြှောင်ရယ် ပြည့်ပြည့်စုံစုံသော့သုံးခုရှိပြီဆိုရင် ရှမ်ဘဲလားမှာ သိမ်းဆည်းထားတဲ့ ကျောက်ဖြူသေတ္တာကို ဖွင့်လို့ရပြီပေါ့ ဆိုဖီ''

''ဟား ဟား ဟား ... အဲဒါတွေသိလို့ မင်းတို့ရဲ့နောက်ကို အရိပ်လို လိုက်နေတာကွ သိရဲ့လား ... ဟား ဟား ဟား ... အဲဒီသော့သုံးခု''

ရယ်မောပြောဆိုသံနဲ့အတူ နှင်းဖုံးကျောက်ဆောင် အကွယ်တစ်ခုနောက်မှ ပစ္စတိုသေနတ်ကိုယ်စီကိုင်ကာ ရုတ်တရက်ထွက်လာသည့် ရုပ်ကြမ်းကြမ်းနှင့် လူနှစ်ဦးကို တွေ့ရရာ





ရန်နိုင်စိုးရော ဆိုဖီပါ လွန်စွာအံ့အားသင့်သွားရသည်။

''ခင် ... ခင်ဗျားတို့ ဘယ်သူတွေလဲ''

''ကျောက်နွားတောင်ရွာအဝင်ဝမှာ ဆိုဖီတို့ကို လိုက်ကြည့်နေတာ သူတို့မဟုတ်လား ကိုရန်နိုင်စိုး''

''ဟား ဟား ဟား ... ဟုတ်သမှ သိပ်ဟုတ်ပေါ့ကွာ၊ အဲဒီဂမ္ဘီရသော့သုံးခုရဲ့သတင်း, ရှမ်ဘဲလားမှာ သိမ်းဆည်းသိုဝှက်ထားတဲ့ လျှို့ဝှက်ကျမ်းကြီး (၉) ကျမ်းရဲ့သတင်းကို ငါတို့ရဲ့ ခေါင်းဆောင်ကြီးဟာ ကမ္ဘာအနှံ့ ဖြန့်ကြက်ထားတဲ့ အထောက်တော်တွေကတစ်ဆင့် ရထားလို့ ငါတို့ လင်းယုန်အမှတ် (၃) အုပ်စုကို ဟိမဝန္တာဒေသဘက် စေလွှတ်ထားတာ နှစ်နှစ်လုံးလုံးရှိပြီ ... ခုမှပဲ ခြေရာခံနိုင်ခဲ့တော့တယ် ... ဟား ဟား ဟား''

''နေပါဦး ... ခင်ဗျားတို့က ဘယ်သူတွေလဲ၊ ခင်ဗျားတို့ရဲ့ခေါင်းဆောင်ကြီးဆိုတာကရော ဘယ်သူလဲ''

''ငါတို့ဟာ အနောက်တိုင်းနိုင်ငံကြီးတစ်ခုက လင်းယုန်နက်အဖွဲ့ရဲ့ အထူးအေးဂျင့်အဖွဲ့ဝင်တွေပဲကွ''

''ဟာ ... ခင်ဗျားတို့က လူဆိုးဂိုဏ်းအဖွဲ့ဝင်တွေ''

''ဟား ဟား ဟား ... ငါတို့ကို လူဆိုးလို့ပဲ ခေါ်ပွန်း



www.burmeseclassic.com

www.burmeseclassic.com



တပ်တပ်, လူတော်တွေလို့ပဲ ပြောပြော, လူယုတ်မာတွေလို့ပဲ စွပ်စွဲစွပ်စွဲ ဂရုမစိုက်ဘူးကွ ... သိလား၊ ငါတို့ဂရုစိုက်တာက ငါတို့ခေါင်းဆောင်ကြီးရဲ့ဆန္ဒ ပြည့်ဝစေဖို့ပဲ''

''ခင်ဗျားတို့ရဲ့ခေါင်းဆောင်ကြီးက ဘယ်သူလဲ ... သူ့ဆန္ဒကရော ဘာလဲ''

''ငါတို့ခေါင်းဆောင်ကြီးရဲ့နာမည်က အက် (စ်) ကိုရာပဲ၊ သူ့ရဲ့ဆန္ဒကတော့ တစ်ကမ္ဘာလုံးကို စိုးမိုးနိုင်ဖို့ပဲ''

''အက် (စ်)ကိုရာဆိုတဲ့ ဒုစရိုက်ဂိုဏ်းခေါင်းဆောင်ကြီးရဲ့ အကြောင်းကို ကြားဖူးပါတယ်၊ တစ်ကမ္ဘာလုံးကို စိုးမိုးဖို့ ကြံရွယ်တာမျိုးကတော့ စိတ်ကူးယဉ်ဆန်လွန်းပါရဲ့ကွာ''

''အေး ... ကမ္ဘာလောကကြီးမှာ ကြီးကျယ်တဲ့အရာဟူသမျှဟာ စိတ်ကူးယဉ်ကနေ ဖြစ်ပေါ်လာကြတာချည်းပဲကွ၊ ငါတို့ဆရာကြီး ကမ္ဘာကိုစိုးမိုးနိုင်တဲ့အခါမှာ ငါတို့ဟာလည်း လူချမ်းသာတွေ, တိုင်းနိုင်ငံတွေရဲ့ ဘုရင်ခံတွေ ဖြစ်လာရမှာပေါ့ကွ မဟုတ်ဘူးလား ... ဟား ဟား ဟား''

''နေပါဦး ... ခင်ဗျားတို့ရဲ့ဆရာကြီး ကမ္ဘာကိုစိုးမိုးချင်တာနဲ့ လျှို့ဝှက်ဂမ္ဘီရကျမ်းကြီး (၉) ကျမ်းဟာ ဘယ်လိုပတ်သက်





နေလို့လဲဗျ''

''ဒီလိုလေကွာ ... ငါတို့ရဲ့ဆရာကြီးဟာ လက်တွေ့သမားကြီးဆိုပေမယ့် ရှေးဟောင်းလောကီပညာတွေရဲ့ အစွမ်း, ဂမ္ဘီရအစွမ်းတွေကို စိတ်ဝင်စားသူဖြစ်တယ်ကွ၊ အထူးသဖြင့် မြေထဲပင်လယ်ဒေသနဲ့ ကမ္ဘာ့အရှေ့ပိုင်းဒေသက ဂမ္ဘီရပညာ, လောကီပညာရပ်တွေကို ပိုပြီးစိတ်ဝင်စားတယ် ...၊

ငါတို့ဆရာကြီးက ပြောဖူးတယ်ကွ ... သူဖတ်ဖူးတဲ့ ရှေးဟောင်းအိန္ဒိယကျမ်းမူပွားတစ်ဆူထဲမှာ ပြဒါးရဲ့စွမ်းအင်နဲ့ မောင်းနှင်နိုင်တဲ့ ဝိမာနလို့ခေါ်တဲ့ ယာဉ်ပျံတွေကို ရှေးဟောင်းလူတွေ တီထွင်နိုင်ခဲ့ဖူးတယ်တဲ့ကွ ...၊

မဟာဘာရတလို့ခေါ်တဲ့ အဲဒီရှေးဟောင်းကျမ်းမူပွားထဲမှာ ဝိမာနယာဉ်ပျံတွေနဲ့အတူ ပေါက်ကွဲအား အဆမတန် ပြင်းထန်တဲ့လက်နက်တွေကိုပါ တီထွင်နိုင်ခဲ့တယ်လို့ဆိုတယ်တဲ့ ...၊

နောက် ... အရှေ့တိုင်းရှေးဟောင်းကျမ်းမူပွားတစ်ဆူဖြစ်တဲ့ သမာရန်ဂနသုတ္တရဓရကျမ်းမှာလည်း ပြဒါးစွမ်းအင်သုံးယာဉ်ပျံအမျိုးမျိုးရဲ့အကြောင်း ဖော်ပြထားတယ်တဲ့ ...၊

အန္တိမနယ်ပယ်စွန်းဆိုတဲ့ စာအုပ်ကို ရေးသားခဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးအက်လားလ်ခွေရှားနား (Eklal Kueshana) ရဲ့ ဆောင်းပါးတစ်ပုဒ်မှာလည်း အတ္တလန်တစ်သမုဒ္ဒရာအောက် နစ်မြုပ်ပျောက်ကွယ်သွားတဲ့ ရှေးဟောင်းအတ္တလန္တာနိုင်ငံကြီးမှာလည်း ဝေလီဇီဆိုတဲ့ ယာဉ်ပျံတွေ တီထွင်နိုင်ခဲ့တယ်ဆိုပဲ ...၊

အဲဒီဝေလီဇီယာဉ်ပျံတွေကို တီထွင်ထုတ်လုပ်နိုင်ခဲ့တဲ့ အတ္တလန္တာနိုင်ငံရဲ့ ဝိမာနယာဉ်ပျံတွေကို တီထွင်ထုတ်လုပ်နိုင်တဲ့ အရှေ့တိုင်းက ရာမနိုင်ငံတော်တို့ဟာ လွန်ခဲ့တဲ့နှစ်ပေါင်း တစ်သောင်းနှစ်ထောင်လောက်က ရောမစစ်ပွဲကြီးတွေ ဆင်နွှဲခဲ့တယ်ဆိုပဲကွ ...၊

ဒါတွေဟာ ဒဏ္ဍာရီတွေ, ပုံပြင်တွေလည်း ဖြစ်ချင်ဖြစ်မှာပေါ့လေ၊ ဘာပဲဖြစ်ဖြစ် ငါတို့ရဲ့ခေါင်းဆောင်ကြီး မစ္စတာအက် (စ်)ကိုရာကတော့ ဂမ္ဘီရလောကီပညာရပ်တွေကို သိပ်စိတ်ဝင်စားသူဆိုတော့ အထောက်တော်တွေကတစ်ဆင့် ကြားသိရတဲ့ အရှေ့တိုင်း လောကီရှေးဟောင်းကျမ်းကြီး (၉) ကျမ်းကို အင်မတန်လိုချင်နေတယ်ကွ ...၊

အဲဒီကျမ်းကြီး (၉) ကျမ်းကို မရ,ရအောင် ယူဆောင်ပေးဖို့ ငါတို့ လင်းယုန် (၃) ဂိုဏ်းသားတွေကို အထူးတာဝန်ပေး





လိုက်လို့ ငါတို့ဟာ အိန္ဒိယတစ်ခွင်နဲ့ တိဗက်နယ်စပ်တစ်လျှောက် လှူဖြန့်ပြီး စုံစမ်းထောက်လှမ်းခဲ့ရတယ်ကွ ...၊

အဲဒီလိုနဲ့ နှစ်နှစ်လောက် စုံစမ်းထောက်လှမ်းခဲ့ရာမှာ အင်းဇဝါဓားမြှောင်ရဲ့သတင်း စပြီးရခဲ့တာပဲ၊ လောကီကျမ်း (၉) ကျမ်းဟာ ရှမ်းဘဲလားဒေသမှာရှိပြီး အဲဒီကျမ်းတွေထည့်ထားရာ ကျောက်ဖြူသေတ္တာရဲ့သော့ကို အင်းဇဝါဓားမြှောင်နဲ့ ဖွင့်မှရတာကိုပါ သိခဲ့ရတယ် ...၊

ပြီးတော့ အဲဒီ အင်းဇဝါဓားမြှောင်ကိုလည်း မကြာမီရက်ပိုင်းအတွင်း ကျောက်နွားတောင်ဆီ လူတစ်ယောက်ယူလာလိမ့်မယ်လို့ သတင်းအတိအကျ ကြားခဲ့ရတယ်ကွ ...၊

အဲဒီသတင်းတွေကို ငါတို့ ငွေတနင့်တပိုးပေးပြီး စည်းရုံးထားတဲ့ မဟာရာဇာအဒူမန်ရဲ့တပည့်တစ်ဦးဆီက ကြားခဲ့တာပဲ ...၊

သူ့ကြောင့် မင်းတို့ရဲ့အကြောင်းပါသိရပြီး ငါတို့ဟာ မဟာရာဇာအဒူမန်ရဲ့နန်းဆောင်ထဲ နောက်ဘက်ပိုင်းက ခိုးဝင်လို့ မင်းတို့ရဲ့နောက် ခြေရာခံလိုက်လာနိုင်တာပဲကွ သိပြီလား ...

ဟား ဟား ဟား ...



www.burmeseclassic.com

ခုတော့ မင်းတို့ရဲ့လက်ထဲမှာ ကျောက်ဖြူသေတ္တာကို ဖွင့်ဖို့ လျှို့ဝှက်သော့ (၃) ခုစလုံး ရှိနေပြီမို့ ငါတို့အတွက်တော့ ရေကန်အသင့် ကြာအသင့်ပဲဟေ့ ... ဟား ဟား ဟား ... ကဲ အဲဒီလျှို့ဝှက်သော့တွေ အခုချက်ချင်း ငါတို့ရဲ့လက် အပ်စမ်း''

''မအပ်နိုင်ဘူး ... ရှေးဟောင်းလျှို့ဝှက်ကျမ်းကြီး (၉) ကျမ်းဟာ ခင်ဗျားတို့လို ဝိသမလောဘသားတွေနဲ့ လုံးဝမထိုက်တန်ဘူး၊ ခင်ဗျားတို့ရဲ့လက်ထဲသာ အစွမ်းထက်လှတဲ့ ရှေးဟောင်းလျှို့ဝှက်လောကီပညာရပ်တွေ ရောက်ရှိသွားရင် လူအများစုအတွက် မတွေးဝံ့စရာပဲ၊ ခင်ဗျားတို့က အဲဒီပညာရပ်တွေကို မဟုတ်တဲ့နေရာမှာ အသုံးချမှာဗျ''

''စကားရှည်လိုက်တာ ... ပေးစမ်းကွာ''

''မပေးဘူးဗျာ''

''ဟုတ်တယ် ... မပေးနဲ့''

''တောက် ... တော်တော်ခေါင်းမာနေကြပါလား ... တယ်ရီ''

ဤတွင် မျက်နှာဖြူဆုတ်ဆုတ်နှင့် တယ်ရီဆိုသူက မျက်နှာနီစပ်စပ်နှင့်လူအား သိုးဆောင်းဘာသာစကားဖြင့် ဒေါသတကြီး ပြန်ပြောလိုက်၏။

''ဟေ့ကောင် ဂျွန် ... မင်း ဘာဖြစ်လို့ အချိန်ဆွဲနေရတာလဲ၊ သူတို့နှစ်ယောက်စလုံးကို အမြန်ဆုံး အပြတ်ရှင်းပြီး လျှို့ဝှက်သော့တွေ ယူလိုက်ရုံပေါ့ကွာ ... ကြာတယ်ကွာ''

စကားဆုံးသည်နှင့် တယ်ရီက ရန်နိုင်စိုး၏ရင်ဝသို့ ပစ္စတိုဖြင့် ချိန်ကာ သေနတ်မောင်းခလုတ်ကို ဆွဲညှစ်ချရန် ဟန်ပြင်လိုက်စဉ် ...

'ဒိုင်း'

''အား''

ကော်ဒိုက်ယမ်းအား၏ပေါက်ကွဲသံကြီး ထွက်ပေါ်သွားသော်လည်း ရန်နိုင်စိုးမှာ ဘာမှမဖြစ်ချေ။

တယ်ရီ၏နဖူးမှာသာ ကျပ်ပြားပိုင်းခန့် အပေါက်နီနီလေးဖြစ်သွားပြီး နောက်စေ့ဘက်မှ သွေးစိမ်းရှင်ရှင်တို့ ဖွားခနဲ ထွက်သွားကာ လူသည်လည်း နောက်သို့လွင့်လျက် ရေခဲပြင်ပေါ် ပက်လက်လန်ကျသွားပါတော့၏။

''ဘုံး''

''အိုး ... ဂေါ့(ဒ်)''

ဂျွန်သည် မယုံနိုင်သောမျက်လုံးတို့ဖြင့် တယ်ရီ့ကို ကြောင်ကြည့်နေရာမှ သတိဖျတ်ခနဲဝင်လာပြီး သေနတ်သံ ထွက်ပေါ်လာရာဘက်သို့ ဘွားခနဲလှည့်ကာ ပစ္စတိုဖြင့် ချိန်လိုက်စဉ် . . .

'ဒိုင်း'

နောက်ထပ် ကော်ဒိုက်ယမ်းအား၏ ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက် ဂျွန်၏ ရင်ဘတ်တွင် အပေါက်ငယ်တစ်ပေါက်ဖြစ်ပေါ်သွားကာ ကျောဘက်မှ သွေးတို့ ဖွားခနဲထွက်သွားပြီး ဂျွန်၏ခန္ဓာကိုယ်မှာ ချာလပတ်လည်သွားရာမှ ရေခဲတောင်စောင်းအတိုင်း လိမ့်ဆင်းကျသွားပါတော့၏။

ရန်နိုင်စိုးနှင့်ဆိုဖီတို့မှာ သေနတ်သံထွက်ပေါ်လာရာဘက်သို့ အံ့သြမှင်တက်မိစွာ လှမ်းကြည့်လိုက်မိရာ . . . သူတို့နှင့် ကိုက်တစ်ရာခန့်အကွာရှိ ကျောက်တောင်စွန်းတစ်ခုပေါ်တွင် အမဲလိုက်ပြောင်းရှည်သေနတ်တစ်လက်ကို လက်နှစ်ဖက်ဖြင့် ကိုင်ရင်း မားမားကြီးရပ်နေသည့် လူတစ်ဦးအား တွေ့ရချေ၏။

ထိုလူက ဝံရေအကျႌရှည်ကြီးနှင့် ဘောင်းဘီအနက်တို့ကို





ဝတ်ထားပြီး သက္ကလတ်ဦးထုပ်ကိုဆောင်းထားကာ မျက်နှာဝယ် မုတ်ဆိတ်ပါးမြိုင်းမွေးတို့ ပေါက်ရောက်လျက်ရှိလေ၏။

"အို . . . ကိုကို ဒိုရန်"

ဆိုဖီက အားရဝမ်းသာစွာဖြင့် လက်တစ်ဖက်ကို ဝှေ့ယမ်းကာ အသံကုန်အော်ဟစ်ခေါ်လိုက်သည်။

ထိုစဉ်မှာပင် ပူနွေးသော နေရောင်ခြည်ကြောင့်လား၊ ကော်ဒိုက်ယမ်းအား၏ ပေါက်ကွဲသံကြောင့် တုန်ခါမှုဖြစ်သွား၍လားမသိ။

ဒိုရန်ရပ်နေသည့် ကျောက်တောင်စွန်း၏ အပေါ်မိုးနေသော မတ်စောက်လှသည့် ရေခဲတောင်ထိပ်ပေါ်မှ ရေခဲတုံးကြီးများမှာ ကွဲအက်ပြိုကျ လိမ့်ဆင်းလာတော့၏။

"အို . . . ကိုကို ရေခဲတောင်ပြိုပြီ"

ဆိုဖီအော်ဟစ် သတိပေးလိုက်စဉ်မှာပင် ဒိုရန်ကလည်း ရေခဲတောင်ပေါ် မော့ကြည့်လိုက်ပြီး သူ့အန္တရာယ်သူ သိသွားကာ လွတ်ရာသို့ ပြေးထွက်ရန် ဟန်ပြင်လိုက်၏။

သို့သော် အရာရာ နောက်ကျသွားချေပြီ။

'ဝေါ ဝေါ'

www.burmeseclassic.com



'ဝုန်း ဝုန်း'

အရှိန်အဟုန်ပြင်း ထုထည်ကြီးမားစွာ တဝေါဝေါ တဝုန်းဝုန်းဖြင့် အဆက်မပြတ် ပြုဆင်းလာသော ရေခဲအစိုင်အခဲများက ဒိုရန်အား ကျောက်တောင်စွန်းပေါ်မှ တိုက်ချသွားပြီး ဖုံးလွှမ်းသွားပါတော့သည်။

"အို . . . ကိုကိုဒိုရန် . . . ကိုကိုဒိုရန်"

ဆိုဖီ၏ တုန်လှုပ်ကြေကွဲချောက်ချားစွာ အသံကုန်ဟစ်လိုက်သံလေးက ရေခဲတောင်ကြီး၏ ပြိုကျသံကြီးကို ထွင်းဖောက်မထွက်နိုင်ပါ။

ဝေါ ဝေါ'

'ဝုန်း'

"အို . . . ကိုကိုသေပါပြီ ကိုကိုသေပါပြီ လုပ်ပါဦး"

ဆိုဖီမှာ ဆောက်တည်ရာမဲ့သွားပြီး တစ်ဖက် တောင်စောင်းအတိုင်း လိမ့်ဆင်းပြိုကျလျက်ရှိသော ရေခဲစိုင်များအပေါ် ခုန်ချတော့မလိုလို ယောက်ယက်ခတ်လျက်ရှိရာ ရန်နိုင်စိုးက သူမ၏လက်တစ်ဖက်ကိုဆွဲကာ ဖမ်းထိန်းလိုက်ရလေ၏။

"ဆိုဖီ . . . ဆိုဖီ . . . သတိထားပါ ဆိုဖီ"

ခုနစ် စဉ် ကြယ် စာပေ



"ကိုကို . . . ကိုကိုသေပါပြီ . . . လုပ်ကြပါဦး"

ဆိုဖီမှာ ဖွေ့ဖွေ့ခုန်လျက်ရှိရာမှ နောက်ဆုံး ရန်နိုင်စိုးကိုဖက်ကာ ကြုံကြုံပါအောင် ငိုရှာတော့သည်။

မရဏရေခဲတောင်ကြီးကား တဝေါဝေါ ပြုဆင်းနေ၏။

'ဝေါ . . ဝေါ'

'ဝုန်း'

'ဝေါ'

❒❒❒

www.burmeseclassic.com

www.burmeseclassic.com

"ကိုကို ကိုကိုဒိုရန်ရယ် ... ဟင့် ဟင့် ... ညီမလေးကို လောကကြီးအလယ်မှာ တစ်ယောက်တည်း ထားခဲ့ပြီလား ... ဟင့် ဟင့်"

ဆိုဖီကား သားရဲကောင်များ၊ ရန်သူများကို သွေးရဲရဲဖြင့် ရင်ဆိုင်တိုက်ခိုက်ဝံ့သူလေးဖြစ်သော်လည်း သူမ၏ တစ်ခုတည်းသော သံယောဇဉ်အစ်ကိုရင်းဖြစ်သူ သူမ၏ မျက်စိရှေ့မှောက်မှာပင် ရေခဲနှင်းကမ္ဘာသချိုင်းထဲ နစ်မြုပ်ကာ အသေဆိုးဖြင့် မရှုမလှသေဆုံးကွယ်ပျောက်သွားရရှာသည့် အဖြစ်





အတွက် ဖြေမဆည်နိုင်အောင် ကြေကွဲခံစားနေရတော့၏။

"ကိုကိုက ဆိုဖီရေးထားခဲ့တဲ့စာကို ဖတ်ရပြီး ညီမဖြစ်သူကို စိတ်မချလို့ နောက်က လိုက်လာတာပဲဖြစ်မယ်၊ ခုတော့ အဲဒီလို အလိုက်ကောင်းလို့ သေပွဲဝင်ရပြီပေါ့ ... ဟင့် ... ဟင့် ... ဟင့်"

"ဆိုဖီရယ် သူ့ရဲ့ ရည်ရွယ်ချက်အတိုင်း ညီမဖြစ်သူရဲ့ အသက်ကို ကယ်လိုက်နိုင်တာပဲ မဟုတ်လား။ အဲဒီလို ဖြေတွေးပါ ဆိုဖီရယ်"

"အို ... ဘာပဲဖြစ်ဖြစ် ကိုကိုမရှိတော့တဲ့ဘဝမှာ ဆိုဖီ ဘယ်လိုအသက်ရှင်ရတော့မှာလဲ၊ လောကကြီးမှာ ဆွေမျိုးအရင်းအချာဆိုလို့ ဒီမောင်နှမနှစ်ယောက်ပဲရှိတာ ခု ... ခုတော့ ... ဟင့် ဟင့် ဟင့်"

ကျောက်ကမ်းပါးစွန်းဝယ် ဒူးနှစ်ဖက်ထောက်ထိုင်ကာ မျက်နှာကို လက်ဖဝါးနှစ်ဖက်ဖြင့် အုပ်ရင်း ဝမ်းပန်းတနည်း ငိုကြွေးနေရှာသည့် ဆိုဖီ၏ပခုံးစွန်းတို့ကို ထွေးဖက်လိုက်ပြီး ရန်နိုင်စိုး ကြိုးစားနှစ်သိမ့်နေရပါ၏။

"ဆိုဖီရယ် ... ဆိုဖီရဲ့အစ်ကိုဟာ သူ့ရဲ့ကောင်းတို့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျဆုံးခြင်းနဲ့ ကျဆုံးခဲ့ရတာပါ၊ သူသာ ဝင်မကာယ်ရင် ဆိုဖီရော တို့ပါ အသက်ဆုံးရှုံးရမယ့်အပြင် လျှို့ဝှက်လောကစာတ်ကျမ်း ကြီး (၉) ကျမ်းဟာလည်း ကမ္ဘာကို ဒုက္ခပေးမယ့်လူတွေရဲ့ လက်ထဲ ရောက်ရှိသွားရမှာပါ၊ အဲဒီကမ္ဘာ့လူသားတွေရဲ့ ဘေး ဒုက္ခကို ဆိုဖို့အစ်ကိုက ကာယ်လိုက်နိုင်တယ်လို့ ဖြည့်တွေးပါ ဆိုဖီရယ်''

□□□□□

**မယောရှေ့တံခါးဖွင့်ဘဲလား**

ရေခဲတောင်ပေါ်တွင် နေခြည်ပွင့်လက်လို့နေသည်။

နှင်းရိပ်နှင်းထုပါးလျားနေသဖြင့် မိုးကောင်းကင်က ကြည်လင်လို့နေ၏။

ရေခဲငှက်တစ်အုပ်က နှင်းဆောင်းတောင်ကုန်းများ အပေါ်မှ ဖြတ်ပျံသွားကြသည်။

မနေ့ညက တစ်ညလုံး နှင်းမုန်တိုင်း တိုက်ခတ်နေ သဖြင့် ကျောက်ဂူတစ်လုံးထဲမှာ ရန်နိုင်စိုးနှင့် ဆိုဖီတို့ ခိုအောင်း နေရသေးသည်။

**ခု နစ် စဉ် ကြယ် စာ ပေ**

www.burmeseclassic.com

www.burmeseclassic.com



ယနေ့မနက်တော့ ရာသီဥတုကြည်လင်လာသဖြင့် ဂူထဲမှထွက်ကာ ဆီးမြုပ်လွင်ပြင်ထဲ ဖြတ်လျှောက်လာကြ၏။ ရှစ်ခွင်တိုင်းဝယ် ရေခဲဆီးနှင်းတို့က ဖုံးလွှမ်းနေသည်။ ရေခဲတောင်ကုန်းများ၊ ဆီးနှင်းဖုံးတောင်များက တစ်ခုနှင့်တစ်ခု အသွင်သဏ္ဍာန်ချင်းတူနေသဖြင့် လျှောက်ရင်းလျှောက်ရင်း ကိုယ်ရောက်ဖူးသောနေရာသို့ ပြန်ရောက်ရောက်လာရသလို ခံစားရ၏။

သူတို့က တောင်ကြောတစ်ခုပေါ်မှ ပို၍မြင့်သော တောင်ကြောပေါ်တက်ရန် ကြိုးစားရင်း တောင်ကြောနှစ်ခုအကြားရှိ ဆီးနှင်းလွင်ပြင်ကို ဖြတ်သန်းလာရာမှ မျက်စိလည်သွားရတော့သည်။

ရေခဲတောင်စောင်းတစ်ခုကို သူတို့ ကွေ့ပတ်လိုက်ပြီးသည့်အခါမှာမှ ဖွေးလွှသော ရေခဲလွင်ပြင်တစ်ခုကို တွေ့လိုက်ရပြီး ယင်းရေခဲဆီးနှင်းလွင်ပြင်ထဲ၌ ရွှေရောင်တောက်လက်နေသော မှန်ဦးကြီးတစ်ခုကို ဘွားခနဲတွေ့မြင်လိုက်ရသဖြင့် မှင်တက်မိ အံ့သြသွားမိကြရတော့၏။

"အို ... မှန်ဦးကြီးပါလား"





ကျောက်သားတို့ကို ထုဆစ်ကာ မြင့်မားစွာ တည်ဆောက်ထားသော မှန်ဦးကြီးမှာ ဆီးနှင်းရေခဲပြင်လွှာထဲတွင် ထီးထီးမားမားတည်ရှိနေပါသည်။

ကျောက်တုံးကျောက်သားတို့အပေါ် ရွှေပိန်းချထားပြီး ယင်းတို့အပေါ်မှ နှင်းခဲ၊ နှင်းဖတ်ဖွေးလွလွတို့ ဖုံးအုပ်လျက်ရှိရာ နှင်းမြို့လွှာလွတ်သည့်နေရာအား နေခြည်မျှင်တန်းတို့ ရိုက်ခတ်လျက်ရှိသဖြင့် ထိုနေရာတို့မှာ ရွှေရောင်ဝင်းဝင်းတောက်လျက်ရှိတော့၏။

အံ့သြခြင်းနှင့်အတူ သူတို့သည် ရောမမှန်ဦးကြီးဆီသို့ တရွေ့ရွေ့ချဉ်းကပ်သွားမိကြရာ ယင်းမှန်ဦးကြီးအောက်တွင် ဝါလွင်သော ဝတ်ရုံသင်္ကန်းဆင်မြန်းထားသည့် ဦးပြည်းပြောင်ပြောင်နှင့် တိဗက်လားမားဘုန်းတော်ကြီးနှစ်ပါးကို တွေ့ရလေသည်။

"အို ... တိဗက်လားမားကြီးတွေပါလား"

"ဟုတ်တယ် ... သူတို့မှာ ဘာအနွေးခြုံထည်မှမပါဘူးနော်၊ နှင်းလွင်ပြင်ထဲမှ မချမ်းမအေးသလိုပါလား"

လားမားကိုယ်တော်ကြီးနှစ်ပါးက သူတို့ကို အေးချမ်းငြိမ်းမြသောအပြုံးဖြင့် ကြိုနေကြကြောင်း အံ့သြစွာ တွေ့ရပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို ဖော်ရွေသော အပြုံးတို့ဖြင့် ကြိုဆိုနေကြသည့် လားမားကိုယ်တော်ကြီးနှစ်ပါး၏ပြည့်ဝိုင်းသော မျက်နှာဝင်းဝင်းတို့၌ အေးချမ်းငြိမ်းမြသည့်အရိပ်လက္ခဏာတို့ကိုသာ တွေ့ရသည်။ သူတို့၏ရန်သူ လားမားကြီးရှိဝုန်၏ ရုပ်သွင်နှင့်မူ လုံးဝမတူချေ။

ရှိဝုန်မှာမူကား လားမားတစ်ဦးဖြစ်သော်လည်း သူ၏ နီရောင်ပြေးနေသော ဖြူစပ်စပ်မျက်နှာပေါ်တွင် လောဘရမ္မက် တောက်လောင်နေမှုကို အထင်းသားတွေ့ရသည်။

နှင်းဆွတ်လေထဲဝယ် အနားစများ ဖျပ်ဖျပ်လူပ်ခတ်နေသည့် သင်္ကန်းဝါလွှင်လွှင်တို့ကိုရုံထားသော လားမားကိုယ်တော်နှစ်ပါးက ရန်နိုင်စိုးတို့အား ပြုံးလျက် ကြိုဆိုနှုတ်ခွန်းဆက်စကားဆိုသည်။

"ဖြူစင်တဲ့စိတ်ထားကို ပွေ့ပိုက်လာတဲ့ လုလင်နဲ့ လုံမပျို ... သင်တို့ကို ရှမ်ဘဲလားက ကြိုဆိုပါတယ်"

"အို ... ကိုယ်တော်တို့ ကျွန်တော်တို့ဟာ ရှမ်ဘဲလားကို ရောက်လာတာလား"

"သင်တို့ဟာ မဟာရွှေတံခါးဒေသကို အောင်မြင်စွာ ဖြတ်ကျော်လာပြီး ရှမ်ဘဲလားရဲ့မုခ်ဦးတံခါးဝဆီ ရောက်ရှိလာတာ





ဖြစ်တယ်"

လားမားကြီးတစ်ဦး၏ ကြည်လင်ပီသသော စကားသံကြားရမှ ရွှေရောင်မုခ်ဦးကြီးကို ရန်နိုင်စိုးတို့ မော့ကြည့်လိုက်ကြ၏။

ရွှေပိန်းချမုခ်ဦးကြီး၏အလယ်တွင် တိဗက်ဘာသာစကားဖြင့် "ရှမ်ဘဲလား" ဟူသောစကားလုံးတို့ကို ရေးထွင်းထားကြောင်း သတိပြုမိပါသည်။

သူတို့သည်ကား ရှေးဟောင်း ကမ္ဘာ့ဒဏ္ဍာရီပုံပြင်များတွင် ကျော်ကြားလှသည့် လျှို့ဝှက်ဆန်းကြယ်လှစွာသော ရှမ်ဘဲလားဒေသသို့ ရောက်ရှိခဲ့ပြီဖြစ်ပါ၏။

ရန်နိုင်စိုးတို့မှာ ဝါလွှင်သည့် သင်္ကန်းရုံထားသော လားမားကိုယ်တော်ကြီးနှစ်ပါး၊ ရွှေပိန်းချမုခ်ဦးကြီးနှင့် မုခ်ဦးကြီး၏အောက်ခြေမှစပြီး နှင်းလွှင်ပြင်ဖြင့် အတိပြီးသော ဖွေးစင်းညီညာနေသည့် လမ်းမကြီးတို့ကို ငေးကြည့်ကာ အိပ်မက်မက်သလို ခံစားနေရတော့သည်။

"ရှမ်ဘဲလားဆိုတာ ကမ္ဘာလောကကြီးရဲ့ တစ်နေရာမှာ တကယ်ရှိနေပါလား"



www.burmeseclassic.com

www.burmeseclassic.com



ရန်နိုင်စိုးက သူ့ကိုယ်သူ ပြောသလိုဖြင့် ရေရွတ်ပြောဆိုလိုက်မိသည်။

လားမားကိုယ်တော်ကြီးတစ်ပါးက ပြုံးလိုက်ပြီး . . .

"အို . . . အမောင်လုလင် လောဘ, ဒေါသ, မောဟ တည်းဟူသော အကုသိုလ်တရားသုံးပါးနဲ့ ထွေးလုံးရစ်ပတ်နေသူ ပုထုဇဉ်ပုဂ္ဂိုလ်တွေမှာ အာပေါ်မျက်လုံးတည်းဟူသော သလ္လာဖုံးတဲ့မျက်လုံး ရှိပါပေတယ်၊ ဒါကြောင့် အမြင်များကိုသာ မြင်နိုင်ပေတယ် . . .၊

သမ္မာသမတ်ရှိတဲ့သူ, ဖြူစင်သောနှလုံးသားရှိသူ, တရားဘာဝနာအားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်ဖြစ်သူတွေကတော့ စိတ္တဝိသုဒ္ဓိဖြစ်နေလို့ သူတို့ရဲ့မျက်လုံးအမြင်ဟာ ဒေဝတာမျက်လုံးအမြင်ကဲ့သို့ ဖြစ်တယ်၊ ပညာမျက်လုံးအမြင် ဖြစ်တယ်၊ ပရမတ္ထတရားတို့ကို တွေ့မြင်နိုင်စွမ်းတယ်၊ ဒါကြောင့် သူတို့ဟာ ရှမ်ဘဲလားကို တွေ့မြင်နိုင်တယ် . . .၊

အို . . . လုလင်ပျိုနဲ့ လုံမပျို သင်တို့ဟာ ရှမ်ဘဲလားကို ကောင်းသော ရည်ရွယ်ချက်စိတ်ထားနဲ့ ဆိုက်ရောက်လာသူတွေ ဖြစ်တယ်၊ သင်တို့ဟာ အတ္တအကျိုးကိုစွန့်လို့ ပရအကျိုးငှာ





ရောက်လာသူတွေဖြစ်တယ်၊ ဒါကြောင့် သင်တို့ကို မြင့်မြတ်တဲ့ ရှမ်ဘဲလားက ကြိုဆိုပါတယ်"

ထို့နောက် လားမားကိုယ်တော်ကြီးနှစ်ပါးက ဖြောင့်ဖြူးသော လမ်းကြီးအတိုင်း ရန်နိုင်စိုးတို့ကို ခေါ်သွားရာ ဖွေးလွနေသည့် ဆီးဖြူပ်များထဲ လမ်းလျှောက်ရသည်မှာ တိမ်သလ္လာထုထဲ လျှောက်ရသလို တငြိမ့်ငြိမ့်တသိမ့်သိမ့်ဖြင့် ထူးဆန်းစွာ ခံစားလာရ၏။

ပါးလျားသော နှင်းရိပ်အောက်မှ ရှမ်ဘဲလားမှာ ပကတိအေးငြိမ်းတိတ်ဆိတ်လို့နေသည်။

ယင်းဘဲဥပုံဒေသမှာ နှင်းဖုံးတောင်တန်းတို့ ဝန်းရံခလျက်ရှိရာ ကြာပွင့်သဏ္ဌာန် ဖြစ်တည်နေချေ၏။

နှင်းဖုံးတောင်တန်းတောင်စွယ်တို့အကြားတွင် ဟိုတစ်လုံး၊ သည်တစ်လုံး တည်ရှိနေသည့် တိဗက်ပုံစံ ကျောက်ဖြူသားတို့ဖြင့် ဆောက်လုပ်ထားသော အိမ်လေးများကို တွေ့ရသည်။

ကျောက်သားတိုင်လုံးမြင့်ကြီးဖြင့် တည်ဆောက်ထားသည့် ကြီးကျယ်ခမ်းနားသော အဆောက်အအုံတစ်ခုထဲတွင်မူ ဝတ်ရုံဖြူဖြူများ ဆင်မြန်းထားသည့် ယောက်ျားမိန်းမအချို့က



www.burmeseclassic.com

www.burmeseclassic.com



ရွှေပိန်းချထားသော ဂီတာ၊ ဗျပ်စောင်း၊ ပလွေ စသည့် တူရိယာတို့ကို ငြိမ့်ညောင်းသာယာစွာ တီးမှုတ်ကာ အေးမြသောသံစဉ်ဖြင့် ရေးဖွဲ့ထားသည့် ဓမ္မတေးချင်းတို့ကို ပျော်ရွှင်ချမ်းမြေ့စွာ သီဆိုလျက် ရှိကြလေ၏။

ယင်းအဆောက်အအုံကြီးကို ကွေ့ပတ်ကျော်ဖြတ်သွားသည့်တွင် ကြည်လင်သောရေကန်တစ်ကန်သို့ ရောက်ရှိသွားတော့သည်။ ရေခဲဆီးနှင်းတောင်တို့ ဝန်းရံလျက်ရှိသောဒေသဖြစ်သော်လည်း ရေကန်ထဲမှရေတို့မှာ ခဲခြင်းမရှိဘဲ ပကတိကြည်လင်အေးမြနေကာ နှင်းဆွတ်လေပြည်ကြောင့် လှိုင်းကြက်ခွပ်လေးများ ထလျက်ရှိတော့၏။ ကန်ရေပြင်ထဲတွင် ဖြူဖွေးလွသော ကြာဖြူပန်းတို့သာ ပွင့်လျက်ရှိပြီး လှပဖြူဖွေးသော ဘဲငန်းတစ်အုပ်က ရေလွှာပြင်ပေါ်၌ အေးချမ်းစွာ ကူးခတ်မြူးထူးလျက်ရှိလေသည်။

ရွှေရောင်ငွေရောင် ငါးလေးတို့ကမူ ကြည်လင်သောရေအောက်ထဲဝယ် အေးချမ်းစွာ မလှုပ်တလှုပ် ကူးခတ်လို့ နေကြပါ၏။

ဘဲဥပုံသဏ္ဌာန် ကန်ကို ကျောက်ဖြူသားလမ်းလေးက





ပတ်ပိုင်းလျက်ရှိကာ ယင်းကန်ပတ်လမ်းလေးပေါ်ဝယ် လုလင်ပျိုအချို့နှင့် လုံမပျိုအချို့မှာ ဝတ်ရုံဖြူများ ဝတ်ဆင်ထားလျက်မှ အေးချမ်းစွာ တစ်လှမ်းချင်းလမ်းလျှောက်လျက်ရှိရာ သူတို့ကိုကြည့်ရသည်မှာ လေထဲ၌ လွင့်ပါးနေသလား ထင်မှတ်ရလေသည်။

ရန်နိုင်စိုးတို့မှာ တံတားဖြူဖြူလေးကို ဖြတ်ကူးကာ ကန်လယ်ရှိ ကျောက်သားကျွန်းငယ်လေးဆီ ရောက်ရှိသွားတော့၏။

ယင်းကျွန်းလေး၏ အလယ်ကောင်တွင် အမိုးခုံးခုံးလေးပါသော ကျောက်ဖြူသားနားနေဆောင်လေးတစ်ခုရှိကာ အကာအရံမရှိဘဲ ကျောက်ဖြူသားတိုင်လုံးလေးလုံးသာ ရှိလေသည်။ ယင်းနားနေဆောင်လေးထဲတွင် ဖွေးဖွေးဖြူသော ဆံပင် မုတ်ဆိတ်ကျင်စွယ်တို့ရှိသည့် ဝတ်စုံဖြူဝတ် အဘိုးအိုတစ်ဦးက ကျောက်ဖြူသားထိုင်ခုံမြင့်ပေါ်တွင် တည်ငြိမ်စွာထိုင်ရင်း ကျောက်သားလှေကားသုံးထစ်မှ တက်လာကြသည့် ရန်နိုင်စိုးတို့ကို ငြိမ်ဆိတ်အေးမြသောမျက်နှာထားဖြင့် ကြည့်နေပါ၏။

"အဘိုးဖြူစင် ... သူတို့ဟာ ရှမ်ဘဲလားဆီ ကြေငြာသောရည်ရွယ်ချက်နဲ့ ရောက်လာကြသူများမို့ ကြိုဆိုခေါ်ယူခဲ့



www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်ပါတယ်''

လားမားကိုယ်တော်ကြီးတစ်ပါးက လက်တစ်ဖက်ကို ရန်နိုင်စိုးတို့ဘက် ဇွေ့ယမ်းပြလိုက်ပြီး အဘိုးအိုအား သတင်းပို့လိုက်သည်။

အဘိုးအိုက ဖြူဖွေးသော ဆံနွယ်များရှိသည့် ဦးခေါင်းကို ခပ်ဖြည်းဖြည်းညိတ်လိုက်ပြီး ယဲ့ယဲ့ပြုံးကာ ...

''ကောင်းပြီ လုလင်ပျိုနဲ့ လုံမပျို ... သင်တို့ ရှမ်ဘဲလားဆီ ရောက်ရှိလာမှာကို ကျုပ်တို့ မနောသိဒ္ဓိအမြင်အားဖြင့် သိမြင်ပြီးဖြစ်တယ်၊ သို့ပါသော်လည်း ဤမြင့်မြတ်သော ရှမ်ဘဲလားဒေသကို တာဝန်ယူကြီးကြပ်စောင့်ရှောက်ရသူ ကျုပ် ဘိုးဖြူစင်အနေနဲ့ သင်တို့ရဲ့နှုတ်မှ မြွက်ဟာဝန်ခံစကားကို တရားဝင်ကြားလိုသဖြင့် မေးလိုပါတယ် ... သင်တို့ အဘယ်ရည်ရွယ်ချက်နဲ့ ရှမ်ဘဲလားကို ရောက်လာရပါသလဲ''

ဟု လေသံအေးအေးလေးဖြင့် မေးလိုက်ရာ ဆိုဖီနှင့်အတူ အဘိုးအို၏ ရှေ့နှစ်လံသုံးလံကွာခန့်မှ ကျောက်သလင်းကြမ်းပြင်ပေါ် ခြေစုံရပ်နေသည့် ရန်နိုင်စိုးက ဦးညွှတ်အရိုအသေပြုရင်း ...





''အဘိုး ... ကျွန်တော်တို့နဲ့အတူ အာသောကမင်းကြီး အဘိုးတို့ထံ အပ်နှံထားတဲ့ လျှို့ဝှက်လောကီပညာအဆင့်မြင့် ကျမ်းကြီး (၉)ကျမ်းရှိရာ ကျောက်ဖြူသားသေတ္တာကို ဖွင့်တဲ့ သော့ သုံးခုပါလာပါတယ်၊ အခုဆို အဲဒီသော့သုံးခုရဲ့ မူလပိုင်ရှင်ပညာရှင်သုံးဦးဟာလည်း ကွယ်လွန်သွားပြီမို့ ဒီတန်ဖိုးကြီးမားလှတဲ့ လျှို့ဝှက်သော့သုံးခုကို လူ့ရပ်လူ့ရွာဒေသမှာ မထားလိုတာနဲ့ လူသူအရောက်အပေါက်မရှိရာ ဒီလျှို့ဝှက်တဲ့ ရှမ်ဘဲလားဒေသမှာ သိုဝှက်ထားနိုင်ဖို့ ကျွန်တော်တို့ ယူဆောင်လာရခြင်း ဖြစ်ပါတယ် ...၊

ဒီလျှို့ဝှက်သော့သုံးခုကို အဘိုးတို့လက်ခံပြီး သိမ်းဆည်းထားပေးပါခင်ဗျာ''

ဟု ရိုသေကျိုးနွံစွာ ပြောလိုက်လေ၏။

ထို့နောက် ကျောပိုးအိတ်ထဲမှ ဟီမဝန္တာဆင်စွယ်ဆံထိုးသော့တံ၊ မဟာ့ရာကျောက်မျက်ရှင်လည်ဆွဲတံဆိပ်တော်နှင့် အင်းဖဝါးမြှောင်တို့ကို လက်ဖဝါးနှစ်ဖက်ပေါ်တင်ကာ ပြသလိုက်လေ၏။

ဘိုးဖြူစင်က သော့သုံးခုကို တစ်ခုချင်း သေချာစွာ



www.burmeseclassic.com

www.burmeseclassic.com



ကိုင်တွယ်ကြည့်ရှုစစ်ဆေးလိုက်ပြီးလျှင် ...

"ကောင်းပြီ ... ဒီသော့တွေဟာ ကျောက်ဖြူသေတ္တာရဲ့ သော့အစစ်အမှန်ဟုတ်,မဟုတ် လက်တွေ့စမ်းသပ်ကြည့်တာပေါ့"

ဟု ပြောလိုက်ပြီးနောက် ထိုင်ခုံထက်မှ ထရပ်လိုက်ကာ ...

"ကဲ ... ကျွန်ုပ်ရဲ့နောက်ကို လိုက်ခဲ့ကြပေတော့"

ဟု ပြောလျက် ကျောက်ဖြူသားလှေကားထစ်များပေါ်မှ ဆင်းကာ တံတားဖြူလေးကိုဖြတ်သွားရာ ရန်နိုင်စိုးတို့မှာ အဘိုးအို၏နောက်မှ လိုက်ပါသွားရတော့၏။

သူတို့သည် တောင်ကုန်းမြင့်တစ်ခုပေါ်သို့ လမ်းပြေပြေလေးအတိုင်း ကွေ့ပတ်တက်လာရာ လမ်းဘေးတစ်ဖက်တစ်ချက်၌ နှင်းခဲနှင်းဖတ်တို့အကြားမှ စိမ်းဖန့်မာကျောသော အရွက်များနှင့်အတူ ရောင်စုံဖူးပွင့်နေသည့်ပန်းမျိုးစုံကို တွေ့ရပြီး ပန်းရနံ့တို့ကလည်း တောင်ကုန်းဝန်းကျင်တစ်ခုလုံးဝယ် မွှေးပျံ့လျက်ရှိတော့သည်။

တောင်ကုန်းလေးပေါ်၌ ကျောက်ဖြူပြားများဖြင့် ကာရံ





တည်ဆောက်ထားသော အဆောက်အအုံတစ်ခုရှိရာ ယင်းအဆောက်အအုံထဲသို့ ရန်နိုင်စိုးတို့ ဝင်လိုက်သွားရလေ၏။

ပေတစ်ရာပတ်လည်ခန့် ကျယ်ဝန်းသည့် အဆောက်အအုံထဲတွင် လက်ရာမြောက်စွာ ထုဆစ်ထားသော ပလ္လင်များ၊ ရွှေပိန်းချကျောက်စီသလွန် ညောင်စောင်းများ၊ ကျောက်မျက်မျိုးစုံဖြင့် ထုဆစ်ပုံဖော်ထားသည့် ဗုဒ္ဓရုပ်ပွားတော်အမျိုးမျိုးတို့ကို တွေ့ရလေသည်။

အဆောက်အအုံကြီး၏ အလယ်ရှိ ရွှေပလ္လင်ကြီးနံဘေးတွင်မူ အလျား သုံးပေ၊ အနံ နှစ်ပေ၊ အမြင့် နှစ်ပေခန့်ရှိသော ကျောက်ဖြူသေတ္တာတစ်လုံးကို တွေ့ရတော့၏။

"ဒါဟာ လွန်ခဲ့တဲ့ နှစ်ရာပေါင်းများစွာကတည်းက ရှမ်ဘာလားကို ရောက်လာခဲ့တဲ့ သေတ္တာပဲ ကလေးတို့၊ ကဲ ... မင်းတို့ရလာတဲ့ သော့တွေဟာ ဒီကျောက်သေတ္တာရဲ့ သော့အစစ်တွေဟုတ်,မဟုတ် ဖွင့်ကြည့်ကြပေတော့"

အဘိုးအို၏ ခွင့်ပြုစကားအဆုံးတွင် ရန်နိုင်စိုးက ကျောက်ဖြူသေတ္တာရှေ့တွင် ဒူးတစ်ဖက်ထောက်ထိုင်လိုက်ပြီး ကျောက်ဖြူသေတ္တာရှိ သော့သုံးချက်ထဲမှ ဝဲဘက်ဆုံးသော့ချက်မှ



www.burmeseclassic.com

www.burmeseclassic.com



အပေါက်ငယ်ထဲ ဟိမဝန္တာဆင်စွယ် ဆံထိုးသော့တံကို ထိုးသွင်းကာ လက်ယာရစ်အတိုင်း တစ်ပတ်ပြည့်အောင် လှည့်ချလိုက်တော့သည်။

'ချောက်'

"ဟုတ်ပြီ ... ပထမသော့ကတော့ မှန်ပြီ၊ ဒုတိယသော့ကိုဖွင့်"

အဘိုးအို၏ညွှန်ကြားချက်အတိုင်း ရန်နိုင်စိုးက မဟူရာကျောက်မျက်တံဆိပ်တော်အား ဒုတိယသော့ချက်၏ သော့ခွက်ဝိုင်းဝိုင်းထဲ အံကျထည့်ကာ လက်ယာရစ်အတိုင်း တစ်ပတ်ပြည့်အောင် လှည့်လိုက်လေ၏။

'ချောက်'

"ဟုတ်ပြီ ... တတိယသော့ပဲ ကျန်တော့တယ်"

ရန်နိုင်စိုးက အင်းဇဝါဓားမြှောင်အား တတိယသော့ပေါက်ထဲ ထိုးထည့်လိုက်ကာ လက်ယာရစ်အတိုင်း တစ်ပတ်ပြည့်အောင် လှည့်လိုက်တော့သည်။

'ချောက်'

"ဟုတ်ပြီ .. သော့သုံးချက်စလုံး မှန်သွားပြီ၊ ကဲ ...





ကျောက်သေတ္တာရဲ့အဖုံးကို မ,ဖွင့်ကြည့်ပါဦး"

ရန်နိုင်စိုးသည် အဘိုးအို၏ မိန့်ကြားချက်အတိုင်း ကျောက်သေတ္တာ၏ အဖုံးကို မ,ဖွင့်လိုက်တော့ရာ အစိမ်းရောင်ကတ္တီပါအခင်းအပြည့်ခင်းထားသည့် သေတ္တာထဲတွင် အနီရောင်သားရေဖုံးဖြင့် ဖုံးထားသည့် ကျမ်းစာအုပ်ကြီး (၉)အုပ်ကို တွေ့ရတော့၏။ ရာသီဥတု ထာဝစဉ်အေးမြသော ဒေသတွင် ပိုးမွှားကင်းစင်စွာ လုံလုံခြုံခြုံသိမ်းဆည်းခံထားရသည့် လျှို့ဝှက် အဆင့်မြင့် လောကဓာတ်ပညာကျမ်းကြီးတို့မှာ ပကတိ သန့်စင်စွာ တည်ရှိနေပါ၏။

"ကဲ ... ကလေးတို့ ... ဒီကျမ်းကြီး (၉)ကျမ်းနဲ့ ကျောက်သေတ္တာရယ်, လျှို့ဝှက်သော့တွေရယ်ကို သင်တို့ အဘယ်သို့ စီမံလိုသလဲ"

"အဘိုး ... ကျွန်တော်ပြောခဲ့သလိုပဲ လူတို့ရဲ့ လောဘ, ဒေါသ, မောဟတွေကို အတောမသတ်နိုင်အောင် ဖြစ်ပေါ်စေမယ့် ဒီလောကီပညာရပ်ဆိုင်ရာကျမ်းကြီးတွေကို အတ္တတို့နဲ့ ထုံမွမ်းတဲ့ ပုထုဇဉ်လူ့ကမ္ဘာလောကမှာ ရှိစေဖို့မသင့်ပါဘူး အဲဒါကြောင့် ပရမတ္တတရားစိုးမိုးရာ ဒီရှမ်ဘဲလားမှာပဲ ထာဝရ



www.burmeseclassic.com

www.burmeseclassic.com



သိမ်းဆည်းထားစေချင်ပါတယ် အဘိုး''

''အိမ်း ... ကောင်းလေစွ ကောင်းလေစွ ... လောဘ, ဒေါသ, မောဟတည်းဟူသော အကုသိုလ်ဖြစ်စေသည့်အကြောင်း စိတ္တသုံးပါး, အာဝါသမစ္ဆရိယ, ကုလမစ္ဆရိယ, လာဘမစ္ဆရိယ, ဝဏ္ဏမစ္ဆရိယ, ဓမ္မမစ္ဆရိယတည်းဟူသော မစ္ဆရိယငါးမျိုးတို့ ကင်းစင်ရာ ရှမ်ဘဲလားက ဟောဒီ ကျောက်စာတိုက်ကြီးထဲမှာပဲ ထာဝရသိမ်းထားလိုက်ကြတာပေါ့လေ''

ထို့နောက် အဘိုးဖြူစင်က ကျောက်ဖြူသေတ္တာကို ပြန်ပိတ်ကာ သော့ချက်သုံးချက်စလုံးကို သေချာစွာ ပြန်ခတ်စေပြီး သော့သုံးခုကိုလည်း လက်ခံလိုက်လေ၏။ ထိုသော့တို့ကို ရွှေကလပ်တစ်ခုပေါ်တင်ပြီး ကျောက်သလင်းစာတိုက်ကြီး၏ နံရံတစ်ဖက်မှ ကျောက်စင်မြင့်ပေါ် တင်ထားလိုက်လေတော့၏။

ယင်းနောက် ပိဋကတ်ကျောက်စာတိုက်ကြီးထဲမှ ထွက်ခွာခဲ့ကြလျက် အဘိုးဖြူစင်က ဆီးနှင်းဖုံးကျောက်တောင်ထိပ်တစ်ခုပေါ်သို့ ရန်နိုင်စိုးတို့ကို ခေါ်သွားပြီးလျှင် လွန်စွာဝေးကွာသော အရှေ့မြောက်အရပ်မှ ရေခဲဆီးနှင်းဖြူဖြူတို့ ဖုံးလွှမ်းနေသည့် တောင်ထွတ်ကြီးတစ်ခုဆီ လက်ညှိုးညွှန်ပြလိုက်ကာ ...





''အဲဒီတောင်ထွတ်ဟာ ကမ္ဘာပေါ်မှာ အမြင့်ဆုံး ဧဝရက်တောင်ထိပ်ပဲ၊ ဧဝရက်တောင်ဟာ ဟိမဝန္တာတောင်ကြောပေါ်မှာ ရှိတယ်၊ ကလေးတို့ ဟိမဝန္တာတောင်ဆီရောက်ရင် မူလလာရာဌာနကို ပြန်နိုင်ပြီပေါ့ ...ဟုတ်လား''

ဟုမေးလိုက်ရာ ဆိုဖီက ဝင်ဖြေသည်။

''ဟိမဝန္တာရောက်ရင် ပြန်တတ်ပါပြီ အဘိုး''

''အိမ်း ...ဒါဆိုလည်း နေမသိမ်းမီ ပုထုဇဉ်လူ့ရွာဌာနသို့ ပြန်ပေဦးတော့ ကလေးတို့''

''အဘိုး ... အဘိုးတို့ ရှမ်ဘဲလားဒေသကို ကြည့်ရတာ ငြိမ်းချမ်းလိုက်တာ၊ ဒီမှာ ဘယ်လိုလူတွေမှ နေခွင့်ရှိသလဲ အဘိုး၊ ကျွန်တော်တို့ရော နေလို့မရဘူးလား၊ ပြီးတော့ ရှမ်ဘဲလားရဲ့ ရည်ရွယ်ချက်က ဘာပါလဲ''

ရန်နိုင်စိုးက သူသိလိုရာကို အရဲစွန့်မေးလိုက်ရာ အဘိုးအိုက ရုတ်တရက်မဖြေဘဲ ဧဝရက်တောင်ထွတ်ကြီးကို ငေးကြည့်နေသည်။

နှင်းဆွတ်လေက တဝေ့ဝေ့ တိုက်ခတ်လျက်ရှိရာ အဘိုးအို၏ ဖြူဖွေးသော ဆံနွယ်မျှင်များ၊ မုတ်ဆိတ်ကျင်စွယ်များနှင့်



www.burmeseclassic.com

www.burmeseclassic.com



တကွ ဖြူလွလွဝတ်စုံ၏ အနားစတို့ပါ တဖျပ်ဖျပ်ဝဲလွင့်လူပ်ခတ်လျက်ရှိတော့၏။

အတန်ကြာမှ အဘိုးအိုက ခပ်ဖြည်းဖြည်း ပြောသည်။

"ရှမ်ဘဲလားဟာ လောဘ, ဒေါသ, မောဟတွေ ငြိမ်းရာ, မစ္ဆရိယစိတ်စေတသိက်တို့ ကင်းဝေးရာဒေသဖြစ်လို့ ငြိမ်းချမ်းနေတာပါကလေးတို့၊ ရှမ်ဘဲလားဟူသည်မှာ ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူရာ ဗောဓိပက္ခိယတရား (၃၇) ပါးမှာပါဝင်တဲ့ သမာဒိဋ္ဌိ–မှန်သောအမြင်, သမ္မာသင်္ကပ္ပ–မှန်သောအကြံ, သမ္မာဝါစာ–မှန်သောစကား, သမ္မာကမ္မန္တ–မှန်သောအလုပ်, သမ္မာအာဇီဝ–မှန်သောအသက်မွေးဝမ်းကျောင်းမှု, သမ္မာဝါယမ–မှန်သောအားထုတ်မှု, သမ္မာသတိ–မှန်သောအောက်မေ့မှု၊ သမ္မာသမာဓိ–မှန်သော စိတ်၏တည်ကြည်မှု စတဲ့နိဗ္ဗာန်ရောက်ရာ မဂ္ဂင်တရား (၈)ပါးကို စီးဖြန်းလိုက်နာ ကျင့်ကြံသူတို့ရဲ့ ပျော်မွေ့ရာဌာနဖြစ်ပေတယ် ...၊

ပုထုဇဉ် လူယောက်ျားမိန်းမတို့ဖြစ်စေ, အင်္ဂလိဇ္ဇာမိုရ်ဇော်ဂျီဝိဇ္ဇာမိုရ် တပသီဝိဇ္ဇာမိုရ် သေသဝိဇ္ဇာမိုရ် စတဲ့ဝိဇ္ဇာများပဲဖြစ်စေ, ယောဂကျင့်စဉ်ကျင့်သူတို့ပင်ဖြစ်စေ ဆိုခဲ့ပြီးတဲ့ ဗောဓိ





ပက္ခိယတရားတို့နဲ့အညီ နေထိုင်ကျင့်ကြံနိုင်ပါက ရှမ်ဘဲလားမှာမှီတင်းနေထိုင်ခွင့်ရှိပါတယ် ကလေးတို့၊ ပုထုဇဉ်လူသားတို့အတွက်ရဲ့ တမ်မက်ဖွယ် ချိုမြိန်သောသစ်သီးဖြစ်ပေမယ့် အရိယာသူတော်စင်တို့အတွက်တော့ စက်ဆုပ်ဖွယ်အနာဆွေးနှင့်တူသောသမုဒယရမ္မက် တဏှာနွံမှ ရုန်းထွက်ပိုင်ပိုင် တည်ငြိမ်နိုင်ပြီဆိုရင်ဘယ်သူမဆို ရှမ်ဘဲလားမှာ နေခွင့်ရှိပါတယ် ကလေးတို့ ...၊

သို့သော် ပုထုဇဉ်လူသားတို့ပီပီ ဒုက္ခကို သုခထင်ပြီးတဏှာလောဘဖြစ်နေမယ်၊ အနိစ္စတွေကို နိစ္စထင်ပြီး မာနဝင်နေမယ်၊ အနတ္တကို နတ္တထင်ပြီး ဒိဋ္ဌိဝင်နေမယ်၊ အဲဒီလို တဏှာမာနဒိဋ္ဌိတည်းဟူသော သံသရာချဲ့ထွင်ရေး ပပဉ္စတရားသုံးပါးနဲ့ရစ်ပတ်ထုံမွမ်းပျော်မွေ့နေမယ်ဆိုရင်တော့ ရှမ်ဘဲလားနဲ့ မထိုက်တန်ပေဘူး ကလေးတို့"

အဘိုးအို၏ စကားအဆုံးတွင် ဒေါက်တာရန်နိုင်စိုးက ဆိုဖီ့ကို ငဲ့ကြည့်လိုက်သည်။ ဆိုဖီကလည်း သူ့ကို ကော့ရွန်းသော မျက်တောင်ကြီးများ တဖျပ်ဖျပ်ခတ်ကာ စောင်းငဲ့ကြည့်၏။

သူနှင့် သူမတို့ အကြည့်ချင်းဆုံတော့ ရင်ခုန်သွားကြ၏။ နှင်းဆွတ်လေပြည်က ရေခဲပြင်ကို ရှပ်တိုက်ဖြတ်သွားကာ



www.burmeseclassic.com

www.burmeseclassic.com



လုယက်တက်လာပြီး ရေခဲတောင်ကုန်းလေးထိပ်၌ ရပ်နေသူ သုံးဦးကို ကလူကျီစယ် ပွတ်သပ်သွားချေ၏။

ဒေါက်တာရန်နိုင်စိုးက ချစ်ရည်ရွှန်းလဲ့နေသော ဆိုဖီ၏ မျက်ဝန်းပြာပြာကြီးများကို ငေးကြည့်နေရင်းမှ သူ့လက်တစ်ဖက်ကို မသိမသာ ကမ်းပေးလိုက်သည်။

နံဘေး နှစ်ပေခန့်အကွာ၌ ရပ်နေသည့် ဆိုဖီက သူမ၏ ဖော့ဖယောင်းလက်ချောင်းလေးများကို သူ့လက်ဖဝါးထဲ ထည့် လိုက်ပါ၏။ ရန်နိုင်စိုးက ဆိုဖီ၏ ပိုးသားလေးလို နူးညံ့နေသည့် လက်ချောင်းလေးများကို မြတ်နိုးရင်ခုန်စွာ ညင်သာဖွဖွ ဆုပ်နယ် လိုက်စဉ်မှာပင် ...

သူတို့၏လှုပ်ရှားမှုကို သတိပြုမိသွားသော အဘိုးအို က ပြုံးလိုက်ပြီး သက်ပြင်းတစ်ချက်ချလိုက်ကာ ...

"ကဲ ...ကဲ ...ဟိမဝန္တာတောင်တန်းရဲ့အခြေအထိ ကလေးတို့ကို လားမားတစ်ဦးက စွပ်ဖားလှည်းနဲ့ လိုက်ပို့ပါလိမ့် မယ်၊ လာ ...တောင်ကုန်းပေါ်က ဆင်းစို့"

ဟု ပြောလိုက်ပြီးနောက် ပြေပြေလျော့လျော့ လမ်း လေးအတိုင်း တောင်ကုန်းအောက်သို့ တစ်လှမ်းချင်း ဆင်းသက်





သွားပါတော့၏။

ရန်နိုင်စိုးသည် ဆိုဖီ၏လက်လေးတစ်ဖက်ကို ညင်သာ ဖွဖွဆုပ်ကိုင်ရင်း တောင်ကုန်းအောက်သို့ လိုက်ဆင်းလာလျက်မှ အဘိုးအိုကို ရိုသေစွာ မေးလိုက်သည်။

"အဘိုးခင်ဗျာ ... ရှမ်ဘဲလားရဲ့ ရည်ရွယ်ချက်ကို သိပါ ရစေ၊ ပြီးတော့ ကျွန်တော်တို့ကိုဒုက္ခပေးခဲ့တဲ့ လားမားကြီးရှိဝှန် ဟာ ဒီရှမ်ဘဲလားမှာ တွေ့ကြုံရတဲ့ လားမားဘုန်းတော်ကြီးတို့နဲ့ ဘာဖြစ်လို့ အကျင့်စရိုက်မတူတာလဲ ခင်ဗျာ"

"လူလေး ... ရှမ်ဘဲလားရဲ့ အန္တိမရည်မှန်းချက်က တော့ ဒုက္ခတို့ရဲ့ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို ဒီဘဝ, ဒီခန္ဓာနဲ့ ရောက်ရှိ စေဖို့ မဂ္ဂသစ္စာတရားဖြင့် လမ်းကြောင်းအမှန် မင်္ဂသို့ဆိုက်ရန် ကြိုးစားကျင့်ကြံနေထိုင်ခြင်းပဲဖြစ်တယ် ...၊

ဒီဘဝ, ဒီခန္ဓာနဲ့ ဉာဏ်စဉ်မမီလျှင်ဖြစ်စေ, ပါရမီ မရင့် သန်သေးလျှင်ဖြစ်စေ ဘဝအဆက်ဆက်တို့ကို အဖြူစင်ဆုံး ဖြတ် သန်းပြီးသကာလ ဒါန, သီလ, ဘာဝနာပါရမီတို့ကို ဖြည့်ဆည်း ကာ အရိမေတ္တေယျမြတ်စွာဘုရား ပွင့်တော်မူသောအခါ ဖူးမြော် ကြည်ညိုတရားနာယူလျက် ကျွတ်တန်းဝင်ရန် ရည်ရွယ်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



လူကလေး ...။

လူကလေးတို့ ရောက်ရှိခဲ့ဖူးတဲ့ ပိဋကတ်ကျောက်သလင်းစာတိုက်ကြီးထဲက ရွှေစာကဲ, ရွှေပလ္လင်စတာတွေဟာလည်း အရိ မေတ္တယျဘုရားရှင်ပွင့်တော်မူတဲ့အခါ ဆက်ကပ်လှူဒါန်းလျက် သာသနာ့ဝန်ကို ကူညီထမ်းပိုးရန်ရည်သန်ပြီး ရှမ်ဘဲလားမှာ စုဆောင်းသိုမှီးထားခြင်းသာဖြစ်ပါတယ် ...။

ရှီဝှန်ကတော့ အရိယာကျင့်စဉ်တို့ကို မကျင့်နိုင်ဘဲ လောဘ, ဒေါသနောက်ကိုသာလိုက်လျက် အမိုက်မှောင် မောဟဖုံးလွှမ်းနေသူမို့ တိဗက်လားမားကျောင်းတော်ကြီးက ထုတ်ပယ်ထားသူ ရဟန်းတု ရဟန်းယောင်သာဖြစ်တယ်၊ ဒီရှမ်ဘဲလားမှာ ကျင်လည်သီတင်းသုံးနေကြသူ လားမားဘုန်းတော်ကြီးတွေကတော့ အဝိဇ္ဇာတရားတို့ကို ပယ်သတ်ပြီး အရိယာကျင့်စဉ်ကျင့်နိုင်ကြသူတွေ, ကျင့်နေကြသူတွေ ဖြစ်တယ် လူကလေး''

''ဧည့်''

ထို့နောက် သူတို့သည် ရေကန်လေးအနီးသို့ ရောက်ရှိသွားကြ၏။ အတ္တ၊ မာန၊ လောဘ၊ ဒေါသ၊ မောဟ အမိုက်တရားတို့ ကင်းစင်နေသည့် မျက်နှာရှင် ယောက်ျားမိန်းမ သက်





ကြီးရွယ်အိုများ၊ သူတော်စင်ရသေ့ရဟန်းများသည် သာယာလှပအေးချမ်းသော ရေကန်လေးဝန်းကျင်ဝယ် ဆိတ်ငြိမ်စွာထိုင်ကာ တရားရှုမှတ်နေကြလေ၏။

ထိုသူတော်စင်တို့အား ငေးကြည့်ရင်း ရန်နိုင်စိုး စိတ်ထဲမှ တိတ်တိတ်လေး ပြောလိုက်မိပါတော့သတည်း။

''အဘိုးရယ် ... ချိုမြိန်တဲ့ သစ်သီးလေးတွေကို ငြင်းပယ်နိုင်စွမ်းရှိတဲ့ တစ်နေ့ကျရင် အဘိုးတို့ရဲ့ ရှမ်ဘဲလားရင်ခွင်မှာ ငြိမ်းချမ်းစွာ ထာဝရ လာရောက်ခိုနားပါ့မယ် ခင်ဗျာ''

□□□

www.burmeseclassic.com

www.burmeseclassic.com

ရေခဲတောင့်မြင့်ကြီးများ၊ ဆီးနှင်းလွှင်ပြင်များနှင့် ထင်းရှူးတောတို့သည် နောက်၌ တရိပ်ရိပ်ကျန်ရစ်ခဲ့ပြီ။

စွပ်ဖားလှည်းကလေးကို အားပါးတရ ဆွဲပြေးနေသော ရေခဲတောင် ခြသေ့်ဖြူကြီးမှာ မောင်းနှင်သူ လားမားကိုယ်တော်၏ စကားကို သိုးကလေးတစ်ကောင်နှယ် တစ်သဝေမတိမ်း နားထောင်လိုက်နာလျက်ရှိသည်။

ဖွေးဖွေးထနေသည့် ဆီးနှင်းလွှင်ပြင်တို့ကို ဖြတ်သန်းခဲ့သော စွပ်ဖားလှည်းကလေးမှာ ရေခဲတောင်တန်းများကြား





ဝယ် နေ့ရောညပါ မရပ်မနား ပြေးလွှားလျက်ရှိ၏။

ရေခဲတောင်တန်းဒေသ၊ ဆီးနှင်းလွှင်ပြင်ဒေသတို့ကို လွန်စွာကျွမ်းကျင်ပုံရသော လားမားကိုယ်တော်၏ မောင်းနှင်မှုကြောင့် ဟိမဝန္တာ၏အစပ်သို့ နောက်တစ်နေ့နံနက် ဝေလီဝေလင်းမှာပင် မယုံနိုင်ဖွယ် ဆိုက်ရောက်သွားပါတော့သည်။

သူတို့နှစ်ဦး ဆင်းသက်ပြီးသည်နှင့် စွပ်ဖားလှည်းကလေးမှာ လာရာလမ်းသို့ ပြန်လည်ဦးတည်ကာ အပြင်း မောင်းနှင်ထွက်ခွာသွားတော့၏။

ခြေလှမ်းသုံးလေးလှမ်းမျှသာ လှမ်းရုံရှိသေးသည့် ရန်နိုင်စိုးတို့ လည်ပြန်လှည့်ကြည့်လိုက်တော့ နှင်းလွှင်ပြင်ဖွေးဖွေးထဲတွင် စွပ်ဖားလှည်းကလေးကို အရိပ်အယောင်မျှပင် မတွေ့ရတော့ချေ။

ရန်နိုင်စိုးနှင့် ဆိုဖီမှာ လှမ်းလက်စခြေလှမ်းတို့ကို ရပ်တန့်ကာ မျက်စိတစ်ဆုံးကျယ်ပြောလှသော တိဗက်ရေခဲတောင်တန်းများ၊ ဆီးနှင်းဖုံးတောင်များနှင့် ဖွေးဖွေးထနေသည့် နှင်းလွှင်ပြင်ကြီးကို အတန်ကြာ ငေးငိုင်ကြည့်နေမိကြတော့သည်။

နှင်းဆွတ်လေပြည်အဝေ့ဝယ် ဆိုဖီက ရန်နိုင်စိုးကို ငဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်၏။

ရန်နိုင်စိုးက သူမ၏ လက်ဖဝါးလေးတစ်ဖက်ကို မြတ်နိုးစွာ ဆုပ်ကိုင်လိုက်သည်။

"ကိုရယ် . . . ဆိုဖီတို့ ရှမ်ဘဲလားမှာ ဖြစ်ပျက်ခဲ့သမျှဟာ အိပ်မက်သာဖြစ်လိုက်ပါတော့"

ဆိုဖီက သူ့ပခုံးထက်သို့ ဦးခေါင်းလေးနွဲ့မှီလိုက်စဉ်မှာပင် သူမ၏အစ်ကိုဒိုရန်အား သတိရသွားကာ မျက်ရည်တစ်စက်က ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာတော့သည်။

ရန်နိုင်စိုးက ချစ်သူလေး၏ပခုံးကို ထွေးဖက်ရင်း ပါးပြင်ပေါ်သို့ စီးလိမ့်လာသည့် မျက်ရည်စက်တို့ကို လက်ခုံဖြင့် ကြင်နာစွာ တို့သုတ်ပေးလိုက်မိ၏။

"ဆိုဖီရယ် . . . ဆိုဖီ့ရဲ့အစ်ကိုအတွက် ကိုယ် တကယ်ပဲ စိတ်မကောင်းပါဘူးကွယ် . . .၊

ဒါပေမဲ့ ကိုယ်တို့နှစ်ယောက်ဟာ လူသားကမ္ဘာအတွက် လုပ်နိုင်သလောက် အကောင်းဆုံးလုပ်ခဲ့တာပဲ မဟုတ်လားကွယ်၊ တစ်ခုခုကို ရယူချင်ရင် တစ်ခုခုကိုတော့ ပေးဆပ်ရစမြဲပဲလေ၊ ဘာပဲဖြစ်ဖြစ် ခုအချိန်မှာတော့ . . ."

**ခု နစ် စဉ် ကြယ် တာ ပေ**



"အခုအချိန်မှာ ဘာဖြစ်လဲဟင်"

"ချိုမြိန်တဲ့ သစ်သီးတစ်လုံးကို အာဒမ်နဲ့ ဧဝတို့လို ကိုယ်တို့ချစ်သူနှစ်ဦး ပျော်ရွှင်မိန်းမူးစွာ ကိုက်ဝါးရင်း သမုဒယကမ္ဘာလေးထဲမှာပဲ မိုက်မိုက်မဲမဲ ရှင်သန်ကြဦးစို့နော်"

သူတို့ချစ်သူနှစ်ဦးသည် တစ်ဦးကိုတစ်ဦး လက်တွဲပြီး ဟိမပန္တာ၏ နှင်းဖုံးတောင်တန်းများဆီ ဦးတည်လိုက်ကြပါ၏။

လျှို့ဝှက်ဆန်းကြယ်လှစွာသော ရှမ်ဘဲလားဒေသသည်ကား . . . တိဗက်တို့၏ ရေခဲတောင်တန်းများ၊ ဆီးနှင်းဖုံး တောင်ကြောများ၊ ဆီးနှင်းလွင်ပြင်များကြားဝယ် ဝေး၍ ဝေးကာ ကျန်ရစ်ခဲ့ပြီဖြစ်ပါသတည်း။

BURMESE CLASSIC .com

ဆက်လက်ကြိုးစားပါဦးမည် ...။

**မိကြာအဂ္ဂ**

www.burmeseclassic.com

www.burmeseclassic.com

# စိတြအဂ္ဂ

မဟာရွှေတံခါးရှမ်းဘဲလား



www.burmeseclassic.com